ပထမ-ရေစကြိုဆရာတော် ဘုရားကြီး

၏

သဒ္ဓိဝိဟာရိကတပည့်

ပခုက္ကူမြို့ မဟာဝိသုဒ္ဓာရုံတိုက် ဆရာတော်

အဂ္ဂမဟာပဏ္ဍိတ-အဿဘပညာ မဟာထေရ်

ရေးသားစီရင်အပ်သော

သီမာဝိနိစ္ဆယကျမ်း

နှင့်

ညောင်ဦးမြို့ မဟာဝိသုဒ္ဓာရုံတိုက် ဆရာတော်

အဂ္ဂမဟာပဏ္ဍိတ-အဿဘနန္ဒဝံသ မဟာထေရ်

ရေးသားစီရင်အပ်သော

ဥပသမ္ပဒကမ္မဝါစာနိဿယစ်

(၁၁-စောင်တွဲ)

၁၁

ဣန္ဒာသယ ပိဋကတ် စာပုံနှိပ်တိုက်

၁၁၃၊ ၂၄-လမ်း၊ ရန်ကုန်မြို့။

၁၃၂၅-ခု၊

ပထမ-ရေစကြိုဆရာတော် ဘုရားကြီး

၏

သဒ္ဓိဝိဟာရိကတပည့်

ပခုက္ကူမြို့ မဟာဝိသုတာရုမတိုက် ဆရာတော်

အဂ္ဂမဟာပဏ္ဍိတ-အသျှင်ပညာ မဟာထေရ်

ရေးသားစီရင်အပ်သော

သီမာဝိနိစ္ဆယကျမ်း

နှင့်

ညောင်ဦးမြို့ မဟာဝိသုတာရုမတိုက် ဆရာတော်

အဂ္ဂမဟာပဏ္ဍိတ-အသျှင်နန္ဒဝံသ မဟာထေရ်

ရေးသားစီရင်အပ်သော

ဥပသမ္ပဒကမ္မဝါစာနိသျှသစ်

(၁၁-စောင်တွဲ)

ဦးစွာသယ ပိဋကတ် စာပုံနှိပ်တိုက်

၁၁၃၊ ၂၄-လမ်း၊ ရန်ကုန်မြို့။

၁၃၂၅-ခု၊

ကန့်သတ်ထုတ်လွှင့်ခွင့်

စောကြည့်တိုက်

ကန့်သတ်အား။

ညီးဘိုးသာ-ဒေါ်အုန်းခင်-သားမောင်မောင်သန်း

ဝံသဟိတ ပိဋကတ် ပရိက္ခရာ ဆိုင်ကြီး-

နံပါတ်-၂၄-၂၅-ရွှေတိုဏ် ဘုရားကြီးစေး-ဒဂုံစာတိုက်-ရန်ကုန်မြို့

ယာယီမှတ်ပုံတင်အမှတ် ၀၂၄၇-အရ

ထုတ်ဝေသည်။

ထေရဝံသာနုရက္ခက

ဗာဟိရနိဒါန်း

ဘုမိန္ဒြ၊ ဘုသိခ ဟု၊ ဘုမ ဥကင်၊ အမှုးတင်လောက်သော အမရပုရ ပထမမြို့တည် ဆင်ဖြူမျှားရှင်လက်ထက် မင်းအို သာသနာပိုင် ဆရာတော်၊ထို ဆရာတော်ကြီး၏တပည့် သဲအင်း သာသနာပိုင် ဆရာတော်၊ ထို ဆရာတော်ကြီး၏တပည့် ဒုတိယ မောင်းထောင် သာသနာပိုင် ဆရာတော်၊ ထို ဆရာတော်ကြီး ၏ တပည့် ပခုက္ကူမြို့ မဟာဝိသုတာရုမ ကျောင်းတိုက်ကြီးကို ဘန်တီးတည်ထောင်တော်မူ၍ နိကာယ်ငါးရပ် မပြတ်ပို့ချတော် မူသော အသျှင်ဂန္ဓိသာရ ဆရာတော်၊ ထို ဆရာတော်ကြီး၏ တပည့်နိကာယ်ငါးရပ် ချပို့သင်ကြားရေးနှင့်တကွ မဟာဝိသု တာရုမ တိုက်ကြီးကို လဲ့အပ်ခြင်း ခံတော်မူရသော ထိုထို မြို့ရွာတို့၌ တည်ရှိပြီးသော ကျောင်းတိုက်ပေါင်း ၄၀-ကျော် တို့၏ မဟာနာယက ဓမ္မာစရိယ ဖြစ်တော်မူသောအသျှင်ပညာ မဟာထေရ်မြတ် ရေးသားပြုပြင် စီရင်ဆုံးဖြတ်တော် မူအပ် သော သီမာဝိနိစ္ဆယကျမ်းကို အကွာရုပဒ၊ ကျန-သေသ ပိုင်းဖြတ်သုခ်သင်၊ ပြင်ဆင်ပြီးခါ၊ ရန်ကုန်မြို့ ဣစ္ဆာသယ၊ ပ်ဉကတ် စာပုံနှိပ်တိုက်၌ သိုက်မြှုက်စွာ တန်းဆာဆင်လျက် စက်တင်ပုံနှိပ် လုပ်ဆောင်အပ်ပါသတည်း။

ဣစ္ဆာသယ ၃၉၂-က

ဆုံးဖြတ်အပ်လတ္တံ့သော
ဖြေဆဲကျောင်းသိမ်ပုံ

၁-လက်မ ပေ-၂၀။



အဆုံးပြတ်နိုဒါန်း

မြေထဲဆရာတော်ဘုရားထံ လျှောက်လွှာ
(၁၃၀၀-ပြည့်နှစ် နယုန်လဆန်း ၇-ရက်)။

ရိုသေစ္ဓာ လျှောက်ထားပါသည် ဆရာတော်ကြီးဘုရား၊ ဆရာတော်ကြီး၏သိမ်သည် အမှန်သိမ်ပျက်ဖြစ်၍ နေပါသည်။ အကြောင်းမှာ ဂါမလည်း သိမ်တလုံး, ဗဒ္ဓလည်း သိမ်တလုံး ထားပါ။ ဗဒ္ဓသိမ်ပေါ်မှာ တဦးက အရှေ့ဘက်နားမှာ ကံပြု နေ၏။ တဦးက အနောက်ဘက်မှာ ဟတ္ထပါသ်လွှတ်အောင် ထိုင်နေကြ၏။ရင်းကံသည် ဝဂ္ဂကံဖြစ်၍ ပျက်သလို ဂါမသိမ်မှာ ကံပြုလိုသော ပုဂ္ဂိုလ်များလည်း ဂါမသိမ်တနေရာမှာ ကံပြု ကြ၏။ အခြားပုဂ္ဂိုလ်များသည် ၎င်းဂါမသိမ်ပေါ်မှာ ကံပြု ပုဂ္ဂိုလ်များနှင့် ဟတ္ထပါသ် လွှတ်အောင် နေထိုင်ကြလျှင် ၎င်းကံ ဝဂ္ဂကံဖြစ်၍ပျက်၏။ ။ဆရာတော်၏သိမ်ကို ဂါမတစိတ် ပေါ်မှာ သမုတ်ထားသည်ဖြစ်၍ မြို့ဂါမပေါ်မှာ နေထိုင်ကြ သော သံဃာတော်များကို ဟတ္ထပါသ်သို့ ရောက်အောင် မသိမ်းသည့်အတွက် ဝဂ္ဂကံဖြစ်၍ အမှန် ပျက်နေပါကြောင်း စေတနာကောင်းနှင့် ရိုသေစ္ဓာ လျှောက်ထားပါသည်ဘုရား။

အကယ်၍ မယုံကြည်ပါလျှင် မြို့ပေါ်ရှိ နာယကဆရာ တော်၊ စာချဆရာတော်၊ မန္တလေးမြို့ရှိ ဆရာတော်များကို မေးမြန်းတော် မူပါ။ သိမ် မဆောက်မီ စုံစမ်းတော်မူပါ။

သတင်းစာထဲမှာ ၎င်းသိမ်ပျက်, မပျက် မမေးမြန်းသေးဘဲ ဆိုင်းငံ့ထားပါဦးမည်။

နောင် ၎င်းသိမ်မှာ ရဟန်းဖြစ်လာသည့်ပုဂ္ဂိုလ်နှင့် ကံကြီးကံငယ် မဆောင်နိုင်ဟု အဓိကရုဏ်း ဖြစ်ပွားဘွယ်ရှိပါသည်။ သိမ်ပျက်ဖြစ်ကြောင်းကို တမ္ဘိုလုံး ပြောဆိုနေကြပါပြီ။

၎င်းပစ်စာကို ၁၃၀၀-ပြည့် နယုန်လဆန်း ၈-ရက် တနင်္ဂနွေနေ့တွင် အစိုးရစာတိုက်မှ ပေးပို့ရရှိသည်။

(ပေးစာမူအတိုင်းဖြစ်သည်)

မော်လမြိုင်မြို့ မြေထဲးကျောင်းမြေထဲးဆရာတော်ထံမှ
(၁၃၀၀-ပြည့်၊ ဝါဆိုလဆန်း ၉-ရက်)

ကျိုက်ထိုမြို့ မယ်ဇယ်ဆရာတော်ဘုရား ထံသို့။

ရှိသေစွာ လျှောက်ထားပါသည် မယ်ဇယ်ဆရာတော်ဘုရား။

လျှောက်ထားရန် အကြောင်းမှာ ၁၂၉၉-ခု တပေါင်းလ အတွင်းက သီမသမ္ဘုတိကံ ဆောင်ခဲ့သည့် အကြောင်းနှင့် စပ်လျဉ်း၍ ပူးတွဲပါ ပစ်စာတစောင် ရရှိသည့်ပြင် ၎င်းစာအရ ရတနာဘုံပျံ့ ဆရာတော်အား အကျိုးအကြောင်း လျှောက်ထားရာ ၎င်းသိမ်အကြောင်းနှင့် စပ်လျဉ်းပြီး ၎င်းသိမ်မျိုးနှင့် အလားတူ ဘယ်မြို့ ဘယ်ရွာ ဘယ်ဒေသ၌ ဘယ်ဆရာတော်

ကြီး အမှုးပြုပြီး သမုတ်ထားကြောင်း ပြုလုပ်ထုံးတခု ရစေရန်ဌာ၊ ပါဠိတော်, အဋ္ဌကထာ, ဋီကာ, သာဓက အဆုံးအဖြတ်တခု ရစေရန်ဌာ၊ ကျိုက်ထိုမြို့ မယ်ဇယ်ဆရာတော်အား လျှောက်ထားပြီး၊ ပခုက္ကူမြို့ မဟာဝိသုတာရုမတိုက်ဆရာတော်ထံသို့ အကြောင်းကြား လျှောက်ထား၍ ဌာန်းပခုက္ကူမြို့ ဆရာတော် အဆုံးအဖြတ်ကို ပုံရိုက်ပြီး ကမ်းလှမ်းပါလျှင် လွန်စွာ ကောင်းမြတ်ပါလိမ့်မည်ဟု ရတနာဘုံပျ့ ဆရာတော်က အကြံပေး လျှောက်ထားပါသည်။ သို့ဖြစ်၍ ဌာန်းသိမ်အကြောင်းနှင့် စပ်လျဉ်းပြီး အဆုံးအဖြတ် တခုကို အမြန်ရစေရန် ပခုက္ကူဆရာတော်သို့ တိုက်တွန်းပေးပါမည့် အကြောင်း ရိုသေစွာ လျှောက်ထားပါသည် မယ်ဇယ်ဆရာတော်ဘုရား။

မြေထဲးဆရာတော်

မော်လမြိုင်။

ဆရာတော် အမိန့်ရှိလိုက်သည် ဘုရားကြီးတိုက်ဘုန်းကြီး-
မော်လမြိုင်မြို့ မြေထဲးကျောင်း သိမ်နှင့် ပတ်သက်၍ စာပုန်း စွပ်စွဲခြင်းအရ မယ်ဇယ်ဆရာတော်က တိုက်တွန်း၍ အညဂါမ အန္တောကရဏ ဝိသုဂါမင်္ဂတ သမ္မတသီမာဝိနိစ္ဆယ

စာတမ်းဖိုင်တွဲတခုကို မယ်ဇယ်ဆရာတော်ထံမှ တဆင့် မြေထဲးဆရာတော်ထံ ပို့ရန် ကျိုက်ထိုသို့ ပေးပို့လိုက်ပြီ။ ။ဂင်းဝိနိစ္ဆယဖိုင်တွဲကို အကြောင်းအကျိုး အဖြစ် အပျက် သိရှိစေရန် ဖိုင်တွဲတခုကိုလည်း တင်ပို့လိုက်သည်။

ဆရာတော်
မဂ်လာ မဟာဝိသုတာရာမတိုက်
ပခုက္ကူ။မြို့။

ကျိုက်ထိုမယ်ဇယ်ဆရာတော်ဘုရားကြီး ထံသို့

ရိုသေ လေးမြတ်စွာ လျှောက်ထား ဝံ့ပါသည် ဆရာတော်ကြီးဘုရား။ ဆရာတော်ဘုရား အမိန့်အရ ပကတိဂါမ အန္တောကရဏ ဝိသုဂါမင်္ဂတ သမ္မတသီမာ ဝိနိစ္ဆယစာတမ်းကို စွမ်းနိုင်သလောက် ရေးရှု တင်ပို့လိုက်ပါသည်ဘုရား။ ပိုလျှင်ဖျက်, လိုလျှင်စွက်ရှု အတည် ပြုတော်မူပြီးမှ ဆရာတော်ဘုရားက မြေထဲးဆရာတော်ဘုရားကြီး ထံသို့ ပို့တော်မူပါရန် ရိုသေ လေးမြတ်စွာ လျှောက်ဝံ့ပါသည် ဆရာတော်ကြီးဘုရား။

ပညာ-ဂဏဝါစက
မဂ်လာ မဟာဝိသုတာရာမတိုက်
ပခုက္ကူ။မြို့။

သမုတ်ထုံး

မော်လမြိုင်မြို့ မြေထဲးဆရာတော်ဘုရားကြီးထံသို့ ရှိသော လေးမြတ်စွာ လျှောက်ထားပါသည် ဆရာတော်ကြီးဘုရား။ ။ဝိသုဒ္ဓါမနှင့် ပကတိဂါမ အလိုရှိသလောက် အတွင်းပြု၍ သမုတ်အပ်သော သိမ်မျိုးကား-

၁။ ပခုက္ကူမြို့ မင်္ဂလာမဟာဝိသုတာရုမ တိုက်မှာတလုံး။

၂။ ၎င်းမြို့ မဟာဝိဇယာရုမခေါ်အရှေ့တိုက် ဆရာတော်ဦးဇဝန သိမ်တလုံး။

၃။ မြင်းခြံဒီစတြိတ် ဇောင်ချမ်းရွာ ဦးညေ.ယျကျောင်းမှာတလုံး။

၄။ မြင်းခြံဒီစတြိတ် ချောင်းဆုံရွာ ဦးဝါသဝကျောင်းမှာတလုံး။

၅။ ပုသိမ်မြို့ နိဂြောဓကုန်း ညောင်ပင်သာ ကျောင်းတိုက်မှာ တလုံး။

၆။ ရန်ကုန်မြို့ ချာချယ်လမ်း ခေမာသီဝံကျောင်းတိုက်မှာ တလုံးရှိပါသည်။

၁-နံပါတ် သိမ်ကို ရေစကြို ဆရာတော် ဘုရားကြီး၊ ပုခန်းကြီးမြို့မ ဂိုဏ်းအုပ်ဆရာတော်ဘုရားကြီး၊ မဒ္ဒူဂိုဏ်းအုပ် ဆရာတော်ဘုရားကြီး၊ ကိုင်းမကြီး ဂိုဏ်းအုပ်ဆရာတော်ဘုရားကြီးများ ကြီးမှူးသော သံဃာတော် လေးရာကျော် သမုတ်ပါသည်။

၂-နံပါတ် သိမ်ကို ပခုက္ကူမြို့ သဲပုံစေတီ ဆရာတော်ဘုရားကြီး၊ ပခုက္ကူမြို့ အရှေ့တိုက် ဆရာတော်၊ အနောက်တိုက် ဆရာတော်၊ ကုမ္ဘကိုတိုက် ဆရာတော်များ ကြီးမှူးသော သံဃာတော် သုံးရာကျော်တို့ သမုတ်ပါသည်။

၃-နံပါတ် သိမ်ကို မြင်းခြံဒီစကြိတ် ကြုတ်ပင်တောရ ဆရာတော်၊ ပုထိုးဂိုဏ်းချုပ် ဆရာတော်များ ကြီးမှူးသော သံဃာတော် သုံးကျိပ်ကျော်တို့ သမုတ်ပါသည်။

၄-နံပါတ်သိမ်ကို ငသရောက် ဆင်ဖြူဆိပ် ဆရာတော်၊ ရှေဥမင်ဆရာတော်၊ ပုထိုးဆရာတော်၊ ပခုက္ကူ မဟာဝိသုတာရုမဆရာတော်၊ မြင်းခြံတိုက်သစ် ဆရာတော်များကြီးမှူးသော သံဃာတော် သုံးကျိပ်ကျော်တို့ သမုတ်ပါသည်။

၅-နံပါတ်သိမ်ကို ရေစကြို ဆရာတော်ဘုရားကြီး၊ ပုသိမ်မြို့ ကုန်းသာကျောင်း ဆရာတော် ဦးပဒုမ၊ ကုန်းကျောင်းဆရာတော် ဦးဇယန္တ၊ ကျီးသဲကျောင်းဆရာတော် ဦးအာသံစသော သံဃာတော် တရာကျော်တို့ သမုတ်ပါသည်။

၆-နံပါတ် သိမ်ကို အင်းစိန် ဆရာတော်ဘုရားကြီး၊ ဗဟန်းအောင်မြေဘုံစံ ဆရာတော်၊ တာမွေမင်္ဂလာဇေယျုံဆရာတော်၊ ကြည့်မြင်တိုင် ဇေယျဝတီဆရာတော်၊ ရမည်းသင်းမြို့ ညောင်လွန်တောကျောင်း ဆရာတော်၊ ချောင်းဦးမြို့ ဓမ္မာရုံ ဆရာတော်၊ ပခုက္ကူမြို့ မဟာဝိသုတာရုမဆရာတော်၊ ညောင်ဦးမြို့

မဟာဝိသုတာရုမ ဆရာတော်စသော သံဃာတော် နှစ်ရာ ကျော်တို့သမုတ်ပါသည်။

သို့ဖြစ်ပါ၍ ဆရာတော် ဘုရားကြီး၏ မြေထဲးကျောင်း သိမ်နှင့်ပတ်သက်၍ ပူပင် ကြောင့်ကြ ဘွယ်ရာ မရှိပါကြောင်း ရှိသေလေးမြတ်စွာ လျှောက်ထားပါသည်ဘုရား။

ပညာ-၇၈၀၀ စက

မင်္ဂလာ မဟာဝိသုတာရုမတို့၏

ပခုက္ကူ။ မြို့။

မာတိကာ

အကြောင်းအရာ	မျက်နှာနံပါတ်
ထေရဝံသာနုရက္ခက ဗာဟိရနိဒါန်း	(က)
အတ္ထုပ္ပတ်နိဒါန်း	(ဂ)
သီမာဝိနိစ္ဆယကျမ်း	
ပဋိညာဉ်	၁
သီမ်အပြား	၂
ဗဒ္ဓသီမ်အပြား	၃
တခုသောဗဒ္ဓသီမ်၌ ပြုအပ်သောကံကို တခုသော ဗဒ္ဓသီမ်တွင်းရှိသံဃာက မဖျက်နိုင်ပုံ	၄
အဗဒ္ဓသီမ်အပြား	၄
တခုသောဂါမ၌ ပြုအပ်သောကံကို တခုသော ဂါမရှိ သံဃာက မဖျက်နိုင်ပုံ	၆
ပညာရှိသူတော်ကောင်းများ ထောက်ခံသင့်ပုံ	၆
ဂါမခေတ်တခုတည်းထဲ၌ သီမ်သမုတ်ရပုံ	၈
နာနာဂါမခေတ်ကို အတွင်းသွင်း၍ သီမ်သမုတ်ရပုံ	၁၀
မဟာသုမထေရ်၏ဝါဒကို အလေးမပြုပုံ	၁၁
မဟာပဒုမထေရ်၏ ဝါဒကိုသာ အလေးပြုပုံ	၁၂
ပညာရှိ သူတော်ကောင်းမှန်သမျှ ယုံကြည်ထိုက်ပုံ	၁၄

အကြောင်းအရာ	မျက်နှာနံပါတ်
ပကတိဂါမနှင့် ဝိသုဂါမတို့ နှာနှာဂါမဖြစ်ပုံ	၁၅
မော်လမြိုင်မြို့ မြေထဲးကျောင်းတိုက်သိမ် သမ္ဘတို့ သိမ်ဖြစ်ပုံ	၁၆
ခိုင်လုံသော သာဓကဋ္ဌိကာပါဠိများ	၁၉
မြန်မာအနက် ပြန်ဆိုချက်များ	၂၁
သိမ်နှုတ်ပုံ ဇယားကွက်များ	॥
သိမ်နိမိတ်ကြားနည်း	၃၉
ဥပသမ္ပဒ ကမ္မဝါစာ နိဿယသစ်	
ပဏာမ-ပဋ္ဌိညာဉ်	၄၇
ဥပဇ္ဈာယဂုဟာဏကိစ္စ-ဥပဇ္ဈာယ် ယူစေခြင်း ပထမကိစ္စ	၄၉
ဥပဇ္ဈာယ ဒါနကိစ္စ-ဥပဇ္ဈာယ်ပေးခြင်း ဒုတိယကိစ္စ	၅၀
ပတ္တစီဝရုစိကွန်နကိစ္စ-သပိတ် သင်္ဃာန်းကို နှားလည် အောင် ပြောပြခြင်း တတိယကိစ္စ	၅၁
ဗဟိနိဟာရဏကိစ္စ-အပြင်သို့ထုတ်ခြင်း စတုတ္ထကိစ္စ	၅၅
အနုသာသက သမ္ဘုတိ ဥ တ္တိတ္ထပန ကိစ္စ-အနုသာသက သမ္ဘုတိဥ တ်ထားခြင်း ပဉ္စမကိစ္စ-	၅၆
အနုသာသနကိစ္စ- သွန်သင်ဆုံးမနည်း လမ်းပြခြင်း ဆဋ္ဌကိစ္စ	၅၇

ဟတ္ထပါဿဇ္ဇာနဉ္ဇတ်ိတ္ထပနကိစ္စ-သံဃအလယ် ဟတ္ထ
ပါသ်သို့ ခေါ်ရန် ဉတ်ထားခြင်း သတ္တမကိစ္စ ၇၇
အာယာစနကိစ္စ- ပဋ္ဌင်းအဖြစ်ကို တောင်းပန်ခြင်း
အဋ္ဌမကိစ္စ ၇၈
ပုစ္ဆာဉ္ဇတ်ိတ္ထပနကိစ္စ-ပုစ္ဆာဉ္ဇတ်ထားခြင်း နဝမကိစ္စ ၇၉
ပုစ္ဆနကိစ္စ- အန္ဓရာယိက ဓမ္မတို့ကို မေးမြန်းခြင်း
ဒသမကိစ္စ ၈၀
ဉ္ဇတ်ိစတုတ္ထကမ္မဝါစာ ဘာသနကိစ္စ- ဉ္ဇတ်ိစတုတ္ထ
ကမ္မဝါစာကို ရွတ်ဘာသ်ခြင်း ပဓာနကိစ္စ ဟူသော
ဧကာဒသမကိစ္စ ၈၈
ဥပသမ္ပဒ္ဒ ကာလာစိက္ခနကိစ္စ-ပဋ္ဌင်းဖြစ်ရာ ကာလကို
ပြောကြားခြင်း ဒ္ဒါဒသမကိစ္စ ၉၇
နိဿယာ စိက္ခနကိစ္စ- မှီရာပစ္စည်းကို ပြောပြခြင်း
တေရသမကိစ္စ ၁၀၀
အကရဏီယာစိက္ခနကိစ္စ- မမှီဝဲအပ်သည်ကို ပြောပြ
ခြင်း စုဒ္ဒသမကိစ္စ ၁၀၇
နိဂမန ၁၁၈
ဗျညနဗုဒ္ဓိဝိနိစ္ဆယ ၁၂၁

အကြောင်းအရာ	မျက်နှာနံပါတ်

ကထိန် အမေး အဖြေ

ပဋ္ဌဉ်ဘဉ်	၁၃၉
ကထိန်တောင်းပန်စာ	၁၃၉
ကထိန်အမေး	၁၄၅
ကထိန်အဖြေ	၁၅၇

ဥပုသ် အမေး အဖြေ

ဥပုသ်အမေးအဖြေ	၁၇၅

ပဝါရဏာ အမေး အဖြေ

ပဝါရဏာ အမေး	၁၈၁
ပဝါရဏာ အဖြေ	၁၈၇

မဟာဝိသုတာရုမ ဝတ်ရွတ်စဉ်

ဝတ်ရွတ်စဉ်များ	၁၉၃
အန္တရာယ သမုဋ္ဌါတ ကမ္မဝါစာ	၁၉၉
အန္တရာယိက သမ္မုတိကမ္မဝါစာ	၂၀၀
အန္တရာယိက ကရဏ ကမ္မဝါစာ	၂၀၁
အန္တရာယ သမုဋ္ဌါတ ကမ္မဝါစာနိဿယ	၂၀၆
အနန္တရာယိက သမ္မုတိ ကမ္မဝါစာနိဿယ	၂၁၀
အနန္တရာယိက ကရဏ ကမ္မဝါစာနိဿယ	၂၁၃

အကြောင်းအရာ	မျက်နှာနံပါတ်

ဒွန္ဒကမ္မဝါစာ နိဒ္ဒေသ

ကေုပဇ္ဈာယ ကောစရိယ ဝါကျဒွန္ဒကမ္မဝါစာ	၂၂၀
ကေုပဇ္ဈာယ ကောစရိယ သမာသဒွန္ဒကမ္မဝါစာ	၂၂၁
ကေုပဇ္ဈာယ နာနာစရိယ ဝါကျဒွန္ဒကမ္မဝါစာ	၂၂၂
နာနုပဇ္ဈာယ နာနာ စရိယ ဒွန္ဒကမ္မဝါစာ	၂၂၄

ပစ္စဝေက္ခဏာ ပါဠိ အနက်

ပစ္စဝေက္ခဏာ ပါဠိအနက်	၂၃၅

ကျောင်းရေစက်ချနည်း

သံဃိက-ဂဏိက-ပုဂ္ဂလိက ရေစက်ချနည်း	၂၄၃
နိဂမန	၂၅၅
သိမ်အမိန့်ပေး ပုံစံ	။
သိမ်အမိန့်ခံလျှောက်လွှာ ပုံစံ	။

သိမ်းဝင်ခိုဆုယာကျမ်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဗုဒ္ဓံ-သံ-နေ။ ။တေ-နေ-ဓံ-နေ။

၁။ ပဋိညာဉ်

ဗုဒ္ဓဘာသာ သာသနာ အယူဝါဒ ရှိကြကုန်သော ရဟန်းရှင်လူ ခပ်သိမ်းသော သူတို့မှာ မိမိတို့ ဗဟုသုတ ဉာဏ်ပညာ သဒ္ဓါစွမ်း ရှိသလောက် သာသနာတော်၏ မဆုတ်မယုတ် တိုးတက်ပြန့်ပွားရေး လုပ်ငန်း တာဝန်ကို အသီးအသီး ကိုယ်စီ ကိုယ်၌ ရွက်ဆောင်ကြရာ၌-

၁-အချက်....ပါဠိတော် ပမာဏ

၂-အချက်....အဋ္ဌကထာ ပမာဏ

၃-အချက်....ဋီကာ ယောဇနာ ဂဏ္ဌိ ပမာဏ

မျှားကို ထိုက်သည် အားလျော်စွာ ယုံကြည် ကိုးကား အားထား ရွက်ဆောင်ကြရမည် ဖြစ်ပေသည် အားလျော်စွာ

ယုံကြည် အားထားလိုသူတို့ အကျိုးငှာ သီမာဝိနိစ္ဆယ အကျဉ်းမျှ ရေးသား ပေဦးအုံ့။

၂။ သိမ်အပြား

၁-သီနိယတေ သမဂ္ဂေန သံဃေန ကမ္မဝါစာယ ဗဒ္ဓိယ တေတိ-သီမာ-

ဟူသော ဝစနတ္ထနှင့်အညီ ညီညွတ်သော သံဃာသည် ကမ္မဝါစာဖြင့် ဖွဲ့အပ်သော ရပ်ကွက် အပိုင်းအခြားသည် သိမ်မည်၏။

၂-သီနိယတေ ရုဇာဒီဟိ အယံ အသုကဿ မရိယာဒါတိ ပရိစ္ဆဒ္ဒတ္တာ ဗဒ္ဓိယတေတိ-သီမာ-

ဟူသော ဝစနတ္ထနှင့်အညီ မင်းအစရှိသည် တို့သည် "ဤမည်သော ရပ်ကွက် အပိုင်းအခြားသည် ဤမည်သော ရွာ၏ အပိုင်းအခြားတည်း" ဟု ပိုင်းခြားကန့်သတ် ဖွဲ့ထားအပ်သော ရပ်ကွက် အပိုင်းအခြား သည်လည်း သိမ်မည်၏။

ထို သိမ်သည်လည်း ဗဒ္ဓသိမ်, အဗဒ္ဓသိမ်ဟူ၍ နှစ်မျိုးရှိ၏။ ထိုတွင် ဝိပတ္တိသိမ် တဆဲ့တလုံးကို ကျော်လွန်၍ သမ္ပတ္တိသုံးပါးနှင့် ပြည့်စုံစေလျက် နိမိတ်ချင်းချင်း စပ်အောင် ကြားရ၍ ကမ္မဝါစာဖြင့် ဖွဲ့သမုတ်အပ်သော သိမ်သည် ဗဒ္ဓသိမ်မည်၏။

ယင်းကဲ့သို့ ဖွဲ့သမုတ်အပ်သည် မဟုတ်သော သိမ်သည် အဗဒ္ဓသိမ်မည်၏။

၃။ ဗဒ္ဓသိမ်အပြား

ထိုတွင် ဗဒ္ဓသိမ်သည်လည်း သမာနသံဝါသသိမ်, အဝိပ္ပ ဝါသသိမ် ဟူ၍လည်း နှစ်မျိုး၊ ခဏ္ဍသိမ်, မဟာသိမ်ဟူ၍လည်း နှစ်မျိုးရှိ၏၊ ထိုတွင် သမာနသံဝါသသိမ်နှင့် ခဏ္ဍသိမ်အတူတူ၊ အဝိပ္ပဝါသသိမ်နှင့် မဟာသိမ် အတူတူဟူ၍လည်း မှတ်အပ်၏။

ခဏ္ဍသိမ်၌ အဝိပ္ပဝါသ ရှိသော်လည်း စီဝရ ပရိဟာရ ကျေးဇူးမျှား၊ မဟာသိမ်၌သာ စီဝရ ပရိဟာရ ကျေးဇူးမျှား သောကြောင့် မဟာသိမ်ကိုသာ အဝိပ္ပဝါသ ဝေါဟာရဖြင့် အဋ္ဌကထာဆရာ အသုံးပြုတော်မူသည်ဟု ဆိုလိုသည်။

ခဏ္ဍသိမ်, မဟာသိမ်တို့၏ ပမာဏကား အယုတ်ဆုံး အားဖြင့် နှစ်ကျိပ်တပါး ဆံ့လောက်သည်က စ၍ ရဟန်း တထောင်တိုင်အောင် ဆံ့လောက်သော ပမာဏရှိသော ဗဒ္ဓ သိမ်သည် ခဏ္ဍသိမ်မည်၏၊ ရဟန်းတထောင်ကျော် ဆံ့လောက် သည်ကစ၍ သုံးယူဇနာတိုင်အောင် ပမာဏရှိသော ဗဒ္ဓသိမ် သည် မဟာသိမ် မည်၏ဟု ပမာဏပိုင်းခြားရန်အရိပ်အယောင် အဋ္ဌကထာ၌-

၃-သာ ဟေဋ္ဌိမ ပရိစ္ဆေဒေန သစေ ဧကဝီသတိ ဘိက္ခူ။ ဂဏ္ဍာတိ ဝဋ္ဋတိ၊ တတော ဩရံ နဝဋ္ဋတိ၊ ပရံ ဘိက္ခု သဟဿံ ဂဏ္ဍန္တိပိ ဝဋ္ဋတိ-

ဟု မိန့်ဆိုချက် ရှိသည်။

သို့သော်လည်း ဥပနိဓာပညတ်ဖြစ်၍ ကျဉ်းငယ်သော သိမ်ကို ထောက်၍ ကြီးကျယ်သောသိမ်၊ ကြီးကျယ်သော သိမ်ကို ထောက်၍ ကျဉ်းငယ်သောသိမ်ဟု ခေါ်ဆိုပညတ်ခြင်း သည်သာ အမှန်ယူရပေလိမ့်မည်။

၄။ တခုသော ဗဒ္ဓသိမ်၌ ပြုအပ်သောကံကို တခုသော ဗဒ္ဓသိမ်တွင်းရှိ သံဃာက မဖျက်နိုင်ပုံ

ယင်းသို့ ဆိုအပ်ခဲ့ပြီးသော မဟာသိမ် ခဏ္ဍာသိမ်တို့သည် နာနာသိမဖြစ်၍ ခဏ္ဍာသိမ်၌ ပြုအပ်သော ကံကိုလည်း မဟာ သိမ်တွင်းရှိ ရဟန်းများက ဝဂ္ဂဒေါသဖြင့် မဖျက်ဆီးနိုင်၊ မဟာ သိမ်၌ ပြုအပ်သော ကံကိုလည်း ခဏ္ဍာသိမ်တွင်းရှိ ရဟန်းများက ဝဂ္ဂဒေါသဖြင့် မဖျက်ဆီးနိုင်၊ ဤအရာမျိုးကိုလည်း သတိ ချပ်၍ သိမှတ်ထားရမည်။

၅။ အဗဒ္ဓသိမ်အပြား

အဗဒ္ဓသိမ်သည်လည်း ဂါမသိမ် သတ္တဗ္ဘန္တရသိမ် ဥဒ ကုက္ခေပသိမ် ဟူ၍ သုံးမျိုးတွင်-

၄-အသမ္မတာယ ဘိက္ခေ သီမာယ အတ္ထပိတာယ ယံ ဂါမံ ဝါ နိဂမံဝါ ဥပနိဿာယ ဝိဟရတိ၊ ယာတဿ ဝါ ဂါမဿ ဂါမသီမာ၊ နိဂမဿဝါ နိဂမသီမာ၊ အယံ

တတ္ထ သမာနသံဝါသာ ကေ့ဟေ့ပေါ့သထာ-
ဟူသော မဟာဝဂ္ဂ ဥပေါသထက္ခန္ဓကပါဠိတော်။

၅-တတ္ထ အတ္ထိပိတာယာတိ အပရိစ္ဆိန္နာယ ဂါမဂ္ဂဟဏေန စေတ္ထ နဂရမ္မိ ဂဟိတမေဝ ဟောတိ၊ တတ္ထ ယတ္ထကေ ပဒေသေ တာသ တာသ ဂါမသ သောဇကာ ဗလိ လဘန္တိ၊သောပဒေသော အပ္ပေါ ဝါ ဟောတု၊မဟန္တော ဝါ၊ ဂါမသီမာတော့ဝ သခ်ုံ ဂစ္ဆတိ၊ နဂရ နိဂမ သီမာ သုပိ ဧသေဝ နယော-

ဟူသော အဋ္ဌကထာတို့၏အရ၊ ဂါမသောဇက ဖြစ်သော ရွာသူကြီးတို့၏ အခွန်အတုတ် ,ခွဲခန့်ရယူရာ၊ အခွန်အတုတ် မရသော်လည်း ၎င်းတို့၏နယ် အဝင်အပါ သုသာန်မြေ, တဘက်ဆည်းကန် အစရှိသော ရပ်ကွက်ဒေသဟု ဆိုအပ်သော ပကတိ ဂါမသီမ်သည်၎င်း-

၆-ယမ္မိ ကေသ္မိ ယေဝ ဂါမခေတ္တေ ကေ ပဒေသံ "အယမ္မိ ဝိသုံဂါမော ဟောတု"တိ ပရိစ္ဆိန္ဒိတ္ဝာ ရာဇာ ကာသစိ ဒေတိ၊ သောပိ ဝိသုံဂါမသီမာ ဟောတိ ယေဝ-

ဟူသော မဟာဝဂ္ဂ ဥပေါသထက္ခန္ဓက အဋ္ဌကထာအရ တခုသော ဂါမခေတ်၌ "ဤမည်သော ရပ်ကွက်သည်လည်း ပကတိဂါမမှ သီးခြားရွာတခုဖြစ်စေ"ဟု မင်းသည် ပိုင်းခြားကန့်သတ်၍ ပကတိ ရွာသူကြီးမှတပါး တစုံတယောက်သော

သူအား ပေးအပ်သော ရပ်ကွက် အပိုင်းအခြားဟုဆိုအပ်သော ဝိသုဂါမ သိမ်သည်ရင်း အဗဒ္ဓသိမ်မည်၏။

၆။ တခုသော ဂါမဠ် ပြုအပ်သောကံကို တခုသော ဂါမရှိ သံဃာက မဖျက်နိုင်ပုံ

၇-တသ္မာ သာစ ဣတရောစ ပကတိဂါမ နဂရ နိဂမ သီမာ ဗဒ္ဓသီမာ သဒိသာယေव ဟောန္တိ-

ဟူသော လဒ္ဓဂုဏ်ပြု မဟာဝဂ္ဂ ဥပေါသထက္ခန္ဓက အဋ္ဌကထာ ပါဠိနှင့်အညီ၊ ဝိသုဂါမသိမ်, ပကတိဂါမနဂရ နိဂမသိမ်တို့၏ ဗဒ္ဓသိမ်နှင့် တူကုန်သည်၏ အဖြစ်ကြောင့် ပကတိဂါမသိမ်တခုဠ် ပြုအပ်သောကံကို တပါးသော ပကတိဂါမခေတ်ဠ် ရှိသော ရဟန်း,ဝိသုဂါမသိမ်တွင်းဠ် တည်ရှိသော ရဟန်းတို့က ဝဂ္ဂဒေါသဖြင့် မပျက်စေနိုင်ကုန်၊ မဖျက်နိုင်ကုန်၊ ဝိသုဂါမသိမ်တွင်းဠ် ပြုအပ်သော ကံကိုလည်း ပကတိ ဂါမသိမ်တွင်းရှိ ရဟန်းတို့က ဝဂ္ဂဒေါသဖြင့် မပျက်စေနိုင်ကုန်၊ အဘယ်ကြောင့် မပျက်စေနိုင်ကုန်သနည်းဟူမူ၊ နာနာသီမဠ် တည်ကုန်သည်၏ အဖြစ်ကြောင့် မပျက်စေနိုင်ကုန်ဟု နိဿံသယ မုခ္ဃုဆတ်ဆတ် မှတ်ယူအပ်၏။

၇။ ပညာရှိ သူတော်ကောင်းများ ထောက်ခံသင့်ပုံ

ယင်းသို့ ပြဆိုအပ်ခဲ့ပြီးသည့် အတိုင်း နာနာသီမဠ် တည်ရှိကုန်သော ရဟန်းတို့က နာနာသီမဠ် ပြုအပ်သောကံကို ဝဂ္ဂဒေါသဖြင့် မဖျက်နိုင်ကုန်သည်၏ အဖြစ်ကိုရင်း-

သမန္တပါသာဒိက ဝိနယအဋ္ဌကထာ၏ အစ၊ ဂန္ဌာရမ္ဘ ကရဏပွကာရ ပဋိညာဉ် အခဏ်းဌ-

အန္တောဂဓဝေထေရဝါဒံ၊ သံဝဏ္ဏနံ သမ္မသမာရဘိသံ-
ဝုံ ၎ ၎ ဝုံ ၎
ဟု ပဋိညာဉ် ထားခဲ့သည်ကိုရင်း-

ဂ-ယော ယော အဋ္ဌကထာဝါဒေါ ဝါ ထေရဝါဒေါ ဝါ
ပစ္ဆာ ဝုစ္စတိ၊ သော ပမာဏတော ဒဋ္ဌဗ္ဗော-

ဟူ၍၊ ဒုတိယပါရာဇိက သိက္ခာပဒဝဏ္ဏနာဌ္ဌ အသျှင် ဗုဒ္ဓ ဃောသဆရာ မဟာထေရ်မြတ် မှတ်ချက်ထားခဲ့သည်မျှားကိုရင်း-

ခဏ္ဍသီမ်,မဟာသီမ်ဟု ဆိုအပ်သော ဗဒ္ဓသီမ်၏ မှီရာနိဿယ ဂါမသီမ်ဖြစ်သည်ကိုရင်း- ဥဒကုက္ခေပ သီမ်၏ မှီရာ နိဿယ မြစ်, သမုဒ္ဒရာ, ဇာတသရအိုင် ဖြစ်သည်ကိုရင်း- သတ္တဗ္ဘန္တရ သီမ်၏မှီရာ နိဿယ အဂါမက အရညသီမ်ဖြစ်သည်ကိုရင်း-ကေ ဂါမ ဖြစ်စေ နာနာဂါမဖြစ်စေ ဗဒ္ဓသီမ်၏ မှီရာ နိဿယချည်း သာဖြစ်၍ သမာန သံဝါသက ကမ္မဝါစာ ပြီးဆုံးသည်နှင့် တပြိုင်နက် နိမိတ်အတွင်း ပထဝီသန္ဓာရက ရေသို့ချဉ်းအောင် ဗဒ္ဓသီမ်သက်ရောက် စူးရှနိုင်သည်၏ အဖြစ်ကိုရင်း-သေချာ ဝေ့ဝှ သတိပြု၍ ကြည့်ရှုဆင်ခြင် နှိုင်းယှဉ် စဉ်းစားမိသော ဂန္ဌနှစ်ရဗဟုသုတ ပရိယတ္တိကောသလ္လဉာဏ်ရင့်သန်ကြီးမားပြီး ပညာရှိ သူတော်ကောင်း မှန်သမျှ တို့သည် ဤသို့ ယခုပြဆို ဆုံးဖြတ်အပ်လတ္တံ့သော ကေဂါမခေတ္တောကဒေသ သမ္မတ

သိမ်နှင့် အညဂါမခေတ္တ အနွှောကုရဏ သမ္မတသိမ်ကို လေးလေးနက်နက် ကျေနပ် ထောက်ခံနိုင်ကြ ပေလိမ့်မည်ဟု အောက်မေ့ မှတ်ထင်ဘွယ်ပေတည်း။

၈။ ဂါမခေတ်တခုတည်းထဲ၌ သိမ်သမုတ်ရပုံ

၉-သစေ ကော သို့ ဂါမခေတ္တေ သီမံ ဗန္ဓိတုကာမာ၊ ယေ တတ္ထ ဗဒ္ဓသီမာဝိဟာရာ တေသု ဘိက္ခူနံ "မယံ အဇ္ဇ သီမံ ဗန္ဓိဿာမ၊ တုမ္မေ သကသကသီမာပရိစ္ဆေဒတော မာ နိက္ခမိတ္ထာ"တိ ပေသေတဗ္ဗံ၊ ယေ အဗဒ္ဓသီမာ ဝိဟာရာ၊ တေသု ဘိက္ခူ ကေစ္စိ သန္နိပါတေတဗ္ဗာ၊ ဆန္ဒာရဟာနံ ဆန္ဒော အာဟရိတဗ္ဗော။

မဟာဝဂ္ဂ ဥပေါသထက္ခန္ဓက အဋ္ဌကထာ။

တခုသော ပကတိဂါမခေတ်တွင်း၌ သိမ်သမုတ်လိုကြကုန်သော ရဟန်းတို့သည် ၎င်းဂါမခေတ်တွင်းရှိ ဗဒ္ဓသိမ်ကျောင်းနေ ရဟန်းတို့ထံ "ဤယနေ့ သိမ်သမုတ်ကြကုန်မည်ဖြစ်၍ မိမိမိမိတို့ ဗဒ္ဓသိမ် အပိုင်းအခြားမှ ပြင်ဘက်သို့ မထွက်ကြပါကုန်လင့်"ဟု တမန်စေခိုင်း ပြောကြားခြင်းဟူသော ဗဟိကရဏ သီမာဝိသောဓန နယ်သိမ်းခြင်း၊ အဗဒ္ဓသိမ်ကျောင်းနေ ရဟန်းတို့ကို သိမ်သမုတ်ရာဌာနခ၌ တပေါင်းတည်း စည်းဝေးစေခြင်း ဟူသော ဟတ္ထပါသာနယန သီမာဝိသောဓန နယ်သိမ်းခြင်း၊ သိမ်သမုတ်ရာ ဂါမခေတ်တွင်းရှိ ဆန္ဒာရဟ

ရဟန်းတို့၏ ဆန္ဒကိုဆောင်ယူစေခြင်း ဟူသော ဆန္ဒာဟရဏ သီမာဝိသောဓန နယ်သိမ်းခြင်းအားဖြင့် သန့်ရှင်း စင်ကြယ်အောင် နယ်သိမ်း၍ တခုသော ပကတိဂါမခေတ် တစိတ်၌ သမုတ်အပ်သော ပကတိဂါမခေတ္တကဒေသ သမ္မတ ဗဒ္ဓသီမ်မျိုးကို အောက်က ဘော်ပြထားအပ်ပြီးသော အဌကထာပါဠိဖြင့် သိအပ်၏။

ဗဟိကရဏ သီမာဝိသောဓန, ဟတ္ထပါသာနယန သီမာဝိသောဓန, ဆန္ဒာဟရဏ သီမာဝိသောဓန သိမ်းခြင်း သုံးမျိုးတို့တွင်-

ယေ တတ္ထ ဗဒ္ဓသီမာဝိဟာရာ၊ တေသု ဘိက္ခူနံ "အယံ အဇ္ဇ သ္မိံ ဗန္ဓိဿာမ၊ တုမ္မေ သကသက သီမာ ပရိစ္ဆေဒ တော မာ နိက္ခမိတ္ထာ" တိ ပေသေတဗ္ဗံ-

ဟူသော အဌကထာပါဠိဖြင့် ဗဟိကရဏ သီမာဝိသောဓန နယ်သိမ်းပုံကို ပြတော်မူ၏။

ယေ အဗဒ္ဓသီမာ ဝိဟာရာ၊ တေသု ဘိက္ခူ ကေဠိ သန္နိပါတေတဗ္ဗာ-

ဟူသော အဌကထာ ပါဠိဖြင့် ဟတ္ထပါသာနယန သီမာဝိသောဓန နယ်သိမ်းပုံကို ပြတော်မူ၏။

ဆန္ဒာရုဟာနံ ဆန္ဒော အာဟရိတ္ဗော-

ဟူသော အဌကထာပါဠိဖြင့် ဆန္ဒာဟရဏသီမာဝိသောဓန နယ်သိမ်းပုံကို ပြတော်မူ၏။

ဤကဲ့သို့ ပြဆိုအပ်ခဲ့ပြီးသော သိမ်ကား တပါးသော ဂါမ ခေတ်ကို အတွင်းမပြုဘဲ တခုသော ပကတိဂါမခေတ်၌ နယ်သိမ်းနည်း သုံးမျိုးတို့ဖြင့် ထိုက်သည်အားလျော်စွာ နယ်သိမ်း၍ သမုတ်အပ်သော သိမ်မျိုးတည်း။

၉။ နာနာဂါမခေတ်ကို အတွင်းသွင်း၍ သိမ်သမုတ်ရပုံ

၁၀-သစေ အညာနိုပိ ဂါမခေတ္တာနိ အန္တော ကာတုကာမာ၊ တေသု ဂါမေသု ယေ ဘိက္ခူ။ ဝသန္တိ၊ တေဟိ ပိ အာဂန္တွဲ့၊ အနာဂစ္ဆန္တာနံ ဆန္ဒော အာဟရိတဗ္ဗော ဝ တ မဟာသုမတ္ထေရော အာဟ။

မဟာ ပဒုမတ္ထေရော ပန နာနာဂါမခေတ္တာနိ နာမ ပါဠေဋ္ဌံ ဗဒ္ဓသီမာသဒိသာနိ၊ နတတော ဆန္ဒပါရိသုဒ္ဓိ အာဂစ္ဆတိ၊ အန္တောနိမိတ္တဂတေဟိ ပန ဘိက္ခူဟိ အာဂန္တွဗ္ဗန္တိ ဝတ္တာ ပုန အာဟ "သမာန သံဝါသက သီမာ သမ္မန္နနကာလေ အာဂမနမ္ပိ အနာဂမနမ္ပိ ဝဋ္ဋတိ၊ အဝိပ္ပဝါသသီမာ သမ္မန္နနကာလေ ပန အန္တောနိမိတ္တဂတေဟိ အာဂန္တွဲ့၊ အနာဂစ္ဆန္တာနံ ဆန္ဒော အာဟရိတဗ္ဗော''တိ။

မဟာဝဂ္ဂ ဥပေါသထက္ခန္ဓက အဋ္ဌကထာ။

ဂဏ်း အဋ္ဌကထာပါဠိ အပေါင်းတို့တွင်-

သစေ အညာနိပိ ဂါမခေတ္တာနိ အန္တော ကာတု ကာမာ-

ဟူသော ပရိကပ္ပ ပါဒကာဝါကျဖြင့် ဂါမခေတ် တခုတည်း ၌သာ ဗဒ္ဓသီမ် သမုတ်နိုင်သည် သမုတ်ကောင်းသည် သမုတ်ရသည်မဟုတ်၊ နာနာဂါမခေတ်၌လည်း ဗဒ္ဓသီမ်သမုတ်နိုင်သည် သမုတ်ကောင်းသည် သမုတ်ရသည်၊ ဂါမခေတ် ခြားသည့် အတွက် ဗဒ္ဓသီမ် မသက်ဟု မဆိုရ၊ နိမိတ်အတွင်း အကုန်သက်နိုင်သည် ဟူသော အနက် အမိပ္ပါယ်ကို ပြတော်မူသည်၊ သို့အတွက် ဗဒ္ဓသီမ် တလုံးတည်း၏ မိုရာနိုဿယသည် ဂါမခေတ်တခုတည်းလည်း ဖြစ်နိုင်သည်၊ ဂါမခေတ် နှစ်ခု သုံးခု စသည် ပူးတွဲပေါင်းစပ်၍လည်း ဖြစ်နိုင်သည်ဟု နိဿံသယမုချ ဆတ်ဆတ် မှတ်ယူအပ်သတည်း။

၁၀။ မဟာသုမထေရ်၏ ဝါဒကို အလေးမပြုပုံ

ထို ပရိကပ္ပပါဒကဝါကျ၏ အဆက် မုချ ပါဒကဝန္တ ဝါကျ၏ အမိပ္ပါယ် နှစ်သွယ် ကဲ့ပြား ဝါဒအားဖြင့် မဟာသုမထေရ ဝါဒ,မဟာပဒုမထေရ ဝါဒဟု အဋ္ဌကထာဆရာမြတ် ထုတ်ပြတော် မူအပ်သတည်း။ ထိုတွင်-

> တေသု ဂါမေသု ယေ ဘိက္ခူ ဝသန္တိ၊ တေဟိ ပိ အာဂန္တ္ဗံ၊အနာဂစ္ဆန္တာနံ ဆန္ဒော အာဟရိတဗ္ဗောတိ မဟာသုမတ္ထေရော အာဟ-

ဟူသော မုခ္ခပါဒကဝန္တ ထေရဝါဒ ဒီပကဝါကျဖြင့် တပါးသော ဂါမခေတ်တို့ကို အတွင်းပြု၍ သိမ်သမုတ်လျှင် အတွင်းပြုအပ်သော အညဂါမ အတွင်းရှိ ရဟန်းတို့ကိုပါ အကုန်သိမ်းရမည်ဟု ဆုံးဖြတ်မိန့်ဆိုသော ဝိနည်းကို ကိုးခေါက်မျှ သင့်တော်မူသော မဟာသုမထေရ်၏ မုခ္ခတ္ထ ဝိနိစ္ဆယ ဝါဒကို အဌကထာဆရာ ပမာဏ မမူ အရေးမယူသော အနေဖြင့် ရှေးဦးစွာ ဘော်ပြထားတော်မူသည်။

၁၁။ မဟာပဒုမထေရ်၏ ဝါဒကိုသာ အလေးပြုပုံ

> မဟာ ပဒုမတ္ထေရော ပန နာနာဂါမခေတ္တာနိနာမ ပါဌေက္ကံ ဗဒ္ဓသီမာ သဒ်သာနိ၊ နု တတော ဆန္ဒပါရိသုဒ္ဓိ အာဂစ္ဆတိ၊အန္တော နိမိတ္တာဂတေဟိ ပန ဘိက္ခူဟိ အာဂန္တ္ဗဗ္ဗန္တိ ဝတ္ဘာ ပုန အာဟ ''သမာန သံဝါသက သီမာ သမ္မန္နနကာလေ အာဂမနမ္ပိ အနာဂမနမ္ပိ ဝဋ္ဋတိ၊ အဝိပ္ပဝါသသီမာ သမ္မန္နနကာလေ ပန အန္တော နိမိတ္တာဂတေဟိ အာဂန္တ္ဗံ၊ အနာဂစ္ဆန္တာနံ ဆန္ဒော အာဟာရိတဗ္ဗော''တိ–

ဟူသော မုခ္ခပါဒကဝန္တ ပစ္ဆိမ ထေရဝါဒ ဒီပကဝါကျဖြင့် နာနာဂါမခေတ်တို့ မည်ကုန်သည် အသီးအခြားသော ဗဒ္ဓသီမ်တို့နှင့် တူကုန်သည့် အတွက် ထိုအသီးအခြားသော ဗဒ္ဓသီမ်နှင့် တူကုန်သော နာနာဂါမ ခေတ်တို့မှ ဆန္ဒပါရိသုဒ္ဓိသည် နာနာဂါမခေတ်သို့ မလာမလိုက်၊ မလာမလိုက်သောကြောင့် ဝင်

မဖြစ်၊ဝဂ်မဖြစ်သောကြောင့် သမာနသံဝါသကသိမ် သမုတ်စဉ် အခါ နိမိတ်ပြင်ပရဟန်းတို့ကို မဆိုထားဘိနိမိတ်တွင်းရှိ ရဟန်းတို့သော်မှ လာလိုလာ၊ မလာလိုနေ၊ လာခြင်းကြောင့်လည်း သီမာသမ္မုတိကံ၏ အထောက်အပံ့ အထူးမဖြစ်၊ မလာခြင်းကြောင့်လည်း သီမာသမ္မုတိ ကံ၏ အနှောက်အရှက် တစုံတခု မဖြစ်နိုင်၊ ကာယသာမဂ္ဂီဖြင့် ချီးမြှောက်အံ့ဟု လာလျှင် သာမိစိ ဝတ်ကျေရုံမျှရှိ၏ဟု ဆိုလိုသည်။

သမာနသံဝါသကသိမ် သမုတ်ပြီးဆုံးသော အခါ၌မူကား နိမိတ်အတွင်း၌ မူလ ပကတိဂါမ, မူလီ အညဂါမ နှစ်ရပ်လုံး ကေသိမ ဗဒ္ဓသိမ် တလုံးတည်း ဖြစ်သွားခြင်းကြောင့် နိမိတ်အတွင်းရှိ ရဟန်းများကို ဗဟိ ကရဏ သီမာဝိသောဓန, ဟတ္ထပါသာနယန သီမာဝိသောဓန, ဆန္ဒာဟရဏ သီမာဝိသောဓန တို့ဖြင့် ထိုက်သည်အားလျော်စွာ သုခ်သင်ပြီးမှ အဝိပ္ပဝါသကမ္မဝါစာ ဘာသ်ခွင့်ရသည်ဟု ဆုံးဖြတ်မိန့်ဆိုတော်မူသော ဝိနည်းတဆဲ့ရှစ်ခေါက် သင်တော်မူခဲ့သော မဟာပဒုမထေရ်၏ မုချတ္ထ ဝိနိစ္ဆယဝါဒကို အဋ္ဌကထာဆရာ ခုံသမ္မတ်လုပ်၍-

ယော ယော အဋ္ဌကထာဝါဒေါ ဝါ ထေရဝါဒေါ ဝါ
ပစ္ဆာ ဝုဋ္ဌတိ၊ သော ပမာဏတော ဒဋ္ဌဗ္ဗော-

ဟူသော မှတ်ချက် အတိုင်း ကျောက်ထိုးတန္တု အလေးပြု၍ ကျောက်ကြီး ငါးခိုစကား ပမာဏအမှတ်အသားဖြင့် နောက်ဆုံး အတည်ထား၍ ပြတော်မူသတည်း။

၁၂။ ပညာရှိ သူတော်ကောင်း မှန်သမျှ ယုံကြည်ထိုက်ပုံ

သီဟိုဠ်ကျွန်းဌ ဝိနယဓရ ပါဂိုကဋ္ဌ ဖြစ်တော်မူသော အသျှင် ဥပတိဿထေရ်၏ တပည့်ချည်းသာ ဖြစ်ကြကုန်သော ဆရာ့ထံ ဝိနည်း တဆယ့်ရှစ်ခေါက် ပေါက်သော အသျှင်မဟာပဒုမ ထေရ် ဝိနည်း ကိုးခေါက်မျှသာ ပေါက်သော မဟာသုမ ထေရ်နှစ်ပါးတို့တွင် ဝိနည်း ငါးကျမ်း အဌကထာ ခက်ရာ ခက်ဆစ် ခက်ရာဌာနတို့ကို ထေရဝါဒပြိုင် နှစ်ဆယ့်ကိုးဌာန ထုတ်ပြရာ ဌာနပေါင်း နှစ်ဆယ် ဝိနယဝိနိစ္ဆယဝါဒ အောင်လံ စိုက်ထူခြင်းကို ခံတော်မူရသော မဟာပဒုမထေရ်၏ အဌ ကထာဆရာ အောင်လံ စိုက်ထူအပ်ပြီးသော ဝါဒဟူသမျှကို မည်သည့် အဌကထာ, မည်သည့် ဋီကာ, ယောဇနာ, ဂဏ္ဌိဆရာတို့မှ ပယ်ရှား တွန်းလှန်ခြင်းငှာ မတတ်ကောင်း ရကား ပကတိ မူလဂါမခေတ်တခုဌ ဗုဒ္ဓသိမ်အခြေ မူတည်၍ တပါးသော ဂါမခေတ်ကို အလိုရှိသလောက် အတွင်းသွင်း၍ နိမိတ်ထားပြီးလျှင် သိမ်အခြေ မူတည်ရာ ပကတိမူလ ဂါမ ခေတ်ကိုသာ သီမာဝိသောဓန သုံးမျိုးတို့ဖြင့် ထိုက်သည် အားလျော်စွာ သန့်ရှင်းစင်ကြယ်အောင် သုဓိသင်၍ တပါး သော ဂါမခေတ်ကို မသုဓိသင်တော့ဘဲ၊ ပကတိမူလ ဂါမ အတွင်းဌ သံဃာစည်းဝေး ကမ္မဝါစာဘာသ်၍ သမုတ်အပ် သော အညဂါမ အနွှောကရဏသမ္မတ ဗုဒ္ဓသိမ်ကို အညဂါမ

အန္တောဂဏ္ဍ အတွက် မည်သို့မျှ မစုပ်စဲထိုက်ဟူ၍ ပညာရှိ သူတော်ကောင်းမှန်သမျှ ယုံကြည်ထိုက်လှပေသတည်း။

၁၃။ ပကတိဂါမနှင့် ဝိသုံဂါမတို့ နာနာဂါမ ဖြစ်ပုံ

ပကတိ ဂါမသိမ်အချင်းချင်း အညဂါမ နာနာဂါမဖြစ်သကဲ့သို့ ဝိသုံဂါမနှင့် ၎င်း၏ ဝန်းကျင်ပတ်လည် ဝိုင်း၍ တည်သော ပကတိဂါမသည်လည်း အချင်းချင်း အညဂါမ နာနာဂါမပင် ဖြစ်ကြလေသည်၊ သို့ဖြစ်၍ ဝိသုံဂါမတွင်း၌ ဥပုသ်, ပဝါရဏာကံ, ဥပသမ္ပဒကံ အစရှိသော ကံဟူသမျှကို ပကတိဂါမသိမ်၌ရှိသော သံဃာကို အရေးမယူတော့ဘဲ ဝိသုံဂါမသိမ်အတွင်း၌ရှိသော သံဃာကိုသာ ဟတ္ထပါသ်ချင်း စပ်အောင် စည်းဝေးနေထိုင်စေ၍ ပြုသည်ရှိသော် ပကတိဂါမ သိမ်တွင်းရှိ ရဟန်းများက ၎င်းကံကို မည်သည့်နည်းနှင့်မျှ ဝဂ္ဂဒေါသဖြင့် မပျက်စေနိုင်သကဲ့သို့ ဝိသုံဂါမ၌ ဗဒ္ဓသိမ်ဖြစ်အောင် ဝိသုံဂါမ သက်သက်၌ နိမိတ်ထားလျက် ပြောကြား သိစေပြီးလျှင် ဝိသုံဂါမ သိမ်တွင်း၌ ဟတ္ထပါသ်ချင်းစပ်လျက် တည်သော သံဃာသည် ပြုအပ်သော သီမသမ္မုတိ ကံကို၎င်း၊ ဝိသုံဂါမပြင်ဘက် ပကတိဂါမ၌ အလိုရှိသလောက် နင်းကျော် မှတ်သား နိမိတ်ထားလျက် ၎င်းနည်းအတိုင်း ဝိသုံဂါမအတွင်း၌ ဟတ္ထပါသ်ချင်း စပ်လျက်တည်သော သံဃာသည် ပြုအပ်သော အညဂါမ အန္တောဂဏ္ဍ သီမာသမ္မုတိ ကံကို၎င်း၊ ပကတိ ဂါမသိမ်

အတွင်းရှိ ရဟန်းများက ဘယ်နည်းနှင့်မျှ ဝဂ္ဂဒေါသဖြင့် မပျက်စေနိုင်၊ ဝိသုဂါမနှင့် ပကတိဂါမ ပူးတွဲပေါင်းစပ် နိမိတ်မှတ်၍ ဗဒ္ဓသိမ် သမုတ်ခြင်း၊ ပကတိဂါမခေတ် နှစ်ခု သုံးခု စသည် ပူးတွဲပေါင်းစပ် နိမိတ်မှတ်၍ သမုတ်ခြင်းကြောင့် နာနာဂါမ, နာနာသီမဖြစ်၍ သိမ်မသက်ဟု မည်သည့် ပါဠိအဋ္ဌကထာ ဋီကာ ဂဏ္ဌိယောဇနာ အရိပ်အမြွက်မျှမရှိချေ။

၃၄။ မော်လမြိုင်မြို့ မြေထဲး ကျောင်းတိုက်သိမ် သမ္ဘတ္တိသိမ်ဖြစ်ပုံ

သာသနာနောက်ပိုင်း၌ ဝိနည်းအရာ မဟာပဒုမထေရ်ထက် အဝါးဝစ္ဆာ လိမ္မာထူးချွန် ကဲးလွန်ပိုမောက် အရာရောက်မည့် ပုဂ္ဂိုလ်ကို မဆိုထားဘိ တန်းတူ ပုဂ္ဂိုလ်လောက်ကိုမျှပင် ရနိုင် တွေ့နိုင်ခဲးသည်ဟု ဆိုရမည်ပင် ဖြစ်သဖြင့် ဝိနယ ကောလ္လညာဏ်, ရင့်သန်ကြီးမားတော်မူလှပေသော မဟာပဒုမထေရ် အသျှင် စီရင်ဆုံးဖြတ် မိန့်ဆိုအပ်သော ဝါဒအတိုင်း ရိုသေလေးမြတ်စွာလိုက်နာ၍ မော်လမြိုင်မြို့ ကျိုက်သန်လန် မြတ်စွာဘုရား၏ အနောက်ဘက် စောင်းတန်း အနီး မြေထဲး ကျောင်းတိုက် တောင်ဘက် ကျိုက်သန်လန် တောင်ခြေရင်း အစိုးရ အမိန့်အရ၊ ဝိသုဂါမမြေ၊ ပေ (၄၀)ပတ်လည် ကျဉ်းအုံ့ထင်သဖြင့် အရှေ့ဘက် (၁၀)ပေ၊ တောင်ဘက် (၁၀)ပေ၊ ပကတိဂါမမြေကို တိုင်းထွာခွဲထွင်၍ ဝိသုဂါမမြေနှင့် ပေါင်းစပ်ပြီးလျှင် ပေ (၅၀)ပတ်လည် နိမိတ်အတွင်း

သိမ်ပမာဏအကျယ် အတည်ထားလျက် ဗုဒ္ဓသိမ်ဟောင်း သိမ်ဝှက်များအတွက် နောင်သံသယမရှိရလေအောင် မော်လမြိုင်မြို့ ရတနာဘုံပျံ ဆရာတော်ဘုရားကြီး၊ ကျိုက်ထိုမြို့ မယ်ဇယ် ဆရာတော်ဘုရားကြီး၊ မော်လမြိုင်မြို့ တောင်ပေါက် ဆရာတော်၊ ပခုက္ကူမြို့ မဂ်လာ မဟာဝိသုတာရုမတိုက် ဆရာတော်၊ ရန်ကုန်မြို့ ဘုရားကြီးတိုက် ဆရာတော် အစရှိသော ဆရာတော်သံဃာတော်များစွာတို့ သီမာသမူဟနန ကမ္မဝါစာ အကြိမ်ပေါင်းများစွာ ဘာသာ်ရွတ်၍ နုတ်ရှင်းပြီးမှ ၁၂၉၉-ခုနှစ် တပေါင်းလဆုတ် ၉-ရက်နေ့နံနက်အရှေမြောက်ထောင့်ပကတိဂါမအာဘွင်းဌာကျောက်နိမိတ်တခု၊အရှေတောင်ထောင့် ပကတိဂါမအတွင်းဌာ ကျောက်နိမိတ် တခု၊ အနောက်တောင်ထောင့် ပကတိဂါမအတွင်းဌာ ကျောက်နိမိတ်တခု၊ အနောက်မြောက်ထောင့်ဝိသုံဂါမ အတွင်းဌာ ကျောက်နိမိတ်တခု၊ ပေါင်းကျောက်နိမိတ်လေးခု လေးဌာန နိမိတ် ကြားပြီး၍ မော်လမြိုင်မြို့ သိမ်ရှင် မြေထဲးဆရာတော်ဘုရားကြီး၊ ၎င်းမြို့ ဘုံပျံ ဆရာတော်ဘုရားကြီး၊ ကျိုက်ထိုမြို့ မယ်ဇယ် ဆရာတော်ဘုရားကြီး၊မော်လမြိုင်မြို့ တောင်ပေါက်ဆရာတော်၊ ပခုက္ကူမြို့ မဂ်လာ မဟာဝိသုတာရုမ ဆရာတော်၊ ပုဂံမြို့ တောင်ဆင်းအုဋ္ဌကျောင်း ဆရာတော်၊ မော်လမြိုင်မြို့ ကျောက်တန်းဆရာတော်၊ မန်ကျည်းတော ရှေကျောင်းဆရာတော်၊ ရန်ကုန်မြို့

ဘုရားကြီးတိုက် ဆရာတော် အစရှိသော ဆရာကော် သံဃာတော်(၁၀၀)ကျော်တို့သည် ပကတိဂါမဟုဆိုအပ်သော အညဂါမ နာနာသီမ အရှေ့ (၁၀)ပေါတောင် (၁၀)ပေါရပ်ကွက် အပိုင်းအခြား တစိတ်တခြမ်းကို ဝိသုံဂါမနှင့် စပ်လျက် ပေ(၄၀)ပတ်လည် ဝိသုံဂါမအတွင်း၌ စည်းဝေးရာပါ သံဃာတော်ဥသုံ ဟတ္ထပါသ်ချင်းဆက်စပ် ကမ္မဝါစာ ရွတ်ဘာသ်၍ သမုတ်အပ်သော အညဂါမ အနွှောကရဏ ဝိသုံဂါမဋ္ဌိတ သမ္မတ ဗဒ္ဓသီမ်ကို အောက်က ဆိုအပ်ပြီးသော ပါဋ္ဌိ, အဋ္ဌကထာ, ဏေရဝါဒ, သဘာဝယုတ္တိအမျိုးမျိုးကိုရင်း၊အထက်၌ ပြဆိုအပ်လတ္တံ့ ဖြစ်သောသာဓကဋ္ဌိကာ အမျိုးမျိုးကိုရင်း၊ပတ်ပတ်နပ်နပ် စေ့စေ့စပ်စပ် ကြည့်ရှုဆင်ခြင်မိကြကုန်သော ပညာရှိသူတော်ကောင်း မှန်သမျှတို့သည် အနဝဇ္ဇ သမန္တဘဒြက အပြစ်မရှိ ထက်ဝန်းကျင်မှ ကောင်းမြတ် စင်ကြယ်သော သမ္ဘတ္တိ သိမ်ပင်တည်း ဟူ၍ မှတ်ယူအပ်လှပေသတည်း၊ တဗ္ဗိ ပရိတပုဂ္ဂိုလ်တို့၏ တမျိုးတမည် ထင်မြင်ယူဆခြင်းကိုမူကား အထူးမည်သို့မျှ မဆိုသာတော့ချေ။

ဆိုအပ်ခဲ့ပြီးသော သိမ်၏ အနဝဇ္ဇ သမန္တ ဘဒြက၏အပြစ်ကို မြဲမြံခိုင်ခံ့ တည်တံ့ စေတတ်သော အထောက်အပံ့သာဓကဝင် ဋ္ဌိကာပါဋ္ဌိတို့ကို ထုတ်ဆောင်ဘော်ပြခဲ့ပေအုံ့။

၁၅။ ခိုင်လုံသော သာဓက ဋီကာပါဠိများ

၁၁-အန္တော နိမိတ္တဂတေဟိ ပနာတိ ကေသဉ္စိ ဥပဇ္ဈာအန္တော ကတ္တုကာမတာယ သတိ သဒ္ဓေသံ အာဂမနေ ပယောဇနံ နတ္ထိတိ ကတ္တာ အန္တော နိမိတ္တ ဂတေဟိတိ ဝုတ္တံ။ တဋ္ဌ သာမိစိဝသေနာတိဝဒန္တိ။ ။အနာဂမနမ္ပိ ဝဋ္ဋတိတိ သီမာယ အဗဒ္ဓတ္တာ ဝဂ္ဂံနာမ နဟောတိတိ လိခိတံ၊ အညသ္မိံ ဂါမခေတ္တေ ဌတ္ဝာ နိမိတ္တကိတ္တန ကာလေ သမာန သံဝါသက သီမာယ သမ္မုဋ္ဌနကာလေစ အာဂမနေ ပယောဇနံ နတ္ထိတိ ဝုတ္တံ။ ။နာနာ ဂါမခေတ္တံ စေ အနာဂမနမ္ပိ ဝဋ္ဋတိ။

(ဝဇိရဗုဒ္ဓိဋီကာ)။

၁၂-အန္တော နိမိတ္တ ဂတေဟိ ပနာတိ ကေသဂါမဿ ဥပဇ္ဈာ အန္တောကတ္တုကာမတာယ သတိ သဒ္ဓေသံအာဂမနေ ပယောဇနံ နတ္ထိတိ ကတ္တာ ဝုတ္တံ။ ။အာဂန္တုဗဒ္ဓိ စ သာမိစိဝသေန ဝုတ္တံ၊ နာယံ နိယမောအာဂန္တုဗဒ္ဓမေ ဝါတိ၊ တေနေဝါဟ အာဂမနမ္ပိ အနာဂမနမ္ပိဝဋ္ဋတိတိ အဗဒ္ဓါယ ဟိ သီမာယ နာနာဂါမခေတ္တာနံ နာနာ သီမာ သဘာဝတ္တာ တေသံ အနာဂမနေ ပိ ဝဂ္ဂကမ္မံ နဟောတိ၊ တသ္မာ အနာဂမနမ္ပိ ဝဋ္ဋတိ၊ ဗဒ္ဓါယ ပန သီမာယ ကေသီမာဘာဝတော ပုန အညသ္မိံ ကမ္မေ ကရိယမာနေ အန္တော သီမာဂတေဟိ အာဂန္တုဗဒ္ဓမေ

ဝါတိ အာဟ "အဝိပ္ပဝါသသီမာ(ပ) အာဂန္တုဗ္ဗ" န္တိ၊ နိမိတ္တကိတ္တနကာလေ အသောဓိတာယ ပိ သီမာယ နေဝတ္ထိ ဒေါသော၊ နိမိတ္တ ကိတ္တနဿ အပလောက နာဒီသု အညတရာဘာဝတော။

(တေရသကဏ္ဍိကာ)။

၁၃-ဗဒ္ဓါ သီမာ ယေသု ဝိဟာရေသု တေ ဗဒ္ဓသီမာ၊ ပါဌေ့ဂ္ဂန္တိ ပစ္စေကံ၊ ဗဒ္ဓသီမာသဒ်ိသာနိတိယထာ ဗဒ္ဓသီမာသု ဌိတာ အညမညံ ဆန္ဒာဒိ အနပေက္ခိတ္ဝာ ပစ္စေကံ ကမ္မံ ကာတုံ လဘန္တိ၊ ဧဝံ ဂါမသီမာသု ဌိတာပိတိ ဒဿေတိ၊ အာဂန္တုဗ္ဗန္တိ သာမိစိမတ္တဝေသေန ဝုတ္တ၊ တေနာဟ အနာဂမနမ္ပိတ အာဒ ။

(ဝိမတိဝိနောဒနိဋ္ဌိကာ)။

၁၄-ဗဒ္ဓါ သီမာ ယေသု ဝိဟာရေသု တေ ဗဒ္ဓသီမာ၊ ပါဌေ့ဂ္ဂန္တိပစ္စေကံ၊ ဗဒ္ဓသီမာသဒ်ိသာနိတိ ယထာဗဒ္ဓ သီမာသု ဌိတာ အညမညံ ဆန္ဒာဒိ အနပေက္ခိတ္ဝာ ပစ္စေကံကမ္မံ ကာတုံ လဘန္တိ၊ ဧဝံ ဂါမသီမာသု ဌိတာ ပိတိ ဒဿေတိ၊ အန္တော နိမိတ္တ ဂတေဟိ ပနာတိ ကေသဂါမဿ ဥပစုံ အန္တော ကတ္တုကာမဟာယ သတိသဗ္ဗေသံ အာဂမနေ ပယောဇနံ နတ္ထိတိ ကတ္ဝာ ဝုတ္တံ၊ အာဂန္တုဗ္ဗန္တိ စ သာမိစိဝသေန ဝုတ္တံ၊ နာယံ နိယမော အာဂန္တုဗ္ဗ မေဝါတိ။ ။တေနေဝါဟ

အာဂမနမ္ပိ အနာဂမနမ္ပိ ဝဋ္ဋတိတိ၊ အဗဒ္ဓါယ ဟိ သီမာယ နာနာဂါမေခေတ္တာနံ နာနာသီမာသဘာ ဝတ္တာ တေသံ အနာဂမနေပိ ဝဂ္ဂကမ္မံ နုဟောတိ၊ တသ္မာ အနာဂမနမ္ပိ ဝဋ္ဋတိ၊ ဗဒ္ဓါယ ပန သီမာယ ဧကသီမာဘာဝတော ပုန အညသ္မိံ ကမ္မေ ကရိယမာနေ အန္တော သီမာဂတေဟိ အာဂန္တဗ္ဗမေဝါတိ အာဟ "အဝိပ္ပဝါသ သီမာယ(ပ) အာဂန္တဗ္ဗ"န္တိ၊ နိမိတ္တကိတ္တနကာလေ အသောဓိတာယပိ သီမာယ နေဝတ္ထိဒေါသော၊ နိမိတ္တကိတ္တနဿ အပလောကနာဒီသု အညတရာ ဘာဝတော။

(ဝိနယာလင်္ကာရ ဋီကာ)။

၁၆။ မြန်မာအနက်ပြန်ဆိုချက်များ

(ဆိုအပ်ခဲ့ပြီးသော ဝိနိစ္ဆယဌ ကိုးကားပါရှိသော သာဓကမာဂဓပါဠိတို့ကို နံပါတ်စဉ် အကိုင်း အနက် မြန်မာ ပြန်ဆိုရေးသားပေအံ့)။

၁-ယာ ပဒေသဇာတိ၊ အကြင်ရပ်ကွက်အပိုင်းအခြားကို။ သမဂ္ဂေန၊ ညီညွတ်သော။ သံဃေန၊သံဃာသည်။ ကမ္မဝါစာယ၊ ကမ္မဝါစာဖြင့်။ သိနိယတေ ဗန္ဓိယတေ၊ ဖွဲ့အပ် သမုတ်အပ်၏။ ဤတိတသ္မာ၊ထိုသို့ ညီညွတ်သောသံဃာသည် ကမ္မဝါစာဖြင့် ဖွဲ့အပ်သမုတ်အပ်သည်၏ အဖြစ်ကြောင့်။ သာပဒေသဇာတိ၊ ထိုရပ်ကွက် အပိုင်းအခြားသည်။ သီမာ၊ သီမာမည်၏။

ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်
စာကြည့်တိုက်
ကမ္ဘာဆေး။

၂-ယာ ပဒေသဇာတိ၊ ကို။ ရာဇာဒိဟိ၊ မင်းအစရှိသည် တို့သည်။ အယံ၊ ဤရပ်ကွက် အပိုင်း အခြားသည်။ အသု ကဿ၊ ဤ အမည်ရှိသော ရွာ၏။ မရိယာဒါ၊ ရပ်ကွက် အပိုင်းအခြားတည်း။ ဣတိ၊ ဤသို့။ ပရိစ္ဆိန္နံတဿ၊ ပိုင်းခြား၍။ သိနိယတေ ဗန္ဓိယတေ၊ အပ်၏။ ဣတိတသ္မာ၊ ကြောင့်။ သာပဒေသဇာတိ၊ သည်။ သီမာ၊ သိမ်မည်၏။

၃-သာ ခဏ္ဍသီမာ၊ ထို ခဏ္ဍသိမ်သည်။ ဟေဋ္ဌိမ ပရိစ္ဆေ ဒေန၊ အောက်ခို ဖြစ်သော အပိုင်းအခြား အားဖြင့်။ ဝါ၊ အယုတ်ဆုံးဖြစ်သော အပိုင်းအခြားအားဖြင့်။ ဧကဝီသတိ ဘိက္ခူ၊ နှစ်ကျိပ်တပါးသောရဟန်းတို့ကို။ သစေဂဏ္ဍာတိ၊ အကယ်၍ ယူနိုင်အုံ့။ ဝါ၊ ဆံ့နိုင်အုံ့။ ဧဝံသတိ၊ ဤသို့ ရဟန်း နှစ်ကျိပ်တပါးဆံ့နိုင်သည်ရှိသော်။ ဝဋ္ဋတိ၊ အပ်၏၊ သင့်လျော် ၏။ ။တဘေဝ၊ ထိုနှစ်ကျိပ်တပါး ဆံ့လောက်သော ပမာဏ အောက်။ ဩရုံ၊ ယုတ်သောပမာဏသည်။ နဝဋ္ဋတိ၊ မအပ်။ တဘေဝ၊ ထို နှစ်ကျိပ်တပါးဆံ့လောက်သော ပမာဏထက်။ ပရုံ၊ အလွန်။ ဘိက္ခုသဟဿံ၊ ရဟန်းတထောင်ကို။ ဂဏှန္တိပိ၊ ယူနိုင်ဆံ့နိုင်သော်လည်း။ ဝဋ္ဋတိ၊ အပ်၏။ သင့်လျော်၏။

၄-ဘိက္ခဝေ၊ ရဟန်းတို့။ သီမာယ၊ ဗဒ္ဓသိမ်ကို။ အသမ္မ တာယ၊ ကမ္မဝါစာဖြင့် မသမုတ်အပ်သေးသည် ရှိသော်။ ဝါ၊ မသမုတ်အပ်သေးမီ။ အတ္ထပိတာယ၊ ကမ္မဝါစာဖြင့် ဘာသ် ရှတ်ပိုင်းခြား၍ မထားအပ်သေးသည် ရှိသော်။ ဝါ၊ မထား

အပ်သေးမီ။ ဘိက္ခု၊ ရဟန်းသည်။ ယံ ဂါမံဝါ၊ အကြင်ရွာကို မူလည်းကောင်း။ ယံနိဂမံဝါ၊အကြင်နိဂုမ်းကိုမူလည်းကောင်း။ ဥပနိဿာယ၊ အမှီပြု၍။ ဝိဟာရတိ၊ နေ၏ဟုဆို။ တဿဂါမဿ၊ ထိုရွာ၏။ ယာ ဂါမသီမာဝါ၊ အကြင် ဂါမသိမ်သည် လည်းကောင်း။ တဿ နိဂမဿ၊ ထိုနိဂုမ်း၏။ ယာ နိဂမသီမာဝါ၊ အကြင် နိဂုမ်း သိမ်သည် လည်းကောင်း။ အတ္ထိ၊ ရှိ၏။ တတ္ထ၊ ထိုရွာ, နိဂုမ်းတို့၌။ အယံ၊ ဤဂါမ, နိဂမသိမ်သည်။ သမာနသံဝါသာ၊ တူသော ပေါင်းဘော်ခြင်းရှိ၏။ ဧကူပေါသထာ၊ တူသော ဥပုသ်ပြုခြင်းရှိ၏။

၅–တတ္ထ၊ ထို "အသမ္မတာယ ဘိက္ခဝေ သီမာယ အတ္ထ ပိတာယ" အစရှိသော ပါဠိတော်ပါ၌။ အတ္ထပိတာယသာတိ၊ ဟူသည်ကား။ အပရိစ္ဆိန္နာယ၊ မပိုင်းခြား အပ်သေးသည်ရှိသော်။ သမာနသံဝါသာ၊ တူသော ပေါင်းဘော်ခြင်းရှိ၏။ ဧကူပေါသထာ၊ တူသော ဥပုသ် ပြုခြင်းရှိ၏။ စ၊ ဆက်ဦးအုံ့။ ဧတ္ထ "ဤ အသမ္မတာယ" အစရှိသောပါ၌။ ဝါ၊ ဤဂါမ, နိဂါမသဒ္ဒါ နှစ်မျိုးတို့တွင်။ဂါမဂုဟာဏေန၊ ဂါမသဒ္ဒါ ဖြင့်။ နဂရမ္မိ၊မြို့သည်လည်း။ ဝါ၊ မြို့ကိုလည်း။ ဂဟိတမေဝ၊ ယူအပ်ပြီး မည်တော့သည်သာလျှင်။ ဟောတိ၊၏။ တတ္ထ၊ ထို အသမ္မတ–အတ္ထပိတ သိမ်ဖြစ်ကုန်သော ဂါမ, နိဂမ ပဒေသ ရပ်ကွက်တို့တွင်။ ယတ္ထကေ၊ အကြင်မျှလောက် အတိုင်းအရှည် ရှိသော။ ပဒေသေ၊ ရပ်ကွက်၌။ တဿတဿ ဂါမဿ၊ ထိုထို

ရှာ၏။ ဘောဇကာ၊ အခွန်စား သူကြီးတို့သည်။ ဗလိ ၊အခွန်ကို။ လဘန္ဓိ၊ မျှားသောအားဖြင့် ရကုန်၏။ သောပဒေသော၊ ထိုဂါမဘောဇကတို့၏ အခွန်ရယူရာ ထိုရပ်ကွက်သည်။ အပေါ်ဝါ၊ နည်းနည်းကျဉ်းကျဉ်းသည် မူလည်း။ ဟောတု၊ ဖြစ်စေ။ မဟန္တောဝါ၊ မျှားမျှားစားစား- ကြီးကြီးကျယ်ကျယ်သည် မူလည်း။ ဟောတု၊ ဖြစ်စေ။ ဂါမသီမာတွေ့ဝ၊ ဂါမသိမ်ဟူ၍သာလျှင်။ သခ်ျုံ ၊ ခေါ်ဝေါ်ပညတ် သမုတ်အပ်သည်၏ အဖြစ်သို့။ဂစ္ဆတိ၊ ရောက်၏။နဂရ နိဂမ သီမာသုပါ၊ တို့ဌလည်း။ သေဝနယော၊ ဂင်းနည်းအတိုင်းပင်။

၆-ကေသို့ယော၊ တခုတည်းသာလျှင်ဖြစ်သော။ ဂါမခေတ္တော၊ ပကတိဂါမခေတ်ဌ။ ကေ၊ တခုသော။ ယမ္ပိပဒေသံ၊ အကြင် ရပ်ကွက် အစိတ်အပိုင်းကိုလည်း။ အယမ္ပိပဒေသော၊ ဤရပ်ကွက်အစိတ်အပိုင်းသည်လည်း။ ဝိသုံဂါမော၊ ပကတိဂါမမှ သီးခြား ရှာတခုသည်။ ဟောတု၊ ဖြစ်စေ။ ဣတိ၊ ဤသို့။ပရိစ္ဆိန္ဒိတ္ဝာ၊ နှယ်လေးရပ် သတ်မှတ် ပိုင်းခြား၍။ရာဇာ၊ အာဏာပိုင်မင်းသည်။ ကဿစိ၊ ပကတိဂါမ ဘောဇကမှတပါး တစုံတယောက်သော လူအား။ ဒေတိ၊ ပေးအံ့။ သောပိ ပဒေသော၊ သီးခြားရှာ တခုဖြစ်စေ ဟု နှယ်လေးရပ် သတ်မှတ် ပိုင်းခြား၍ အာဏာပိုင်မင်းက ပကတိဂါမ ဘောဇကမှ တပါး တစုံတယောက်သော လူအား ပေးအပ်သော ထို ရပ်ကွက် အစိတ်အပိုင်းသည်လည်း။ ဝိသုံ ဂါမသီမာ၊ ဝိသုံ

ဂါမ အဗဒ္ဓသိမ်သည်။ ဟောတိယေဝ၊ ဖြစ်တော့သည်သာလျှင်တည်း။

၇-တသ္မာ၊ ထိုသို့ ဂါမဘောဇကတို့၏ အခွန်ရယူရာ ရပ်ကွက်အပိုင်းအခြား၏ ပကတိဂါမ နဂရ နိဂမ အဗဒ္ဓ သိမ်မည်သည်၏အဖြစ်၊ ပကတိ ဂါမမှ သီးခြား ရှာတခု ဖြစ်စေဟု အာဏာပိုင်းမင်း ပိုင်းခြား၍ တစုံတယောက်သော လူအား ပေးအပ်သော ပကတိဂါမခေတ် အစိတ်အပိုင်း ရပ်ကွက်၏ ဝိသုံဂါမ အဗဒ္ဓသိမ် မည်သည်၏ အဖြစ်ကြောင့်။ သာစ ဝိသုံဂါမသီမာ၊ ထိုဝိသုံဂါမ အဗဒ္ဓသိမ်သည်လည်း ကောင်း။ ဤတရာ၊ဤဝိသုံဂါမ အဗဒ္ဓသိမ်မှတပါးကုန်သော။ ပကတိဂါမ နဂရနိဂမ သီမာစ၊ ပကတိဂါမ နဂရ, နိဂမ, အဗဒ္ဓ သိမ်တို့သည်လည်းကောင်း။ ဗဒ္ဓသီမာ သဒိသာယေဝ၊ ဗဒ္ဓသိမ်နှင့် တူကုန်တော့သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဂ-ယောယောအဌကထာဝါဒေါဝါ၊ အကြင်အကြင် အဌကထာဝါဒ ကိုလည်းကောင်း။ ယောယော ထေရဝါဒေါဝါ၊ အကြင် အကြင် ထေရဝါဒကိုလည်းကောင်း။ ပစ္ဆာ၊ နောက်ဆုံးဌ၌။ ဝုစ္စတိ၊ ဆိုထားအပ်၏။ သေ၊ ထိုထို နောက်ဆုံးဆိုထားအပ်သော အဌကထာဝါဒနှင့် ထေရဝါဒကိုသာ။ ပမာဏတော၊ တမျှဉ်းကြိုးကဲ့သို့နှိုင်းယှဉ်ကြောင်းပမာဏအားဖြင့်။ ဝါ၊ တမျှဉ်းကြိုးသဖွယ်နှိုင်းယှဉ်ကြောင်း ပမာဏဖြစ်၏ ဟူ၍။

ဒဠ္ဍဗ္ဗော၊ ဉာဏ်ပညာဖြင့်ရှုအပ် သတိတရားဖြင့် မှတ်သားအပ်၏။

၉-ကေသို့၊ တခုသော။ ဂါမခေတ္တေ၊ ဂါမခေတ်၌။ဘိက္ခု။၊ ရဟန်းတို့သည်။ သီမံ၊ သိမ်ကို။ ဗန္ဓိတုကာမာ၊ ဖွဲ့ခြင်း သမုတ်ခြင်းငှာ အလိုရှိကြကုန်သည်။သစေဟောန္တိ၊ အကယ်၍ဖြစ်ကုန်ငြားအုံ့။ ဧဝံ ဟောန္တေသု၊ ဤသို့ ဖြစ်ကုန်သည်ရှိသော်။ တေဟိ ဘိက္ခု။ဟိ၊ ထို တခုသော ဂါမခေတ်၌ သိမ်သမုတ်လိုကြကုန်သော ရဟန်းတို့သည်။ (ပေသေတဲ့၊၌စပ်) တတ္ထ တသ္မိံ သီမာဗဒ္ဓ ကေဂါမခေတ္တေ၊ ထိုသိမ်ဖွဲ့သမုတ်ရာ တခုသော ဂါမခေတ်၌။ ယေဗဒ္ဓသီမာဝိဟာရာ၊ အကြင် ဗဒ္ဓသိမ်ရှိကုန်သော ကျောင်းတို့သည်။ သန္တိ၊ ရှိကုန်၏။ တေသု ဗဒ္ဓသီမာဝိဟာရေသု၊ ထိုဗဒ္ဓသိမ်ရှိကုန်သော ကျောင်းတို့၌။ ဝသန္တာနံ၊ နေကြကုန်သော။ ဘိက္ခု။နံ၊ ရဟန်းတို့၏။ သန္တိကေ၊ အထံ၌၊ အထံသို့။ (ပေသေတဲ့၊၌စပ်) ဘန္တေ အာဝုသော၊ အသျှင်ဘုရားတို့-ငါ့သျှင်တို့။ မယံ၊ ငါတို့သည်-တပည့်တော်တို့သည်။ အဇ္ဇ၊ ယနေ့။သီမံ၊ သိမ်ကို။ယသ္မာ၊ အကြင်ကြောင့်။ ဗန္ဓိဿာမ၊ ဖွဲ့ကြ သမုတ်ကြပါကုန်လိမ့်အုံ့။ တသ္မာ၊ ထိုကြောင့်။ တုမှေ၊ သင်တို့သည်-အသျှင်ဘုရားတို့သည်။ သကသက သီမာ ပရိစ္ဆေဒတော၊ မိမိမိမိတို့၏ သိမ်အပိုင်းအခြားမှ။ မာ နိက္ခမိတ္ထ၊ ပြင်ဘက်သို့ မထွက်ကြပါကုန်နှင့်။ ဝါ၊ ထွက်တော်မမူကြပါကုန်လင့်။ ဣတိ၊ ဤသို့။ပေသေတဲ့၊တမန်စေကြား ပြောထား

အပ်၏။ ယေအဗဒ္ဓ သီမာဝိဟာရာ၊ အကြင် ဗဒ္ဓသိမ်မရှိကုန်သောကျောင်းတို့သည်။ သန္တိ၊ ရှိကုန်၏။ တေသု အဗဒ္ဓသီမာဝိဟာရေသု၊ ထိုဗဒ္ဓသိမ် မရှိကုန်သော ကျောင်းတို့၌။ ဝသန္တာ၊ နေကြကုန်သော။ ဘိက္ခူ၊ ရဟန်းတို့ကို။ ကေဠေ၊ တပေါင်းတည်း။ သန္နိပါတေတဗ္ဗာ၊ ဟတ္ထပါသ်ရောက် စည်းဝေးစေအပ်ကုန်၏။ ဆန္ဒာရဟာနံ၊ ဆန္ဒထိုက်ကုန်သော ရဟန်းတို့၏။ ဆန္ဒေ၊ ဆန္ဒကို။ အာဟရိတ္တေ၊ ဆောင်စေအပ်၏။

၁၀-တေဘိက္ခူ၊ ထိုရဟန်းတို့သည်။ ကေ၊ ယေ၀ ဂါမခေတ္တံ၊ တခုသော ဂါမခေတ်ကိုသာလျှင်။ အန္တောဂတ္တုကာမာ၊ ဗဒ္ဓသိမ်အတွင်း၌ ပြုလိုကုန်သည်။ နု၊ မဟုတ်ကုန်သေး။ အထခေါ၊ စင်စစ်မှာမူကား။ ဝါ၊ အဟုတ်အမှန်မှာမူကား။ အညာနိ၊ တပါးကုန်သော။ ဂါမခေတ္တာနိပိ၊ ဂါမခေတ်တို့ကိုလည်း။ အန္တောဂတ္တုကာမာ၊ ဗဒ္ဓသိမ်အတွင်း၌ ပြုလို, ထားလို, သွင်းလိုကုန်သည်။ သစေဟောန္တိ၊ အကယ်၍ဖြစ်ကုန်ငြားအုံ့။ ဧ၀ံ ဟောန္တေသု၊ ဤသို့ ဖြစ်ကုန်သည်ရှိသော်။ တေသု ဂါမေသု၊ ထိုအတွင်းပြုအပ်ကုန်သော အညဂါမတို့၌။ ယေဘိက္ခူ၊ အကြင်ရဟန်းတို့သည်။ ဝသန္တိ၊ နေကြကုန်၏။ တေဟိပိ ဘိက္ခူဟိ၊ ထိုအညဂါမတို့၌ နေကြကုန်သောရဟန်းတို့သည်လည်း။ အာဂန္တွေ၊ သိမာသမ္မုတိ ကမ္မကာရက သံဃဟတ္ထပါသ်သို့ လာရောက်အပ်၏။ အနာဂစ္ဆန္တာနံ၊ မလာရောက်နိုင်ကုန်သော ဆန္ဒာရဟ ရဟန်းတို့၏။ ဆန္ဒေ၊ ဆန္ဒကို။

အာဟာရိတဗေဒေ၊ ဆောင်အပ်၏။ ဣတိ၊ ဤသို့။ မဟာ သုမတ္တေရော၊ ဆရာ့ထံမှောက် ကိုးခေါ်ကိုဝိနည်း သင်ယူပြီး သော မဟာသုမထေရ်သည်။ အာဟ၊ မမိမရ ဓိပွါယ်ပလျက် မိန့်ဟမြွက်ဆိုတော်မူရှာလေပြီ။ ပန၊ယင်းသို့ပင် မမိမရ ဓိပွါယ် ပလျက် မဟာသုမထေရ် မိန့်ဆိုပါသော်လည်း။ တနည်း-ပန၊ သဘောမမိ ယူတို့မရ မဟာသုမထေရ်၏ ဝါဒမှတပါး- သဘောမိရာ ယူတို့ပါသော မဟာပဒုမထေရ်၏ ဝါဒကိုဆိုဦး အုံ့။ မဟာပဒုမတ္တေရော၊ဆရာ့ထံမှောက်ဆယ်ရှစ်ခေါက်ဝိနည်း သင်ယူပြီးသော မဟာပဒုမထေရ်သည်။ အာဟ၊ အဓိပွါယ် မပျက် သဘောသက်အောင် မိန့်မြွက်တော်မူလေပြီ။ ကိ အာ ဟ၊ အဘယ်သို့ အဓိပွါယ်မပျက် သဘောသက်အောင် မိန့် မြွက်တော်မူသနည်း။ နာနာဂါမ ခေတ္တာနိနာမ၊ အထူးထူး အမျိုးမျိုးသော ဂါမခေတ်တို့ မည်ကုန်သည်။ ပါဠေဋ္ဌံ ဗဒ္ဓ သီမာသဒိသာနိ၊ အသီးအခြားသော ဗဒ္ဓသိမ်နှင့်တူကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တတော-တေဟိနာနာဂါမခေတ္တေဟိ၊ ထိုအသီးအခြားသော ဗဒ္ဓသိမ်နှင့်တူကုန်သော ဂါမခေတ် အသီးအခြားတို့မှ။ ဆန္ဒပါရိသုဒ္ဓိ၊ ဆောင်အပ်သော ဆန္ဒပါရိ သုဒ္ဓိသည်။ နအာဂစ္ဆတိ၊ အသီးအခြားသော ဂါမခေတ်တို့သို့ မလာ မလိုက်။ အန္တော နိမိတ္တဂတေဟိ၊ နိမိတ်အတွင်းသို့ ရောက်ကုန်သော။ ဝါ၊ နိမိတ်အတွင်း၌ တည်ကုန်သော။ဘိက္ခု။ ဟိပန၊ ရဟန်းတို့သည်ကား။ အာဂန္တွေ့၊ သီမာသမ္ပုတိကမ္မ

ကာရက သံဃဟတ္ထပါသ်သို့ လာရောက်အပ်၏။ ဤတို၊ ဤသို့။ အာဟာ၊ အဓိပ္ပါယ်မပျက် သဘောသက်အောင် သာမန်အားဖြင့် မိန့်မြွက်တော် မူလေပြီ။ ဝတ္ဌာ၊ အဓိပ္ပါယ်မပျက် သဘောသက်အောင် သာမန်အားဖြင့်မိန့်မြွက်တော်မူပြီး၍။ ပုန၊ တဘန်။ အာဟာ၊ ဝိသေသပိုင်းခြားရ ထင်ရှားအောင် ဆက်လက် မိန့်မြွက်တော်မူပြန်လေပြီ။ ကိုဏ်အာဟာ၊ အာဘယ်သို့ ဝိသေသပိုင်းခြားရ ထင်ရှားအောင် ဆက်လက် မိန့်မြွက်တော်မူပြန်လေသနည်း။ သမာနသံဝါသကသီမာ သမ္မန္နနကာလေ၊ သမာနသံဝါသက သိမ်ကိုသမုတ်ရာ ကာလ၌။ အာဂမနမ္ပိ၊ ကမ္မကာရက သံဃဟတ္ထပါသ်အတွင်းသို့ လာရောက်ခြင်းသည်လည်း။ ဝဋ္ဋတိ၊ မလွန်နိုင်သည့်အတွက် သာမိစိဝတ္တရားကျေပွန်သောအားဖြင့် သင့်လျော်ခဲ့၏။ အနာဂမနမ္ပိ၊ ကမ္မကာရက သံဃဟတ္ထပါသ်သို့ မလာမရောက်ခြင်းသည်လည်း။ ဝဋ္ဋတိ၊ ကေသီမ မဟုတ်သေးရ ကံမပျက်ခြင်းကြောင့် သင့်လျော်လျောက်ပတ်အပ်၏။ အဝိပ္ပဝါသသီမာ သမ္မန္နနကာလေပန၊ အဝိပ္ပဝါသသိမ်ကို သမုတ်ရာကာလ၌ကား။ အန္တော နိမိတ္တ ဂတေဟိ၊ နိမိတ်အတွင်း၌ ရောက်ကုန်သော နိမိတ်အတွင်း၌ တည်ကုန်သော ရဟန်းတို့သည်။ အာဂန္တွဗ္ဗံ၊ ကေသီမ ဖြစ်ပြီးသည့်အတွက် မုချဆတ်ဆတ် ဟတ္ထပါသ်အတွင်းသို့ လာရောက်အပ်၏။ အနာဂစ္ဆန္တာနံ၊ ဟတ္ထပါသ်တွင်းသို့ မချဉ်းမရောက်လာနိုင်ကုန်သော ရဟန်းတို့၏။ ဆန္ဒော၊ ဆန္ဒကို။ အာဟာရိ

တဗျော၊ ဆောင်အပ်၏။ ဣတိ၊ ဤသို့။ အာဟာ၊ ဝိသေသပိုင်း ခြားရ၊ ထင်ရှားအောင် ဆက်လက် မိန့်မြွက်တော်မူပြန်၏။

၁၁-အန္တောနိမိတ္တဂတေဟိ ပနာတိ ဧတ္ထ၊ အန္တောနိမိတ္တ ဂတေဟိပနအစရှိသော၀ါကျ၌။ဝိနိစ္ဆယော၊ အဆုံးအဖြတ်ကို။ ဧ၀ံ၊ ဤဆိုအပ်လတ္တံ့သော နည်းဖြင့်။ ဝေဒိတဗျော၊ သိအပ်၏။ ကေသ၊ တခုသော၀ါမခေတ်၏။ ၀ါ၊ တပါးသော၀ါမခေတ်၏။ ဥပဓုံ၊ ထက်ဝက်သောရုပ်ကွက် အပိုင်းအခြားကို။ အန္တောကတ္တုကာမတာယ၊ သမုတ်အပ်လတ္တံ့သော ဗဒ္ဓသိမ်၏အတွင်း၌သွင်းခြင်းငှာအလိုရှိသည်၏ အဖြစ်သည်။ ၀ါ၊အတွင်းပြုခြင်းငှာ အလိုရှိသည်၏ အဖြစ်သည်။ သတိ၊ ရှိခဲ့သော်။ သဗ္ဗေသံ၊ အလုံးစုံကုန်သော အညဂါမိက ရဟန်းတို့၏။ အာ၀ကမနေ၊ ကမ္မ၀ာ၀ရက သံ၀ဟတ္ထပါသ်တွင်းသို့ လာရောက်ခြင်း၌ လာရောက်ခြင်းကြောင့်။ ပယောဇနံ၊ တစုံတခုသောအကျိုးသည်။နတ္ထိ၊ မရှိ။ ဣတိ၀ တ္ဝာ၊ဤသို့သောအကြောင်းကြောင့်။ တနည်း၊ ဣတိဣမံအတ္ထံ၊ ဤသို့သော အနက်သဘောကို။ မနသိ၊ စိတ်၌။ ကတ္ဝာ၊ ထားတော်မူ၍။ အန္တောနိမိတ္တဂတေ ဟိတိ၊ ဟူ၍။ မဟာ၀ဒုမတ္ထေ၀ရေန၊ မဟာ၀ဒုမ ထေရ်သည်။ ဝုတ္တံ၊ မိန့်ဆိုတော်မူအပ်ခဲ့လေပြီ။ စ၊ ယင်းသို့ပင် အန္တောနိမိတ္တ ဂတေဟိဟု မိန့်တော်မူအပ်ပါသော်လည်း။ တံ၀ အန္တောနိမိတ္တ ဂတာ၀မနံ၊ ထိုနိမိတ်အတွင်း၌ တည်ကုန်သော ရဟန်းတို့၏ သမာနသံ၀ါသကသိမ် မသမုတ်မီ သံ၀ဟတ္ထပါသ်တွင်းသို့

လာရောက်ခြင်းကို။ သာမိစိဝသေန ၉၀၊ ကာယ သာမဂ္ဂီအား လျော်သော ဝတ္ထုရား၏ အစွမ်းအားဖြင့်သာလျှင်။ ဝုတ္တော်၊ မိန့်ဆိုတော်မူအပ်လေပြီ။ ကမ္မကောပန ဘယဝသေန၊ ကမ္မကောပနဘေး၏ အစွမ်းအားဖြင့်။ နဝုတ္တံ၊ မိန့်ဆိုတော်မူအပ်သည် မဟုတ်။ ဣတိ၊ ဤသို့။ အာစရိယာ၊ ဆရာတို့သည်။ ဝဒန္တိ၊ မိန့်ဆိုတော် မူကြကုန်၏။

အနာဂမနမ္ပိ ဝဋ္ဋတီတိ ဇ္ဈာ၊ ဌ။ သီမာယ၊ သမာနသံဝါသက ဗဒ္ဓသိမ်၏။ ဝါ၊ ကို။ အဗဒ္ဓတ္တာ၊ ဖွဲ့သမုတ်အပ်ပြီးမဟုတ်သေးသည်၏ အဖြစ်ကြောင့်။ အန္တောနိမိတ္တဂတာနာဂမနေ၊ နိမိတ်အတွင်းဌ တည်ကုန်သော ရဟန်းတို့၏ သံဃဟတ္ထပါသ်သို့ မလာမရောက် ခြင်းကြောင့်။ ဝဂ္ဂံနာမ၊ ဝဂ္ဂကံမည်သည်။ နဟောတိ၊ မဖြစ်။ ဣတိဣဒံ အဓိပ္ပါယဇာတံ၊ မဟာပဒုမထေရ်သည် အလိုရှိအပ်သော သဘောကို။လိခိတံ၊ဂဏ္ဌိပုဒ်ဌ ရေးထားအပ်၏။ အညသ္မိံ၊ တပါးသော။ ဂါမခေတ္တေ၊ ဂါမခေတ်ဌ။ ဌတ္ဝာ၊ တည်၍။ ထပေတ္ဝာ၊ နိမိတ်ထား၍။ နိမိတ္တကိတ္တနကာလေ၊ နိမိတ်ကြားစဉ် ကာလဌလည်းကောင်း။ သမာနသံဝါသက သီမာယ၊ သမာနသံဝါသကသိမ်ကို။ သမ္မန္နနကာလေ၊ သမုတ်စဉ်အခါဌ လည်းကောင်း။ အာဂမနပယောဇနံ၊ နိမိတ်အတွင်းဌ တည်ကုန်သော ရဟန်းတို့၏ သံဃဟတ္ထပါသ်အတွင်းသို့ လာရောက်ခြင်းဌအကျိုးသည်။ ဝါ၊ လာရောက်ခြင်း၏ အကျိုးသည်။ နတ္ထိ၊ မရှိ။ ဣတိဣမံ အဓိပ္ပါယံ၊

ဤသို့သော အဓိပ္ပါယ်ကို။ ဒသေန္ဓေန၊ ပြတော်မူလိုသော။ ထေရေန၊ မဟာ ပဒုမ ထေရ်သည်။ ဝုတ္တံ၊ "အနာဂမနမ္ပိ ဝဋ္ဋတိ" ဟုမိန့်ဆိုတော်မူအပ်လေပြီ။

နာနာဂါမခေတ္တံ၊ အထူးထူးသော ဂါမခေတ်သည်။ ဝါ၊ အသီးအခြားသော ဂါမခေတ်သည်။ စေဟောတိ၊ အကယ်၍ဖြစ်အံ့။ ဝေံသတိ၊ ဤသို့ဖြစ်သည်ရှိသော်။ အနာဂမနမ္ပိ၊ အသီး အခြားသော ဂါမခေတ်၌ တည်ကုန်သော ရဟန်းတို့၏ အသီး အခြားသော ဂါမခေတ်၌ ကံပြုသော သံဃ ဟတ္ထပါသ်သို့ မလာ မရောက်ခြင်းသည်လည်း။ ဝဋ္ဋတိ၊ အပ်၏၊သင့်လျော်၏။ ။(ဝဇိရဗုဒ္ဓိဋီကာအနက်)။

၁၂–အန္တောနမတ္တဂဝတော ပနာဝတ ဣဒ ဝစန၊ ကို။ ဧကော၊ တခုသော။ ဝါ၊ တပါးသော။ ဂါမော၊ ၏။ ဥပစ္စုံ၊ ကို။ အန္တောဂတ္တုကာမတာယ၊ သည်။ သတိ၊သော်။သဗ္ဗေသံ၊ တို့၏။ အာဂမနေ၊ ၌။ ဝါ၊ကြောင့်။ ပယောဇနံ၊အကျိုးသည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ဤအနက်ကို။ မနသိ၊ ၌။ ကတ္ဝာ၊၍။ မဟာ ပဒုမတ္ထေရေန၊သည်။ဝုတ္တံ၊ပြီ။ အာဂန္တုဗုမေဝ၊လာအပ်သည်သာ လျှင်တည်း။ ဝါ၊ လာရလိမ့်မည်သာတည်း။ ဣတိအယံ၊ ဤ အနက် သဘောသည်။ နနိယမော၊ အခိုင် အမြဲ မဟုတ်။ တနည်း၊ ဣတိ အယံနိယမော၊ ဤအမြဲမှတ်ချက်သည်။ န၊ မဟုတ်။ တေနေဝ၊ ထိုနိမိတ်အတွင်း၌ တည်ကုန်သော ရဟန်း တို့သည် ကမ္မကာရကရဟန်းတို့၏ ဟတ္ထပါသ်သို့ မချုတ်ကေန်

အမှန်စင်စစ် လာရမည်သာဟု အမြဲမှတ်ချက် မဟုတ်သည်၏ အဖြစ်ကြောင့် သာလျှင်။ အာဂမနမ္ပိ အနာဂမနမ္ပိ ဝဋ္ဋတိတိ၊ ဝဋ္ဋတိ ဟူ၍။ မဟာပဒုမတ္ထေရေန၊ သည်။ ဝုတ္တံ၊ ပြီ။ ဟိသစ္စံ၊ တိုစကားသည် မှန်၏။ သီမာယ၊ သမာနသံဝါသကသီမ်ကို။ အဗဒ္ဓါယ၊ မဖွဲ့ မသမုတ်အပ် သေးသည်ရှိသော်။ နာနာဂါမ ခေတ္တာနံ၊ အထူးထူးသော ဂါမခေတ်တို့၏။ နာနာသီမာ သဘာဝတ္တာ၊ ထူးထွ ကဲ့ပြား ခြားနားသော သိမ်သဘောရှိ ကုန်သည်၏ အဖြစ်ကြောင့်။ တေသံ၊ ထိုနိမိတ်တွင်းဌ် တည်ရှိ ကုန်သော ရဟန်းတို့၏။ အနာဂမနေပိ၊ သံဃဟတ္ထပါသ်သို့ မလားခြင်းကြောင့်လည်း။ ဝဂ္ဂကမ္မံ၊ ဝဂ္ဂကံသည်။ နဟောတိ၊ မဖြစ်။ တသ္မာ၊ ကြောင့်။ အနာဂမနမ္ပိ၊ သည်လည်း။ ဝဋ္ဋတိ၊ ၏။ ပန၊ အနိယမမှတပါး နိယမကို ဆိုဦးအုံ့။ သီမာယ၊သမာန သံဝါသကသီမ်ကို။ ဗဒ္ဓါယ၊ ဖွဲ့အပ် သမုတ်အပ်ပြီးသည်ရှိ သော်။ ကေသီမာ ဘာဝတော၊ တသိမ်တည်း ဖြစ်သွားခြင်း ကြောင့်။ ပုန၊ တဘန်။ အညသ္မိံ၊ သမာနသံဝါသက သီမာ သမ္မုတိကံမှတပါးသော။ ကမ္မေ၊ အဝိပ္ပဝါသ သီမာသမ္မုတိ ကံကို။ ဝါ၊ အဝိပ္ပဝါသသီမာသမ္မုတိ့စသောကံကို။ ကရိယမာ နေ၊ပြုအပ်သည် ရှိသော်။ အန္တောနိမိတ္တဂတေဟိ၊ တို့သည်။ အာဂန္တုဗေဒေ၊ မခ္ခုတ်ကေန်အမှန်စင်စစ်လာအပ်သည်၊ လာရ မည်သာတည်း။ ဣတိတသ္မာ၊ ထိုကြောင့်။ အဝိပ္ပဝါသသီမာ (ပ)အာဂန္တုဗေဒန္တိ၊ ဟူ၍။ မဟာပဒုမတ္ထေရော၊ သည်။ အာဟ၊

မိန့်မြွက်တော်မူလေပြီ။ နိမိတ္တကိတ္တနကာလေ၊ နိမိတ်ကြားရာ ကာလ၌။ သီမာယ၊ သိမ်ကို။ အသောဓိတာယပါ၊ မသုခ်သင် အပ်သော်လည်း။ ဒေါသော၊ အပြစ်သည်။နေဝတ္ထိ၊ မရှိသည် သာတည်း။ ကသ္မာ၊ အဘယ်ကြောင့်။ ဒေါသော၊ အပြစ် သည်။ နေဝတ္ထိ၊ မရှိသနည်းဟူမူ။နိမိတ္တကိတ္တနဿ၊ နိမိတ်ကြား ခြင်း၏။ အပလောကနာဒီသု၊အပလောကန အစရှိကုန်သော ကံလေးမျိုးတို့တွင်။ အညတရာဘာဝတော၊ တမျိုးမျိုးသော ကံမဟုတ်သည်၏ အဖြစ်ကြောင့်တည်း။ (တေရသကဏ်ဋီကာ အနက်)။

၁၃-ယေသု ဝိဟာရေသု၊ အကြင်ကျောင်းတို့၌။ ဗဒ္ဓါ၊ ဖွဲ့သမုတ်အပ်သော။ သီမာ၊ သိမ်သည်။ အတ္ထိ၊ ရှိ၏။ တေဝိ ဟာရာ၊ ထိုဖွဲ့အပ် သမုတ်အပ်သော သိမ်ရှိကုန်သောကျောင်း တို့သည်။ ဗဒ္ဓသီမာ၊ ဗဒ္ဓသီမ မည်ကုန်၏။ ပါဠေ့ဂ္ဂန္တိ၊ ဟူသည် ကား။ ပစ္စေကံ၊ အသီးအသီး။ ဗဒ္ဓသီမာသဒ်သာနိ၊ ဗဒ္ဓသိမ် နှင့်တူကုန်သည်။ ဟောန္တိ၊ ကုန်၏။ ဗဒ္ဓသီမာသဒ်သာနိတိဋ္ဌ မိနာ၊ ဗဒ္ဓသီမာ သဒ်သာနိ ဟူသောဤပုဒ်ဖြင့်။ ဗဒ္ဓသီမာသု၊ ဗဒ္ဓသိမ်တို့၌။ ဒ္ဝိတာ၊ တည်ကုန်သော။ ဘိက္ခူ။ ရဟန်းတို့သည်။ အညမညံ၊ အချင်းချင်း။ ဆန္ဒာဒီ၊ ဆန္ဒအစရှိသည်ကို။ အန ပေက္ခိတ္ဝာ၊ မငဲ့ကြကုန်မူ၍။ ပစ္စေကံ၊အသီးအသီး။ကမ္မံ၊ ကံကို။ ကာတုံ၊ ပြုခြင်းငှာ။ လဘန္တိယထာ၊ ရကြကုန်သကဲ့သို့။ ဧဝံတ ထာ၊ ထိုအတူ။ ဂါမသီမာသု၊ ဂါမသိမ်တို့၌။ ဒ္ဝိတာ၊ တည်ကုန်

သော။ ဘိက္ခု၊ပြီ၊ ရဟန်းတို့သည်လည်း။ အညမည်၊ အချင်းချင်း။ ဆန္ဒာဒိ ၊ ဆန္ဒအစရှိသည်ကို။ အနပေက္ခိတ္ဝာ၊ မင့်ကြကုန်မှု၍။ ပစ္စေကံ၊ အသီးအသီး။ ကမ္မံ၊ ကံကို။ ကာတုံ၊ ပြုခြင်းငှာ။ လဘန္တိ၊ ရကြကုန်၏။ ဣတိဣမံအတ္ထံ၊ ဤအနက်ကို။ မဟာပဒုမတ္ထေရော၊ သည်။ ဒသေတိ၊ ပြတော်မူ၏။အာဂန္တုဗုဒ္ဓိ ဝစနံ၊ ကို။ သာမိစိ မတ္တံဝသေန၊ အားဖြင့်။ ဝုတ္တံ၊ ပြီ။ တေန၊ ကြောင့်။ အာဂမနမ္ပိတိအာဒိ၊ ဤသို့အစရှိသော။ ယံဝါကျံ၊ သည်။ အတ္ထိ၊ ၏။ တံဝါကျံ၊ ကို။ အာဟ၊ ပြီ။ (ဝိမတိဝိနောဒနီ ဋီကာအနက်)။

၁၄-ယေသု ဝိဟာရေသု၊ အကြင်ကျောင်းတို့၌။ ဗဒ္ဓါ၊ ကမ္မဝါစာဖြင့် ဖွဲ့သမုတ်အပ်သော။ သိမာ၊ သိမ်သည်။ အတ္ထိ၊ ရှိ၏။ တေဝိဟာရာ၊ ထိုကမ္မဝါစာဖြင့် ဖွဲ့သမုတ်အပ်သော သိမ်ရှိကုန်သော ကျောင်းတို့သည်။ ဗဒ္ဓသိမာ၊ ဗဒ္ဓသိမမည်ကုန်၏။ ဝါ၊ ဗဒ္ဓသိမ်ရှိသော ကျောင်းတို့မည်ကုန်၏။ ပါဠေဋ္ဌကန္တိ၊ ဟူသည်ကား။ ပစ္စေကံ၊ အသီးအသီး။ ဗဒ္ဓသိမာ သဒိသာနိတိ ဣမိနာ၊ ဖြင့်။ ဗဒ္ဓသိမာသု၊ ဗဒ္ဓသိမ်တို့၌။ ဋ္ဌိတာ၊ တည်ကုန်သော။ ဘိက္ခု၊ ရဟန်းတို့သည်။ အညမညံ၊ အချင်းချင်း။ ဆန္ဒာဒိ ၊ ဆန္ဒအစရှိသည်ကို။ အနပေက္ခိတ္ဝာ၊ မင့်ကြကုန်မှု၍။ ပစ္စေကံ၊ အသီးအသီး။ ကမ္မံ၊ ကံကို။ ကာတုံ၊ ပြုခြင်းငှာ။ လဘန္တိ ယထာ၊ ရကြကုန်သကဲ့သို့၊ ဝေါတထာ၊ ထိုအတူ။ ဂါမသိမာသု၊ ဂါမသိမ်တို့၌။ ဋ္ဌိတာ၊ တည်ကုန်သော။ ဘိက္ခု၊ ပြီ၊

ရဟန်းတို့သည်လည်း။ အညမည်၊ အချင်းချင်း။ ဆန္ဒာဒီ၊ ဆန္ဒ အစရှိသည်ကို။ အနုပေကွိတ္ဌာ၊ မင့်ကြကုန်မှု၍။ ပစ္စေကံ၊ အသီးအသီး။ ကမ္မံ၊ ကံကို။ ကာတုံ၊ ပြုခြင်းငှာ။ လဘန္တိ၊ ရကြကုန်၏။ ဣတိ–ဣမံအတ္ထံ၊ ဤအနက်ကို။ မဟာပဒုမတ္ထေရော၊ သည်။ ဒသေတိ၊ ၏။ အန္တေဝါသိမိတ္တဂတေဟိပနာတိ ဣဒံဝစနံ၊ ကို။ ဧကေသ၊ သော။ ဂါမသ၊ ၏။ ဥပဇ္ဈံ၊ ထက်ဝက်ကို။ အန္တေဝါသိကတ္တု၊ ကာမတာယ၊ သည်။ သတိ၊ သော်။ သဗ္ဗေသံ၊ တို့၏။ အာဂမနေ၊ ၌။ ပယောဇနံ၊ သည်။ နတ္ထိ၊ မရှိ။ ဣတိကတ္ဌာ၊ ကြောင့်။ ဝုတ္တံ၊ ပြီ။ စ၊ ဆက်ဦးအံ့။ အာဂန္တုဗုဒ္ဓိ ဣဒံ ဝစနံ၊ ကို။ သာမိစိဝသေန၊ အားဖြင့်။ ဝုတ္တံ၊ ပြီ။ အာဂန္တုဗုမေဝ၊ သာလျှင်တည်း။ ဣတိ အယံ၊ သည်။ နနိယမော၊ မမြဲ။ တေနေဝ၊ ထိုကြောင့်သာလျှင်။ အာဂမနမ္ပိအနာဂမနမ္ပိ ဝဋ္ဋတီတိ၊ ဟူ၍။ အာဟ၊ ပြီ။ ဟိ၊ ထိုစကားသည်မှန်၏။ သီမာယ၊ကို။ ဗဒ္ဓါယ၊ သော်။ နာနုဂါမခေတ္တာနံ၊ တို့၏။ နာနာသီမာသဘာဝတ္တာ၊ ကြောင့်။ တေသံ၊ တို့၏။ အနာဂမနေပိ၊ ကြောင့်လည်း။ ဝဂ္ဂကမ္မံ၊ သည်။ နဟောတိ၊ မဖြစ်။ တသ္မာ၊ ကြောင့်။ အနာဂမနမ္ပိ၊ သည်လည်း။ ဝဋ္ဋတိ၊ ၏။ ပန၊ အနိယမမ္ပတပါ၊ နိယမကိုဆိုဦးအံ့။သီမာယ၊ ကို။ ဗဒ္ဓါယ၊ သော်။ ဧကသီမာဘာဝတောကြောင့်။ပုန၊ တဘန်။ အညသ္မိံ၊ သော။ ကမ္မေ၊ ကို။ ကရိယမာနေ၊ သော်။ အန္တေဝါသီမာဂတေဟိ၊ တို့သည်။ အာဂန္တုဗုမေဝ၊ သာလျှင်တည်း။ ဣတိတသ္မာ၊

ကြောင့်။ အဝိပ္ပဝါသ သီမာယ (ပ) အာဂန္တုဘုန်း၊ ဟူ၍။ အာ
ဟ၊ ပြီ။ နိမိတ္တကိတ္တနကာလေ၊ ၌။ သီမာယ၊ ကို။ အသောဓိ
တာယပိ၊ အပ်သော်လည်း။ ဒေါသော၊ အပြစ်သည်။ နေဝတ္ထိ၊
မရှိသည် သာလျှင်တည်း။ ကသ္မာ၊ အဘယ်ကြောင့်နည်းဟူမူ။
နိမိတ္တကိတ္တနဿ၊ နိမိတ်ကြားခြင်း၏။ အပလောကနာဒီသု၊
အပလောကန အစရှိသည် တို့တွင်။ အညတရာဘာဝတော၊
ကြောင့်တည်း။ (ဝိနယာလင်္ကာရ ဋီကာအနက်)။

သီမာဝိနိစ္ဆယကျမ်းပြီး၏။

သိမ်နိုမိတ် ကြားနည်း

သိမ်နိုမိတ်ကြားနည်းသည် မာဂဓသက်သက် ကြားနည်း၊ မြန်မာသက်သက် ကြားနည်း၊ မာဂဓမြန်မာ ရောယှက်လျက် ကြားနည်းအားဖြင့် သုံးမျိုးရှိ၏၊ ထိုတွင်မာဂဓ သက်သက်ဖြင့် ကြားနည်းကိုရှေဦးစွာပြအံ့။

ပုရတ္ထိမာယ ဒိသာယ ကိ ံ နိမိတ္တံ။ ။ဥဒကံ ဘန္တေ။ ဧတံ ဥဒကံနိမိတ္တံ။ ။ပုရတ္ထိမာယ အနုဒိသာယ ကိ ံ နိမ်တ္တံ။ ဥဒကံ ဘန္တေ။ ။ဧတံ ဥဒကံ နိမိတ္တံ။ (ပ)ဥတ္တရာယ ဒိသာယ ကိ ံ နိမိတ္တံ။ ။ဥဒကံ ဘန္တေ။ ။ဧတံ ဥဒကံ နိမိတ္တံ။ ။ဥတ္တရာယ အနုဒိသာယ ကိ ံ နိမိတ္တံ။ ။ဥဒကံ ဘန္တေ။ ။ဧတံ ဥဒကံ နိမိတ္တံ။ ။ပုရတ္ထိမာယ ဒိသာယ ကိ ံ နိမိတ္တံ။ ။ဥဒကံ ဘန္တေ။ ။ ဧတံ ဥဒကံ နိမိတ္တံ။ ။ဤကား မာဂဓ သက်သက်ဖြင့် ကြား နည်းတည်း။

မှတ်ချက်။ ။နိမိတ်ရှိရာ နိမိတ်အနီးသို့ မသွားဘဲ သံဃအလည်က ကြားခဲ့သော် "ဧတံ ဥဒကံ"ဟု အဝေးဟော ဧတ သဒ္ဒါနှင့်ကြားရမည်၊ နိမိတ်ရှိရာ နိမိတ်အနီးသို့သွား၍ ကြားခဲ့သော် "ဣဒံ ဥဒကံ"ဟု အနီးဟော ဣမ သဒ္ဒါနှင့် ကြားရမည်။

မြန်မာသက်သက်ဖြင့် ကြားနည်းကိုပြအံ့

မေး။ ဤသမုတ်အပ်လတ္တံ့သော သိမ်၏အရှေ့အရပ်မျက်နှာ အရပ်က ဘယ်နိမိတ်နည်း။

ဖြေ။ ရေနိမိတ်ပါ ဘုရား။

ကြား။ ငါ့ရှင် လျှောက်ထားအပ်သော ထိုရေသည် (အဝေးဘို) ငါ့ရှင် လျှောက်ထားအပ်သော ဤရေသည် (အနီးဘို) ဤသမုတ်အပ်လတ္တံ့သောသိမ်၏ အရှေ့အရပ်မျက်နှာအရပ်က နိမိတ်တည်း။

မေး။ ဤ သမုတ်အပ်လတ္တံ့သော သိမ်၏ အရှေ့တောင်ထောင့်အရပ်က ဘယ်နိမိတ်နည်း။

ဖြေ။ ရေနိမိတ်ပါ ဘုရား။

ကြား။ ငါ့ရှင် လျှောက်ထားအပ်သော ထိုရေသည် (ငါ့ရှင် လျှောက်ထားအပ်သော ဤရေသည်) ဤသမုတ်အပ်လတ္တံ့သော သိမ်၏ အရှေ့တောင်ထောင့် အရပ်က နိမိတ်တည်း။ (ပ)။

မေး။ ဤသမုတ်အပ်လတ္တံ့သော သိမ်၏ မြောက်အရပ်မျက်နှာအရပ်က ဘယ်နိမိတ်နည်း။

ဖြေ။ ရေ နိမိတ်ပါဘုရား။

ကြား။ ငါ့ရှင် လျှောက်ထားအပ်သော ထိုရေသည် (ငါ့ရှင် လျှောက်ထားအပ်သော ဤရေသည်) ဤသမုတ်အပ်

လတ္တံ့သော မြောက်အရပ် မျက်နှာအရပ်ကနိမိတ် တည်း။

မေး။ ဤသမုတ်အပ်လတ္တံ့သော သိမ်၏ အရှေမြောက် ထောင့် အရပ်က ဘယ်နိမိတ်နည်း။

ဖြေ။ ရေ နိမိတ်ပါ ဘုရား။

ကြား။ ငါ့ရှင် လျှောက်ထားအပ်သော ထိုရေသည် (ငါ့ရှင် လျှောက်ထားအပ်သော ဤရေသည်) ဤသမုတ် အပ် လတ္တံ့သော သိမ်၏ အရှေ မြောက်ထောင့် အရပ်က နိမိတ်တည်း။

မေး။ ဤ သမုတ်အပ်လတ္တံ့သော သိမ်၏ အရှေအရပ် မျက်နှာ အရပ်က ဘယ်နိမိတ်နည်း။

ဖြေ။ ရေ နိမိတ်ပါ ဘုရား။

ကြား။ ငါ့ရှင် လျှောက်ထားအပ်သော ထိုရေသည် (ငါ့ရှင် လျှောက်ထားအပ်သော ဤရေသည်) ဤသမုတ် အပ်လတ္တံ့သော သိမ်၏ အရှေ အရပ်မျက်နှာအရပ်က နိမိတ်တည်း။ ။ဤကား မြန်မာ သက်သက်ဖြင့် ကြားနည်းတည်း။

မာဂဓမြန်မာရောယှက်လျက် ကြားနည်းကိုပြအံ့

မေး။ သမ္မနိတဘ္ဘာယ၊ သမုတ်အပ်လတ္တံ့သော။ ဣမိဿာ သိမာယ၊ဤခဏ္ဍသိမ်၏။ ပုရတ္ထိမာယ၊အရှေဖြစ်သော။ ဒိသာယ၊ အရပ်မျက်နှာ၌။ နိမိတ္တံ၊ သတ်မှတ်ပိုင်းခြား

မှတ်သားကြောင်း ဖြစ်သော နယ်နိမိတ်သည်။ ကိုး၊ တောင်-ကျောက်-တော-သစ်၊ တောင်ဘို-မြစ်နှင့်၊ ရေစစ်-ခရီး၊နိမိတ်ကြီး ရှစ်ပါးတို့တွင် အဘယ်နည်း။

ဖြေ။ ဘန္တေ၊ အရှင်ဘုရား။ သမ္မနိတဗ္ဗာယ၊ သမုတ်အပ်လတ္တံ့သော။ ဣမိသာ သီမာယ၊ ဤခဏ္ဍသီမ၏။ ပုရတ္ထိမာယ၊ အရှေ့ ဖြစ်သော။ ဒိသာယ၊ အရပ်မျက်နှာ၌။ နိမိတ္တံ၊ သတ်မှတ် ပိုင်းခြား မှတ်သားကြောင်း ဖြစ်သော နယ်နိမိတ်သည်၊ ဥဒကံ၊ တောင်-ကျောက်-တော-သစ်၊ တောင်ဘို-မြစ်နှင့်၊ ရေစစ်-ခရီး၊ နိမိတ်ကြီးရှစ်ပါးတို့တွင် ရေပါဘုရား။

မှတ်ချက်။ ။အမေးနှင့် ကိုက်ညီအောင် ဖြေတတ်ရမည်။

မေး။ ကိုး၊ တောင်-ကျောက်-တော-သစ်၊ တောင်ဘို-မြစ်နှင့်၊ ရေစစ်-ခရီး၊ နိမိတ်ကြီး ရှစ်ပါးတို့တွင် အဘယ်သည်။ သမ္မနိတဗ္ဗာယ၊ သမုတ်အပ်လတ္တံ့သော။ ဣမိသာ သီမာယ၊ ဤခဏ္ဍသီမ၏။ ပုရတ္ထိမာယ၊ အရှေ့ဖြစ်သော။ ဒိသာယ၊ အရပ်မျက်နှာ၌။ နိမိတ္တံ၊ သတ်မှတ်ပိုင်းခြား မှတ်သားကြောင်း ဖြစ်သော နယ်နိမိတ်နည်း။

ဖြေ။ ဘန္တေ၊ အရှင်ဘုရား။ ဥဒကံ၊ တောင်-ကျောက်-တော- သစ်၊ တောင်ဘို-မြစ်နှင့်၊ ရေစစ်- ခရီး၊ နိမိတ်ကြီး ရှစ်ပါးတို့တွင် ရေသည်။ သမ္မနိတဗ္ဗာယ၊

သမုတ်အပ်လတ္တံ့သော။ ဣမိဿာ သီမာယ၊ ဤခဏ္ဍ သိမ်၏။ ပုရတ္ထိမာယ၊ အရှေ့ဖြစ်သော။ဒိသာယ၊ အရပ် မျက်နှာ၌။ နိမိတ္တံ၊ သတ်မှတ်ပိုင်းခြား မှတ်သား ကြောင်းဖြစ်သော နယ်နိမိတ်ပါဘုရား။

မေး။ တနည်း။ သမ္မနိတဗ္ဗာယ၊ သမုတ်အပ်လတ္တံ့သော။ ဣမိဿာ သီမာယ၊ ဤခဏ္ဍသိမ်၏။ ပုရတ္ထိမာယ၊ အရှေ့ဖြစ်သော။ ဒိသာယ၊ အရပ်မျက်နှာ၌။ ကိं နိမိတ္တံ၊ တောင်-ကျောက်-တော-သစ်၊ တောင်ဘို-မြစ်နှင့်၊ ရေစစ်-ခရီး၊ နိမိတ်ကြီး ရှစ်ပါးတို့တွင် အဘယ် နိမိတ်နည်း။

ဖြေ။ ဘန္တေ၊ အရှင်ဘုရား။ သမ္မနိတဗ္ဗာယ၊ သမုတ်အပ်လတ္တံ့သော။ ဣမိဿာ သီမာယ၊ ဤခဏ္ဍသိမ်၏။ ပုရတ္ထိမာယ၊ အရှေ့ဖြစ်သော။ ဒိသာယ၊အရပ်မျက်နှာ၌။ ဥဒကံ၊တောင်-ကျောက်-တော-သစ်၊တောင်ဘို-မြစ်နှင့်၊ ရေစစ်-ခရီး၊ နိမိတ်ကြီး ရှစ်ပါးတို့တွင် ရေ နိမိတ်ပါဘုရား။

ကြား။ ဧတံ ဥဒကံ၊ ငါ့ရှင် လျှောက်ထားအပ်သော ထိုရေ သည်။ (အဝေးဘို့) ဣဒံဥဒကံ၊ ငါ့ရှင် လျှောက်ထား အပ်သော ဤရေသည်။ (အနီးဘို့) သမ္မနိတဗ္ဗာယ၊ သမုတ်အပ်လတ္တံ့သော။ ဣမိဿာသီမာယ၊ ဤခဏ္ဍ သိမ်၏။ ပုရတ္ထိမာယ၊ အရှေ့ဖြစ်သော။ ဒိသာယ၊အရပ်

မျက်နှာ၌။ နိမိတ္တံ၊ သတ်မှတ်ပိုင်းခြား၊ မှတ်သား ကြောင်းဖြစ်သော နယ်နိမိတ်တည်း။

ကြား။ တနည်း။ သမ္မနိတဗ္ဗာယ၊ သမုတ်အပ်လတ္တံ့သော၊ ဣမိဿ သီမာယ၊ ဤခဏ္ဍသိမ်၏။ ပုရတ္ထိမာယ၊အရှေ့ ဖြစ်သော။ ဒိသာယ၊အရပ်မျက်နှာ၌။ နိမိတ္တံ၊သတ်မှတ် ပိုင်းခြား မှတ်သားကြောင်း ဖြစ်သော နယ်နိမိတ် သည်။ ဧတေ ဥဒကံ၊ ငါ့ရှင်လျှောက်ထားအပ်သော ထိုရေတည်း။ (ဣဒံ ဥဒကံ၊ငါ့ရှင်လျှောက်ထား အပ် သော ဤ ရေတည်း)။

မှတ်ချက်။ ။ဤနည်းကိုမှီ၍ ကြင်းသော ရှစ်ပါးသော နိမိတ်တို့ ၌လည်း မေးနိုင်၊ ဖြေနိုင်၊ ကြားနိုင် လောက်ပြီ-အထူး ကိုသာ ရေးတော့အုံ့။

ပုရတ္ထိမာယ အနုဒိသာယ၊ အရှေ့တောင်ထောင့် အရပ်၌။ ဒက္ခိဏာယ၊ တောင်ဖြစ်သော။ ဒိသာယ၊ အရပ်မျက်နှာ၌။ ဒက္ခိဏာယ အနုဒိသာယ၊ အနောက် တောင်ထောင့် အရပ်၌။ ပစ္ဆိမာယ! အနောက် ဖြစ် သော။ ဒိသာယ၊ အရပ်မျက်နှာ၌။ ပစ္ဆိမာယ အနုဒိ သာယ၊ အနောက်မြောက်ထောင့်အရပ်၌။ ဥတ္တရာယ၊ မြောက်ဖြစ်သော။ ဒိသာယ၊ အရပ် မျက်နှာ၌။ ဥတ္တရာယ အနုဒိသာယ၊ အရှေ့ မြောက်ထောင့် အရပ်၌။ ။ပုရတ္ထိမာယ ဒိသာယ။ ။ဤကား မာဂဓမြန်မာ ရောယှက်လျက် ကြားနည်းတည်း။

မှတ်ချက်။ ။ဝိနည်းမိုရ် ရဟန်းများကသာ မေးကောင်း ကြားကောင်း၏။ ဖြေရာ၌ကား။ ရဟန်းဖြစ်စေ၊ သာမဏေဖြစ်စေ၊ လူဖြစ်စေ၊ အခွင့်သင့်သလို ဖြေဆိုကောင်း၏။ နိမိတ်ကြားသည့် အခ'ါလည်း နိမိတ်တွင်းကဖြစ်စေ၊ နိမိတ်ပြင်က ဖြစ်စေ ကြားကောင်း၏ဟု ဋီကာတို့၌ ဆို၏။ ကမ္မဝါစာဘတ်သော အခါ၌ကား နိမိတ်တွင်းကသာဘတ်ရမည်။

နိမိတ်ကြားနည်း ပြီး၏။

သိမာဝိနိစ္ဆယကျမ်း နောက်ဆက်တွဲ ပြီး၏။

ဥပသမ္ပဒ ကမ္မဝါစာ နိဿယသစ်

ရဟန်းလောင်း ဆုံးမစာ

၁။ ပဏာမ–ပဋိညာဉ်

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ကျေးဇူးရှင် ရေစက်ကို ဆရာတော်ဘုရားကြီး၏ သဒ္ဓိဝိဟာရိက ဓမ္မဇ္ဇောဝါသိက တပည့်ဖြစ်သော နန္ဒဝံသ မည်သော မထေရ် ၊ သည် အရပ်ရှစ်မျက်နှာမှ စာသင်သား အပေါင်းတို့က အသီးအသီး အကြိမ်ကြိမ် အဘန်ဘန် တောင်းပန်ကြသည်ဖြစ်၍ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးထံတော်မှ ရအပ်သောနည်းအတိုင်း မကျဉ်းမကျယ် မှတ်သားလွယ်အောင် ရဟန်းလောင်း ဆုံးမစာခေါ်သော "ရဟန်းခံ ကမ္မဝါစာ နိဿယသစ်" ကို ရေးသား ထားပေအံ့သတည်း။

ဥပသမ္ပဒကံ ရှက်ဆောင်ခဏ်းဌ် ပုဗ္ဗ ကိစ္စ, ပဓာန ကိစ္စ, အပရကိစ္စဟု အကျဉ်းအားဖြင့် ကိစ္စသုံးမျိုးရှိသည်ကို သိရာ၏။ ထိုတွင် ပုဗ္ဗကိစ္စဟူသည်–

၁။ ဥပဇ္ဈာယဂ္ဂါဟဏ ကိစ္စ။
၂။ ဥပဇ္ဈာယဒါန ကိစ္စ။

၃။ ပတ္တစီဝရာစိဂ္ဂန ကိစ္စ။
၄။ ဗဟိနိမ္မဟရဏ ကိစ္စ။
၅။ အနုသာသကသမ္မုတိ ဥတ္တိဌပန ကိစ္စ။
၆။ အနုသာသန ကိစ္စ။
၇။ ဟတ္ထပါသဗ္ဘာန ဥတ္တိဌပန ကိစ္စ။
၈။ အာယာစန ကိစ္စ။
၉။ ပုစ္ဆာ ဥတ္တိဌပန ကိစ္စ။
၁၀။ ပုစ္ဆနကိစ္စ။

ဤ ဆယ်ပါးပင်တည်း၊ ဤ ဆယ်ပါးသောကိစ္စကို ပုဗ္ဗ ကိစ္စခေါ်သည်၊ ဤဆယ်ပါးကား လိုရင်းပဓာန ကိစ္စခေါ် သော ဥတ္တိစတုတ္ထ ကမ္မဝါစာကို မဘာသ်မီ ရှေ့အဘိုဋ္ဌ ပြုရမည့် ကိစ္စ ဟူလိုသည်။

ပဓာနကိစ္စဟူသည် ဥတ္တိ စတုတ္ထ ကမ္မဝါစာ ဘာသနကိစ္စ ပင်တည်း၊ (လိုရင်းကိစ္စ ဟူလိုသည်)။

အပရကိစ္စဟူသည်–

၁။ ဥပသမ္ပဒကာလာစိဂ္ဂန ကိစ္စ။
၂။ နိဿယဒါစိဂ္ဂန ကိစ္စ။
၃။ အကရဏီယာစိဂ္ဂန ကိစ္စ။

ဤသုံးပါးပင်တည်း၊ ဤသုံးပါးကား ပဓာန ကိစ္စ ခေါ် သော ဥတ္တိစတုတ္ထ ကမ္မဝါစာကို ဘာသ်ပြီးနောက် ပြုရမည့် ကိစ္စ ဟူလိုသည်၊ ထိုကိစ္စတို့ကို အစဉ်သင့် ရေးပိမ့်သတည်း။

၁။ ဥပဇ္ဈာယဂ္ဂါဟကိစ္စ-ဥပဇ္ဈာယ် ယူစေခြင်း ပထမကိစ္စ

ပထမံ ဥပဇ္ဈံ ဂါဟာပေတဗ္ဗော။

နဘိက္ခဝေ အနုပဇ္ဈာယကော ဥပသမ္ပာဒေတဗ္ဗော၊ ယော ဥပသမ္ပာဒေယ္ယ၊ အာပတ္တိဒုက္ကဋဿာတိ၊ နဘိက္ခဝေ အနုပဇ္ဈာယကော (လ) ဒုက္ကဋဿဟူ၍။ ဝစနတော၊ မာရ်အောင် ဇိန သုံးလူ့ ဘ၏ မြက်ဟထုတ်ဘော် အမိန့်တော်မြတ် ရှိသည်၏ အဖြစ်ကြောင့်။ အနုပဇ္ဈာယကံ၊ မကောင်းဘားမြစ် လမ်းကောင်းလှစ်လျက် အားသစ် ကြောင့်ကြ ဉဿာဟဖြင့် ဆုံးမသွန်သင်မည့် ဥပဇ္ဈာယ်မရှိသောသူကို။ ဥပသမ္ပာဒေတုံ၊ နိဗ္ဗာန်ရည်မှန်း မြတ်သက်နိုးနှင့် ရဟန်းပြုခြင်းငှာ။ နဝဋ္ဌတိ၊ မသင့်မလျော် ခွင့်မတော်ချေ။ သာမဏေရ၊ ရဟန်းဘဝ ဒုလ္လဘကို တောင့်တ ရှာဘွေတတ်သည့် ပဉ္စင်းလောင်း သာမဏေ။ ဥပသမ္ပဒါပေကွော၊ ပဉ္စင်းလောင်းကို။ ပထမံ၊ဥပသမ္ပဒကံ မစိမ်မဆောင်ရှက်မီ ရှေးဦးမဆု အစလက်မှန်။ ဥပဇ္ဈံ၊ ကြီးငယ်နှစ်ပါး အပြစ်များကို ပယ်ရှားစေမှု ဝန်ကြီးပြု၍ ကပ်ရှုပေတတ်သည့် ဥပဇ္ဈာယ် ဆရာမြတ်ကို။ ဂါဟာပေတဗ္ဗော၊ ယူစေရမည်။ ဣတိ၊ ဤသို့။ ဝါ၊ သည်ပုံ။ ဝစနတော၊ မာရ်အောင်ဇိန သုံးလူ့ဘ၏ မြက်ဟထုတ်ဘော် အမိန့်တော်မြတ် မှတ်အပ်သည်၏ အဖြစ်ကြောင့်။ တံ၊ သင်ငါ့သျှင် ပဉ္စင်းလောင်း သာမဏေသည်။

ဒုတိယ ၃၆၂-၄

ဥပဇ္ဈာ။ ကို။ ဂဏ္ဍာဟိ၊ ကြည်ကြည်နူးနူး ဂါရဝအထူးဖြင့် ယူဦးလော့။ ဝါယူပေတော့။ ။ဤကား ဥပဇ္ဈာယ်ယူစေခြင်း ဟူသော ပထမကိစ္စတည်း။

(ဥပဇ္ဈာယော မေ ဘန္တေ ဟောဟိ ဟု ရဟန်းလောင်း ကို သုံးခေါက် ဆိုစေရမည်)။

၂။ ဥပဇ္ဈာယဒါနကိစ္စ-ဥပဇ္ဈာယ်ပေးခြင်း ဒုတိယကိစ္စ

ဥပဇ္ဈာယ် ဆရာကလည်း သာဓု- ဟူ၍လည်းကောင်း၊ သာဟု- ဟူ၍ လည်းကောင်း၊ လဟု-ဟူ၍ လည်းကောင်း၊ ဩပါယိကံ-ဟူ၍လည်းကောင်း၊ ပဋိရူပံ-ဟူ၍လည်းကောင်း၊ ပါသာဒိကေန သမ္မာဒေဟိ-ဟူ၍ လည်းကောင်း နှုတ်တက် နှစ်သက်ရာ တခုခုကို ဆို၍ ဥပဇ္ဈာယ် ပေးရမည်၊ ဤကား ဥပဇ္ဈာယ်ပေးခြင်း ဒုတိယကိစ္စတည်း။

တဝ၊ သင်၏။ ဥပဇ္ဈာယဂ္ဂဟဏံ၊ ဥပဇ္ဈာယ်ယူခြင်းသည်။ သာဓု၊ ကောင်းပါပြီ။ (သာဟု-သဒ္ဒါလည်း သာဓု သဒ္ဒါ၏ ပရိယာယ်ပင်) တဝ၊ သင်၏။ ဥပဇ္ဈာယဂ္ဂဟဏံ၊ ဥပဇ္ဈာယ် ယူခြင်းသည်။ လဟု၊ ဝန်ပေါ့၏။ ဝါ၊ ငါ့အားဝန်မလေး။ တဝ၊ သင်၏။ ဥပဇ္ဈာယဂ္ဂဟဏံ၊ သည်။ ဩပါယိကံ၊ သင့်မြတ်သော အကြောင်းနှင့် ယှဉ်ပေ၏။ တဝ၊ သင်၏။ ဥပဇ္ဈာယဂ္ဂ ဟဏံ၊ သည်။ ပဋိရူပံ၊ သင့်လျော် လျောက်ပတ်ပေ၏။ တံ၊

သင်သည်။ ပါသာဒိကေန၊ ကြည်ညိုခြင်းကို ဆောင်တတ်သော ကာယသမာစာရ,ဝစီသမာစာရ,မနောသမာစာရဖြင့်။ သမ္မာဒေဟိ၊ သုံးပါးသိက္ခာ သာသနာကို ကောင်းစွာ ပြည့်စုံစေလော့။ ။(ဤသို့ အနက်ပေး)။

၃။ ပတ္တစီဝရုစိုးကွန်ကိစ္စ-သပိတ်သင်္ကန်းကို နားလည်အောင် ပြောပြခြင်း တတိယကိစ္စ

ဥပဇ္ဈာ ဂါဟာပေတ္မာ ပတ္တစီဝရုံ အာစိက္ခိတဗ္ဗံ။

သာမဏေရ၊သံသရာညွှန်ဘုက် ထောင်တသက်မှ ဘဲထွက်ကြဉ်ရှောင်း စိတ်ကြုံကောင်းသည့် ပဋ္ဌင်းလောင်း သာမဏေ။ နု ဘိက္ခဝေ ယာစိတကေန ပတ္တစီဝရေန ဥပသမ္ပာဒေတဗ္ဗော။ ယော ဥပသမ္ပာဒေယျ။ အာပတ္တိ ဒုက္ကဋဿာတိ၊ နု ဘိက္ခဝေ(လ) ဒုက္ကဋဿ-ဟူ၍။ ဝစနတော၊ ကရဝိက်သံ ကျူးရင့်ဟန်သို့ နာခံသမျှ အားမရအောင် မိန့်ဟထုတ်ဘော်ဟောတော် မူအပ်သည်၏ အဖြစ်ကြောင့်။ ယာစိတကေန၊ ကိုယ်ပိုင်သင်္ကန်း မရှိနှမ်း၍ ၄ားရမ်းအပ်သော။ ပတ္တစီဝရေန၊ သပိတ်သင်္ကန်းဖြင့်။ ဥပသမ္ပဒါပေက္ခော၊ ပဋ္ဌင်းလောင်းကို။ နု ဥပသမ္ပာဒေတဗ္ဗော၊ ပဋ္ဌင်းမခံအပ် မခံသင့် မခံထိုက် မခံကောင်း။တသ္မာ၊ ကြောင့်။ ဥပသမ္ပဒါပေက္ခေန၊ပဋ္ဌင်းလောင်းကို။ ဥပဇ္ဈာ၊ ကို။ ဂါဟာပေတ္မာ၊ ယူစေပြီး၍။ ဝါ၊ အယူခိုင်းပြီး၍။ တဿ ဥပသမ္ပဒါပေက္ခဿ၊ အား။ ပတ္တစီဝရုံ၊ ကိုယ်ပိုင်

ထိုက်သည့် သပိတ်သက်နှီးကို။ အာစိုက္ခိတဗ္ဗံ၊ မှတ်မှတ်သား သား သိထင်ရှားအောင် ပြောထားရမည်။ ဣတိ၊ ဤသို့။ ဝစနတော၊ လူ့ဘာသေင်္ခနင်း တရားမင်း၏ ထန်ပြင်းအာဏာ ဒေသနာကို သေချာထုတ်ဘော် ဟောတော် မူအပ်သည်၏ အဖြစ်ကြောင့်။ အဟံ၊ သည်။ တေ၊အား။ ပတ္တစီဝရံ၊ ငါ့သျှင် ပိုင် သပိတ်သက်နှီးကို။ အာစိက္ခိဿံ၊ လူတို့ဝေါဟာ လူ့ဘာ သာမှ သညာထူပြား သိထင်ရှားအောင် ပြောထားလိုက် မည်။

အယံ တေ ပတ္တော။

အယံ ပတ္တော၊ သက္ကဘုန်းမော် မြတ်ဗုဒ္ဓနော်၏ သားတော် အများ အမြဲထားလျက် သုံးစားယူဆောင် ပိတုန်းရောင်သို့ ညိုမှောင်နက်ချိပ် ဤသပိတ်သည်။ တေ၏။ ပတ္တော၊လိုတိုင်း ပြုနိုင် များမဆိုင်ဘဲ ကိုယ်ပိုင်သပိတ်တည်း။

အာမ ဘန္တေ။

ဘန္တေ၊ အသျှင်ဘုရား။ အာမ၊ အသျှင်အမိန့်အတိုင်းမှန်လှ ပါ၏ ဘုရား။

(ဤ-အာမ ဘန္တေ-ဟူသော ပုဒ်ကား ပါဠိတော်မှာ မရှိ၊ သို့မရှိသော်လည်း အနုလောမပင်ဖြစ်၍ ရှေးဆရာတော်တို့ ထည့်ထားကြ၏)။

အယံ သံဃာဋိ။

အယံ သံဃာဋိ၊ နှစ်လွှာနှစ်ထပ် ချင်းချင်း အပ်လျက် ခူပ်စပ် အပ်သော ဤသင်္ကန်းသည်။ တေ၊ ၏။ သံဃာဋိ၊

လိုတိုင်းပြုနိုင် မျှားမဆိုင်ဘဲ ကိုယ်ပိုင် ဒုဂုဏ်သက်နှိုးကြီး တည်း။

အာမ ဘန္တေ။ ။(နောက်ကအတိုင်းပေး)။

အယံ ဥတ္တရာသံဂေါ။

အယံ ဥတ္တရာသံဂေါ၊ အထက်သတ်မှတ် ပခုံးရပ်၌ ငြိုကပ် တင်လွှမ်းအပ်သော ဤသက်နှိုးသည်။ တေ၊ ဧ။ ဥတ္တရာ သံဂေါ၊ လိုတိုင်းပြုနိုင် မျှားမဆိုင်ဘဲ ကိုယ်ပိုင် ဧကသီ သက်နှိုး တည်း။

အာမ ဘန္တေ။

အယံ အန္တရဝါသကော။

အယံ အန္တရဝါသကော၊ အလယ်သတ်မှတ် ခါးအရပ်၌ ဝတ်အပ်တင်လွှမ်းအပ်သော ဤသက်နှိုးသည်။ တေ၊ ဧ။ အန္တရဝါသကော၊ လိုတိုင်းပြုနိုင် မျှားမဆိုင်ဘဲ ကိုယ်ပိုင် သင်းပိုင်သက်နှိုးတည်း။

အာမ ဘန္တေ။

ဤကား သပိတ် သက်နှိုးတို့ကို ပြောပြခြင်း တတိယ ကိစ္စပေတည်း။

(သက်နှိုး သုံးထည် ကိုလည်း ကပ္ပဒိန္နေ ထိုးလျက် အသင့် ရှိစေရမည်။ အထူးသတိရှိစေ)။

ကမ္မဝါစာ ဘာသ်ရှတ်ရာ၌ အမည်သည်ကား ခေါ်ဝေါ် လွယ်ခြင်း ဘာသ်ရှတ်လွယ်ခြင်းအကျိုးငှာ အမည်ဟောင်း

ကိုပြောင်းရ၍ ပဋ္ဌင်းလောင်းကို နာဂ ဟူ၍ အမည်သစ်မှည့်ပါ၏။ မိမိအမည်ကို နာဂဟူ၍ မှတ်။ ။ဥပဇ္ဈာယ် ဆရာကို တိဿဟူ၍ မှည့်ပါ၏၊ မိမိအမည်ကို တိဿ ဟူ၍ မှတ်တော်မူပါ။ ။သံဃာတော်အပေါင်းတို့ကလည်း ပဋ္ဌင်းလောင်းကို နာဂ ပဋ္ဌင်းလောင်း၏ ဥပဇ္ဈာယ် ဆရာကို တိဿ ဟူ၍ မှတ်တော်မူကြပါကုန်။

မှတ်ချက်။ ။ပဋ္ဌင်းလောင်း၏ မူလ ပင်ကိုယ် အမည်ဥပဇ္ဈာယ်၏မူလ ပင်ကိုယ်အမည်အတိုင်း။ ။သုဏာ တု မေ ဘန္တေ သံဃော။ အယံတေဇော အာယသ္မတော ဥတ္တမယသ ဥပသမ္ပဒါပေက္ခော- စသည်ဖြင့် ဘာသ့် ရှတ်ပါမူကား အမည်မှည့်ရန် မလိုတော့ပြီ၊ ဤသို့ ဘာသ်ရှတ်နိုင်လျှင် အတိသုန္ဒရဖြစ်ပေ၏၊ အမည်မှည့်ပုံ အစီအရင်ကိုလည်း ယခုရေးခဲ့သည့်အတိုင်း အနုသာသက သမ္မုတိဥ တ်မထားမီ ဤနေရာတွင်သာ စီရင်အပ်၏၊ သို့မှသာ နာဂ, တိဿအမည်နှင့် အနုသာသက သမ္မုတိ စသော ဥ တ်မျှားခ၌ ဘာသ်နိုင်ပေမည်။ ။နာမကိတ္တန ကိစ္စကို ထည့်၍ ပုဗ္ဗကိစ္စတဆယ့်တပါး ဆိုသင့်သော်လည်း အနိယမဖြစ်၍ ပုဗ္ဗကိစ္စထည်းသို့ မထည့်ဘဲ ဆယ်ပါးသာ ဆိုလိုက်ပေ၏။

၄။ ဗဟိနိဟရဏ ကိစ္စ အပြင်သို့ထုတ်ခြင်း စတုတ္ထကိစ္စ

ဂစ္ဆ အမုမ္မိ ဩကာသေ တိဋ္ဌာဟိ။

အာဝုသော နာဂ၊သံသရာဝဲ ဩဃထဲမှ ခွါ၍တတ်စွင့်သျှင် နာဂ။ ။အနုဇာနာမိ ဘိက္ခဝေ ဧကမန္တံ အနုသာသိတွာ သံဃမဇ္ဈေ အန္တရာယိကေ ဓမ္မေ ပုစ္ဆိတုန်း၊ အနုဇာနာမိ ဘိက္ခဝေ(လ)ပုစ္ဆိတုံ-ဟူ၍။ ဝစနတော၊ သုံးလူ့သင်းကျစ်ဓမ္မရာဇ်၏ ဘုဉ်လှစ်ထုတ်ဘော် ဟောတော်မူခဲ့သည်၏ အဖြစ်ကြောင့်။ တံ၊ သင့်ကို။ သံဃမဇ္ဈေ၊ သာမဂ္ဂီရေး ကိုယ်စိတ်ပေး၍ စည်းဝေးညီညာ ခုရောက်လာသည့် သံဃာပေါ်ယယ်များအလယ်၌။ အနုသာသိတုံ၊ သွန်သင်ဆုံးမ နည်းလမ်းပြခြင်းငှာ။ နဝဠ္ဟတိ၊ မသင့်မတော် ခွင့်မလျော်ချေ။ တသ္မာ၊ ကြောင့်။ တုံ၊ သင်သည်။ ဂစ္ဆ၊ သံဃာရှေ့ရှု မျက်နှာမူလျက် တူရူနောက်ဆုတ် ဂရုဟုတ်အောင် လက်အုပ်ချီကာ သွားလိုက်ပါလော့။ ဂန္တွာ၊ သံဃာရှေ့ရှု မျက်နှာမူလျက် တူရူနောက်ဆုတ် ဂရုဟုတ်အောင် လက်အုပ်ချီကာ လျော်စွာသွားပြီး၍။ အမုမ္မိ ဩကာသေ၊ သံဃာများစွာ စည်းဝေးရာမှ နှစ်တောင့်ထွာဟတ္ထပါသ် လွတ်လောက်ရာ ထိုအရပ်၌။ တိဋ္ဌာဟိ၊ သမ္မုတိဉ္ဇတ် ပြီးဆုံးသတ်အောင် ဆိုင်းရပ်ငုံသွေ့ ဧနလင့်ပေလော့။ အဟံ၊ သည်။ တံ၊ ကို။ အနုသာသိတုံ၊ သွန်သင်ဆုံးမ နည်းလမ်းပြရန်ဘို့။ တတ္ထ၊ ထိုပြင်ပအရပ်သို့။ အာဂစ္ဆ

ယုံ၊ သမ္မုတိဥ္စတ် ပြီးဆုံးသတ်သော် ဆတ်ဆတ်မသွေ လိုက်လာခဲ့ပေအုံ့။ ။ဤကား သံဃဘောင်မှ အပြင်သို့ ထုတ်ခြင်း စတုတ္ထကိစ္စပေတည်း။

၅။ အနုသာသက သမ္မုတိဥ္စတ်ထုပနကစ္စ
အနုသာသက သမ္မုတိဥ္စတ်ထားခြင်း
ပဉ္စမကိစ္စ

သုဏာတုမေ ဘန္တေ သံဃော။ နာဂေါ အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခော။ ယဒိသံဃဿ ပတ္တကလ္လံ။ အဟံ နာဂံ အနုသာသေယျံ။

ဘန္တေ၊ အသျှင်ဘုရားတို့။ သံဃော၊ သံဃာတော်သည်။ မေ၊ ၏။ ဝစနံ၊ ကို။ သုဏာတု၊ နာတော်မူပါလော။ ဝါ၊ နားထောင်တော်မူပါလော့။ နာဂေါ၊ နာဂအမည် ရှိသော ပဉ္စင်းလောင်းသည်။ အာယသ္မတော တိဿဿ၊ အသျှင်တိဿအား။ ဥပသမ္ပဒါပေက္ခော၊ ပဉ္စင်းခံခြင်းငှာရှင့်ပါ၏။ သံဃဿ၊ ၏။ ကမ္မံ၊ အနုသာသက သမ္မုတိကံသည်။ ပတ္တကလ္လံ၊ လျောက်ပတ်သော အခါရှိသည်။ ယဒိသိယာ၊ အကယ်၍ ဖြစ်ခဲ့ငြားအုံ့။ ဧဝံသတိ၊ ဤသို့ ဖြစ်ခဲ့သည်ရှိသော်။ အဟံ၊ သည်။ နာဂံ၊ နာဂအမည်ရှိသော ပဉ္စင်းလောင်းကို။ အနုသာသေယျံ၊ သွန်သင်ဆုံးမ နည်းလမ်းပြပေအုံ့။ ။ဤကား အနုသာသက သမ္မုတိဥ္စတ်ထားခြင်း ပဉ္စမကိစ္စပေတည်း။

၆။ အနုသာသနကိစ္စ သွန်သင်ဆုံးမ
နည်းလမ်းပြခြင်း ဆဋ္ဌကိစ္စ

နာဂ၊ သံသရာဝဋ္ဋ တဏှာညွှတ်မှ ကင်းလွှတ်ဘို့ရာ ကျင့်သမ္မာကို ရှာတတ်ပေစ့ မောင်နာဂ။တို့၊သည်။ သုဏာသိ၊ အာရုံအမျှား စိတ်မထားဘဲ ထောင်နားစိုက်လော့။အယံ ကာလော၊ ရဟန်းပြုရန် စိတ်အကြံနှင့် အမှန်ရောက်လာ ဤအခါသည်။ တော၊ ၏။ သစ္စကာလော၊ မသွေမလွှဲ မထိမ်ချန်ဘဲ အမှန်ကို သာ လျှောက်ထားရမည့် အခါပေတည်း။ ဘူတကာလော၊ မပိုမယုတ် အတိုချုပ်လျက် အဟုတ်ကိုသာ လျှောက်ထားရမည့် အခါပေတည်း။ ယံ၊အကြင်ဥပသမ္ပဒန္တရာယ် ကိုယ်ဝယ် ရှိမရှိသဘော ကာရက သံဃာမှာ အပြစ်လွတ် မလွတ်သဘောသည်။ ဇာတံ၊ ရှေးကြောင်းစီမံ သင့်သင့်ဘာန်၌ အမှန်ဖြစ်အံ့။ တံ၊ ထိုရှိရှိသမျှ သဘာဝကို။ သံဃမဇ္ဈေ၊ ပဋ္ဌင်းခံမှု စည်းဝေးပြုသည့် သမ္မုတိဝယ် သံဃအလယ်၌။ လဒ္ဓသမ္မုတိကော၊ ရအပ်သော သမ္မုတိရှိသော ရဟန်းတော်သည်။ ဝါ၊ သမ္မုတိရသော ရဟန်းတော်သည်။ ပုစ္ဆန္တေ၊ အညစ်အကြေး ကင်းစင်ဝေးဘို့ စစ်ဆေးမေးမြန်းလတ်သည်ရှိသော်။သန္တံ၊ရှိရှိသမျှသဘာဝကို။ အတ္ထိတိ၊ အတ္ထိ ဟူ၍။ ဝါ၊ ရှိပါပေသည် ဘုရား ဟူ၍။ ဝတ္တဗ္ဗံ၊ မကွယ်မထောင့် ဖြောင့်ဖြောင့် သားသား လျှောက်ထားရမည်။ အသန္တံ၊ အကယ်တည့်တည့် မရှိခဲ့လျှင်။ နတ္ထိတိ၊ နတ္ထိဟူ၍။ ဝါ၊ မရှိပါဘုရားဟူ၍။ ဝတ္တဗ္ဗံ၊ မည်။ တံ၊ သည်။

မာခေါ၀ိတ္ထာယသိ၊ အပြစ်ကိုယ်မှာ မရှိပါဘဲ မညှာမတာ ရက်စက်စွာဖြင့် အခါခါ မေးရမည်လားဟု အမျက်ခုလျက် နောက်ကျုံ့နစ်နာ မခံသာဘဲ ခိုင်မာမလှုပ် ကျောက်တုံရုပ်သို့ ငုတ်တုတ်မနေလိုက်ပါလင့်။ သူရောဝ၊ သားတို့သေဌာနင်း ခြေသော့မင်းသို့ ရဲတင်းသည်သာ။ ဘ၀ါဟိ၊ ဖြစ်ရမည်။ မံကု၊ ရှက်ဘွယ်အရာ မင့်ညှာဘဲ တာတာတီတီ ဉာဏ်ပလီဖြင့် မဆီ မဆိုင် ပုပ်နံ့လှိုင်သို့ တဖြိုင်ဖြိုင်မေးရမည်လားဟု အမျက်ခုလျက် နောက်ကျုံ့မျက်နှာ မကြည်သာသည်။ မာခေါအဟောသိ၊ မဖြစ်လိုက်ပါလင့်။ ပသန္နမုခေါ၀၊ ဆီးနှင်းမြူခိုး ရာဟုမိုးယံးဟု လေးမျိုးဒေါသ ကင်းသည့်လသို့ ရှင်ပျသော မျက်နှာ ရှိသည်သာ။ ဘ၀ါဟိ၊ ဖြစ်ရမည်။ လဒ္ဓသမ္ပတ္တိကာ၊ ရအပ်သော သမ္ပတ္တိ ရှိကုန်သော ရဟန်းတို့သည်။ တံ၊ သင့်ကို။ ဧ၀ံ၊ ဤသို့။ ၀ါ၊ သည်ပုံ။ ၀ါ၊ သည်လို။ ၀ါ၊ သည့်နှယ်။ ၀ါ၊ သည်နည်း။ ပုစ္ဆိဿန္တိ၊ ရှိ မရှိပြစ်ဘေး သိလိုရေးနှင့် စစ်ဆေးမေးမြန်းကြ ကုန်လိမ့်လတ္တံ့။ ကိံ ပုစ္ဆိဿန္တိ၊ အဘယ်သို့မေးမြန်းကြကုန် လိမ့်လတ္တံ့နည်း။

နာ၇၊ သံသရာ၀န် တဏှာညွှန်ကို ပယ်သွန်ဘို့ရာ ကျင့်သမ္မာ ကို ရှာတတ်ပေစွ မောင်နာ၇။ ။နဘိက္ခ၀ေ ပဋ္ဌဟိ အာဗာ ဓေဟိ ဖုဋ္ဌော ပဗ္ဗာဇေတပ္ပေါ၊ ယော ပဗ္ဗာဇေယျ။ အာပတ္တိ ဒုက္ကဋ္ဌဿာတိ၊ နဘိက္ခ၀ေ (လ)ဒုက္ကဋ္ဌဿ-ဟူ၍။ ၀စနတော၊ သုံးလူ့ထွတ်ထား မြတ်ဘုရား၏ တရားအာဏာ ဒေသနာကို

သေချာထုတ်ဘော် မိန့်တော်မူခဲ့သည်၏အဖြစ်ကြောင့်။ ပဋ္ဌာဟ်၊ ငါးပါးကုန်သော။ အာဗာဓေဟိ၊ အနာတို့သည်။ ဖုဋ္ဌော၊ အင်္ဂါခြောက် အကုန်ပျက်အောင် နှိပ်စက်အပ်သောသူကို။ နပဗ္ဗာဇေတပ္ပော၊ ရှင်ရဟန်းမပြုအပ် မပြုသင့် မပြုထိုက် မပြုကောင်း။ တသ္မာ၊ ကြောင့်။ တော၊ ၏။ သရီရေ၊ ကိုယ်၌။ ကုဋ္ဌံ၊ နှုနာလည်းကောင်း။ ဂဏ္ဍော၊ ဖူးဖူးရောင်ပွ ထကြွတတ်သော ထွင်ရမြင်းနာအိုင်းအမာလည်းကောင်း။ ကိလာသော၊ ပေ့းညှင်းတင်းထိပ်နာလည်းကောင်း။ သောသော၊ ခယရောဂ် ချောင်းဆိုး ပန်းနာမျိုးလည်းကောင်း။ ဝါ၊ ချောင်းဆိုးသွေးပါအနာမျိုးလည်းကောင်း။ အပမာဒေါ၊ သတိကင်းလွတ် ရူးသွပ်မေ့မူး တွန့်တွန့်လူးရသည့် ဝက်ရူးကြက်ရူးနာလည်းကောင်း။ဤတိဝေရူပါ၊ဤသို့ ဆိုအပ်ခဲ့ပြီးသော သဘောရှိကုန်သော။ အာဗာဓာ၊ မင့်မကွက် ကိုယ်လုံးပျက်အောင် နှိပ်စက်တတ်သောအနာတို့သည်။ သန္တိ၊ ရှိကုန်သလော။ ဤတိ ဧဝံ၊ ဤသို့။ ပုစ္ဆိဿန္တိ၊ ကုန်လိမ့်လတ္တံ့။ ဧဝံပုစ္ဆန္တေသု၊ ဤသို့ ရှိ မရှိပြစ်ဘေး သိလိုရေးနှင့် စစ်ဆေးမေးမြန်းကြကုန်သည် ရှိသော်။

တော၊ ၏။ သရီရေ၊ ၌။ ကုဋ္ဌံ၊ ပိုးလောက်ဖွားဖွား မပြတ်စားလျက် အသားရေကွက် ကိုယ်လုံးပျက်သည့် နှုနက် နှုနီ အလီလီနှင့် အဆီ၌ရှိ အရေကဲ့လျက် အမြှုပ်ကျင် ဆီးကင်းသွင်ဟု နှိုင်းယှဉ်လောက်ရာ နှုအနာသည်။ သစေ

အတ္ထိ၊ အကယ်ကေန် ရှိသည်မှန်အုံ့။ ဧဝံသတိ၊ ဤသို့ နှုနာရှိခဲ့သော်။ အတ္ထိဘန္တေတိ၊ အတ္ထိဘန္တေဟူ၍။ဝါ၊နှုနာ ရှိပါသည် ဘုရား ဟူ၍။ ဝတ္တဗ္ဗံ၊ မသေ့မလှန် မထိမ်ချန်ဘဲ ကေန် လျှောက်ထားရမည်။ တေ၊ဏ်။ သရီရေ၊ဌ်။ ကုဋ္ဌံ၊သည်။ သစေ နတ္ထိ၊ အကယ်ကေန် မရှိသည်မှန်အုံ့။ ဧဝံအသတိ၊ ဤသို့ နှုနာ မရှိခဲ့သော်။ နတ္ထိဘန္တေတိ၊ နတ္ထိဘန္တေ ဟူ၍။ ဝါ၊ နှုနာ မရှိပါ ဘုရား ဟူ၍။ ဝတ္တဗ္ဗံ၊ မထိမ် မချန် အချိန် တန်လျှင် အမှန် လျှောက်ထားလေ။

တေ၊ဏ်။သရီရေ၊ဌ်။ ဂဏ္ဍော၊ ဖူးဖူး ရောင်ပ့ အနာထလျက် မလှသင့်ရုပ် မျှားစက်ဆုပ်သည့် ပြည်ပုပ်သွေးပ့က် မစဲထ့က်၍ နှိပ်စက် ထန်ပြင်း နှစ် – လ – ချဉ်းသည့် ဆီးမြင်း မေ့းမြင်း ဆတ်ဆံ မြင်းနှင့် မကြွင်းစုရုံး ခန္ဓာပြုန်းမည့် မြင်းလုံးရောဂါ အိုင်းအမာသည်။ သစေအတ္ထိ၊ အုံ့။ ဧဝံသတိ၊ သော်။ အတ္ထိ ဘန္တေတိ၊ အတ္ထိဘန္တေ ဟူ၍။ ဝါ၊ မြင်းဖု အနာ အိုင်း အမာ ရှိပါပေသည် ဘုရား ဟူ၍။ ဝတ္တဗ္ဗံ၊ မကောက် မကျစ် အကုန် လှစ်လျက် အားသစ် ခဲကာ မျှား သိသာအောင် ကောင်းစ့ာ လျှောက်ထားလေ။ တေ၊ဏ်။ သရီရေ၊ဌ်။ ဂဏ္ဍော၊သည်။ သစေ နတ္ထိ၊အုံ့။ ဧဝံအသတိ၊သော်။ နတ္ထိဘန္တေတိ၊ နတ္ထိဘန္တေ ဟူ၍။ ဝါ၊ မြင်းအဖုနှာ အိုင်းအမာ မရှိပါ ဘုရား ဟူ၍။ ဝတ္တဗ္ဗံ၊ လေ။

တေ၊ ဏ်။ သရီရေ၊ ဌ်။ ကိလာသော၊ မကဲ့ မပျို ရိမယိုဘဲ ကိုယ်မှာကြောင်,ကျား ပြောက်ကွက်နှားသို့ အသား

ကွက်ကွင်း ထင်ကုံလျင်းသည့် တင်းထိပ်,ပွေးညှင်း ခရုသင်း နှင့် ဆင်ညှင်းကြီးမျိုး အနာ ဆိုးသည်။ သစေ အတ္ထိ၊ အုံ့။ ဝေံသတိ၊သော်။ အတ္ထိဘန္တေ၊ဟူ၍။ ဝါ၊ ပွေးညှင်း,တင်းထိပ် နာ ရှိပါပေသည် ဘုရား ဟူ၍။ ဝတ္တာ့ဗ္ဗံ၊ ရိုးရိုးသားသား အကျိုးမျှားအောင် လျှောက်ထားရမည် လျှောက်ထားလေ။တော၏။ သရီရေ၊ ဌ။ ကိလာသော၊ သည်။ သစေနတ္ထိ၊ အုံ့။ ဝေံအသတိ၊ ဤသို့ ပွေးညှင်း,တင်းထိပ်နာ မရှိခဲ့သော်။ နတ္ထိဘန္တေ၊ နတ္ထိ ဘန္တေ ဟူ၍။ဝါ၊ ပွေးညှင်း, တင်းထိပ်နာ မရှိပါ ဘုရား ဟူ၍။ ဝတ္တာ့ဗ္ဗံ၊ မည်။

တော၊ ၏။ သရီရေ၊ ဌ။ သောသော၊ သည်းခြေ လေလှုပ် သလိပ်ပုပ်ကြောင့် ဟုတ်ဟုတ်ဆိုးလိုက် အမောဆိုက်၍ ရှုဟိုက် မှိုင်ငေး တဖြေးဖြေးဖြင့် အသွေးအသား ခန်းခြောက်သွားရ ခေါင်းပါး ဆုတ်ယုတ် ခယရုဂ်ဟု ဟုတ်ဟုတ် ချောင်းဆိုး ပန်းနာ မျိုးသည်။ ဝါ၊ ချောင်းဆိုး သွေးပါ အနာ မျိုးသည်။ သစေအတ္ထိ၊အုံ့။ ဝေံသတိ၊ ဤသို့ ပန်းနာ,မောနာ ချောင်းဆိုး သွေးပါ အနာ ရှိခဲ့သော်။ အတ္ထိဘန္တေ၊ အတ္ထိ ဘန္တေ ဟူ၍။ ဝါ၊ ပန်းနာ,မောနာ ချောင်းဆိုး သွေးပါ အနာ ရှိပါပေသည် ဘုရား ဟူ၍။ ဝတ္တာ့ဗ္ဗံ၊ ရှိရှိသမျှ သဘာဝကို တစမကျန် မထိမ် ချန်ဘဲ ကေန် လျှောက် ထား ရမည်။ တော၊ ၏။ သရီရေ၊ ဌ။ သောသော၊သည်။ သစေနတ္ထိ၊အုံ့။ ဝေံအသတိ၊ ဤသို့ ပန်းနာ, မောနာ, ချောင်းဆိုးသွေးပါအနာ မရှိခဲ့သော်။ နတ္ထိဘန္တေ၊

ဟူ၍။ဝါ၊ ပန်းနှာ, မောနှာ, ချောင်းဆိုးသွေးပါ အနှာ မရှိပါ ဘုရား ဟူ၍။ ဝတ္တာ့ဗ္ဗံ၊ မည်။

တော၊ ၏။ သရီရေ၊ ဌ။ အပမာရော၊ သည်းခြေ သွေးရှိုး ဘီလူး ပူး၍ မေ့မူး ချုတ်ယှင်း သတိ ကင်းလျက် အချင်း ခပ်သိမ်း မအေးငြိမ်းဘဲ ကတိမ်းကပါး ချုတ်ချော်များသဖြင့် အင်အားယုတ်ဆုံ့ တလွန်လွန်နှင့် တတွန်တွန် လူးရသည့် ဝက်ရှိုး ကြက်ရှိုးနှာသည်။ သစေအတ္ထိ၊အုံ့။ ဧဝံသတိ၊ဤသို့ သတိမေ့မူး တွန်တွန်လူးရသည့် ဝက်ရှိုး ကြက်ရှိုးနှာ ရှိခဲ့သော်။ အတ္ထိဘန္တေတိ၊ ဟူ၍။ ဝါ၊ဝက်ရှိုး ကြက်ရှိုးနှာရှိပါပေသည်ဘုရားဟူ၍။ ဝတ္တာ့ဗ္ဗံ၊ လိမ်ညာဏ်မသွား အဖြောင့် အားဖြင့် လျှောက်ထားရမည်။ တော၏။ သရီရော၊ဌ။ အပမာရောသည်။ သစေ နတ္ထိ၊အုံ့။ ဧဝံ အသတိ၊ ဤသို့ ဝက်ရှိုး ကြက်ရှိုးနှာမရှိခဲ့သော်။ နတ္ထိဘန္တေတိ၊ ဟူ၍။ ဝါ၊ ဝက်ရှိုး ကြက်ရှိုးနှာ မရှိပါဘုရားဟူ၍။ ဝတ္တာ့ဗ္ဗံ၊ မည်။

တိရစ္ဆာနဂတော ဘိက္ခဝေ အနုပသမ္ပန္နော နဥပသမ္ပာ ဒေတဗ္ဗော ဥပသမ္ပန္နော နာသေတဗ္ဗောတိ၊ တိရစ္ဆာနဂတော (လ) နာသေတဗ္ဗော-ဟူ၍။ ဝစနတော၊ တိရစ္ဆာန် နဂါး အကြောင်းထား၍ သနားသမ္ပု အကြောင်းရှုလျက် နယုပဒေ စည်းမျဉ်းသေအောင် အခြေထုတ်ဘော် ဟောတော်မူအပ်သည်၏ အဖြစ်ကြောင့်။ တိရစ္ဆာနဂတော၊ လူသွင် ဟုတ်ဟတ် ဘန်ဆင်းတတ်သည့် ထက်နတ်သိကြား မြွေနဂါး

နှင့် အသားစားကြီး မာန်ရစ်မှုးသည့် ဘီလူး ဂဠုန် မာန်ဟုန် ပြင်းလတ် ဂန္ဓာ ကုမ္ဘဏ် တိရစ္ဆာန် သတ္တဝါမျိုးကို။ နဥပ သမ္ပာဒေတဗ္ဗော၊ ပဠုဝေးမခအပ မခသင့် မခထိုက် မခကောင်း။ တဿမာ၊ကြောင့်။ တုံ့၊သည်။ မနုဿော၊လူ၏အသင့် သဏ္ဌာန် ဆင်၍ စီရင်ပြုတတ် ထက်မိုယ်းနတ်နှင့် မြေဇာတ် နဂါး အလွတ်ထားသည့် လူသားစင်စစ်သည်။ အသိ၊ ဟုတ်ပါ၏ လော။ ဣတိဝေါပိ၊ ဤသို့လည်း။ ပုစ္ဆိဿန္တိ၊ ဝိနည်းထုံးတမ်း တရားလမ်းဖြင့် မေးမြန်းစစ်ဆေးကြကုန်လတ္တံ့။ဝေါပုစ္ဆန္တေသု၊ ကုန်သော်။ တုံ့၊သည်။ မနုဿော၊ လူသားကေန် လူဟုတ် မှန်သည်။ သစေအသိ၊ အကယ်၍ဟုတ်အုံ့။ ဝေါသတိ၊ဤသို့ လူဟုတ်ခဲ့သည် ရှိသော်။ အာမဘန္တေတိ၊ အာမဘန္တေဟူ၍။ ဝါ၊လူဟုတ်ပါ၏ ဘုရားဟူ၍။ ဝတ္တဗ္ဗံ၊ ဖြောင့်ဖြောင့် သား သား မလှည့်စားဘဲ လျှောက်ထားလေ။ တုံ့၊သည်။ မနုဿော၊ သည်။ သစေ နအသိ၊ အကယ်၍ မဟုတ်ခဲ့အုံ့။ ဝေါအသတိ၊ ဤသို့ လူမဟုတ်ခဲ့သည်ရှိသော်။ နအမှိ ဘန္တေတိ၊ ဟူ၍။ ဝါ၊ လူမဟုတ်ပါဘုရားဟူ၍။ ဝတ္တဗ္ဗံ၊လေ။

ဝ

ပဏ္ဍကော ဘိက္ခဝေ အနုပသမ္ပန္နော နု ဥပသမ္ပာဒေ တဗ္ဗော။ ဥပသမ္ပန္နော နာသေတဗ္ဗောတိ၊ ပဏ္ဍကော (လ) နာသေတဗ္ဗော-ဟူ၍။ ဝစနတော၊ သာသနဘေး ကင်းစင် ဝေးအောင် နည်းပေးထုတ်ဘော် ပညတ်တော် မူခဲ့သည်၏ အဖြစ်ကြောင့်။ ပဏ္ဍကော၊ အာ,ဥ,သြ,ပက် နပုန်းစွက်၍

ငါးချက်သော ပဏ္ဍုက်မျိုးကို။ နဥပသမ္ပာဒေတဗ္ဗော၊ အပ်။ တသ္မာ၊ကြောင့်။ တုံ့၊သည်။ ပုရိသော၊ အကုသိုလ်ကံ ခွဲ့ မသန်၍ ဘောက်ပြန်ဘောရုပ် ငါးပဏ္ဍုက်တို့ မဟုတ်ကေန် ဇောကောင်းသန်သဖြင့် ဘောမှန်ထင်ရှား မြတ်ယောဂျားသည်။ အသိ၊ ဟုတ်ပါ၏လော။ ဣတိဝေါပိ၊ ဤသို့လည်း။ ပုစ္ဆိသန္တိ၊ ဝိနည်းကျမ်းဂန် လမ်းအမှန်ဖြင့် ကေန်စစ်ဆေး မေးမြန်းကြကုန်လိမ့်လတ္တံ့။ ဧဝံပုစ္ဆန္တေသု၊သော်။ တုံ့၊သည်။ ပုရိသော၊ ယောဂျားစင်စစ်သည်။ သစေအသိ၊အုံ့။ ဧဝံ သတိ၊ ဤသို့ယောဂျား ဟုတ်ခဲ့သည်ရှိသော်။ အာမဘန္တေတိ၊ ဟူ၍။ ဝါ၊ ယောဂျားဟုတ်ပါ၏ ဘုရားဟူ၍။ ဝတ္တေဗ္ဗံ၊ သစ္စာ တရား မပျက်ပြားအောင် လျှောက်ထားရမည်။ တုံ့၊သည်။ ပုရိသော၊ သည်။ သစေနအသိ၊ အကယ်၍ မဟုတ်ခဲ့အုံ့။ ဧဝံ အသတိ၊ ဤသို့ ယောဂျားမဟုတ်ခဲ့သည် ရှိသော်။ နအာမိ ဘန္တေတိ၊ ဟူ၍။ ဝါ၊ ယောဂျားမဟုတ်ပါ ဘုရားဟူ၍။ ဝတ္တေဗ္ဗံ၊ မည်။

နဘိက္ခဝေ ဒါသော ပဗ္ဗာဇေတဗ္ဗော ယော ပဗ္ဗာဇေယ္ယ အာပတ္တိ ဒုက္ကဋဿာတိ၊ ဟူ၍။ ဝစနတော၊ သုံးလှုံ့ထွတ်ထား မြတ်ဘုရားသည် ဟောကြား မြွက်ဆော် ပညတ်တော်မူခဲ့ သည်၏ အဖြစ်ကြောင့်။ ဒါသော၊ အန္တောဇာတ ဒါသဗျန္တရ် ကရမရာ ဓနက္ကီတာဟု လေးဖြာကျွန်ဆိုး သားပေါက်မျိုးကို။ နပဗ္ဗာဇေတဗ္ဗော၊ ရှင်ရဟန်းမပြုအပ် မပြုသင့် မပြုထိုက် မပြု

ကောင်း။ တသွာ၊ကြောင့်။ တုံ၊သည်။ ဘုဇီသော၊ ကိုယ့်ကိုယ်
မပိုင် မဆီဆိုင်၍ လူနိုင်အရှင် စိုးသခင်၏ စီရင်လိုရာမိန့်အာဏာ
ကို လိုက်နာကျင့်ရ ကျွန်ဘဝမှ လွှဲလွှဲလွှတ်ကင်း ကိုယ့်ကိုယ်မင်း
ဖြင့် ပြုလျင်းလိုချက် မိမိလက်သို့ကိုယ်စက်ပြုနိုင် အခွင့်ပိုင်လျက်
မဆိုင်သူ့ထံ မင်းတော်လှန်သည်။ အသိ၊ ဟုတ်ပါ၏လော။
ဣတိဝေါပိ၊လည်း။ ပုစ္ဆိသန္တိ၊ ယုတ္တိယုတ္တာ အကြောင်းရှာ၍
ကောင်းစွာစစ်ဆေး မေးမြန်းကြကုန်လိမ့်လတ္တံ့။ ဝေါပုစ္ဆန္တေ
သု၊ သော်။ တုံ၊သည်။ ဘုဇီသော၊ တော်လှန်မင်းစစ် သူ့ကျွန်
အဖြစ်မှ လွတ်ခဲ့သည်။ သစေအသိ၊အုံ့။ ဝေါသတိ၊ဤသို့သူ့ကျွန်
အဖြစ်မှ လွတ်ခဲ့သည်ရှိသော်။ အာမဘန္တေတိ၊ ဟူ၍။ ဝါ၊သူ့
ကျွန်မဖြစ် တော်လှန်စစ်ပါ၏၊ ဘုရားဟူ၍။ ဝတ္တဗ္ဗံ၊မမှန်မှုသား
ကြဉ်သောအားဖြင့် လျှောက်ထားရမည်။ တုံ၊ သင်သည်။
ဘုဇီသော၊သည်။ သစေ နအသ်၊ အကယ်၍ မဖြစ်ခဲ့အုံ့။ ဧဝံ
အသတိ၊ ဤသို့သူ့ကျွန်အဖြစ်မှ မလွတ်ခဲ့သည်ရှိသော်။ နအမှိ
ဘန္တေတိ၊ နအမှိ ဘန္တေဟူ၍။ ဝါ၊သူ့ကျွန်အဖြစ်မှ မလွတ်ပါ
ဘုရားဟူ၍။ ဝတ္တဗ္ဗံ၊ မည်။

နဘိက္ခဝေ ဣဏာယိကော ပဗ္ဗာဇေတပ္ပော ယော ပဗ္ဗာ
ဇေယျ၊ အာပတ္တိ ဒုက္ကဋဿာတိ၊ နဘိက္ခဝေ(လ) ဒုက္ကဋဿ-
ဟူ၍။ ဝစနတော၊ရဟန်းဖြစ်မှ မြို့ရှင်ထ၍ခေါ်ချေကြွေးတောင်း
ဤအကြောင်းဖြင့် မကောင်းမြစ်တား ကောင်းရာထားသည့်
ဘုရားစိန္တေ မြတ်မဟေသည် ဥပဒေထုတ်ဘော် ပညတ်တော်

မှုခဲ့သည်၏ အဖြစ်ကြောင့်။ ဣဏာယိကော၊ တစတစ အတိုး ထလျက် မလှရှိန်စော် အချိန်တော်လျှင် အိမ်ပေါ်မလပ် ကြွေး နှင့်စပ်၍ မပြတ်တောင်းသံ ဆူဆူညံသဖြင့် ပူပန်မအေး သူ၏ ကြွေးကို ငှားချေးသုံးယူ မြီတင်သောသူကို။ နပဗ္ဗာဇေတဗ္ဗော၊ အပ်။ တသ္မာ၊ကြောင့်။ တုံ၊သည်။ အနဏော၊ မျက်နှာမလှ သူ့အောက်ကျလျက် ခ-ယ ဝပ်တွား စောဘုရားဟု ထံပါး ခိုကပ် ကြွေးမြီပတ်၍ မပြတ် တောင်းသံ ဆူဆူညံလျက် လေလံပစ်ရေး ပုန်းရှောင် ပြေး၍ မအေးနိုင်အောင် လူ၏ ဘောင်မှ ယူဆောင်ချေးငှား အတိုးပွားသည့် ကြွေးများ မရှိသည်။ အသိ၊ မှန်ပါ၏လော။ ဣတိဝေါပိ၊ လည်း။ ပုစ္ဆိဿန္တိ၊ ဝိနည်းလမ်းကြောင်း ထုံးအဟောင်းဖြင့် ကောင်း ကောင်း စစ်ဆေး မေးမြန်းကြကုန်လိမ့်လတ္တံ့။ ဧဝံ ပုစ္ဆန္တေသု၊ သော်။ တုံ၊ သည်။ အနဏော၊ ကြွေးမြီမတင် သန့်ရှင်းစင် သည်။ သစေအသိ၊ အကယ်၍မှန်အုံ့။ ဧဝံသတိ၊ ဤသို့ ကြွေး မြီမတင် သန့်ရှင်း စင်သည်ရှိသော်။ အာမဘန္တေတိ၊ အာမ ဘန္တေဟူ၍။ ဝါ၊ ကြွေးမြီမတင် သန့်ရှင်းစင်ပါ၏ ဘုရားဟူ၍၊ ဝတ္တဗ္ဗံ၊ မပါမုသား အမှန်အားဖြင့် လျှောက်ထားရမည်။ တုံ၊ သည်။ အနဏော၊ သည်။ သစေနအသိ၊ အကယ်၍မဖြစ်ခဲ့အုံ့။ ဧဝံသတိ၊ ဤသို့ကြွေးမြီတင်သည်ရှိသော်။ နှ အမှိ ဘန္တေတိ၊ နအမှိ ဘန္တေဟူ၍။ ဝါ၊ ကြွေးမြီတင်ပါ၏ဘုရားဟူ၍။ ဝတ္တဗ္ဗံ၊

ရမည်။ ။(ဒ္ဒိပဋ္ဌိသေဓော ပကတျတ္ထော-ဟူသည်ကို သတိပြု)။

နဘိက္ခဝေ ရာဇာဒ္ဌော ပဗ္ဗာဇေတဗ္ဗော။ ယော ပဗ္ဗာဇေယျ၊ အာပတ္တိ ဒုက္ကဋဿာတိ၊ နဘိက္ခဝေ (လ) ဒုက္ကဋဿ၊-ဟူ၍။ ဝစနတော၊ နောက်နောင်အမျိုးသား အကျိုးမျှားအောင် ဟောထားတော်မူခဲ့သည်၏ အဖြစ်ကြောင့်။ ရာဇာဒ္ဌော၊ မင်း၏ရိုက္ခာ လခ-စာကို ယူကာသုံးစား မင်းခယောက်ျားကို။ နပဗ္ဗာဇေတဗ္ဗော၊ အပ်။ တသ္မာ၊ ကြောင့်။တုံ့၊ သည်။ ရာဇာဒ္ဌော၊ စစ်ဗိုလ်စစ်ကဲ စစ်ဆင်ပဲ့ဌ ဘုရဲဗိုလ်မှူး စစ်တိုက်ကြွေးလျက် အထူးဘွဲ့ခံ မင်း၏ထံ၌ နိယံမပြတ် မြဲချဉ်းကပ်၍ စားနပ်ရိက္ခာ လခ-စာကို ယူကာသုံးစား မင်းခယောက်ျားသည်။ နအသိ၊ မဟုတ်ဘဲရှိပါ၏လော။ ဣတိဝေါပိ၊ လည်း။ ပုစ္ဆိသန္တိ၊ အပြစ်ဒေါသ ကင်းစင်ပအောင် ကြောင့် ကြစစ်ဆေး မေးမြန်းကြကုန်လိမ့်လတ္တံ့။ ဧဝံပုစ္ဆန္တေသု၊သော်။ တုံ့၊ သည်။ ရာဇာဒ္ဌော၊ မင်းထံခစား မင်းချင်းယောက်ျားသည်။ သစေ နအသိ၊ အကယ်၍မဟုတ်ခဲ့အုံ့။ ဧဝံသတိ၊ ဤသို့ မင်းချင်းယောက်ျား မဟုတ်ခဲ့သည်ရှိသော်။ အာမဘန္တေတိ၊ အာမဘန္တေဟူ၍။ ဝါ၊ မင်းချင်းယောက်ျား မဟုတ်ပါဘုရားဟူ၍။ ဝတ္တဗ္ဗံ၊ စဉ်းစဉ်းစားစား အဖြောင့်အားဖြင့် လျှောက်ထားလေ။ တုံ့၊ သည်။ ရာဇာဒ္ဌော၊ သည်။ သစေအသိ၊ အကယ်၍ဟုတ်အုံ့။ ဧဝံသတိ၊ ဤသို့ မင်းချင်းယောက်ျား ဟုတ်ခဲ့

သည်ရှိသော်။ နအမှိ ဘန္တေတိ၊ နအမှိ ဘန္တေဟူ၍။ ဝါ၊ မင်း ချင်းယောကျ်ား ဟုတ်ပါ၏ ဘုရားဟူ၍။ ဝတ္ထဗ္ဗံ၊ လေ။ ။ (ဒ္ဒိပဒ္ဒိသိ၊ ရှိတုံဘိ၊ ပကတိအနက်ပေး)။

နဘိက္ခဝေ အနနုညာတောဿ၊ မာတာပိတူဟိ ပုတ္တော ပဗ္ဗာ ဇေတပ္ပေါ။ ယော ပဗ္ဗာဇေယျ၊ အာပတ္တိ ဒုက္ကဋဿာတိ၊ နဘိက္ခဝေ(လ)အာပတ္တိ ဒုက္ကဋဿ-ဟူ၍။ဝစနတော၊သားတော် နန္ဒ မြေးတော်ရာဟုလကို မိ,ဘ မသိ ရှင်ရဟန်းပြုမိလျှင် မချိ လှိုက်ခုန် ဆတ်ဆတ်တုန်မျှ ပူဟုန်ပြင်းလတ် ဒေါမနသ်ဖြင့် မင်းမြတ်သုဒ္ဓေါ် ခမည်းတော်က နောင်သော်ကောင်းရန် ခွင့်တောင်းပန်၍ ငါးတန်စကျွ၊ သဗ္ဗညု၏ နယုပဒေ သင်ကြွေ ကို ပေးဝေသောအား ငဲ့သနားမှု ဟောထားတော် မူခဲ့သည် ၏ အဖြစ်ကြောင့်။ မာတာပိတူဟိ၊ မေးမိ,ဘခင် ကျေးဇူးရှင် တို့သည်။ ဝါ၊ တို့က။ အနနုညာတောဿ၊ သာဓု-သာဓု အောင် သံပြု၍ ခွင့်မပြုအပ်သော။ပုတ္တော၊သားကို။ နပ္ပဗ္ဗာဇေတပ္ပေါ၊ အပ်။ တသ္မာ၊ ကြောင့်။ တုံ၊ သည်။ ဝါ၊ ကို။ မာတာပိတူဟိ၊ ရှစ်သောင်းလေးထောင် နှစ်ပြန်ဆောင်သည့် တောင်မြင်း မိုရ်မက ကျေးဇူးကြီးလှသည့် မေးမိ, ဘခင် တို့သည်။ အနုညာတောဿ၊ ကိလေသာညစ်ကြေး ချည်ခင်ထွေးသို့ အမြေး ရစ်ပတ် လှုတ်ရုပ်ကို ပြတ်ပြတ်စွန့်ခွါ သာသနာ၌ ရောင်ဝါ တင့်ဆန်း မြတ်**သ**ာ်နန်းဖြင့် ရဟန်းမောင်ကျော့ ပြုလေတော့ ဟု ချီပျော့ နုတ်ရည် သစ္စာတည်၍ သာကြည်ရှင်မြှီး သဒ္ဓါ

စူးလျက် အနှုးအညှတ် ခွင့်လွှတ်အပ်သည်။ အသိ၊ ဖြစ်ပါ၏လော။ ဣတိ ဧဝံပါ၊ သို့လည်း။ ပုစ္ဆိသန္တိ၊ အပြစ်လွှတ်ရေးမြှောက်ထောက်တွေးရှု စစ်ဆေးမေးမြန်းကြ ကုန်လိမ့်လတ္တံ့။ ဧဝံပုစ္ဆန္တေသု၊ သော်။ တုံ၊ သည်။ ဝါ၊ ကို။ မာတာပိတူဟိ၊ တို့သည်။ ဝါ၊ တို့က။ အနုညာတောဝ၊ သည်။ သစေ အသိ၊အုံ့။ ဧဝံသတိ၊ ဤသို့မိဘတို့က ခွင့်ပြုအပ်သည်ရှိသော်။ အာမဘန္တေတိ၊ အာမဘန္တေဟူ၍။ ဝါ၊ မိဘတို့က ခွင့်ပြုပါ၏ ဘုရားဟူ၍။ ဝတ္တဗ္ဗံ၊ ဘောက်ဘောက်ပြားပြား မမှောက်မှားအောင် လျှောက်ထားလေ။ တုံ၊ သည်။ ဝါ၊ ကို။ မာတာပိတူဟိ၊ တို့သည်။ ဝါ၊ တို့က။ အနုညာတောဝ၊ သည်။ သစေနအသိ၊ အုံ့။ ဧဝံအသတိ၊ ဤသို့ မိဘတို့က ခွင့်မလွှတ်အပ်သည်ရှိသော်။ နအာမို ဘန္တေတိ၊ နအာမို ဘန္တေဟူ၍။ ဝါ၊ မိဘတို့က ခွင့်မလွှတ်အပ်ပါ ဘုရားဟူ၍။ ဝတ္တဗ္ဗံ၊ လေ။

နဘိက္ခဝေ ဇာနံ ဥိနဝိသတိဝဿော ပုဂ္ဂလော ဥပသမ္ပာဒေတဗ္ဗော။ ယော ဥပသမ္ပာဒေယျ၊ ယထာဓမ္မော ကာရေတဗ္ဗောတိ၊ နဘိက္ခဝေ(လ)ကာရေတဗ္ဗော-ဟူ၍။ ဝစနတော၊ သူငယ်သတ္တရသ် ရဟန်းပြုလတ်လျှင် အင်တ်မခံ ချိန်မတန်ဘဲ စားရန်ထမင်း တစာစာ တောင်းခြင်းကို အရင်းပြုလျက် ဓမ္မစက်ရှိန် လက်လက်ထိန်သည့် အဂ္ဂိန်မဟာ စောသတ္ထာသည် အာဏာဒေသနာ မိန့်ရှေ့ချာကို သေချာထုတ်ဘော် မိန့်တော်မူခဲ့သည်၏ အဖြစ်ကြောင့်။ ဥိနဝိသတိဝဿော၊အနှစ်

နှစ်ဆယ် မပြည့်ကြွယ်သည့် သိမ်ငယ်သောပုဂ္ဂိုလ်ကို။ ဇာနုံ-ဇာနန္တေန၊ အနှစ်နှစ်ဆယ် မပြည့်ကြွယ်မှန်းသိလျက်။ နဥပသမ္မာဒေတဗ္ဗော၊ အပ်။ တသ္မာ၊ ကြောင့်။ တုံ၊ သည်။ ပရိပုဏ္ဏဝီသတိဝဿော၊ ဝိညာဏ်သန္ဓေ စွဲကပ်တည်နေသည်မှ စ-ရေတွက်လစ် ရက်-လ စစ်သော် အနှစ်နှစ်ဆယ် ပြည့်ဖြိုးကြွယ်သည်။ အသိ၊ လော။ဤတို ဝေ၀ပိ၊ သို့လည်း။ပုစ္ဆိ သန္တိ၊ အာပတ် ပြစ်ဘေး ကင်းစင်ဝေးအောင် စစ်ဆေးမေးမြန်းကြကုန်လိမ့်လတ္တံ့။ ဝေ၀ ပုစ္ဆန္တေသု၊ သော်။ တုံ၊ သည်။ ပရိပုဏ္ဏဝီသတိဝဿော၊ ပြည့်သောအနှစ် နှစ်ဆယ်ရှိသည်။ သစေအသိ၊ အုံ့။ ဝေ၀သတိ၊ ဤသို့ အနှစ်နှစ်ဆယ် ပြည့်ဖြိုးကြွယ်သည်ရှိသော်။ အာမဘန္တေတိ၊အာမဘန္တေဟူ၍။ ဝါ၊ အနှစ်နှစ်ဆယ် ပြည့်ဖြိုးကြွယ်ပါ၏ ဘုရားဟူ၍။ ဝတ္တဗ္ဗံ၊ မလိမ်မကောက် နှုတ်ခါန် ထောက်လျက် လျှောက်ထားလေ။ တုံ၊သည်။ ပရိပုဏ္ဏဝီသတိဝဿော၊ သည်။ သစေ နအသိ၊ အုံ့။ ဝေ၀အသတိ၊ ဤသို့ အနှစ်နှစ်ဆယ်မပြည့်ကြွယ်ခဲ့သည်ရှိသော်။ နအမ္ဘိဘန္တေတိ၊ နအမ္ဘိဘန္တေဟူ၍။ ဝါ၊ အနှစ်နှစ်ဆယ် မပြည့်ကြွယ်သေးပါ ဘုရားဟူ၍။ ဝတ္တဗ္ဗံ၊ လေ။

နဘိက္ခဝေ အပတ္တစီ၀ရကော ဥပသမ္မာဒေတဗ္ဗော၊ ယော ဥပသမ္မဒေယျ အာပတ္တိ ဒုက္ကဋဿာတိ၊ နဘိက္ခဝေ (လ) ဒုက္ကဋဿ-ဟူ၍။ ဝစနတော၊ သပိတ်,သင်္ကန်း ပင်ပန်းပါးရှား ပုဂ္ဂိုလ်များကို စဉ်းစားမရှိ ရဟန်းခံပေါ်လျှင် တိတ္ထိတို

နည်း သက်နှိုးမဆည်းဘဲ လက်ချည်းသာလျှင် ဆွမ်းခံဝင်သဖြင့် အမြင်မတော်ဝတ္ထုပေါ်၍ မိန့်တော်မူခဲ့သည်၏အဖြစ်ကြောင့်။ အပတ္တ စီဝရကော၊ သပိတ်, သင်္ကန်း ပင်ပန်း ပါးရှား ပုဂ္ဂိုလ် မျှားကို။ နဉပသမ္ပဒေတမ္ပေါ၊ အပ်။ တသ္မာ၊ ကြောင့်။ တေ၊ သင့်အား။ ဝါ၊ သင့်မှာ။ ပတ္တစီဝရံ၊ သက္ခ ဘုန်းမော် မြတ်ဗုဒ္ဓ၏ သားတော်အမျှား အမြဲထားလျက် သုံးစားယူဆောင် ပိတုန်း ရောင်သို့ ညှိမှောင် နက်ချိပ် ကိုယ့်သပိတ်နှင့် ဖိတ်ဖိတ် တောက်လျှမ်း မြတ် သင်္ကန်းသည်။ ပရိပုဏ္ဏံ၊ ရှေးကံ အဟုန် ပေးခိုက် ကြုံလျက် ပြည့်စုံ ပြီလော့။ ဣတိဝေါပိ၊ ဤသို့လည်း။ ပုစ္ဆိသန္တိ၊ အာပတ် ညစ်ကြေး အပြစ် အေးအောင် စစ်ဆေး မေးမြန်းကြ ကုန်လိမ့်လတ္တံ့။ ဝေါပုစ္ဆန္တေသု၊သော်။တေ၊အား။ ပတ္တစီဝရံ၊သည်။ သစေ ပရိပုဏ္ဏံ၊ အကယ်၍ ပြည့်စုံအုံ့။ဝေါသတိ၊ ဤသို့ သပိတ်,သင်္ကန်း ပြည့်စုံခဲ့သည် ရှိသော်။ အာမဘန္တေတိ၊ အာမ ဘန္တေ ဟူ၍။ ဝါ၊ သပိတ်, သင်္ကန်း ပြည့်စုံပါပြီ ဘုရား ဟူ၍။ ဝတ္တဗ္ဗံ၊ လိမ်ညာဏ်မဘက် အဖြောင့်ထွက်လျက် စစ်ချက် ခံလော။တေ၊အား။ပတ္တစီဝရံ၊သည်။နော စေ ပရိပုဏ္ဏံ၊အကယ်၍ မပြည့်စုံအုံ့။ ဝေါအသတိ၊ ဤသို့သပိတ်,သင်္ကန်း မပြည့်စုံခဲ့သည် ရှိသော်။ နောဟေတံ ဘန္တေတိ၊ နောဟေတံ ဘန္တေ ဟူ၍။ဝါ၊ သပိတ်,သင်္ကန်း မပြည့်စုံပါ ဘုရား ဟူ၍။ ဝတ္တဗ္ဗံ၊ လော။

ဉပသမ္ပဒါပေက္ခဿ ပန ယထာ သကံ နာမံ ဝိနာ အညေန နာမေန အနုသာဝိတေ ကမ္မံ ကုပ္ပတိ။ သော အနုပ သမ္ပန္နောဝ

ဟောတီတိ၊ ဥပသမ္ပဒါပေက္ခဿ (လ) ဟောတိ-ဟူ၍။ ဝစနတော၊ ဝိမတိဌိကာ ကျမ်းရှေစာ၌မိန့်မှာအပ်သည်၏အဖြစ်ကြောင့်။ သကံနာမံ၊ ပဠင်းလောင်း၏ ကိုယ့်အမည်ကို။ ဝိနာ၊ ကြည်၍။ အညေန နာမေန၊ တပါးသော အမည်ဖြင့်။ အနုသာဂိတုံ၊ ဘာသ်ရှတ် နာကြားစေခြင်းငှာ။ နဝဋ္ဌတိ၊ မသင့်မလျော်ခွင့်မတော်ချေ။ တသ္မာ၊ ကြောင့်။ တုံ၊ သင်သည်။ ကိန္နာမေ၊ အဘယ်အမည်ရှိသည်။ အသိ၊ ဖြစ်သနည်း။ ဣတိ ဧဝံပိ၊ ဤသို့လည်း။ ပုစ္ဆိဿန္တိ၊ ဝိနည်းမဟာဝဂ် ကျမ်းအထက်ကို ထိပ်ရှက်ဆေးနွေး သက်ဘအေးအောင် စစ်ဆေးမေးမြန်းကြ ကုန်လိမ့်လတ္တံ့။ ဧဝံပုစ္ဆန္ဧသု၊ သော်။ အဟံဘန္တေ နာဂေါ နာမာတိ၊ အဟံ ဘန္တေ နာဂေါ နာမ ဟူ၍။ ဝါ၊ အကျွန်ုပ်သည် နာဂအမည် ရှိပါ၏၊ ဘုရား ဟူ၍။ ဝတ္တဗ္ဗံ၊ မဟုတ် မတရား မလှည့်စားဘဲ လျှောက်ထားလေ။

နု ဘိက္ခဝေ အနုပဇ္ဈာယကော ဥပသမ္ပာဒေတဗ္ဗော၊ ယော ဥပသမ္ပာဒေယျ၊ အာပတ္တိ ဒုက္ကဋဿာတိ၊ နု ဘိက္ခဝေ (လ) ဒုက္ကဋဿ-ဟူ၍။ ဝစနတော၊ ကြောင့်။ အနုပဇ္ဈာယကော၊ကို။ နု ဥပသမ္ပာဒေတဗ္ဗော၊ အပ်။ တသ္မာ၊ ကြောင့်။ တော၊ သင်၏။ ဥပဇ္ဈာယော၊ ဝဇ္ဇာ ဝဇ္ဇ ဟူသမျှကို နိစ္စဝန်ပြု မြဲကပ် ရှုလျက် အနုသာသ သြဝါဒဖြင့် စောင်မ ပေတတ် ဆုံးမတတ်သည့် ဆရာမြတ်သည်။ ကောနာမော၊ အဘယ် အမည် ရှိသနည်း။ ဣတိ ဧဝံပိ၊ ဤသို့လည်း။ ပုစ္ဆိဿန္တိ၊ ဝိနည်း ကျမ်းလာ

ဒေသနာကို သေချာဆွေးနွေး စိတ်ကျေအေးအောင် စစ်ဆေး မေးမြန်းကြ ကုန်လိမ့် လတ္တံ့။ ဝေံ ပုစ္ဆန္တေသု၊သော်။ ဥပဇ္ဈာ ယော မေ ဘန္တေ အာယသ္မာ တိဿ တ္ထေရော နာမာတိ၊ ဥဇ္ဈာယော မေ ဘန္တေ အာယသ္မာ တိဿ တ္ထေရော နာမ-ဟူ၍။ ဝါ၊အကျွန်ုပ်၏ ဝတ္ထုဝတ္ထု ဟူသမျှကို နိစ္စဝန်ပြု မြဲကပ် ရှုလျက် အနုံသာသ ဩဝါဒဖြင့် စောင်မပေတတ် ဆုံးမတတ် သည့် ဆရာမြတ်သည် သက်တော်ရာကျော် ရှည်တော်မူလတ္တံ့။ သော အသျှင်တိဿထေရ် အမည်ရှိပါသည်ဘုရားဟူ၍။ ဝတ္တာ၊ ကဲ့ကဲ့ပြားပြား မျှားထင်ရှားအောင် လျှောက်ထားရမည်။

အာဝုသော နာဂ၊ နဗ္ဗာနအောင်ရပ် အမတဓာတ်သို့ မဂ်မြတ်အင်္ဂါပြား ဓာတ်ရထားဖြင့် ဖြတ်သွားဘို့ရာ ကျင့်သမ္မာကို ရှာတတ်ပေစ့ မောင်နာဂ။ ဝေ၊ဤသို့။ ဝါ၊ ယခုသွန်သင်ဆုံးမ နည်းလမ်း ပြခဲ့သည့်အတိုင်းသာ။ လဒ္ဓသမ္ပတ်ကာ၊ ရအပ် သော ပုစ္ဆက သမ္ပတ် ရှိကြကုန်သော ရဟန်းတော်တို့သည်။ တံ၊သင့်ကို။ ပုစ္ဆိဿန္တိ၊ ချေချေငံငံ မသွေလှန်ဘဲ ကောနစစ်ဆေး မေးမြန်းကြကုန်လိမ့်လတ္တံ့။ ဝေံပုစ္ဆန္တေသု၊ သော်။ ဝေမေဝ၊ ဤသို့ငါယခု သွန်သင်ဆုံးမ နည်းလမ်းပြခဲ့သည့် အတိုင်းသာ။ ဝတ္တာ၊ ရဲရဲတင်းတင်း ကြောက်စိတ်ကင်းလျက် ရှင်းလင်း ပြတ်သား လုံးစုံကြားအောင် လျှောက်ထားရမည်။

အာဝုသော နာဂ၊ အမောင်နာဂ။ မယာ၊ သည်။ (နှစ်ပါး သုံးပါးဖြစ်ခဲ့လျှင် 'အမှေဟိ၊တို့သည်' ဟုဆို) တယာ၊ သင်နှင့်

(နှစ်ပါး သုံးပါးဖြစ်ခဲ့လျှင် 'တူမှေဟိ၊ တို့နှင့်' ဟုဆို) သဟာ၊ အတူတကွ။ သံဃမဇ္ဈေ၊ သံဃ အလယ်သို့။ နဂန္ဓဇ်၊ မသွားကောင်းချေ။ တသ္မာ၊ကြောင့်။ တုံ၊သည်။ ဣဝေ၀၊ ဤ အရပ်၌သာ။ တိဋ္ဌာဟိ၊အဘ္ဘာနဉ္စတ် ပြီးဆုံးလတ်အောင် ဆိုင်းရပ်ငုံတော့ နေရစ်ပေဦးလော့။ တုံ၊သည်။ အာမန္ဒိတောယေ၀၊ အဘ္ဘာနဉ္စတ် မိန့်တော်မြတ်ဖြင့် ဆင့်ခေါ် အပ်သော်သာ။ အာဂစ္ဆာဟိ၊ လက်သည်းအပေါင်း လက်ဆယ် ချောင်းကို ဦးခေါင်းတင်ကာ ရှေးရှုလာခဲ့ရမည်။ ။ဤကား အပ၌ သွန်သင်ဆုံးမ နည်းလမ်းပြခြင်း ဆဋ္ဌကိစ္စပေတည်း။

မှတ်ချက်။ ။အနုသာသန ကိစ္စဟူသည် သံဃအလယ်၌ ပုဏ္ဏကသမ္မုတိရသော ရဟန်းတော်တို့ မေးမြန်းမည့် စကားကို မေးမြန်းသည့်အခါ ရေရေလည်လည် နူးနူးနပ်နပ် လျှောက်ထားတတ်ဘို့ အပသို့ထုတ်၍ "သည်ပုံ မေးလိမ့်မည် သည်ပုံမေးလျှင် ဟုတ်မှန်ရာကို လျှောက်ထားလေ"ဟု သွန်သင် ဆုံးမ နည်းလမ်း ပြသော အရာမျှသာ ဖြစ်ပေသည်၊ ပဋ္ဌင်းလောင်းက "နတ္ထိ ဘန္တေ၊ အာမဘန္တေ" စသော ဖြေပုဒ်တို့ကို လျှောက်ထားရမည့် အရာပင် မဟုတ်သေး မေးခဏ်း,ဖြေခဏ်းပင် မဟုတ်သေး ဟူလို။

အပ၌ မေးခဏ်း, ဖြေခဏ်း မဟုတ်သေးကြောင်း ကိုလည်း အနုသာသနဉ္စတ်၌ "အနုသာသေယ္ယုံ" ဟူသော

ပါ၌ "သံဃမဏ္ဍ ပုစ္ဆန္တေ" ဟူသော လက္ခဏာပါ၌ "ပုစ္ဆိဿန္တိ" ဟူသော အနာဂတ်ပါ၌တို့ကို ထောက်ကြည့်လျှင် သိနိုင်ပေ၏၊ အနုသာသက သမ္မုတိကိုသာ ရ၍ ပုစ္ဆကသမ္မုတိကိုပင် ရသေးသည် မဟုတ်ပေ၊ ပုစ္ဆကသမ္မုတိရမှ မေးနိုင်ပေမည်၊ အမေးရှိမှလည်းအဖြေရှိနိုင်ပေမည်၊ သို့ဖြစ်သောကြောင့် ဤအနုသာသနခဏ်း ဟူသည်ကား သံဃအလယ်သို့ရောက်ကနှုးနှုးနပ်နပ်လျှောက်ထားတတ်အောင်သာ သွန်သင်ဆုံးမ နည်းလမ်းပြရသော အရာမျှသာ ကေန်ဖြစ်ပေ၏။

သို့ဖြစ်ပေ၍ အနုသာသနခဏ်း ဖြစ်သည်နှင့်အညီ "နတ္ထိ ဘန္တေ" ငါးပုဒ်၊ "အာမ ဘန္တေ" ရှစ်ပုဒ်၊ "အဟံဘန္တေ နာဂေါနာမ" တပုဒ်၊ "ဥပဇ္ဈာယောမေ ဘန္တေ အာယသ္မာ တိသ္သတ္ထေရောနာမ" တပုဒ်၊ ဤဝိဿဇ္ဇနာ တဆယ့်ငါးပုဒ်တို့ကို အနုသာသနခဏ်းပေါ်အောင် "သန္တံ အတ္ထိ တိ ဝတ္တဗ္ဗံ။ အသန္တံ နတ္ထိတိဝတ္တဗ္ဗံ" ဟူသောပါဠိတို့ကို ထောက်ထားနှိုင်းချိန်၍ အပြန်, အလှန် အနှယ, ဗျတိရေကနှင့် ရေးလိုက်ပေ၏၊ သို့ရေးအပ်ပြီးသော ဝိဿဇ္ဇနာ တဆယ့်ငါးပုဒ် တို့သည် ပါဠိတော်မှာ မရှိသော်လည်း သံဃ အလယ်သို့ရောက်က သည်ပုံ မေးခဲ့လျှင် သည်ပုံ လျှောက်ထားရမည် ဟု သမ္မုတိရ အနုသာသကရဟန်း

တော်က သင်ပြရသောအရာဖြစ်ပေ၍ အနုလောမချည်း သာ ဖြစ်ပေကုန်၏။

ဝိဿဇ္ဇနာ တဆယ့် ၀ါးပုဒ် ဟူရာ၌ကား "သန္တိ တေ ဝေရူပါ အာဗာဓာ-ကုဋ္ဌံ, ဂဏ္ဍာ, ကိလာသော, သောသော, အပမာရော" ဟူသော မေးခွန်းပုစ္ဆာမှာ "ဝေရူပါ အာဗာဓာ" ဟူသောပုဒ်သည် သင်္ချာအရာ၌ တည်သော သရူပဝန္တ, သမူဟ, သာမည ပုဒ်ပေတည်း၊ "ကုဋ္ဌံ" စသော နောက် ၀ါးပုဒ်တို့ကား သခ်ေါ်ယျအရာ၌ တည်သော သရူပ, သမူဟီ, ဝိသေသပုဒ်တို့ပေတည်း။

သို့ဖြစ်၍ သာမညပုဒ်ကို မေးခွန်းလုပ်၍ သာမညပုဒ်ကို အနုသာသနခဏ်းလုပ်လိုလျှင် (တေ၊ ၏။ သရီရေ၊ ၌။ ကုဋ္ဌံ၊လည်းကောင်း။ (ပ)အပမာရော၊လည်းကောင်း။ ဣတိဝေရူပါ၊ ကုန်သော။ အာဗာဓာ၊ တို့သည်။ သန္တိ၊ ကုန်သလော။ ဣတိဝေံ၊ သို့။ ပုစ္ဆိသန္တိ၊ ကုန်လိမ့်လတ္တံ့။ ဝေံပုစ္ဆန္တေသု၊ ကုန်သော်။ တေ၊ ၏။ သရီရေ၊ ၌။ ဝေရူပါ၊ ကုန်သော။ အာဗာဓာ၊ တို့သည်။ သစေ သန္တိ၊ အကယ်၍ ရှိကုန်အုံ့။ ဝေံသန္တေသု၊ ကုန်သော်။ သန္တိ ဘန္တေတိ၊ သန္တိ ဘန္တေဟူ၍။ ဝါ၊ ဤသို့သဘောရှိသော အနာဆိုးတို့သည် ရှိပါကုန်၏ ဟူ၍။ ဝတ္တဗ္ဗံ၊ လေ။ တေ၊ ၏။ သရီရေ၊ ၌။ ဝေရူပါ၊ ကုန်သော။ အာဗာဓာ၊ တို့သည်။ သစေ နသန္တိ၊ အကယ်၍မရှိကုန်အုံ့။ ဝေံအသန္တေသု၊ ကုန်သော်။

နသန္တိ ဘန္တေကိ၊ နသန္တိ ဘန္တေဟူ၍။ ဝတ္ထုဒ္ဒံ၊ ၎)။ ဤသို့ဆိုရမည် ဤသို့ သာမညပုဒ်ကိုသာ ၎မေးခွန်းလုပ်လျှင် မေးခွန်းပုစ္ဆာ, ဝိဿဇ္ဇနာ တဆယ့်တစ်သာ ဖြစ်သင့်၏။

အထက် ပုစ္ဆာခဏ်းဌ်လည်း ပုစ္ဆာ တဆယ့်တစ်ကိုသာ အသုံးပြုရမည်၊ သာမညပုဒ်ကို မေးခွန်းလုပ်၍ ဝိသေသ ပုဒ်ကိုအနုသာသနခဏ်း လုပ်ရာဌ်လည်း သာလွန်၍ပင် ထင်ရှား သိသာသည်ဖြစ်၍ အပြစ် မတင်ထိုက်ပေ၊ ၎င်းနည်းကိုကား အောက်က ရေးခဲ့သည့်အတိုင်း မှတ်ရမည်၊ အထက် ပုစ္ဆာခဏ်းဌ်လည်း အောက်ကနည်းအတိုင်း တဆယ့်ငါးပုစ္ဆာ ရေးရလိမ့်မည်။

၇။ ဟတ္ထပါသဗ္ဗာန ဥ တ္တိတ္ထပနကိစ္စ သံဃအလယ် ဟတ္ထပါသ်သို့ခေါ်ရန် ဥ တ်ထားခြင်း သတ္တမကိစ္စ

သုဏာတု မေ ဘန္တေ သံဃော။ နာဂေါ အာယသ္မ တော တိဿသ္သ ဥပသမ္ပဒါပေက္ခော၊ အနုသိဋ္ဌော သော မယာ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ နာဂေါ အာဂစ္ဆေယ္ယ။

ဤကား သံဃအလယ် ဟတ္ထပါသ်သို့ခေါ်ရန် ဥ တ်ထားခြင်း သတ္တမကိစ္စပေတည်း။

မှတ်ချက်။ ။"အာဂန္တုဘိတိ ဝတ္တေဒေါ"ဟု နောက်ဆက်တွဲပါ လာသော ပုဒ်ကား- လာခဲ့ဟု ခေါ်ပုံ အစိအရင်ကို ပြကြောင်း ပုဒ်သာတည်း။ ထို့ကြောင့် ဥတ်ထည်းသို့ သွင်းဘာသ်ရန်မလို။

ဘန္တေ၊ တို့။ သံဃော၊ သည်။ မေ၏။ဝစနံ၊ကို။ သုဏာတု၊ လော့။ နာဂေါ၊ သည်။ အာယသ္မတော တိဿသ၊ အား။ ဥပသမ္မဒါပေကွော၊ ၏။ သောနာဂေါ၊ ကို။ မယာ၊ သည်။ အနုသိဋ္ဌော၊ သွန်သင်ဆုံးမ နည်းလမ်းပြအပ်ပါပြီ။ သံဃသ၊ ၏။ ကမ္မံ၊ အဗ္ဘာနသမ္မုတိကံသည်။ ပတ္တကလ္လံ၊ သည်။ ယဒိ သိယာ၊ အုံ။ ဧဝံသတိ၊ သော်။ နာဂေါ၊ သည်။ အာဂစ္ဆေယ္ယ၊ လာရာ၏။

၈။ အာယာစနကိစ္စ ပဋ္ဌင်းအဖြစ်ကို
တောင်းပန်ခြင်း အဌမကိစ္စ

သံဃံ ဘန္တေ ဥပသမ္ပဒံ ယာစာမိ၊ ဥလ္လုမ္ပတုမံ
ဘန္တေ သံဃော အနုကမ္ပံ ဥပါဒါယ။
ဒုတိယမ္ပိ ဘန္တေ သံဃံ၊ (ပ) ဥပါဒါယ။
တတိယမ္ပိ ဘန္တေ သံဃံ၊ (ပ)ဥပါဒါယ။

ဘန္တေ၊ အသျှင်ဘုရားတို့။ အဟံ၊ အကျွန်ုပ်သည်။ သံဃံ၊ သံဃာတော်ကို။ဥပသမ္ပဒံ၊ လောကိယသမ္ပဒါတို့ထက် အထက် တန်းကျသော စတုပါရိသုဒ္ဓိသီလနှင့် ပြည့်စုံခြင်းဟူသော ရဟန်းပဋ္ဌင်းအဖြစ်ကို။ ယာစာမိ၊ တောင်းပန်ပါ၏။ ဘန္တေ၊

တို့။ သံဃော၊ သည်။ မံ၊ အကျွန်ုပ်ကို။ အနုကမ္ပံ၊ အစဉ် သနားသည်ကို။ ဥပါဒါယ၊ စွဲ၍။ ဝါ၊ အကြောင်းပြု၍။ ဥလ္လုမ္ပတု၊ သံသရာနယ်စပ် အပါယ်ရပ်မှ ပယ်ဖြတ်တဏှာ ကိလေသာ၏ အေးရာအမှန် ပြည်နိဗ္ဗာန်သို့ စိတ်သန်အားတက် သနားဘက်လျက် လုယက်ကယ်တင်တော်မူပါလော့။

ဘန္တေ၊ တို့။ အဟံ၊ သည်။ဒုတိယမို့၊နှစ်ကြိမ်မြောက်လည်း။ သံဃံ၊ ကို။ ဥပသမ္ပဒံ၊ ကို။ (ပ)ဥလ္လုမ္ပတု၊ အကုသိုလ်ညစ်ကြေး အပြစ်ဘေးမှ ကင်းဝေးစင်ကြယ် ကုသိုလ်နယ်သို့ ကယ်တင်လုယက်တော်မူပါလော့။

ဘန္တေ၊တို့။ အဟံ၊ သည်။ တတိယမို့၊ သုံးကြိမ်မြောက်လည်း။ သံဃံ၊ ကို။ ဥပသမ္ပဒံ၊ကို။ (ပ)ဥလ္လုမ္ပတု၊ သာမဏေဖြစ်ရာ ဆယ်သိက္ခာမှ နှစ်ရာ့နှစ်ဆယ် ခုနှစ်သွယ်ကို ကိုယ်ဝယ်ဆင်မြန်း ဝန်ကြီးထမ်းသည့် ရဟန်းဘဝ ဒုလ္လဘကို မ-စ လုယက် ကြိုးအားတက်လျက် ဆက်ဆက်ကယ်တင်တော်မူပါလော့။ ။ဤကား ပဋ္ဌင်းအဖြစ်ကို တောင်းပန်ခြင်း အဌမ ကိစ္စပေတည်း။

၉။ ပုဏ္ဏာဥ တိုတ္ထပနကိစ္စ ပုဏ္ဏာဥ တ်ထားခြင်း နဝမကိစ္စ

သုဏာတု မေ ဘန္တေ သံဃော! အယံ နာဂေါ အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခော၊ ယဒိ

သံဃသ ပတ္တကလ္လံ။ အဟံ နာဂံ အန္တရာယိကေ ဓမ္မေ ပုစ္ဆယျံ။

ဤကား ပုစ္ဆာဥတ်ထားခြင်း နဝမကိစ္စပေတည်း။

ဘန္တေ၊ တို့။ သံဃော၊ သည်။ မေ၊ ၏။ ဝစနံ၊ ကို။ သုဏာတု၊ လော့။ အယံ နာဂေါ၊ သည်။ အာယသ္မတော တိဿဿ၊ အား။ ဥပသမ္ပဒါပေက္ခော၊ ၏။ သံဃဿ၊ သံဃာ၏ ပုစ္ဆာဥတ္တိသမ္မုတိကံသည်။ ။(အတ္ထာတိသယနည်း)။ ပတ္တကလ္လံ၊ သည်။ ယဒိသိယာ၊ အုံ့။ ဧဝံသတိ၊ သော်။ အဟံ၊ သည်။ နာဂံ၊ ကို။ အန္တရာယိကေ၊ ပဉ္စင်းအဖြစ်၏ အန္တရာယ်, သံဃာတော် အား အာပတ်သင့်ခြင်းဟူသော အန္တရာယ်ကို ပြုတတ်ကုန်သော။ ဓမ္မေ၊ တရားတို့ကို။ ပုစ္ဆယျ၊ မေးပေအုံ့။

၁၀။ ပုစ္ဆနကိစ္စအန္တရာယိက ဓမ္မတို့ကို မေးမြန်းခြင်း ဒသမကိစ္စ

(ဤပုစ္ဆာခဏ်းဌ် ပုဒ်နက် စုံရုံသာ ရေးတော့အုံ့)

နာဂ၊ မောင်နာဂ။တုံ့၊ သည်။ သုဏာသိ၊ နှားစေ့စေ့ထောင်။ အယံကာလော၊ သည်။ တေ၊ ၏။ သစ္စာကာလော၊ တည်း။ ဘူတကာလော၊ တည်း။ ယံ၊ အကြင်အန္တရာယ်ရှိ, မရှိသော သည်။ ဇာတံ၊ သင့်သန္တာန်မှာ အမှန်ဖြစ်အုံ့။ တံ၊ ထိုရှိရှိသမျှ သဘာဝကို။ပုစ္ဆာမိ၊ အာပတ်ညစ်ကြေး အပြစ်ဝေးဘို့ စစ်ဆေး မေးမြန်းပါ၏။ ဝါ၊ မေးမြန်းရလိမ့်အုံ့။ သန္တံ၊ အကယ်ကေန်

ရှိသည်မှန်လျှင်။ ဝါ၊ ရှိရှိသမျှ သဘာဝကို။ အတ္တိတိ၊ အတ္ထိ ဟူ၍။ ဝါ၊ ရှိပါပေသည်ဘုရားဟူ၍။ ဝတ္တေ့ဒ္ဓံ၊ တည့်တည့် မတ်မတ် မလှည့်ပတ်ဘဲ လျှောက်ထားအပ် လျှောက်ထား ထိုက်ပေသည်။ အသန္တံ၊ အကယ်ကေန် မရှိသည်မှန်လျှင်။ နတ္ထိတိ၊ နတ္ထိဟူ၍။ ဝါ၊ မရှိပါဘုရားဟူ၍။ ဝတ္တေ့ဒ္ဓံ၊ ဖြောင့် ဖြောင့်မတ်မတ် လျှောက်အပ် လျှောက်ထိုက်ပေသည်။ တေ၊ ၏။ သရီရေ၊ ဌ။ ဝေရူပါ၊ ကုန်သော။ အာဗာဓာ၊ မင့်မကွက် ကိုယ်လုံးပေါက်အောင် နှိပ်စက်တတ်သော အနာဆိုးတို့သည်။ သန္တိ၊ ရှိကုန်သလော။

တေ၊၏။ သရီရေ၊ ဌ။ ကုဋ္ဌံ၊ နှုနာသည်။ အတ္ထိ၊ ရှိသလော။

နတ္ထိ ဘန္တေ။ ။ဘန္တေ၊ရား။ မေ၊၏။ သရီရေ၊ဌ။ ကုဋ္ဌံ၊နှုနာ သည်။ နတ္ထိ၊မရှိပါဘုရား။

တေ၊ ၏။ သရီရေ၊ ဌ။ ဂဏ္ဍာ၊ မြင်းဖုအနာ အိုင်းအမာ သည်။ အတ္ထိ၊ လော။

နတ္ထိဘန္တေ။ ။ဘန္တေ၊ ရား။ မေ၊ ၏။ သရီရေ၊ ဌ။ ဂဏ္ဍာ၊ သည်။ နတ္ထိ၊ မရှိပါဘုရား။

တေ၊၏။ သရီရေ၊ ဌ။ ကိလာသော၊ တင်းထိပ် ပွေးညှင်း ခရုသင်းနာသည်။အတ္ထိ၊လော။

နတ္ထိဘန္တေ။ ။ဘန္တေ၊ရား။ မေ၊၏။ သရီရေ၊ဌ။ ကိလာ သော၊ သည်။ နတ္ထိ၊ဘုရား။

ဒုန္ဓာသယ ၃၉၂-၆

တောဲ၏။ သရီရေ၊ ဌ္ဌ။ သောသော၊ ခယရုဂ်ချောင်းဆိုး ပန်းနာမျိုးသည်။ ဝါ၊ ချောင်းဆိုးသွေးပါ အနာမျိုးသည်။ အတ္ထိ၊လော။

နတ္ထိ ဘန္တေ။ ။ဘန္တေ၊ ရှုး။ မေ၏။ သရီရော်ဌ္ဌ။ သော သော၊ သည်။ ဝါ၊သည်။ နတ္ထိ၊ဘုရှုး။

တောဲ၏။ သရီရော်ဌ္ဌ။ အပမာရော၊ သတိမေ့မှုး တ္ဌန့်တ္ဌန့်လှုး ရသည့် ဝက်ရှုးစသော အနာမျိုးသည်။ အတ္ထိ၊လော။

နတ္ထိ ဘန္တေ။ ။ဘန္တေ၊ ရှုး။ မေ၏။ သရီရော်ဌ္ဌ။ အပမာ ရောသည်။ နတ္ထိ၊ဘုရှုး။

တ္ဌံ၊ သည်။ မနုဿော၊ လူဇာတ်ကေန် လူဟုတ်မှန်သည်။ အသိ၊ ဟုတ်ပါ၏လော။

အာမ ဘန္တေ။ ။ဘန္တေ၊ ရှုး။ အဟံ၊ သည်။ မနုဿော၊ သည်။ အာမ အမှိ၊ ဟုတ်ပါ၏ဘုရှုး။

တ္ဌံ၊ သည်။ ပုရိသော၊ ယောကျ်ားစင်စစ်သည်။ အသိ၊ ဟုတ်ပါ၏လော။

အာမ ဘန္တေ။ ။ဘန္တေ၊ ရှုး။ အဟံ၊ သည်။ ပုရိသော၊ သည်။ အာမ အမှိ၊ ဟုတ်ပါ၏ဘုရှုး။

တ္ဌံ၊သည်။ ဘုဇီသော၊ ကိုယ့်လက်အသွင် ကိုယ်ပင်ကိုယ်ရှင် ကိုယ်သခင်သည်။ အသိ၊လော။

အာမ ဘန္တေ။ ။ဘန္တေ၊ရှုး။ အဟံ၊ သည်။ ဘုဇီသော၊ သည်။ အာမ အမှိ၊ ဘုရှုး။

တ္ဌံ၊ သည်။ အနဏော၊ ကြေးမြိမတင် သန့်ရှင်းစင်သည်။ အသိ၊ လော။

အာမ ဘန္တေ။ ။ဘန္တေ၊ ရား။ အဟံ၊ သည်။ အနဏော၊ သည်။ အာမ အမှိ၊ ဘုရား။

တ္ဌံ၊သည်။ ရာဇဘဋ္ဌော၊မင်းထံခစား မင်းချင်းယောကျား သည်။ နအသိ၊ မဟုတ်မှန်ဘဲ ရှိပါ၏လော။

အာမ ဘန္တေ။ ။ဘန္တေ၊ရား။ အဟံ၊ သည်။ ရာဇဘဋ္ဌော' သည်။ အာမ နအမှိ၊ မဟုတ်မှန်ပါဘုရား။

တ္ဌံ၊သည်။ ဝါ၊ကို။ မာတာပိတူဟိ၊မွေးမိဘခင် ကျေးဇူးရှင် တို့သည်။ အနုညာတော၊ အနှုးအညွှတ် ခွင့်လွှတ်အပ်သည်။ အသိ၊လော။

အာမ ဘန္တေ။ ။ဘန္တေ၊ ရား။ အဟံ၊ သည်။ ဝါ၊ကို။ မာတာပိတူဟိ၊ တို့သည်။ အနုညာတော၊ သည်။ အာမ အမှိ၊ ဘုရား။

တ္ဌံ၊သည်။ ပရိပုဏ္ဏဝိသတိဝဿော၊ အနှစ်နှစ်ဆယ် ပြည့်ဖြိုး ကြွယ်သည်။ အသိ၊လော။

အာမ ဘန္တေ။ ။ဘန္တေ၊ ရား။ အဟံ၊ သည်။ ပရိပုဏ္ဏ ဝိသတိဝဿော၊ သည်။ အာမ အမှိ၊ ဘုရား။

တော၊သင့်အား။ ဝါ၊သင့်မှာ။ ပတ္တစီဝရံ၊ သပိတ်, သင်္ကန်း သည်။ ပရိပုဏ္ဏံ၊ ပြည့်စုံပြီလော။

အာမ ဘန္တေ။ ။ဘန္တေ၊ရား။ မေ၊ အား။ ဝါ၊ မှာ။ ပတ္တ စီဝရံ၊ သည်။ အာမ ပရိပုဏ္ဏံ၊ ပြည့်စုံပါပြီဘုရား။

တုံ၊ သည်။ ကိုံ နာမေ၊ အဘယ်အမည်ရှိသည်။ အသိ၊ ဖြစ်သနည်း။

အဟံ ဘန္တေ နာဂေါနာမ။ ။ဘန္တေ၊ ရား။ အဟံ၊သည်။ နာဂေါနာမ၊ နာဂ အမည်ရှိသည်။ အမှိ၊ ဖြစ်ပါ၏ဘုရား။

တေ၊ ၏။ ဥပဇ္ဈာယော၊ ကြီးငယ်နှစ်ပါး အပြစ်မျှားကို ပယ်ရှားစေမှု ဝန်ကြီးပြုလျက် ကပ်၍ရှုပေမည့် ဥပဇ္ဈယ်ဆရာ တော်သည်။ ကောနာမေ၊ အဘယ်အမည်ရှိသနည်း။

ဥပဇ္ဈာယော မေ ဘန္တေ အာယသ္မာ တိသ္သတ္ထေရော နာမ။ ။ဘန္တေ၊ရား။ မေ၊ ၏။ ဥပဇ္ဈာယောသည်။ အာယသ္မာ တိသ္သတ္ထေရောနာမ၊ကရုဏာမိုယ်းရေ ရှာဖြိုးစေ့လျက် ကိုးထွေ အင်္ဂါ သာသနာ၌ လွန်စွာအားထုတ် မတွန့်ဆုတ်ဘဲ လောကုတ် လောကီ ကျိုးနှစ်လီကို ကိုယ်စီကိုယ်စီ လက်ရှိရအောင် မစ နှိုးဆော် တန်ခိုးတော်ဖြင့် မိုးပေါ်ဘဝင် ဘုံအထက်သို့ ပျံတက်ကိုတို့ ကျော်စောခြင်း ရှိတော်မူသော အသျှင်တိသ ထေရ် အမည်ရှိပါ၏ဘုရား။

ဝေ ကတ္ဌာပ အန္တရုယက ဓမ္မာနုသာသန ပုစ္ဆန ကာလေသု ကိန္နာမောသိ၊ အဟံ ဘန္တေ နာဂေါ နာမ၊ကော နာမော တေ ဥပဇ္ဈာယော၊ ဥပဇ္ဈာယော မေ တိသ္သော နာမ၊တိအာဒိနာ ဝိညာပေန္တန ဥဘိန္နမ္ပိ

စိတ္တေ မမေဒံ နာမန္တိ ယထာ သညာ ဥပ္ပဇ္ဇတိ၊ ဧဝံ ဝိညာဏေတဗ္ဗံ။

ဟူသော ဝိမတိဝိနောဒနီ ဋီကာပါဠိအရ သိနားလည်အောင် ပြောပြလိုက်အုံ၊ အနုသာသက ဥတ်မထားမီ ရှေးမဆုက ပဋ္ဌင်းလောင်းကို နာဂ၊ ဥပဇ္ဈာယ်ကို တိဿ ဟု မှည့်ခဲ့သည့် အတိုင်း ငါ့သျှင်သည် အဘယ်အမည်ရှိသနည်း၊ငါ့သျှင်၏ ဥပဇ္ဈာယ် ဆရာသည် အဘယ် အမည်ရှိသနည်းဟု မေးရာ၊ အကျွန်ုပ်သည် နာဂ အမည်ရှိပါ၏၊အကျွန်ုပ်၏ ဥပဇ္ဈာယ်ဆရာသည် အသျှင်တိဿအမည်ရှိပါ၏ဟု လျှောက်ထားပြောဆိုခဲ့၏ ငါ့သျှင် လျှောက်ထား ပြောဆိုသည့်အတိုင်း နာဂေါ, နာဂံ နာဂဿ ဟူ၍ ကမ္မဝါစာဘာသ်သည့်အခါ ငါ၏ အမည်ဟူ၍ မြဲမြံစွာ သတိထား၍မှတ်၊ အာယသ္မတော တိဿဿ, အာယသ္မတာ တိဿေန ဟူ၍ ကမ္မဝါစာဘာသ်သည့်အခါ ငါ၏ ဥပဇ္ဈာယ်ဆရာ အမည်ဟူ၍ မြဲမြံစွာသတိထား၍မှတ်၊ဥပဇ္ဈာယ်ဆရာတော်ဘုရားကြီးကလည်း ဤနည်းအတိုင်း မှတ်တော်မူပါဘုရား။

မှတ်ချက်။ ။အခ္ခါကား ဆောင်ပြအပ်ပြီးသော ဝိမတိဋီကာပါဠိကို ထောက်၍ ဤအရာ၌တိဿ,နာဂဟူသော အမည်ကို မှည့်တတ်ကြ၏၊ အနုသာသက သမ္မုတိဥ တ် မထားမီ ကာလကပင် အမည်မှည့်ခဲ့ပြီးဖြစ်၍ အမည်မှည့်ရန် မလိုတော့ပြီ၊ အကယ်၍ မှည့်ခဲ့အုံ၊ ကံပျက်မပျက် စဉ်းစားရန်

မလို၊ ကျမ်းဆရာ၏ အာဘော်ကျ,မကျ ကိုသာ စဉ်းစား ရန် လိုပေလိမ့်မည်၊ သို့မဟုတ် အနုသာသက သမ္မုတိဥ္စ တ် မထားမီက အမည်မမှည့်ခဲ့ရသေးသည်အတွက် ပုဏ္ဏကိစ္စ ၏ အဆုံးဌ် အမည်မှည့်ရပါသည်ဟူခဲ့အုံ၊ အနုသာသက သမ္မုတိဥ္စ.တ် စသည်မျှားဌ် နာဂ,တိဿဟု ဘာသ်ခဲ့ခြင်း သည် ခုတ်ရာတပါး ရှရာတခြားကဲ့သို့ ဖြစ်ပေရာ၏။

ဤကား အန္ဓရာယိကဓမ္မတို့ကို မေးမြန်းခြင်း ဒသမ ကိစ္စပေတည်း။

မှတ်ချက်။ ။ဤ ပုဗ္ဗကိစ္စ ဆယ်ပါးတို့တွင် ဥပဇ္ဈာယဒါနကိစ္စ, ဗဟိနိဟရဏကိစ္စနှစ်ပါးကား ဝိမတိဋ္ဌိကာဌ်မပါ၊ ရှစ်ပါး သာလာ၏။ အကြောင်းကား ဥပဇ္ဈာယဒါန ကိစ္စ၏ ဥပဇ္ဈာ ယဝုဟာဏကိစ္စဌ်၊ ဗဟိနိဟရဏကိစ္စ၏ အနုသာသကသမ္မုတိ ဥ.တ္တိဌာပနကိစ္စဌ် ပါဝင်သောကြောင့်တည်း။

ပုဗ္ဗကိစ္စဆယ်ပါး ပြီး၏။

အထူးမှတ်ချက်။ ။ဆိုအပ်လတ္တံ့ သော ပဓာနကိစ္စဟူသော ဥ.တ္တိစတုတ္ထကမ္မဝါစာ သာသနကိစ္စကို ရှက်ဆောင် ဘာသ်ရှတ်လိုသော ပုဂ္ဂိုလ်သည်ဌာန်, ကရိုဏ်း, ပယတ်, ဗျဥ္ဇနဗုဒ္ဓိတို့ကို ကျကျနန်ဘာသ်ပို့, ရှုတပို့, ပဓပို့, ဖွဲ့ပို့, ဖြတ်ပို့, စပ်ပုံအစီအရင်နှင့်တကွ ကိုယ်တိုင် သင်ကြား လေ့လာဘူးသောသူ၊ ကိုယ်တိုင်ပင်မသင်ရလျင်းမူလည်း ဆရာကောင်းတို့ထံမှ ဘာသ်ပို့, ရှတ်ပုံကို နေရာတကျ

နားလည်အောင်နာခံမှတ်သားဘူးသောသူ ဖြစ်မှသာ။ ။ ဗျတ္တေန ဘိက္ခုနာ ပဋိပလေန သံဃော ဥာပေဟဇ္ဇော။ ။ ဟူသော အမိန့်တော်နှင့် ညီနိုင်ချိမ့်မည်၊ သို့မဟုတ်ဘဲ ကမ္မဝါစာ စာလုံးကို သိတတ်ရုံ, ဘာသ်တတ်ရုံမျှဖြင့် ပြအပ်ပြီးသော အမိန့်တော်မြတ်နှင့် ညီနိုင်ဘို့ရန် ခက်ခဲပေ၏၊ သို့ဗျတ္တပဋိပလ မဟုတ်ဘဲလျက် ကမ္မဝါစာ ဘာသ်ပြန်လျင်လည်း ပဋ္ဌင်းဖြစ်ဘို့ရန် အလွန်ပင်ခဲယဉ်းနေလိမ့်မည်။

သို့ဖြစ်ပေ၍ သာသနာတော်ထမ်း ရဟန်းတော်တို့ပင် ဌာန်, ကရိဏီး, ပယတ်, ဗျဥ္ဇနဗုဒ္ဓိတို့ကို နည်းလမ်းမှန်မှန် ဘာသ်တတ်, ရွတ်တတ်ရှိ၍ ဗျတ္တ, ပဋိပလဖြစ်အောင် ကြိုးကြိုးကုတ်ကုတ် မတွန့်ဆုတ်ဘဲ အားထုတ်၍ သင်ထိုက်လှပေ၏၊ ဆောင်အပ်ပြီးသော အမိန့်တော်မြတ်နှင့် ညီအောင် ဗျတ္တိ, သတ္တိ နှစ်ပါးစုံရှိ၍ ဗျတ္တ, ပဋိပလဟု ဆိုထိုက်သော ကမ္မဝါစာပါဌက ဝိနည်းဓိုရ်သည်လည်း မြင်းမိုရ်တောင်ကြီးကို ရှေ့ပြောင်းရမတတ် စဉ်းစဉ်းစား စား သတိထားလျက် ပြတ်သားပြီသ နည်းမှန်ကျ၍ သမန္တဘဒ္ဒက ပရိမဏ္ဍလဖြစ်အောင် လွန်စွာအားစိုက်၍ ဘာသ်သင်လှပေ၏၊ ပြီးမှပြီးစေတော့ဟု ကတိုက်ကရိုက် အပြေးအလွှား မဘာသ် ထိုက်ပေ၊ သတိပြုရန် အလွန် အရေးကြီးသောအချက်တည်း။

၁၁။ ဥ၊တ္တိစတုတ္ထကမ္မဝါစာ ဘာသနကိစ္စ ဥ,တ္တိစတုတ္ထ ကမ္မဝါစာကို ဘာသ်ာ်ရှတ်ခြင်း ပဓာနကိစ္စ ဟူသော ကောဒသမကိစ္စ

သုဏာတု မေ ဘန္တေ သံ၀ေ၀ေ။ အယံ နာ၀ေါ အာ ယသ္မတော တိဿဿ ဥပသမ္ပဒါ ပေက္ခော။ပရိသုဒ္ဓေါ အန္တရာယိကေဟိ ဓမ္မေဟိ၊ ပရိပုဏ္ဏဿ ပတ္တစီ၀ရံ၊ နာ၀ေါ သံ၀ံ ဥပသမ္ပဒံ ယာစတိ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန။ ယဒိ သံ၀ဿ ပတ္တကလ္လံ။ သံ၀ေ၀ နာ၀ံ ဥပသမ္ပာဒေယျ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန။ သော ဥ တ္တိ။

သုဏာတု မေ ဘန္တေ သံ၀ေ၀။ အယံ နာ၀ေါ အာယသ္မတော တိဿဿ ဥပသမ္ပဒါ ပေက္ခော။ ပရိသုဒ္ဓေါ အန္တရာယိကေဟိ ဓမ္မေဟိ၊ ပရိပုဏ္ဏဿ ပတ္တစီ၀ရံ၊ နာ၀ေါ သံ၀ံ ဥပသမ္ပဒံ ယာစတိ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ သံ၀ေ၀ နာ၀ံ ဥပသမ္ပာဒေတိ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန။ယဿာ ယသ္မတော ခမတိ နာ၀ဿ ဥပသမ္ပဒါ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန။ သော တုဏ္ဍိဿ။ ယဿ နက္ခမတိ။ သော ဘာ၀ေယျ။

ဒုတိယမ္ပိ တေမတ္တံ ၀ဒါမိ။ ။သုဏာတု မေ ဘန္တေ သံ၀ေ၀။ (၀) သော ဘာ၀ေယျ။

တတိယမ္ပိ တေမတ္ထံ ဝဒါမိ။ ။သုဏာတု မေ ဘန္တေ သံဃော။ (၀) သော ဘာသေယျ။ ဥပသမ္ပဒေနာသံဃေန နာဂေါ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန။ ခမတိ သံဃဿ။ တသ္မာ တုဏ္ဍီ၊ ဧवံ မေတံ ဓာရယာမိ။

ဥပသမ္ပဒကပ္ပံ နိဋ္ဌိတံ။

ဤကား ဥတ္တိစတုတ္ထ ကမ္မဝါစာ ဘာသာ်ရွတ်ခြင်း ပဝေသ ကိစ္စဟူသော ဧကာဒသမ ကိစ္စပေတည်း။

ဘန္တေ၊ အသျှင်ဘုရားတို့။ သံဃော၊ သည်။ မေ၊ ၏။ ဝစနံ၊ ကို။ သုဏာတု၊ လော့။ အယံ နာဂေါ၊ ဤနာဂ အမည်ရှိသော ပဉ္စင်းလောင်းသည်။ အာယသ္မတော တိဿဿ၊ အသျှင်တိဿ အား။ ဥပသမ္ပဒါပေက္ခော၊ မြင့်မြတ်သော ပဉ္စင်းအဖြစ်သို့ ရောက်ခြင်းငှာ ရှင်ပါ၏။ အန္တရာယိကေဟိ၊ ပဉ္စင်းခံခြင်း၏ အန္တရာယ်, သံဃာတော် အပေါင်းအား အာပတ်သင့်ခြင်း ဟူသော အန္တရာယ်ကို်ပြုတတ်ကုန်သော။ ဓမ္မေဟိ၊ တရားတို့မှ။ ပရိသုဒ္ဓေါ၊ ပတ်လည်ဝန်းကျင် ကြေးမတင်ဘဲ ဖြူစင် သန့်ရှင်းပါပြီ။ အဿ နာဂဿ၊ ဤပဉ္စင်းလောင်းအား။ ပတ္တစီဝရံ၊ သည်။ ပရိပုဏ္ဏံ၊ ပြည့်စုံပါပြီ။ နာဂေါ၊ သည်။ သံဃံ၊ သံဃာတော်ကို။ အာယသ္မတာ တိဿေန၊ အသျှင် တိဿ အမည်ရှိသော။ ဥပဇ္ဈာယေန၊ ဥပဇ္झယ်ဖြင့်။ (ဥပသမ္ပဒံ၌ ကရိုဏ်းစပ်။

ဥပဇ္ဈာယေန ကရဏာဘူတေန။ ။ဝိမတိဌိကာ)။ တနည်း။ ဥပဇ္ဈာယေန၊ ဥပဇ္ဈာယ်ဖြစ်သော။ အာယသ္မတာ တိဿေန၊ အသျင် တိဿဖြင့်။ တနည်း။ အာယသ္မတာ တိဿေန၊ အသျင် တိဿကို။ ဥပဇ္ဈာယေန၊ ဥပဇ္ဈာယ်ကို။ ကတ္ဝာ၊ ပြု၍။ ဥပသမ္မဒံ၊ မြင့်မြတ်သော ပဋ္ဌင်းအဖြစ်သို့ ရောက်စေခြင်းကို။ ဝါ၊ ပဋ္ဌင်းခံခြင်းကို။ ယာစတိ၊ တောင်းပန်ခဲ့ပါ၏။ သံဃဿ၊ ၏။ ကမ္မံ၊ ဥပသမ္မဒကံသည်။ ပတ္တကလ္လံ၊ သည်။ ယဒိသ်ယာ၊ အံ့။ ဧဝံသတိ၊ သော်။ သံဃော၊ သည်။ နာဝံ၊ ကို။ အာယသ္မတာ တိဿေန၊ သော။ဥပဇ္ဈာယေန၊ ဖြင့်။ ဥပသမ္မာဒေယျ၊မြင့်မြတ်သော ပဋ္ဌင်းအဖြစ်သို့ ရောက်စေရာ၏။ ဝါ၊ ပဋ္ဌင်းခံပေးရာ၏။ သော၊ ဤသည်ကား။ ဥ တ္တိ၊ သံဃာတော်ကို သိစေခြင်းတည်း။ တနည်း။ ဥ တ္တိ၊ သံဃော ဉာပေတဗ္ဗော အရ သံဃာတော်ကို သိစေခြင်းသည်။ သော၊ ဤသည်ပင်တည်း။

ဘန္တေ၊ တို့။ သံဃော၊ သည်။ မေ၊ ၏။ ဝစနံ၊ ကို။ သုဏာတု၊ လော့။ အယံနာဂေါ၊ သည်။ အာယသ္မတောတိဿဿ၊ အား။ ဥပသမ္မဒါပေက္ခော၊ ၏။ အန္တရာယိကောဟိ၊ ကုန်သော။ ဓမ္မေဟိ၊ တို့မှ။ ပရိသုဒ္ဓေါ၊ပြီ။အာသ နာဂဿ၊အား။ ပတ္တစီဝရံ၊ သည်။ ပရိပုဏ္ဏံ၊ ပြီ။ နာဂေါ၊ သည်။ သံဃံ၊ ကို။ အာယသ္မတာ တိဿေန၊ သော။ ဥပဇ္ဈာယေန၊ဖြင့်။ ဥသမ္ပဒံ၊ကို။ ယာစတိ၊၏။ သံဃော၊ သည်။ နာဂံ၊ ကို။ အာယသ္မတာ တိဿေန၊ သော။

ဥပဇ္ဈာယေန၊ ဖြင့်။ ဥပသမ္ပဒေတိ၊ မြင့်မြတ်သောပဋိဉာဏ်းအဖြစ်သို့ ရောက်စေ၏။ ဝါ၊ ပဋိဉာဏ်းခံပေး၏။ ယသ အာယသ္မတော၊ အား။ နာဂသ၊ ကို။ အာယသ္မတာတိသေန၊ သော။ ဥပဇ္ဈာယေန၊ ဖြင့်။ ဥပသမ္ပဒါ၊ မြင့်မြတ်သောပဋိဉာဏ်းအဖြစ်သို့ ရောက်စေခြင်းသည်။ ဝါ၊ ပဋိဉာဏ်းခံပေးခြင်းသည်။ ခမတိ၊ မြဲနှက်အားရ၏။ (ဤကား ခမတိပုဒ်ကို ကတ္တား ဆိုသော ဆရာတို့အလိုတည်း)။ တနည်း၊ ယသ အာယသ္မတော၊ သည်။ နာဂသ၊ ကို။ အာယသ္မတာတိသေန၊ သော။ ဥပဇ္ဈာယေန၊ ဖြင့်။ ဥပသမ္ပဒါ၊ ကို။ ခမတိ၊ ကြိုက်နှစ်သက်အပ်၏။ (ဤကား ခမတိပုဒ်ကို ကံဆိုသော ဆရာတို့ အလိုတည်း။ ။မှတ်ချက်။ ဤနည်းအလို ခမ္မတိဟုဆိုလိုလျက် မ-တလုံးကို ချေထားသည်)။ နာဂသ၊ ကို။ အာယသ္မတာ တိသေန၊ သော။ ဥပဇ္ဈာယေန၊ ဖြင့်။ ဥပသမ္ပဒံ၊ ကို။ (အတ္ထဝသာ ဝိဘတ္တိ ဝိပရိဏာမော။ နကေဝလံ ဝိဘတ္တိ ဝိပရိဏာမောဝ။ အထဝေါ ပဒဝိပရိဏာမောပိ)။ ခမမာနော၊ ကြိုက်နှစ်သက်သော။သော အာယသ္မာ၊ သည်။ တုဏ္ဍီ၊ မဟယ်မချေ ဆိတ်ဆိတ်နေသည်။ အသ၊ ရှု၏။ ယသ အာယသ္မတော၊ သည်။ နာဂသ၊ ကို။ အာယသ္မတာ တိသေန၊ သော။ ဥပဇ္ဈာယေန၊ ဖြင့်။ ဥပသမ္ပဒါ၊ ကို။ (လိုက်ခဲ့)။ နက္ခမတိ၊ မကြိုက်မနှစ်သက်အပ်။နာဂသ၊ ကို။ အာယသ္မတာ တိသေန၊ သော။ ဥပဇ္ဈာယေန၊ ဖြင့်။ ဥပသမ္ပဒံ၊ ကို။ အက္ခမမာနော၊ မကြိုက်မနှစ်သက်သော။ သော

အာယသ္မာ၊ သည်။ ဘာသေယျ၊ ငါမြင်ကို်ုက် မနုစ်သက် ဟု ပြောဆိုရာ၏။

ဒုတိယမ့ဲ၊ နှစ်ကြိမ်မြောက်လည်း။ အဟံ၊ သည်။ တေမတ္ထံ၊ ဤအကြောင်းကို။ ဝဒါမိ၊ ဆိုပါ၏။ (ပ)။

တတိယမ့ဲ၊ သုံးကြိမ်မြောက်လည်း။ အဟံ၊ သည်။ တေမတ္ထံ၊ ကို။ ဝဒါမိ၊ ၏။ (ပ)။

သံဃေန၊ သည်။ နာဂေါ၊ ကို။ အာယသ္မတာ တိဿေန၊ သော။ ဥပဇ္ဈာယေန၊ ဖြင့်။ ဥပသမ္ပန္နော၊ မြင့်မြတ်သော ပဋ္ဌင်း အဖြစ်သို့ ရောက်စေ အပ်ပြီ။ ဝါ၊ ပဋ္ဌင်းခံပေးအပ်ပြီ။ ယသ္မာ၊ အကြင့်ကြောင့်။ (အနိယမထည့်) သံဃဿ၊သည်။နာဂဿ၊ကို။ အာယသ္မတာ တိဿေန၊သော။ ဥပဇ္ဈာယေန၊ဖြင့်။ ဥပသမ္ပဒါ၊ ကို။ (ဝိဘတ်ပုဒ်ပြင်၍လိုက်ခဲ့) ခမတိ၊ ကြိုက်နှစ်သက် အပ်၏။ တသ္မာ၊ ကြောင့်။ နာဂဿ၊ကို။အာယသ္မတာ တိဿေန၊သော။ ဥပဇ္ဈာယေန၊ဖြင့်။ ဥပသမ္ပဒံ၊ကို။ ခမမာနော၊သော။ သံဃော၊ သည်။ တုဏ္ဍီ၊ သုံးကြိမ် ဆက်ဆက် တိုက်တွန်း လျှက်လည်း မထွက်ဆင်ချေ ဆိတ်ဆိတ် နေသည်။ ဘဝတိ၊ ဖြစ်ခဲ့၏။ (အယံ နော ခန္တိ။) တနည်း။ ယသ္မာ၊ ကြောင့်။ သံဃော၊သည်။တုဏ္ဍီ၊ သည်။ အာသိ၊ ဖြစ်ပြီ။ တသ္မာ၊ ကြောင့်။ သံဃဿ၊ သည်။ နာဂဿ၊ ကို။ အာယသ္မတာ တိဿေန၊ သော။ ဥပဇ္ဈာယေန၊ ဖြင့်။ ဥပသမ္ပဒါ၊ကို။ ခမတိ၊ အပ်၏။ (ဤကား ဝိမတိ အလိုတည်း။ ။အညော သဒ္ဒဂ္ဂမော၊ အညော အတ္ထဂ္ဂမောဟု

မှတ်)။ဧဝံ၊ဤသို့ဆိတ်ဆိတ်နေသည်၏အဖြစ်ဖြင့်။ဝါ၊ကြောင့်။ ဧတံ ခမနဘာဝံ၊ ဤ သံဃာတော်၏ ကြိုက် နှစ်သက် သည်၏ အဖြစ်ကို။ အဟံ၊ အကျွန်ုပ် ကမ္မဝါစာ ပါဋိဂ ရဟန်းသည်။ ဝေဒယာမိ၊ သိမှတ်ရပါ၏။

အထူး ဆုံးဖြတ်ချက်။ ။ကံ မည်သည် အပလောကနကံ, ဥတ္တိကံ, ဥတ္တိ ဒုတိယကံ, ဥတ္တိ စတုတ္ထကံ, ဟူ၍ လေးပါး ရှိခဲ့၏။ ထိုတွင် အပလောကနကံ,ဥတ္တိကံတို့၌ စီစစ်ရန်မရှိ၊ စီစစ်ရန် ရှိသော ကမ္မဝါစာကား ဥတ္တိ ဒုတိယ ကမ္မဝါစာ, ဥတ္တိ စတုတ္ထ ကမ္မဝါစာ ဟူ၍ နှစ်မျိုးသာ ရှိခဲ့၏။ ထိုတွင် ဥတ္တိ ဒုတိယ ကမ္မဝါစာမှာ ဥတ် တကြိမ်၊ ကမ္မဝါစာ တကြိမ်၊ နိဂုံး တကြိမ် ရှိမြဲပေတည်း။ ထိုဥတ်, ကမ္မဝါစာ, နိဂုံး တို့မှာ အလုံးစုံ တူရမြဲ သာတည်း။ တူရပုံကို သမာနသံဝါသ သီမာသမ္မုတိ ကမ္မဝါစာကို သက်သေ ထား၍ ပြလိုက်အုံ့။ ။ရင်းကမ္မဝါစာမှာ ဥတ်၌(သီမံ သမ္မနေယ္ယ) ဟူ၍ ရှိခဲ့၏။ ကမ္မဝါစာ၌လည်း (သီမံ သမ္မနတိ) ဟူ၍ပင် ရှိခဲ့၏။ နိဂုံး၌လ်ည်း (သမ္မတာ သီမာ) ဟူ၍ပင် ရှိခဲ့၏။ ဤကား တူရ ပုံတည်း။ အထူးကား ဥတ်၌ ပရိကပ္ပ၊ ကမ္မဝါစာ၌ ပစ္စုပ္ပန်၊ နိဂုံး၌ အတိတ်နှင့် ရှိရုံမျှသာထူးခဲ့၏။ ဥတ္တိ စတုတ္ထ ကမ္မဝါစာ မှာလည်း ဤနည်း အတူသာ တည်း။ အထူးကား ကမ္မဝါစာ သုံးကြိမ်မျှသာ ထူးခဲ့၏။ ဥတ် တကြိမ်၊ ကမ္မဝါစာ သုံးကြိမ်၊ နိဂုံး တကြိမ်၊ ဟော

တော် မူရာ၌ တူပုံကား ဥပသမ္မဒကမ္မဝါစာ ဥ တ်၌ (နာဝံ ဥပသမ္မာဒေယျ) ဟူ၍ ရှိခဲ့၏။ ကမ္မဝါစာ၌လည်း (နာဝံ ဥပသမ္မာဒေတိ)ဟူ၍ပင်ရှိခဲ့၏။ နိဂုံး၌လည်း (ဥပသမ္မဒ္ဓော နာဝေါ) ဟူ၍ပင် ရှိခဲ့၏။ ဤကား သဒ္ဒါနေ တူပုံ၊ အထူးကား ဥ တ်၌ ပရိကပ္ပ၊ ကမ္မဝါစာ၌ပစ္စုပ္ပန်၊ နိဂုံး၌ အတိတ်မျှသာ ထူးခဲ့၏။ ဤနိဂုံး ဝါကျ အတိတ်ဟော ပါဠိ၌ကို ထောက်သဖြင့်လည်း (သောဘာသေယျ) ဟူသော ပုဒ်၌သာ ကမ္မဝါစာ ပြီးစီးအောင်မြင်ကြောင်းကို သိသာလှ ပေ၏၊ လေးချက်ညီလည်း ဆိုသင့်၏၊ လေးချက်ညီဟန်ကား ဥ တ်၌ (နာဝံ ဥပသမ္မာဒေယျ) ကမ္မဝါစာ၌ (နာဝံ ဥပသမ္မာဒေတိ)ဥယျောဇဉ်၌ (နာဂသဉ်ဥပသမ္မဒါ) နိဂုံး၌ (ဥပသမ္မဒ္ဓော နာဝေါ)ဤကား လေးချက်ညီပုံ၊ ဝိဘတ် ပစ္စည်းကာလမျှသာထူးတော့၏၊ သဒ္ဒါအယုတ် အလွန်မရှိ၊ ဥယျောဇဉ်ကိုကမ္မဝါစာ၌သွင်းရှိသုံးချက်ညီသာ အောက်က ဆိုလိုက်ပေ၏၊ သမာနသံဝါသ သီမာ သမ္မုတိကမ္မဝါစာ၌(သမ္မဟာ သာသီမာ)ဟူ၍ သာသဒ္ဒါပါ၍ နေခြင်းကားအဝိပ္ပဝါသ သီမုဋ္ဌါတကမ္မဝါစာ, သမာနသံဝါသ သီမုဋ္ဌါတ ကမ္မဝါစာ ဤရှေးကမ္မဝါစာ နှစ်စောင်လုံး၌ (ယော၊ သော၊ တံ၊ ယာ၊ သာ၊ တံ) ဟူသော အနိယမ, နိယမ အစုံရှိသော ပါဠိမျှားကိုလည်းကောင်း နောက်ဖြစ်သော အဝိပ္ပဝါသသီမာ သမ္မုတိကမ္မဝါစာ၌ (ယာ၊

သာ၊တံ)ဟူသော အနိယမ, နိယမအစုံ ပါရှိသောပါဠိကို လည်းကောင်း မှားမှားယွင်းယွင်းထောက်ထား နှလုံးသွင်းကြကုန်သောမန်ကျည်းစေ့ ကမ္မဝါစာကိုမှီ၍ အသက်မွေးကြကုန်သော စာရေး, မိန်းမ, ယောကျ်ားတို့၏ မှားယွင်းချက်မျှသာတည်း၊ မန်ကျည်းစေ့ ကမ္မဝါစာမူ စာဥင်း ကမ္မဝါစာ မူမျှးဌ်သာ ရှေ့နောက်စဉ်လျက် ရေးထားသောကြောင့် နားမလည်သူမျှား ယောင်ယောင်မှားမှား ဖြစ်မည်ဆိုလျှင် ဖြစ်နိုင်ဘွယ်ရှိ၏၊ ဟောတော်မူရင်း ဖြစ်သော မဟာဝဂ္ဂ ဥပေါသထက္ခန္ဓက ပါဠိတော်ဌ်ကား သူ့နိဒါန်း ဝတ္ထုနှင့်သူ သီးသန့်ခြားနား၍ ဟောထားခြင်းကြောင့် ဂန္ဌကွမကောဝိဒဆရာတို့ ယောင်ယောင်မှားမှား ဖြစ်ဘွယ်မရှိ၊ ဖြစ်ရန်လည်းမသင့်၊သီသာခြားနား ကဲ့ပြားသန့်ရှင်းလှပေ၏။

ကမ္မဝါစာ ဟောရိုးအစဉ် အလာကား ဥ တ်ဌ် ဟောခဲ့သော သဒ္ဒါ အစဉ်ကို ကမ္မဝါစာဌ် မပိုမယုတ် ဟောတော်မူမြဲသာတည်း၊ ကမ္မဝါစာဌ် ဟောခဲ့သော သဒ္ဒါ အစဉ်ကို နိဂုံးဌ် မပိုမယုတ် ဟောတော်မူမြဲသာတည်း၊ ဥ တ်ဌ် ပရိကပ္ပ၊ကမ္မဝါစာဌ် ပစ္စုပ္ပန်၊နိဂုံးဌ် အတိတ်၊ဤသို့ ကာလအားဖြင့်သာ ထူးခဲ့၏၊ ဝိနည်းဂါးကျမ်းဌ် ပရိဝါ ပါဠိတော်မှာ ကမ္မဝါစာမရှိ၊ကျန်ဝိနည်းလေးကျမ်းဌ် ကမ္မဝါစာအမျှားအပြား လာရှိခဲ့၏၊ လာရှိသမျှသော ကမ္မဝါ

စာတို့မှာ ဤနည်းနှင်နှင်သာတည်း၊ ပါဠိတော်ဟောနည်း အစဉ်အလာကို နိုင်နင်းစွာလေ့လာပါက အမှန်ကိုသိရမည် သာဖြစ်၍ ပါဠိတော်ကိုသာ နိုင်နင်းအောင် မြဲမြဲမြံမြံသတိ ထား၍ သင်အံလေ့ကျက် ဆောင်ရွက်ပို့ချ ကြည့်ရှုစုံစမ်း ကြလေ။

ကမ္မဝါစာ ဟောရိုး အစဉ် အလာ ဓမ္မတာထုံး ဟောင်းကြီး တိုက်ရိုက် ပါရှိသော ဝိနည်း ပါဠိတော် တည်းဟူသော ဆဒ္ဒန် ဆင်ကောင်ကြီးကို တွေ့ရလျက်နှင့် သစ်ရွက်ခြောက်ပေါ် နင်းသွားသောဆင်ခြေရာနှင့် တူ သောအာစရိယဝါဒတည်းဟူသောကမ္မဝါစာမူအမျိုးမျိုး သို့ မလိုက်သင့်ပြီ၊ ပါဠိတော်ကျမ်းဂန်အစဉ်၌ လိမ္မာကြ သော ဂန္ဌကွမ ကောဝိဒ ဘောဂုဏ်နှင့် ပြည့်စုံကြသော ဆရာမှန်သမျှတို့သည် သမ္မတာ သီမာ၌ သာ-ပါသင့် မပါ သင့်ကို ငြင်းခုံရန်ပင်မလို၊ ၎င်းသာ-သဒ္ဒါသည်ပေမူမျှား၌ လည်း မရှိကြ၊ မန္တလေးမြို့ လောကမာရဇိန်ကျောက်စာ ၌လည်း မရှိကြ၊ မန်ကျည်းစေ့ကမ္မဝါစာမျှား၌သာ ရှိနေ ခဲ့၏၊ ဝိနယသင်္ဂဟ အဌကထာ ဥပေါသထက္ခန္ဓက-ဝိမတိ ဋ္ဌိကာတို့၌လည်း စာပြင်ဆရာတို့၏ ချုတ်ယှင်းချက်ကြောင့် သာ-သဒ္ဒါ ပါရှိလျက်နေ၏၊ ပါဠိပို့, ပါဠိမှား ပါ၌ပွက် မျှားကို အားမကိုးသင့်၊အချို့ကလည်း ကမ္မဝါစာတစောင် ကို ကမ္မဝါစာတစောင်နှင့် မနှိုးနှောမတိုက်ဆိုင်သင့်၊သာဓ

ကမပြုသင့်ဟုဆိုကြသေး၏၊ ထိုစကားမျိုးကား သာဝမဟဲ့ အနှစ်မဲ့သော စကားမျိုးသာဖြစ်၍ ပညာရှိပဲ့လယ်မှာ ရယ်ဘွယ်သာ ဖြစ်ပေသည်၊ကိုယ့်စကားကို အနိုင်လု၍တဘက်သတ်ဆိုအပ်သော စကားသာဖြစ်၍ အရေးစိုက်လောက်သောစကားမဟုတ်ချေ။

ဥပသမ္ပဒေနှော စသော အပ္ပနာ နိဂုံးဝါကျကိုလည်း သုံးကြိမ်ဘာသ်ရမည်၊ သုံးကြိမ်ဘာသ်မှအာစိဏ္ဏဖြစ်သည်ဟုအချိုဆိုကြ၏၊ အချိုကလည်း ဥတ္တိဒုတိယ ကမ္မဝါစာများမှာ ကမ္မဝါစာ တကြိမ်သာ ဘာသ်ရသောကြောင့် နိဂုံး တကြိမ်သာ ဘာသ်ရမည်၊ ဥတ္တိစတုတ္ထ ကမ္မဝါစာများဌ်ကား သုံးကြိမ် ကမ္မဝါစာဘာသ် ရသောကြောင့် နိဂုံး သုံးကြိမ်ဘာသ်ရမည်ဟုဆိုကြ၏၊ထိုစကားများသည် ယုံကြည်ကိုးစား အားထားလောက်သော အထောက်သာဓကမရှိ၊ တကြိမ်သာ ဘာသ်ရမည်၊ တကြိမ်ဘာသ်လျှင်ပင် ကိစ္စပြီးမြောက် အောင်မြင်နိုင်၏။

ပဓာနကိစ္စ ပြီးပြီ။

၁၂။ ဥပသမ္ပဒေနကာလာစိဏ္ဏနကိစ္စ ပဋ္ဌင်းဖြစ်ရာ ကာလကို ပြောကြားခြင်း ဒ္ဒါဒသမကိစ္စ

တာဝဒေဝ၊ ထိုပဋ္ဌင်းဖြစ်ပြီးရာ ချိန်အခါ၏ မကြာမခဲ့ အခြားမဲ့ဌ်သာလျှင်။ ဆာယာ၊ သံသယယုံမှား ပယ်ဖြတ်ထား

သည့် လူမျှားအရိပ်ကို။ မေတ္တာ၊ တသူ,နှစ်သူ အရိပ်ယူလျက် လွယ်ကူဆောစ္စာ တိုင်းတာနှိုင်းယှဉ်အပ်၏။

ငါ့သျှင် ပဠုင်းသစ်သည် တဆယ့်ငါးဘွား စက်နာရီအားဖြင့် ရှစ်နာရီအချိန် မြောရဇိန်ခေါင်ဖျား ငါးမာရ်အောင်မြတ် ဘုရား၏ သားတော်အစစ် ပဠုင်းအဖြစ်သို့ ရောက်၏ဟူ၍ မှတ်ဟု ပြောထားရမည်။

ဥတုပွမာဏံ၊ နှစ်ကိုတာထိုး ဆောင်း, နွေ, မိုးယ်း,ဟု သုံးမျိုးသော ဥတုကို။ အာစိုက္ခိတဗ္ဗံ၊ တစ်တစ်ခုခု အမှတ် ရအောင် ပြီသပြတ်သား အမှန်အားဖြင့် ပြောထားအပ်၏။

ငါ့သျှင် ပဠုင်းသစ်သည် ဥတုဂိမှာန ကဆုန်လ၌ ထက်မြက် လှသော ပဠုင်းအဖြစ်သို့ ရောက်၏ဟူ၍မှတ်။ ။ပြောထားပုံ။

ဒီဝသဘာဂေါ၊ ပုဗ္ဗ-အဟ သာယဏ္ဏက စသည်မခ္ခါ နေ့ အဘို့ကို။ အာစိက္ခိတဗ္ဗော၊ ထင်ထင်ရှားရှား မေ့မသွားအောင် ပြောထားအပ်၏။

ငါ့သျှင် ကဆုန်လဆန်း ၁၃-ရက်၊ ကြာသပတေးနေ့နံနက်၌ ထက်မြက်သော ပဠုင်းအဖြစ်သို့ ရောက်၏ဟူ၍မှတ်။

သံဂီတိ၊ အရိပ်,ဥတု နေ့အစုံဟု သုံးခုပေါင်းလတ် ပြော ပြအပ်သည့် အမှတ်သင်္ကေတကို။အာစိက္ခိတဗ္ဗာ၊ ရဟန်းဖြစ်ရာ လ,ရက်ခါကို သေချာ ဂ,နှ မတိမ်းရ အောင် ပြောပြ လေဟု အမှတ်ပြုအောင် စေ့ငုပိုင်းခြား အပေါင်းအားဖြင့် ပြောထားရမည်။ ဣတိ၊ ဤသို့။ ဝစနတော၊ အမိန့်တော်မြတ် မှတ်အပ်သည်၏ အဖြစ်ကြောင့်။ အဟံ၊ သည်။ တေ၊ အား။

သံဂီတိ၊ သုံးပါး ပေါင်းလတ် ပြောပြအပ်သည့် အမှတ်သင်္ကေတကို။ အာစိဏ္ဏသာမိ၊ မှတ်မှတ်သားသား သိထင်ရှားဘို့ ပြောထားလိုက်မည်။ တို့၊ သည်။ ယာဝဇီဝံ၊ အသက်တိုင်အောင်။ ဝါ၊ ရဟန်းသိက္ခာ သာဇီဝါတို့ ကိုယ်မှာတည်နေသမျှ ကာလပတ်လုံး။ ဓာရေဟိ၊ စဉ်းစဉ်း စားစား သတိထားလျက် မှတ်သားရမည်။

ရာဇာတိ ရာဇိန္ဒ၊ ဒေဝါတိ ဒေဝိန္ဒ၊ သက္ကာတိ သက္ကိန္ဒ၊ ဗြဟ္မာတိ ဗြဟ္မိန္ဒ၊ မဟိန္ဒ၊ သေဋ္ဌိန္ဒ၊ ဇေဋ္ဌဇေဋ္ဌာ၊ကဝိန္ဒာ ဓိပတိ၊ မုနိပုင်ဝ၊ ဒ္ဝိပဒုတ္တမ၊အတုလ သင်းကျစ်၊ ဓမ္မရာဇ်၏၊ ခုနှစ်တ ရောကလာ၊ သာသနာနှစ်၊ သက္ကရာဇ်ကု၊ တ္ဌက စစ်ရေက၊ ၂၄၆၁-(နှစ်ထောင့်လေးရာခြောက်ဆယ့်တစ်)။ သက္ကရာဇ် ကောဇာ၊ ရောက်သည့် ခါကား၊ ၁၂၇၉-ခု၊ (တထောင့်နှစ်ရာ ခုနှစ်ဆယ့်ကိုးခု)။ ဥတုဂိမှာန၊ ကဆုန်လဝယ်၊ ပက္ခဆန်းတက်၊ တဆယ့်သုံးရက်၊ ကြာသပတေးနေ့ နံနက်တွင်၊နေသက်လူရိပ်၊တဆယ့်ငါးဘဝါး၊စက်နာရီအားဖြင့် ဂ-နာရီအချိန်၊(မည်သည့်မြို့ရွာ မည်သည့်သိမ်)ဌ၊ပဌမအကြိမ် ကမ္မဝါစာဆရာ (မည်သည့်ဆရာတော်သုံးပါး) ဒုတိယကမ္မဝါစာဆရာ (မည်သည့်ဆရာတော်သုံးပါး)တတိယ ကမ္မဝါစာဆရာ (မည်သည့်ဆရာတော် သုံးပါး)စတုတ္ထကမ္မဝါစာဆရာ (မည်သည့် ဆရာတော် သုံးပါး)ဤသို့လေးကြိမ်တိုင်တိုင်တကျိပ်နှစ်ပါးသောကမ္မဝါ

စာ ဆရာတို့သည် (မည်သည့်ဆရာတော်ဘုရားကြီး)ကို ဥပဇ္ဈာယ်ပြု၍ ကာရကသံဃာ (သုံးဆယ်)နှင့် တကွ ကဏ္ဍ,တာလ, မုဒ္ဓ, ဒန္တ, ဩဋ္ဌ, နာသိက, ဥရ ဟူသော ဌာန်ခုနစ်ပါး၊ ဇိဝှါမူလ, ဇိဝှေါပဂ္ဂ, ဇိဝှဂ္ဂ, သက ဌာန ဟူသော ကရိုဏ်းလေးပါး၊ သံဝုဋ, ဝိဝဋ, ဖုဋ, ဣသံဖုဋ ဟူသော ပယတ်လေးပါး, သိထိလ, ဓနိတ, ဒီဃ, ရဿ, ဂရု, လဟု,နိဂ္ဂဟီတ, ဝိမုတ္တ, သမ္ဘဒ္ဓ, ဝဝတ္ထိတ ဟူသော ဗျည္ဇနဗုဒ္ဓိဆယ်ပါး၊ ဤစည်းကမ်းများကို ပြတ်သားပြီသ လမ်းရိုးကျအောင် တစ မကြွင်းနည်းစုံကျင်းလျက် ဘာသံခြင်းအင်္ဂါ အဖြာဖြာဖြင့် ကောင်းစွာရှုတ်ဘာသ် ချီးမြှောက် အပ်ရကား အမြတ်မှန်စွာ သာသနာ၌ ရောင်ဝါတင့်ဆန်း မြတ်သင်္ကန်းနှင့် ရဟန်းတော်ဘဝ ဒုလ္လဘကို လှလှကြီးရပေသည် ဟူ၍ မှတ်။ ။ဤကားပဋ္ဌင်းဖြစ်ရာ ကာလကိုပြောကြားခြင်း ဒွါဒသမ ကိစ္စပေတည်း။

၁၃။ နိဿယာစိကွန်ကိစ္စ မှီရာပစ္စည်းကို ပြောပြခြင်း တေရသမကိစ္စ

သံဂီတိ၊ ကို။ အာကွိတ္ဌာ၊ ၍။ စတ္ဘာရော၊ လေးပါးကုန်သော။ နိဿယာ၊ အားကိုးအားထား - မှီသောအားဖြင့် သုံးစားအပ်သောပစ္စည်းတို့ကို။ အာစိကွိတ္ဌာ၊ လောလုပ်တရား နည်းပါးသွားအောင် ပြောထားအပ်ကုန်၏။ စတ္ဘာ

ရော၊ ကုန်သော။ နိဿယော၊ တို့ကို။ အာစိဏ္ဏာ၊ ၍။ စတ္တာ ရီ၊ ကုန်သော။ အကရဏီယာနိ၊ နှစ်ပြာနာမ်,ဂျပ် ကံသမုဋ္ဌတို့ ကွယ်ချုပ်ဘောက်ပြန် ပျက်မည်မှန်လည်း ကောန်မပြုတိုက်ကုန် သော သိက္ခာပုဒ်တို့ကို။ အာစိဏ္ဏတဗ္ဗာနိ၊ သာသနာတော်မှ မလျှောကျအောင် ပြောပြအပ်ကုန်၏။ ဣတိ၊ ဤသို့။ ဝုတ္တော သု၊ ရာဟုလာသား ကဲ့အလားသို့ သနားရှုမြော် အမှုပေါ်၍ ဟောတော် မူအပ်ကုန်သော။ နိဿယအကရ ဏီယေသု၊ နိဿ ယလေးပါး, အကရဏီယ လေးပါးတို့တွင်။ စတ္တာရော၊ ကုန် သော။ နိဿယော၊ တို့ကို။ တာဝ၀၊ အကရဏီယတို့၏ ရှေးဦးစွာ။ ၀ါ၊ အကရဏီယတို့မှ ရှေးဦးစွာ။ အာစိဏ္ဏံ၊ လောကအာ မိသ် မင့်စိတ်သဲ ကြိတ်နှိုက်ကြိုးစား ကျင့်ခေါင်းပါးဘို့ ပြော ထားလိုက်မည်။ တံ၊ သည်။ သုဏောဟိ၊ အမှားမလိုက် တရား ပိုက်လျက် နားစိုက်၍ထောင်။

အာ၀ုသော၊ ငါ့သျှင် ပဉ္စင်းသစ်။ သာသနေ၊ သာ သနာတော်၌။ (ပါဌသေသ) ပဗ္ဗဇွာ၊ ရှင်ရဟန်း အဖြစ်သည်။ ပိဏ္ဍိယာလောပ ဘောဇနံ၊ သလုံးမြင်းခေါင်း ခြေနှစ်ချောင်း ဖြင့် အညောင်းပြေကာ အိမ်တိုင်းရှာလျက် မိစ္ဆာပယ်နှုတ် ဝိညတ်ဖြုတ်၍ တလုပ်စာ တလုပ်စာ ရအပ်သော ဘောဇဉ်ကို။ နိဿာယ၊ အားကိုးသမှု အမှီပြု၍။ ပ၀တ္တာ၊ ဆတ်ဆတ်မသွေ ဖြစ်ရပေ၏။ တတ္ထ တိသံပဗ္ဗဇ္ဇာယံ၊ ထိုသလုံးအစွမ်း ရသည့် ဆွမ်းကို ကြိုးပမ်းအားသစ် ရှင်ရဟန်းအဖြစ်၌။ တေ၊သင်သည်။

ယာဝဇီဝံ၊ အသက်တိုင်အောင်။ ဝါ၊ ရဟန်းသီကျွာ သာဇီဝါတို့ ကိုယ်မှာ တည်နေသမျှ ကာလပတ်လုံး။ ဥဿာဟော၊ ရသည့် ဆင်းရဲ ကြိတ်အန်ခဲ၍ အားလဲ့သည်းခံ သတိဉာဏ်ဖြင့် ကျင့်ကြံကြိုးကုတ် မတွန့်ဆုတ်ဘဲ အားထုတ်ခြင်းကို။ ကရဏီယော၊ အရိုးကြေကြေ အရေခြောက်ခြောက် မထောက်မညှာကောင်း စွာပြုအပ်,ပြုသင့်,ပြုထိုက်,ပြုကောင်းလှပေ၏။ တံ့၊ သည်။ ဝါ၊ သင့်မှာ။ အတိရေကလာဘော၊ဘဝထိုထို ရှေးအဟိုက ကုသိုလ် သတ္တိသမ္ဘာရှိ၍ ပိဏ္ဍိယာလောပ ဘောဇနထက် မြတ်လှကောင်း မှန် အထူးချွန်လျက် ပိုလွန်သောလာဘ်ရှိသည်။ သစေအသိ၊ အကယ်ကေန် ဖြစ်သည်မှန်အံ့။ ဧဝံသတိ၊ ဤသို့ ပိုလွန်သော လာဘ်ရှိခဲ့သော်။ (ပါဌသေသ)။ တနည်း။ တေ၊ သင်အား။ အတိရေက လာဘော၊ ဘဝထိုထို ရှေးအဟိုက ကုသိုလ် သတ္တိ သမ္ဘာရှိ၍ ပိဏ္ဍိယာလောပ ဘောဇနထက် တက်ကြွပိုလျှံသော လာဘ်သည်။ သစေဟောတိ၊ အကယ်ကေန် ဖြစ်သည်မှန်အံ့။ ဧဝံသတိ၊ ဤသို့ဖြစ်ခဲ့သည် ရှိသော်။ သံဃဘဏ္ဍံ၊ လုံးစုံသံဃာ လှူဒါန်းလာသော သံဃဘတ်ကို လည်းကောင်း။ ဥဒ္ဒေသ ဘတ္တံ၊ နည်းစွာရဟန်း ရည်ရွယ်မှန်း၍ လှူဒါန်းအပ်သော ဥဒ္ဒေသဘတ်ကိုလည်းကောင်း။ နိမန္တနံ၊ တတ်အားသလောက် ပင့်ဘိတ်လျှောက်၍ မျက်မှောက်ဆက်ကပ် လှူဒါန်းအပ်သော နိမန္တနဘတ်ကို လည်းကောင်း။ သလာကဘတ္တံ၊ စာရေးတံမဲ ချဝေခွဲ၍ ဝေပုံထဲမှ ရအပ်သော ,သလာကဘတ်ကို လည်း

ကောင်း။ ပက္ခိကံ၊ တပက္ခတခါ လှူဒါန်းလာသော ပက္ခိက ဘတ်ကိုလည်းကောင်း။ ဥပေါသထိကံ၊ ဥပုသ်နေ့မှာ လှူဒါန်းလာသော ဥပေါသထိက ဘတ်ကိုလည်းကောင်း။ ပါဋိပဒိကံ၊ ဥပုသ်အထွက် ကျော်တရက်၌ ထက်မြတ်သဒ္ဓါ လှူဒါန်းလာသော ပါဋိပဒိက ဘတ်ကိုလည်းကောင်း။ ဣတိ ဣမာနိ ဘတ္တာနိ၊ ဤခုနစ်မျိုးသော အပိုဘတ်တို့ကို။ ပရိဘုဥ္ဇိတဗ္ဗာနိ၊ သုံးဆောင်အပ်ကုန်သေး၏။

အာမ ဘန္တေ။ ။ဘန္တေ၊ ရား။ အာမ၊ ကောင်းလှပါပြီ ဘုရား၊ အမိန့်တော်မြတ်ကို ဦးထိပ်ရွက်ပန်ဆင်၍ ကျင့်ကြံအားထုတ်ပါအံ့ ဘုရား။

ဤ အာမ ဘန္တေ ဟူသော ပုဒ်လည်း ပါဠိတော်ရင်းမှာမရှိ။ သို့သော်လည်း အနုလောမပင် ဖြစ်ပေ၏။

အာဝုသော၊ သစ်။ သာသနေ၌။ ပဗ္ဗဇ္ဇာ၊ သည်။ ပံသုကူလစီဝရံ၊မြေမှုန့်ထက်ဖျား လွှမ်းကာထားသို့ ပယ်ရှားစွန့်ပစ်အပ်သော သင်္ကန်းကို။ ဝါ၊မြေမှုန့်ပမာ ရွံဘွယ်ရာသို့ လွှန်စွာရောက်တတ်သော သင်္ကန်းကို။ ဝါ၊သင်းချိုင်းအိမ်စျေး လမ်းဆုံလေးနှင့် မှိုက်ခြေးစွန့်ရာ စသည်မှာ၌ ဖွေရှာရယူ ပံသုကူသင်္ကန်းကို။ နိဿာယ၊၍။ ပဝတ္တာ၊ဖြစ်၏။တတ္ထတိသံပဗ္ဗဇ္ဇာယံ၊ ထိုမြေမှုန့်ထက်လွှမ်း ပံသုကူ သင်္ကန်းကို မှီငြမ်းပြုလစ် ရှင်ရဟန်းအဖြစ်၌။ တေ၊သည်။ ယာဝဇီဝံ၊ တိုင်အောင်။ ဝါ၊လုံး။ ဥဿာဟော၊ ကို။ ကရဏီယော၊၏။ ။တုံ၊သည်။ အတိရေက

လာဘော၊ ရှေးရှေးဘဝ တိတ်ကာလက ဒါနမျိုးမှန် အဘိုး တန်ကြောင့် ပိုလျှံသော လာဘ်ရှိသည်။ သစေ အသိ၊ အုံ့။ ဝံ သတိ၊ သော်။ ခေါမံ၊ ခေါမတိုင်းဖြစ် သက်နှိုးသစ်ကိုလည်း ကောင်း။ ဝါ၊ ဘိသ္ဌာ, နှမ်းကြပ် လျှော်အမြတ်ဖြင့် ရက်အပ် သော သက်နှိုးကိုလည်းကောင်း။ ဝါ၊ဂုံချည်ရက်ဆန်း မြတ် သက်နှိုးကို လည်းကောင်း။ ကပ္ပါသိကံ၊ ဝါချည်ရက်ဆန်း ပိတ်ဖျင်သက်နှိုးကို လည်းကောင်း။ ကောသေယျ၊ပိုးချည်ရက် ဆန်း ပိုးသက်နှိုးကို လည်းကောင်း။ ကမ္မလံ၊ စာမရိုမြိုးဆံ လူ၏ဆံမှ ကြွင်းကျန်လစ်လပ် သားမွေးမြတ်ဖြင့် ရက်အပ် သော သင်္ကာလပ် သက်နှိုးကို လည်းကောင်း။ သာဏံ၊ ပိုက်ဆံ လျှော်ကြမ်း အရက်ဆန်းသည့် သက်နှိုးကိုလည်းကောင်း။ ဘင်္ဂံ၊ ဘန်လျှော်ချည်ကြမ်း အရက်ဆန်းသည့် သက်နှိုးကို လည်းကောင်း။ ဝါ၊ ခေါမစသည် ငါးမျိုးချည်ကို တထည် ပေါင်းလတ် ထိုးရက်အပ်သည့် သက်နှိုးကို လည်းကောင်း။ ဣတိ ဣမာနိစီဝရာနိ၊ ဤခြောက်မျိုးသော သက်နှိုးတို့ကို။ ပရိဘုဥ္ဇိတဗ္ဗာနိ၊ ဝတ်ရုံ သုံးဆောင် အပ်ကုန်သေး၏။

အာမ ဘန္တေ။ ။ဘန္တေ၊ ရား။ အာမ၊ ရား။

အာဝုသော၊ သစ်။ သာသနေ၊ ၌။ ပဗ္ဗဇ္ဇာ၊ သည်။ ရုက္ခ မူလ သေနာသနံ၊ ရွက်ဟောင်းကျကြ ရွက်သစ်ဝေသည့် အောင်မြေရွေးကောက် သစ်ပင်အောက်ဟု မဂ်ပေါက် ဖိုလ် လမ်း ကျောင်းသခ်ိမ်းကို။ နိဿာယ၊ ၍။ ပဝတ္ထာ၊ ၏။ တတ္ထ

တိသိုပဗ္ဗတောယံ၊ ထိုသစ်ပင်အောက်နန်း နိဗ္ဗာန်လှုမ်းသည့် ရှင်ရဟန်းအဖြစ်၌။ တေ၊ သည်။ ယာဝဇီဝံ၊ တိုင်အောင်။ ဝါ၊ လုံး။ ဥဿာဟောဝါ၊ ကို။ ကရဏီယော၊ ၏။ တုံ၊ သည်။ အတိရေကလာဘော၊ ပါရမီပုညသမ္ဘာရဖြင့် ရုက္ခမူလ သေနာသနထက် တက်ကြွပိုလျှံသော လာဘ်ရှိသည်။သစေ အသိ၊ အုံ။ ဝေဝံသတိ၊ သော်။ ဝိဟာရော၊ ပတ်လည်ဝန်းကျင် ဘီစမျှဉ်နှင့် အပြင်လေးဘက် အမိုးထွက်လျက် နှစ်သက်လောက်စွာ နေ့ညဉ့်ခါ၌ နေရာသီးသီး ရှုမငြီးသည့် ကျောင်းကြီးကိုလည်း ကောင်း။ ဝါ၊ ပတ်လည်ဝိုက်ဝိုက် တံတိုင်းစိုက်သည့် ကျောင်းတိုက်ကြီးကိုလည်းကောင်း။ ဝါ၊ ရှည်သော စမုခ်အဦးထုတ်လျက် ပြူလုပ်အပ်သော ပြာသာဒ်ကို လည်းကောင်း။ အစု ယောဂေါ၊ ဂဠုန်တောင်အလား အမိုး နှစ်ဘက်ထားသော ကျောင်းကိုလည်းကောင်း။ ဝါ၊ မြင့်စောက်မတ်မတ် အထွဋ်တပ်သည့် ပြာသာဒ်ရှည်ကိုလည်းကောင်း။ ဝါ၊ တာဘက်နံရံ အနိမ့်ခံလျက် မြင့်ဟန်တမျှီး တာဘက်သာ မိုးအပ်သော တာဘက်ရပ်စောင်း ကျောင်းကိုလည်းကောင်း။ ပါသာဒေါ၊ နှစ်ခု ထွဋ်တပ် မြင့်စောက်မတ်သည့် ပြာသာဒ် ရှည်ကို လည်းကောင်း။ ဝါ၊ လေးထောင့်ပတ်ပတ် စီမံအပ်သည့် ပြာသာဒ်ရှည်ကို လည်းကောင်း။ ဟမ္မိယံ၊ မရှိဘေးဘံ့မ်း လသာခန်းနှင့် အဆန်းတကြယ် ရောင်စုံခြယ်လျက် ကိုယ်ဝယ် ချမ်းသာ စိတ်ချမ်းသာကို ကောင်းစွာဆောင်လတ် ထွဋ်မတပ်

သည့် ပြာသာဒ်ဦးပြည်း အုင်္ဂတိုက်ကြီးကို လည်းကောင်း။ ဂုဟာ၊ အလင်းမရောက် မြေတွင်းချောက်နှင့် တောင်အောက် မြေတွင် တူးဘောက်ထွင်သည့် ဥမင် လိုဏ်ခေါင်း ကိုလည်း ကောင်း။ ဣတိ ဣမေ အာဝါသာ၊ ဤငါးမျိုးသော နေရာ ကျောင်းတို့ကို။ ပရိဘုဥ္ဇိတဗ္ဗာ၊ နေထိုင် သုံးဆောင် အပ်ကုန် သေး၏။

မှတ်ချက်။ ။ဤအနက်တို့ကိုကား ဗျာနုဝိဘင်း အဌကထာ ဝိသုဒ္ဓိ မဂ် မဟာဋီကာ သီလက္ခန္ဓဋီကာဟောင်း ဋီကာသစ် တေ ရသကဏ် ဋီကာ ဝိမတိ ဋီကာတို့နှင့်အညီ ရေးလိုက်ပေ၏။ ကျယ်ဝန်းမည်စိုးသောကြောင့် သာဓကပါဠိတို့ကို မထုတ် လိုက်ပြီ၊ အလိုရှိက ၎င်းကျမ်းတို့ကို ကြည့်လေ။

အာမ ဘန္တေ။ ။ဘန္တေ၊ ရှုး။ အာမ၊ ရှုး။

အာဝုသော၊ သစ်။ သာသနေ၊ ဌ်။ ပဗ္ဗဇ္ဇာ၊ သည်။ ပူတိ မုတ္တ ဘေသဇ္ဇံ၊ အနုံပြင်းလတ် နွားကျင်ပုပ် တည်းဟူသော ဆေးမြတ်ကို။ ဝါ၊ ဂေါမုတ်စိမ်ထား သဖန်းခါးနှင့် သျှိသျှား စသောဆေးကို။ ဝါ၊ ပုပ်သိုးဟောင်းညစ် သုံးမဖြစ်၍ လူတို့ စွန့်ပစ်အပ်သောဆေးကို။ နိဿာယ၊ ၍။ ပဝတ္တာ၊ ၏။ တတ္ထ တိသံပဗ္ဗဇ္ဇာယံ၊ ထိုပူတိမုတ္တ ဘေသဇ္ဇကို ကြောင့်ကြအားသစ် ရှင်ရဟန်းအဖြစ်၌။ တေ၊ သည်။ ယာဝဇီဝံ၊ တိုင်အောင်။ ဝါ၊ ပတ်လုံး။ ဥဿာဟော၊ ကို။ ကရဏီယော၊ ပြုအပ် ပြုသင့် ပြုထိုက် ပြုကောင်း၏၊ ပြုရမည်။ ပြုလေ။ ။တုံ့၊ သည်။ အတိ ရေက လာဘော၊ ပူတိမုတ္တဘေသဇ္ဇထက် ဒါနပါရမီ စုံပြည့်

ညီ၍ ဂုဏ်ဆိုထူးချွန် သမ္ဘာမှန်ကြောင့် ပိုလွန်သော လာဘ် ရှိသည်။သစေအသိ၊ အုံ့။ ဝေံသတိ၊ သော်။ သပ္ပိ၊အသားအပ်-မအပ် သတ္တဝါ အရပ်ရပ်၏ ထောပတ် ကိုလည်းကောင်း။ နဝနီတံ၊ ထောပတ်ပေါ်မြှီး ထောပေးမသကာ ဆီဦးကို လည်းကောင်း။ တေလံ၊ သား,ငါး,မကာရ်း မုန်ညင်း-နှမ်းမှ ဖြစ်သော ဆီကိုလည်းကောင်း။ မဓု၊ ပျားကြီး, ပျားငယ် နှစ်သွယ်သော ပျားရည်ကို လည်းကောင်း။ ဝါ၊ ပျားကြီး ပျားလယ် ပျားငယ်ရည်ကိုလည်းကောင်း။ ဖာဏိတံ၊ အဖတ် မနှော အပ်သော ကြံရည် တင်ယဲရည်ကိုလည်းကောင်း။ ဣတိ ဣမာနိ ဘေသဇ္ဇာနိ၊ ဤငါးပါးသော ဆေးတို့ကို။ ပရိဘုဉ္ဇ တဗ္ဗာနိ၊ သုံးဆောင် စားသောက်အပ်ကုန်သေး၏။

အာမ ဘန္တေ။ ။ဘန္တေ၊ ရှုး။ အာမ၊ ရှုး။

ဣမေပစ္စယာ၊ ဤဆိုအပ်ပြီးသော ပစ္စည်းတို့သည်။ စတ္တာ ရော၊ ကုန်သော။ နိဿယာ၊ အားကိုးအားထား မှီသော အားဖြင့် သုံးစားမှီဝဲအပ်သော ပစ္စည်းတို့ပေတည်း။

ဤကား မှီရာပစ္စည်းဝတ္ထုကို ပြောပြခြင်း တေရသမကိစ္စ ပေတည်း။

၁၄။ အကရဏီယာစိကွန်းကိစ္စ မမှီဝဲအပ်သည်ကို ပြောပြခြင်း စုဒ္ဒသမကိစ္စ

ဝေံ၊ ဤသို့ဆိုအပ်ပြီးသော နည်းအစဉ်အားဖြင့်။ စတ္တာ ရော၊ ကုန်သော။ နိဿယော၊ တို့ကို။ အာစိက္ခိတ္ဗာ၊ ပြောဆို

ဆုံးမပြီး၍။ ဣဒါနိ၊ ဤအခါ၌။ အနုပ္ပတ္တာနိ၊ အစဉ်သင့်ရောက်လာကုန်သော။ စတ္တာရိ၊ ကုန်သော။ အကရဏီယာနိ၊ မပြုမကျင့်ထိုက် မမှီဝဲထိုက်ကုန်သော သိက္ခာပုဒ်တော်တို့ကို။ အာစိက္ခိဿာမိ၊ တစ်တစ်ခွဲခွ အမှတ်ရအောင် ပြောပြလိုက်ပေအုံ့။ တုံ့၊ သည်။ သုဏောဟိ၊ အဖျင်းတရား မယွင်းမှားအောင် စဉ်းစား၍နာရမည်။

အာဝုသော၊သစ်။ ဥပသမ္ဘဒန္ရေန၊ သိက္ခာ ကြီးလတ် အထက်ရပ်ဟု မြင့်မြတ်သော ပဋ္ဌင်းအဖြစ်သို့ ရောက်ပြီးသော။ ဘိက္ခုနာ၊ ရဟန်းသည်။ မေထုနော၊ ဆန္ဒ,ရာဂ တူမျှကြသည့် မိန်းမယောကျ်ား နှစ်ဦးသား၏ ဥစ္စာဖြစ်သော။ ဓမ္မော၊ ရှာသူ့ထုံးစံ ကျင့်အကြံကို။ နပဋ္ဌေသေဝိတဗ္ဗော၊ မမှီဝဲအပ် မမှီဝဲသင့် မမှီဝဲထိုက် မမှီဝဲကောင်း မမှီဝဲလေလင့်။ အန္တမသော၊ အောက်ထစ်ပိုင်းခြား အယုတ်ဆုံးအားဖြင့်။ တိရစ္ဆာနဂတာ ယပိ၊ လူနှင့်ကွဲပြား ဘီလာအားဖြင့် သွားလာတတ်သော တိရစ္ဆာန်မဋ္ဌသော်လည်း။ မေထုနော၊ သော။ ဓမ္မော၊ ကို။ နပဋ္ဌေသေဝိတဗ္ဗော၊ လင့်။ ယောဘိက္ခု၊ သည်။ မေထုနံ၊ သော။ ဓမ္မံ၊ကို။ပဋ္ဌေသေဝတိ၊ မှီဝဲမိအုံ့။ သောဘိက္ခု၊သည်။ အသမဏော၊ ရဟန်းမဟုတ်သည်။ ဝါ၊ ရဟန်းကောင်းတို့မှ တသီးတခြား တမျိုး တပါးသည်။ ဝါ၊ ရဟန်းတု ရဟန်း ယောင်သည်။ ဝါ၊ ရဟန်းကောင်းတို့၏ ဆန့်ကျင်ဘက်သည်။ ဝါ၊ ရဟန်းကြောင် ရဟန်းပုပ် ရဟန်းယုတ် ရဟန်း ပျက်သည်။ ဝါ၊ ရဟန်း ဖြစ်

ကြောင်း, ဖြစ်ရာ ဖြစ်သော သီလ သိက္ခာမှ ဆိတ်သည်။ ဝါ၊ ရဟန်း ဖြစ်ကြောင်း, ဖြစ်ရာ ဖြစ်သော သီလ သိက္ခာမှ ကင်းသည်။ဝါ၊သီလခပင်း ကိုယ်မှာကင်းရ သိမ်ဖျင်းသေးနုပ်သော ရဟန်းသည်။ ဝါ၊ ရဟန်း ဖြစ်ကြောင်း,ဖြစ်ရာဖြစ်သော သီလ သိက္ခာ မရှိသည်။ အသက္ကပုတ္တိယော၊ သာကီဝင် မင်းသား မြတ်စွာ ဘုရား၏ သားတော် မဟုတ်သည်။ ဝါ၊ သာကီဝင် မင်းသား မြတ်စွာဘုရား၏ သားတော်တို့မှ တဘီး တခြား တမျိုးတပါးသည်။ ဝါ၊ သာကီဝင် မင်းသား မြတ်စွာဘုရား၏ သားတု သားယောင်သည်။ ဝါ၊ သာကီဝင် မင်းသား မြတ်စွာ ဘုရား သားတော်တို့၏ ဆန့်ကျင် ဘက်သည်။ ဝါ၊ သာကီဝင် မင်းသား မြတ်စွာဘုရား၏ သားကြောင် သားပုပ် သားယုတ် သားပျက်သည်။ ဝါ၊ သာကီဝင် မင်းသား မြတ်စွာ ဘုရား၏ သားတော် ဖြစ်ကြောင်း, ဖြစ်ရာ ဖြစ်သော သီလ သိက္ခာမှ ဆိတ်သည်။ ဝါ၊ သာကီဝင် မင်းသား မြတ်စွာ ဘုရား၏ သား တော်ဖြစ်ကြောင်း,ဖြစ်ရာ ဖြစ်သော သီလသိက္ခာမှကင်းသည်။ ဝါ၊ သာကီဝင် မင်းသား မြတ်စွာဘုရား၏ သီလခပင်းကိုယ်မှ ကင်းရ သိမ်ဖျင်း သေးနုပ်သော သားသည်။ ဝါ၊သာကီဝင် မင်းသား မြတ်စွာဘုရား၏ သားတော် ဖြစ်ကြောင်း, ဖြစ်ရာ ဖြစ်သော သီလသိက္ခာ မရှိသည်။ ဟောတိ၊ ဖြစ်လေတော့၏။

မှတ်ချက်။ ။အသမဏော အသက္ကပုတ္တိယော ဟူသော ပုဒ်တို့၌ ပေးခဲ့သော အနက်တို့မှာ....

ပဋ္ဌိသေဓေ ဝုဏ္ဏိတဗ္ဗာဝေ၊ အညတ္ထေ သဒ္ဒိသေပိစ၊
ဝိရုဒ္ဓေ ဂရဟေ သုညေ၊ အကာရေ ဝိရဟပ္ပကေ။

ဟူသော နျာသလာ အ-သဒ္ဒါ၏ ဆယ်နက် တို့တွင် ဝုဏ္ဏိ, တဗ္ဗာဝ နှစ်နက်ကို ချန်လှပ်၍ ကြွင်းသော ရှစ်နက် တို့ကို အစဉ်အတိုင်း မှတ်ရာ၏။ နောက်ဆုံး အနက်ကား အဘာဝ အနက်ဟု မှတ်ရာ၏။

သေယျထာပိ နာမ၊ နှိုင်းချိန်သိမှုပုံကိုပြုသော်။သီသစ္ဆိန္နော၊ ပြတ်သော ဦးခေါင်း ရှိသော။ ဝါ၊ ဦးခေါင်း လည်စပ် ပြတ်လေ ပြီးသော။ ပုရိသော၊ ယောကျ်ားသည်။ တေန သီသေန၊ ထိုပြတ်ပြီးသော ဦးခေါင်းနှင့်။ သရီရဗန္ဓနေန၊ ကိုယ်ကိုတဘန်စပ်ပြန် သဖြင့်။ ဇီဝိတုံ၊ အသက် တဘန် ရှင်ပြန် ခြင်းငှာ။ အဘဗ္ဗော သေယျထာပိ၊ မန်းမန်း မှုတ်မှုတ် ဆေးလိမ်းသုတ်လျက် မဆုတ်မနစ် ကြိုးအားသစ်လည်း မဖြစ်ထိုက်သကဲ့သို့။ ဧဝမေဝ၊ စံပုံနှိုင်းယူ ဤနည်းအတူသာ။ ဘိက္ခု၊သည်။ မေထုနံ၊ သော။ဓမ္မံ၊ကို။ ပဋ္ဌိသေဝိတ္ဝာ၊ မှီဝဲမိ၍။ ဝါ၊ မှီဝဲမိသည် ရှိသော်။ ဝါ၊မှီဝဲမိခြင်းကြောင့်။အသမဏောသည်။ အသကျပုတ္တိယော၊ သည်။ ဟောတိ၏။ တံ မေထုနံ ပဋ္ဌိသေဝနံ၊ ထိုမေထုန်အကျင့်ကို မှီဝဲခြင်းအမှုကို။ တေ၊ သင်ငါ့သျှင် ပဉ္စင်းသစ်သည်။ ယာဝဇီဝံ၊ အသက် တိုင်အောင်။ ဝါ၊ ရဟန်း သိက္ခာ သာဇီဝါတို့ ကိုယ်မှာ တည်သမျှ ကာလ ပတ်လုံး။ အကရဏီယံ၊ မပြုအပ် မပြုသင့် မပြုထိုက်မပြုကောင်း၊ မပြုလေလင့်။ ဝါ၊ မပြုမကျင့် ရှောင်ကြဉ်ရမည်။

အာမဘန္တေ။ ။ဘန္တေ၊ ရား။ အာမ၊ ကောင်းလှပါပြီ၊ သိက္ခာပုဒ်တော် ကိုယ်ခံတည်သမျှ ကာလပတ်လုံး မေထုန်အကျင့်ကို မှီဝဲခြင်းအမှုကို မပြုမကျင့် ရှောင်ကြဉ်ပါအုံ့ဘုရား။

အာဝုသော၊ သစ်။ ဥပသမ္ပဒေန၊သော။ ဘိက္ခုနာ၊ သည်။ အဒိန္နံ၊ ဥစ္စာရှင်သည် ကိုယ်နှုတ်ဖြင့် မပေးအပ်သော လူဇာတ် ရှိသော တပါးသောသူ၏ ဥစ္စာကို။ ထေယျသင်္ခါတံ၊ ခိုးတတ်သောသူ၏ ဖြစ်ကြောင်း, ဖြစ်ရာဖြစ်သော အကုသိုလ်စိတ်အစုဖြင့်။ နေ အာဒါတဗ္ဗံ၊မယူအပ် မယူသင့် မယူထိုက်မယူကောင်း။ အန္တမသော၊ အားဖြင့်။ တိဏသလာကံ၊ အမျှားအလိုက် ဘိုးမထိုက်သည့် မြက်မှိုက်, ဝါးခြမ်းစိတ်ကို။ ဥပါဒါယ၊ အစပြု၍။ အဒိန္နံ၊ ကို။ ထေယျသင်္ခါတံ၊ဖြင့်။ နေ အာဒါတဗ္ဗံ၊ လင့်။ ယောဘိက္ခု၊သည်။ အဒိန္နံ၊ ဥစ္စာရှင်သည် ကိုယ်နှုတ်ဖြင့် မပေးအပ်သော။ ပါဒံဝါ၊ နိလကဟာပဏ၏ လေးဘိုတဘိုဖြစ်သော တမတ်သော အကပ်ယဘဏ္ဍာကို သော်လည်းကောင်း။ ပါဒါ ရဟံဝါ၊ တမတ်ထိုက်သော ကပ်ယဘဏ္ဍာကို သော်လည်းကောင်း။အတိရေကပါဒံဝါ၊ တမတ်ထက် လွန်သော အကပ်ယဘဏ္ဍာ၊တမတ်ထိုက်သော ကပ်ယဘဏ္ဍာထက်လွန်သော ကပ်ယဘဏ္ဍာကို သော်လည်းကောင်း။ ထေယျသင်္ခါတံ၊ ဖြင့်။ အာဒိယတိ၊ လောဘမျှားထူ အဆိုးမှုဖြင့် ခိုးယူမိအုံ့။ သောဘိက္ခု၊ သည်။ အသမဏော၊ သည်။ အသက္ယပုတ္တိယော၊ သည်။ ဟောတိ၊ ၏။

သေယျထာပိနာမ၊ ပညာစက္ခု နှိုင်းချိန်ရှုရာ ဥပမာမည်သည်။ ဗန္ဓနာ၊ အဖွဲ့ညှောတံမှ။ ပဝုတ္ထော၊ အာပေါမရောက်အစေးပျောက်၍ သွေ့ခြောက်ပြုတ်ကျသော။ ပဏ္ဍုပလာသော၊ ကာလကြာလျက် အဆင်းပျက်သည့် သစ်ရွက်လျော်သည်။ ဟရိတတ္ထာယ၊ မြေနု ရွှေပြောင်း ရေအေး လောင်းလည်း အကောင်းတဘန် စိမ်းရှင်ပြန်ခြင်းငှာ။ အဘဗ္ဗော သေယျာထာပိ၊ မဆုတ်မနစ် ကြိုးအားသစ်လည်း မဖြစ်ထိုက်သကဲ့သို့။ ဧဝမေဝ၊စံပုံနှိုင်းယူ ဤနည်းအတူသာ။ ဘိက္ခု၊သည်။ ပါဒံဝါ၊ ကိုသော် လည်းကောင်း။ ပါဒါရဟံဝါ၊ ကိုသော်လည်းကောင်း။ အတိရေက ပါဒံဝါ၊ ကိုသော်လည်းကောင်း။ အဒိန္နံ၊ ဥစ္စာရှင်သည် ကိုယ်နှုတ်ဖြင့် မပေးအပ်ဘဲ။ ထေယျသင်္ခါတံ၊ဖြင့်။ အာဒိယိတ္တာ၊ ခိုးယူမိ၍။ ဝါ၊သော်။ ဝါ၊ ကြောင့်။ အသမဏော၊ သည်။ အသက္ကပုတ္တိယော၊ သည်။ ဟောတိ၊၏။ တံအဒိန္နာဒါနံ၊ ထိုအဒိန္နာဒါန်အမှုကို။ ဝါ၊ ထိုဥစ္စာရှင်သည် ကိုယ်နှုတ်ဖြင့် မပေးအပ်သော လူဇာတ်ရှိသော တပါးသော သူ၏ ဥစ္စာကို ခိုးယူခြင်းအမှုကို။ တေ၊ သည်။ ယာဝဇီဝံ၊ တိုင်အောင်။ ဝါ၊လုံး။အကရဏီယံ၊လင့်။ ဝါ၊မည်။

အာမ ဘန္တေ။ ။ဘန္တေ၊ ရှုး။ အာမ၊ ကောင်းလှပါပြီ။ အဒိန္နာဒါန်အမှုကို သိက္ခာပုဒ်တော် ကိုယ်ဌိတည်သမျှ ကာလပတ်လုံး မပြုမကျင့် ရှောင်ကြဉ်ပါအုံ့ဘုရား။

အာဝုသော၊ ငါ့သျှင်ပဉ္စင်းသစ်။ ဥပသမ္ပဒေန၊ သော။ ဘိက္ခုနာ၊ သည်။ သဠေ့စု၊ သတ္တာသညာနှင့်တကွ ဝမကစေတနာ ဖြင့် စေ့ဆော်ကြိုးကုတ် လုံ့လထုတ်၍။ ပါဏော၊ သတ္တဝါကို။ ဇီဝိတာ၊ ရုပ်,နာမ်နှစ်ထွေ ဇီဝိတိန္ဒြေမှ။ နဝေါရောပေတဗ္ဗော၊ သနားကင်းပ မျက်ဒေါသဖြင့် မကျစေအပ် မကျစေသင့် မချ ထိုက် မချကောင်း မချလေလင့်။ အန္တိမသော၊ ဖြင့်။ ကုန္ဆ ကိုပိလ္လိကံ၊ ငယ်စဉ်အဆုံး ခြပုန်းပရက်ကို။ ဥပါဒါယ၊ အစပြု၍။ သဠေ့စု၊ ၍။ ပါဏော၊ ကို။ ဇီဝိတာ၊ မှ။ နဝေါရောပေတဗ္ဗော၊ လင့်။ ယောဘိက္ခု၊ သည်။ သဠေ့စု၊ ၍။ မနုဿဝိဂ္ဂဟံ၊ ရေကြည် ကလလ တည်သည်ကစ၍ အသက်ထင်ရှားရှိသော အထူးထူး သောအာဟာရကို ယူတတ်သော လူဇာတ်ရှိသော သူ၏ကိုယ် ကို။ ဝါ၊ ရေကြည်ကလလ တည်သည်ကစ၍ အသက်ထင်ရှား ရှိသော အထူးထူးအရပ်ရပ် စဲ့လမ်းအပ်သော လူဇာတ်ရှိသော သူ၏ကိုယ်ကို။ ဇီဝိတာ၊ မှ။ ဝေါရောပေတိ၊ ကျစေမိအံ့။ ဝါ၊ ချမိအံ့။ အန္တိမသော၊ ဖြင့်။ ဂဗ္ဘပါတနံ၊ ကိုယ်ဝန်ကျကြောင်း ဖြစ်သော ကိုယ်ဝန်ကျဆေးပေးခြင်းကို။ ဥပါဒါယ၊၍။ သဠေ့စု၊ ၍။ မနုဿဝိဂ္ဂဟံ၊ ကို။ ဇီဝိတာ၊ မှ။ ဝေါရောပေတိ၊အံ့။ သော ဘိက္ခု၊ သည်။ အသမဏော၊ သည်။ အသက္ကပုတ္တိယော၊သည်။ ဟောတိ၊ ၏။

သေယျထာပိနာမ၊ လောကတန္တ၊ ပုံရှာပြု၍ နှိုင်းရှုဘို့ရာ ဥပမာမည်သည်။ ဒ္ဒေဓာ၊ နှစ်စိတ်နှစ်ပိုင်း။ ဘိန္နာ၊ ကွဲပျက်ပြီး

သော။ ပုထု၊ စုလစ်မ္ဒန်းခ္ဍန် အထ္ဌဋ္ဌတပ်သော ကျောင်းကြီး ပမာ ကြီးစ္ဌာသော။ သိလာ၊ ကျောက်လုံးကျောက်ဖျာသည်။ အပ္ပဋိသန္ဓိကာ၊ ပြကတော့တာဘန် စေ့စပ်ပြန်ခြင်းငှာ မထိုက် သည်။ ဟောတိ သေယျထာပိ၊ ဖြစ်သကဲ့သို့။ ဧဝမေဝ၊ သာ။ ဘိက္ခု၊ သည်။ သဋ္ဌိစ္ဆ၊ ၍။ မနုဿဝိဂ္ဂဟံ၊ ကို။ ဇီဝိတာ။ မ္ဟာ။ ဝေါရောပေတ္မာ၊ ကျမိစေ၍။ ဝါ၊ ချမိ၍။ ဝါ၊ သော်။ ဝါ၊ ကြောင့်။ အသမဏောာ၊ သည်။ အသက္ကပုတ္တိယောာ၊ သည်။ ဟောတိ၊ ၏။ တံဝေါရောပနံ၊ ထိုသတ္တဝါကို ဇီဝိတိန္ဒြေမ္ဘ ကျစေခြင်းအမှုကို။ တောာ၊ သည်။ ယာဝဇီဝံ၊ တိုင်အောင်။ ဝါ၊ လုံး။ အကရဏီယံ၊ လင့်။ ဝါ၊ မည်။

အာမ ဘန္တေ။ ။ဘန္တေ၊ ရှုး။ အာမ၊ ကောင်းလှပါပြီ၊ သတ္တဝါကို ဇီဝိတိန္ဒြေမ္ဘ ကျစေခြင်းအမှုကို သိက္ခာပုဒ်တော် ကိုယ်ဌ် တည်သမျှ ကာလပတ်လုံး မပြုမကျင့် ရှောင်ကြဉ်ပါအုံ့ ဘုရား။

အာဝုသော၊ သစ်။ ဥပသမ္ဘန္ဓေန၊ သော။ ဘိက္ခုနာ၊ သည်။ ဥတ္တရိမနုဿဓမ္မော၊ လူတို့၏ ကုသိုလ်ကမ္မပထတရား ဆယ်ပါးထက်လွန်မြတ်သော စျာန်, မဂ်,ဖိုလ်တရားကို။ ဝါ၊ မြတ်သောလူဟု ဆိုအပ်သော စျာနလာဘီ အဘိညာလာဘီ ပုထုဇန် အရိယာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော စျာန်, မဂ်, ဖိုလ် တရားကို။ ဝါ၊ ပြကတော့သော လူတို့ထက်မြတ်သော စျာနလာ ဘီ အဘိညာလာဘီပုထုဇန်အရိယာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော

ဈာန်,မဂ်,ဖိုလ်တရားကို။ ၀၊ မနုဿစစ် လူ့အဖြစ်ကို စွန့်ပစ်လွန်လတ် မြတ်ထက်မြတ်လျက် ထွက်ရပ်လမ်းမှန် မြတ်နိုဗုဒ္ဓသို့ ကေနရောကစေတတသော ဈာန်, မဂ်, ဖိုလ်တရားကို။ နဥလ္လပိုတဗျော၊ သီလအသက် ကိုယ်မှာထွက်လျက် ငဲ့ကွက်မထားရမှက်အားဖြင့် ၀ါကြွားမောက်မို့ မပြောဆိုအပ် မပြောဆိုသင့် မပြောဆိုထိုက် မပြောဆိုကောင်း မပြောဆိုလေလင့်။ အန္တမသော၊ အားဖြင့်။ အဟာ၊ တရားမှော်လျော် ငါကိုယ်တော်သည်။ သုညာဂါရေ၊ လူရှင်ကင်းဆိတ် သစ်ပင်ရိပ်နှင့် ဘိတ်ဘိတ်လူလူ တောင်ရိပ်ထူလျက် သဲဖြူဘော်ငွေ့ မြစ်ငယ်ရေတို့ ထွေထွေစိမ့်စမ်း ရှုမခမ်းဘဲ တောင်တန်းစုံမြိုင် ပန်းနုံလှိုင်သည့် ဂနိုင်ချောင်ကောင်း တောရကျောင်း၌။ အဘိရမာမိ၊ ဈာန်ရောမဂ်ပါ ဖိုလ်ချမ်းသာဖြင့် လွန်စွာမှော်လျော်၏။ဤတို့ ဤသို့။ နဥလ္လပိုတဗျော၊ လင့်။ ။(အကရဏီယ လေး၀ါကျ လုံးမှာ ဤသြမက ပရိစ္ဆေဒ ဒီပက၀ါကျအရာမျိုး၌လိုက်၍ စပ်သည်ချည်း)။ ။ယောဘိက္ခု၊ သည်။ ပါပိစ္ဆော၊ ယုတ်မာသော အလိုရှိသည်။ ဤစ္ဆာပကတော၊ အလိုဆိုးသည် သမ္မာအာဇီ၀မှ ကင်းအောင် ပြုအပ်သည်။ ၀ါ၊ အလိုရမှက် နှိပ်စက်အပ်သည်။ ဟုတ္တာ၊ ၍။ အဘူတံ၊ တခါတရံ ကိုယ်သန္တာန်၌ ကေန်မဖြစ်ဘူးသော။ အဘူတတ္တာ၊ တခါတရံ ကိုယ်သန္တာန်၌ ကေန်မဖြစ်ဘူးသည်၏ အဖြစ်ကြောင့်။ အသန္တံ၊ တခါတရံ ကိုယ်သန္တာန်၌ ကေန်မရှိသော။ ဥတ္တရိမနုဿဓမ္မံ၊ ကို။

(သာမည) စျာနံဝါ၊ လေးပါးသော စျာန်ကိုသော်လည်း ကောင်း။ ဝိမောက္ခံဝါ၊ ရှစ်ပါးသောလောကီဝိမောက္ခ သုံးပါး သော လောကုတ္တရာ ဝိမောက္ခ ကိုသော် လည်းကောင်း။ သမာဓိ ဝါ၊ လောကီ, လောကုတ္တရာ သမာဓိကိုသော်လည်း ကောင်း။ သမာပတ္တိ ဝါ၊ လောကီ, လောကုတ္တရာ သမာပတ် ကိုသော်လည်းကောင်း။ မဂ္ဂံဝါ၊ လေးပါးသော မဂ်ကိုသော် လည်းကောင်း။ ဖလံဝါ၊ လေးပါးသော ဖိုလ်ကိုသော်လည်း ကောင်း။(ဝိသေသ)ဥလ္လပတိ၊ သီလအသက် ကိုယ်မှထွက်လျက် ငဲ့ကွက်မထား ရမ္မက်အားဖြင့် ဝါကြားမောက်မို လာဘ်ရ လို၍ ပြောဆိုမိအုံ့။ ။(ဥလ္လပတိတိ ဥဂ္ဂတာယုကော လပတိ။ သီလံ ဟိ ဘိက္ခုဿ အာယု။ တံ တဿ တထာလပနကာလ သမကာလမေဝ ဝိဂစ္ဆတိ။ ။ဝိသုဒ္ဓိမဂ် မဟာဋီကာ)။ ။ သောဘိက္ခု၊ သည်။ အသမဏော၊ သည်။ အသက္ကပုတ္တိယော၊ သည်။ ဟောတိ၊ ၏။

သေယျထာပိနာမ၊ မျက်မြင်ဒိဋ္ဌ လက်တွေ့ပြရာ ဥပမာ မည်သည်ကား။ မတ္ထကစ္ဆိန္နော၊ ပြတ်သောလည်ဆစ် လည်သီး ရှိသော။ဝါ၊ လည်ဆစ်လည်သီးပြတ်တိုပြီးသော။ တာလော၊ ဘုတ်ပြိတ်ပုံဆို ထန်းငုတ်တိုသည်။ ပုနဝိရုဠ္ဠိယာ၊ခက်လက်ရှည် တိုရှန်းရှန်းစိုလျက် နုပျိုကြီးပွား တဘန်ပေါက်ရောက် စည် ကားပြန်ခြင်းငှာ။ အဘာဗော သေယျထာပိ၊ လုံ့လမလစ် ကြိုး အားသစ်လည်း မဖြစ်ထိုက်သကဲ့သို့။ ဧဝမေဝ၊ သာ။ ဘိက္ခု၊

သည်။ပါပိုစ္ဆော၊ သည်။ ဣစ္ဆာပကတောသည်။ ဟုတ္တာ၍။ အဘူတံ၊ သော။ အဘူတတ္တာ ကြောင့်။ အသန္တံ၊ သော။ ဥတ္တရိမနုဿမမ္မံ၊ ကို။ ဥလ္လပိတ္တာ၊ သီလအသက် ကိုယ်မှထွက်လျက် ငဲ့ကွက်မထား ရမ္မက်အားဖြင့် ဝါကြွားမောက်မို လာဘ်ရလိုဘိ ပြောဆိုမိ၍။ ဝါ၊ သော်။ ဝါ၊ ကြောင့်။ အသ မဏော၊ သည်။ အသက္ကပုတ္တိယောသည်။ဟောတိ၏။တံဥတ္တရိ မနုဿမမ္မုလ္လပနံ၊ ထိုဥတ္တရိမနုဿမမ္မကို ဝါဝါကြွားကြွား ပလ္ဘားရ၍ ပြောဆိုခြင်းအမှုကို။ တော၊ သည်။ ယာဝဇီဝံ၊ တိုင် အောင်။ ဝါ၊ လုံး။ အဂရဏီယံ၊ လင့်။ဝါ၊ မည်။

အာမ ဘန္တေ။ ။ဘန္တေ၊ ရှား။အာမ၊ ကောင်းလှပါပြီ၊ ဥတ္တရိမနုဿမမ္မကို ဝါဝါကြွားကြွား ပလ္ဘားရ၍ ပြောဆိုခြင်း အမှုကိုမပြုမကျင့် ရှောင်ကြဉ်ပါအုံ့ဘုရား။

ဣမာနိ သိက္ခာပဒါနိ၊ ဤသိက္ခာပုဒ်တို့သည်။ စတ္တာရိ၊ ကုန်သော။အဂရဏီယာနိ၊မပြုမကျင့်ထိုက်မမှီဝဲထိုက်ကုန်သော သိက္ခာပုဒ်တော်တို့ပေတည်း။

ဤကား မမှီဝဲကောင်းသည်ကို ပြောပြခြင်း စုဒ္ဓသမ ကိစ္စပေတည်း။

အပရကိစ္စသုံးပါးပြီးပြီ။

ဥပသမ္ပဒကံ၌ ဆောင်ရွက်အပ်သောကိစ္စ
တဆယ့်လေးပါးလုံးပြီးပြီ။

နိဂမန

ပခုက္ကူမြို့ မဟာဝိသုတာရုမတိုက် ကျေးဇူးတော်ရှင် ရေစကြိုဆရာတော်ဘုရားကြီး၏သဒ္ဓိဝိဟာရိက ဓမ္မဇ္ဇောဝါသိက တပည့်ဖြစ်သော နန္ဒဝံသ မည်သော မထေရ် ငါသည် ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးထံတော်မှ ရအပ်သောနည်း အတိုင်း မကျဉ်း,မကျယ်မှတ်သားလွယ်အောင် စီရင်ရေးသားအပ်သော ရဟန်းလောင်း ဆုံးမစာ ခေါ်သော ဥပသမ္မဒကမ္မဝါစာနိဿယသစ်သည် သက္ကရာဇ် ၁၂၇၉-ခု၊ ကဆုန်လဆုတ် ၁၂-ရက်ကြာသပတေးနေ့ညနေ၌ ပြီးစီးအောင်မြင်ခြင်းသို့ရောက်သတည်း။

အနန္တရာယေန ကတော၊ အယံ နိဋ္ဌ မုပါဂတော။
ဇေန္တံ နိဋ္ဌံ တထာ သဗ္ဗေ၊ ပါဏိနံ သုမနောရထာ။

မယာ၊ ငါသည်။ ကတော၊ ရေးသားပြုပြင် စီရင်အပ်သော။ အယံနိဿယော၊ ဤ ဥပသမ္မဒကမ္မဝါစာနိဿယသစ်သည်။ အနန္တရာယေန၊ ကိုယ်ပ,ကိုယ်တွင်း အန္တရာယ်ကင်းသဖြင့်။ နိဋ္ဌံ၊ သက္ကရာဇ် တထောင့်နှစ်ရာ ခုနှစ်ဆယ့်ကိုးခု၊ ကဆုန်လဆုတ် ၁၂-ရက် ကြာသပတေးနေ့ ညနေအချိန် ပြီးစီးအောင်မြင်ခြင်းသို့။ ဥပါဂတောယထာ၊ ရောက်ရသကဲ့သို့။ တထာ၊ ထို့အတူ။ ပါဏိနံ၊ သတ္တဝါတို့၏။ သဗ္ဗေ၊ တခုမကြွင်း ခပင်းဥသျှ အလုံးစုံကုန်သော။

သုမနောရထာ၊ ကောင်းသော စိတ်နှလုံး အလိုတို့သည်။ နိုင်ငံ၊ ကြုံတိုင်းလည်းအောင် ဆောင်တိုင်းလည်း မြောက် စိတ်နောက်ကိုယ်ပါ လိုရာခရီး ပြီးစီးအောင်မြင်ခြင်းသို့။ ဇွဲ၊ မချုတ်မလွဲ အမြဲကေန် အမှန်မုချ ရောက်ကြပါစေကုန်သောစ်။

ဥပသမ္ပဒကမ္မဝါစာနိဿယသစ်ခေါ်သော
ရဟန်းလောင်း ဆုံးမစာ ပြီးပြီ။

ဗျဉ္ဇနဗဒ္ဓိဝိနိစ္ဆယ

နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ။

(ဗျဉ္ဇနဗဒ္ဓိဆယ်ပါး အဆုံးအဖြတ်ကို အကျဉ်းမျှ ရေးလိုက်အုံ)။

ဌာန် ကရိုဏ်းတို့ကို လျှော့လျှော့ပြု၍ ရှတ်ဆို အပ်သော ပဌမကွာရာ ငါးလုံး, တတိယကွာရာ ငါးလုံးသည် သိထိလ မည်၏။

ဌာန် ကရိုဏ်းတို့ကို ပြင်းထန်သည်တို့ကိုပြု၍ ရှတ်ဆိုအပ်သော ဒုတိယကွာရာ ငါးလုံး, စတုတ္ထကွာရာငါးလုံးသည် ဓနိတ မည်၏။

ဌေ္ဌ စ ဝဂ္ဂဒုတိယ စတုတ္ထာ ဓနိတာတိပိ ဝုစ္စန္တိ။ ဣတ ရေ သိထိလာတိ-

ဟူသော ပရသမညာပယောဂေ-သုတ်၏ အဘ,ုဉ် ရူပသိဒ္ဓိ အလိုအားဖြင့် ပဌမကွာရာ ငါးလုံး, တတိယကွာရာ ငါးလုံး, ပဉ္စမကွာရာ ငါးလုံးသည် **သိထိလ** မည်၏။ ။**အတ္ထော အကွရုသညာတော**-ဟူသောသုတ်၏ အဘ,ုဉ်ရူပသိဒ္ဓိဋီကာ၌ကား-

သိထိလဓနိတာဒီသု သိထိလံနာမ ဝဂ္ဂေသု ပဌမတတိယာ။ ဓနိတံနာမ ဒုတိယ စတုတ္ထာ။

ဟုဆို၏၊ ဤဋီကာအလို ပဉ္စမကွာရာ မပါသည်ဖြစ်၍ တပါးသော ကျမ်းအဆိုတို့နှင့် ညီညွတ်၏၊ ပဉ္စမငါးလုံး ယ,ရ,လ,

၀, သ, ဟ, ဌ ဟူသော အဝဂ် ခုနစ်လုံး၊ ဤတစ်ဆယ့်နှစ်လုံးသော အကၽွန်ုရာတို့သည် "သိထိလ-ဓနိတ-ဝိမုတ်" တို့မည်ကုန်၏။ ရူပသိဒ္ဓိအလိုအားဖြင့် အဝဂ်-ခုနစ်လုံးသာ "သိထိလ-ဓနိတ-ဝိမုတ်" မည်၏။ ဤတစ်ဆယ့်နှစ်လုံးသော အကၽွန်ုရာတို့သည် သိထိလ ဓနိတ ဝိမုတ်ဖြစ်၍ သိထိလ ရွတ်သည်ဖြစ်စေ၊ ဓနိတ ရွတ်သည်ဖြစ်စေ၊ ကံကို မပျက်စေနိုင်ဟုပြောဆိုရိုးပြုကြ၏။ သို့ပြောဆိုရိုးပြုကြသော်လည်း အားထုတ်၍ပြင်းပြင်းထန်ထန် ရွတ်သော်လည်း ဓနိတ မဖြစ်နိုင်ကုန်၊ ရွတ်၍စမ်းက သိကြလိမ့်မည်။

နှစ်မတြာကာလဖြင့် ရွတ်ဆိုအပ်သော ငါးလုံးသောဒီဃသရ, သည် ဒီဃ မည်၏။

တစ်မတြာကာလဖြင့် ရွတ်ဆိုအပ်သော သုံးလုံးသော ရဿသရ, သည် ရဿ မည်၏။

နှောင်းသော သံယုတ် ရှိသော သုံးလုံးသော ရဿသရ, ငါးလုံးသော ဒီဃသရ, သည် ဂရုက မည်၏။

နှောင်းသော သံယုတ်မရှိသော သုံးလုံးသော ရဿသရ, သည် လဟုကမည်၏။

သန္ဓိပုဒ်စပ်၍ ရွတ်ဆိုအပ်သော အကၽွန်ုရာသည်သမ္ပဒါမည်၏။

သန္ဓိပုဒ်ဖြတ်၍ ရွတ်ဆိုအပ်သော အကၽွန်ုရာသည် ဝေါဟာရ မည်၏။

ဌာန်ကရိုဏ်းတို့ကိုနှိုင်၍ နှုတ်ခမ်းကိုဘွင့်၊ ခံတွင်းပါးစပ်ကို ပိတ်၍ ရှုတ်ဆို အပ်သော ဗိန္ဒု၊ ဗိန္ဒု၏ မှီရာ ဖြစ်သော အကျွရာသည် နိဂ္ဂဟီတ မည်၏။

ဌာန် ကရိုဏ်းတို့ကို စွန့်လွှတ်၍ ခံတွင်း ပါးစပ်ကို ဘွင့်၍ ရှုတ်ဆို အပ်သော အာ, ဒီဃသရ-အာ, ဒီဃသရကို မှီသော အကျွရာသည် ဝိမုတ္တ မည်၏။

၁။ ပဌမ၊ ၊ တတိ၊ ၊ ဆယ်ပါး သိထိလ။
၂။ ဒုတိယ၊ ၊ စတုတ္ထ၊ ၊ ဆယ်ပါး ဓနိတ။
၃။ ဝဂ္ဂန္တ၊ ၊ အ-ဝဏ်များ၊ လျှာ့ငြား သိထိလ။
၄။ ပဋ္ဌဒီဃာ၊ တိရသာ၊ နှစ်ဖြာ ခွဲဝေကြ။
၅။ ပဋ္ဌဒီဃာ၊ ရသာတိဂ၊ နှောင်းထ သံယုတ်၊ ရှစ်လုံးထုတ်။
သမုတ် ဂရုက။
၆။ မနှောင်း သံယုတ်၊ ရသထုတ်၊ သမုတ် လဟုက။
၇။ သန္ဓိပုဒ်စပ်၊ ရှုတ်ဆိုအပ်၊ သတ်မှတ် သမ္ဗန္ဓ။
၈။ သန္ဓိပုဒ်ဖြတ်၊ ရှုတ်ဆိုအပ်၊ သတ်မှတ် ဝေါဝတ္ထိတ။
၉။ နိဂ္ဂဟီတံ၊ ဗိန္ဒုအံ၊ ဘွင့်ရန် အာဒီဃ။
၁၀။ ၊ ၊ ဝဂ္ဂန်အံ၊ ဗိန္ဒုအံ၊ ရှုတ်ရန် နှာခေါင်းမှ။

၁။ နိဂ္ဂဟီတံ နှာသိကဌာနဇံ၊ ၊ -ဉ -ဏ-နှ-မာ သကဌာနိ
ကာစ နှာသိကဌာနိကာစ။
(အကျွရာပါဒယော ကေစတ္တာလီသံ သုတ်အဘွင့် ရှုပသိဒ္ဓိ)။

၁။ နိဂ္ဂဟီတံ၊ နိဂ္ဂဟီတ်သည်။ နှာသိကဌာနဇံ၊ နှာခေါင်း အရပ်၌ ဖြစ်၏။ ၊ -ဉ -ဏ-နှ-မာ၊ ၊ -ဉ -ဏ-နှ-မ တို့သည်။ သကဌာနိကာစ၊ ဝဂ္ဂန္တမဖြစ်ခိုက် မိမိတို့၏ဥစ္စာဖြစ်သော ကဏ္ဌ

အရပ်,တာလုအရပ်,မုဒ္ဓအရပ်,ဒန္တအရပ်,သြဋ္ဌ အရပ်တို့ဌာ်လည်း ဖြစ်ကုန်၏။ နာသိက ဌာနိကာစ၊ ဝဂ္ဂန္တ ဖြစ်ခိုက် နှာခေါင်း အရပ်ဌာ်လည်း ဖြစ်ကုန်၏။

သိက္ခာဝိဓာနခဏ်း သန္ဓိသုတ္တမာလာ သဒ္ဒနိတိဌာ်လည်း ရူပသိဒ္ဓိ နည်းတူ ဆို၏။ ဤရူပသိဒ္ဓိ-သဒ္ဒနိတိ များကို မှီ၍-

ငါးဝဂ္ဂန္တံ၊ ဗိန္ဒုအံ၊ ရွတ်ရန် နှာခေါင်းမှ-

ဟူသော နိယာမ်ပုဒ်ကို ဆိုက်လိုက် ပေ၏။ (သကဌာနိက အရကား ထင်ရှား လှ၏)။ နာသိက ဌာနိကာ - ဟူသော ပုဒ်အရ-ဝဂ္ဂန္တ ငါးလုံးသည် အဘယ်အခါဌာ် နှာခေါင်းအရပ်ဌာ် ဖြစ်သနည်း-ဟု မေးခွန်းထုတ်ဘွယ်ရှိ၏၊ အချို့ ဆရာများကား င-ဉ-ဏ-နမ ဟူသော ဤဝဂ္ဂန္တ ငါးလုံးသည် မူလပင်ကိုယ် သဘောအားဖြင့် စဉ်းငယ် နှာခေါင်းသံ ပါရှိသောကြောင့်-

င-ဉ-ဏ-နမာ၊ နာသိကဌာနိကာ-

ဟု သဒ္ဒါကျမ်းများဌာ် ဆို၏ဟု ယူကြ၏။ ထိုအယူကို ငါတို့ကား မနှစ်သက်ကုန်။

အချို့ဆရာများကား တဏှာ်ရော၊ရဏဉ္ဇဟော၊သဏ္ဌိတော၊ ဇုတိန္ဓရော၊ သမ္ဘတော စသော ပုဒ်များ ကဲ့သို့ ဝဂ္ဂန္တ ဖြစ်ခိုက် နှာခေါင်း အရပ်ဌာ် ဖြစ်သည်ကို ရည်ရွယ်၍-

င-ဉ-ဏ-နမာ နာသိကဌာနိကာ--

ဟု သဒ္ဒါ ကျမ်းတို့ဌာ် ဆို၏ဟု ယူကြ၏၊ ဤ အယူသာ သင့်မြတ်၏ဟု ငါတို့ ယူဆ ပေကုန်၏။

အခ္ပါ ဆရာများကား တဏှာကာ်ရော စသော ဝဂ္ဂန္ဓများကို ဝိမုတ်ဟု ယူကြ ကုန်၏၊ ထို အယူကား မသင့်မြတ်၊ အဘယ်ကြောင့်နည်း၊ ဝိမုတ် ဟူသည် အာ ဒီဃ တလုံးသာ ရှိသောကြောင့်တည်း။

၂။ နိဗ္ဗာန်ကို ယံ ကရဏာနိ နိဗ္ဗာနဟေတု အဝိသင်္ခေတု အဝိဝင်္ဂေန မုခေန အနုနာသိက် ကတု ဝတ္တဗ္ဗံ။ ဝိမုတ္တိကို ယံ ကရဏာနိ အနိဗ္ဗာနဟေတု ဝိဝင်္ဂေန မုခေန အနုနာသိကံ အကတု ဝုစ္စတိ။ ။ (ကမ္မဝဂ် ပရိဝါအဋ္ဌကထာ)။

၃။ ဌာန ကရဏာနိ နိဗ္ဗာနဟေတု ဥစ္စာရေတဗ္ဗံ၊ နိဗ္ဗာန်တံ။ ဌာနကရဏာနိ ဝိသင်္ခေတုကတု ဥစ္စာရေတဗ္ဗံ၊ဝိမုတ္တံ။ (သီလက္ခန် ဋီကာဟောင်း)။

၄။ ဌာနကရဏာနိ နိဗ္ဗာနဟေတု အဝိဝင်္ဂေန မုခေန ဥစ္စာရေတဗ္ဗံ၊ နိဗ္ဗာန်တံ။ ဌာနကရဏာနိ ဝိသင်္ခေတုကတု ဝိဝင်္ဂေန မုခေန ဥစ္စာရေတဗ္ဗံ၊ ဝိမုတ္တံ။ ။(သီလက္ခန် ဋီကာသစ်)။

၅။ ကရဏာနိ နိဗ္ဗာနဟေတု ဝိဝင်္ဂေန မုခေန ဝတ္တဗ္ဗံ၊ ဝိမုတ္တံ။ ဓမ္မဋ္ဌိတတာ, ဓမ္မနိယာမတာ, ကုသလာ, ဓမ္မာ။ ။ (မူလသညာ ဝိဓာနခဏ်း သန္ဓိသုတ္တမာလာ။သဒ္ဒနီတိ)။

၂။ ယံ အကွေရုံ၊ အကြင် အကွေရာကို။ ကရဏာနိ၊ ဌာန်ကရိုဏ်းတို့ကို။ နိဗ္ဗာနဟေတု၊ နှိုက်၍။ အဝိသင်္ခေတု၊ မစ္စန်လှတ်မှု၍။ အဝိဝင်္ဂေန၊ မဘွင့်အပ်သော။ ဝါ၊ မဟာအပ်သော။မုခေန၊

ခံတွင်းဖြင့်။ ဝါ၊ ပါးစပ်ဖြင့်။ အနုနာသိကံ၊ မှီရာ ဌာန်ကို ရွတ်ဆိုရာ ကာလမှ နောက်၌ နှာခေါင်းဖြင့် ရွတ်ဆိုအပ်သည်ကို။ ဝါ၊ နှာခေါင်းသို့ အစဉ် လိုက်သည်ကို။ ကတ္တာ၊ ပြု၍။ ဝတ္ထုဒ္ဒီ၊ ရွတ်ဆိုအပ်၏။ တဲ့အကျွန်ုံ၊ ထိုနှုတ်ခမ်းကိုဘွင့်, ပါးစပ်ကိုပိတ်၍, နှာခေါင်းသံ ပါအောင် ရွတ်ဆို အပ်သော အကျွန်ုာသည်။ နိဂ္ဂဟီတန္တိ၊ နိဂ္ဂဟီတ မည်၏။ ယံအကျွန်ုံ၊ အကြင် အာ-အကျွန်ုာ ကို။ ကရဏာနိ၊ တို့ကို။ အနိဂ္ဂဟေတ္ဝာ၊ မနှိုက်မူ၍။ ဝိသေဋေတ္ဝာ၊ စွန့်လွှတ်၍။ ဝိဝဋ္ဋေန၊ ဘွင့်ဟအပ်သော။ မုခေန၊ ဖြင့်။ အနုနာသိကံ၊ နှာခေါင်း အရပ်သို့ အစဉ်လိုက် သည်ကို။ အကတ္တာ၊ မပြုမူ၍။ ဝုစ္စတိ၊ ရွတ်ဆိုအပ်၏။ တဲ့အကျွန်ုံ၊ ထို ဌာန်ကရိုဏ်းကို စွန့်လွှတ်၍ ဘွင့်ဟအပ်သော ခံတွင်းပါးစပ်ဖြင့် နှာခေါင်းက လေ,မထုတ်ဘဲ နှာခေါင်းသံ မပါ!စေဘဲ ရွတ်ဆိုအပ်သော အာ-အကျွန်ုာသည်။ ဝိမုတ္တန္တိ၊ ဝိမုတ္တမည်၏။

၃။ ဌာနကရဏာနိ၊ ဌာန်ကရိုဏ်း တို့ကို။ နိဂ္ဂဟေတ္ဝာ၊ နှိုက်၍။ ဥစ္စာရေတဗ္ဗံ၊ ရွတ်ဆိုအပ်သော။ အကျွန်ုံ၊ အံ-ဣ-ဥ ဟူသော အကျွန်ုာသည်။ နိဂ္ဂဟီတံ၊ နိဂ္ဂဟီတမည်၏။ ဌာနကရဏာနိ၊ တို့ကို။ ဝိသေဋ္ဌာနိ၊ စွန့်လွှတ် အပ်သည်တို့ကို။ ကတ္တာ၊ ၍။ ဥစ္စာရေတဗ္ဗံ၊ ရွတ်ဆိုအပ်သော။ အကျွန်ုံ၊ အာ-အကျွန်ုာသည်။ ဝိမုတ္တံ၊ ဝိမုတ္တမည်၏။

၄။ ဌာန ကရဏာနိ၊ တို့ကို။ နိဂ္ဂဟေတ္ဝာ၊ ၍။ အဝိဝဋ္ဋေန၊ သော။ မုခေန၊ ဖြင့်။ ဥစ္စာရေတဗ္ဗံ၊ သော။ အကျွန်ုံ၊

သည်။ နိဂ္ဂဟီတံ၊ မည်၏။ ဌာနကရဏာနိ၊ တို့ကို။ ဝိသဒ္ဒါနိ၊ တို့ကို။ ကတ္ဝာ၊ ၍။ ဝိဝဋ္ဋေန၊ သော။ မုခေန၊ ဖြင့်။ ဥစ္စာရေ တဗ္ဗံ၊ သော။ အက္ခရံ၊ သည်။ ဝိမုတ္တံ၊ မည်၏။

၅။ ကရဏာနိ၊ တို့ကို။ အနိဂ္ဂဟေတ္ဝာ၊ ၍။ ဝိဝဋ္ဋေန၊ သော။ မုခေန၊ ဖြင့်။ ဝတ္တဗ္ဗံ၊ သော။ အက္ခရံ၊ သည်။ ဝိမုတ္တံ၊ မည်၏။ ။(ဓမ္မဋ္ဌိတတာ ဓမ္မနိယာမတာ ကုသလာဓမ္မာ ဓမ္မဋ္ဌိတတာ၊ ၌။ အာ၊ ဓမ္မနိယာမတာ၊ ၌။ အာ၊ကုသလာ၊၌။ အာ၊ ဓမ္မာ၊ ၌။ အာ၊ ဟူသည်တည်း)။

အထူးမှတ်ရန်။ ။အရပ်ရပ်သော ကျမ်းဂန်များကို ထောက်သော်-

ဥစ္စိတ္ထဝုစ္စိတ္ထာတိ ဥတ္တံ။ ဌာနကရဏာနိ ဝိသဒ္ဒေတ္ဝာ ဝိဝဋ္ဋေန မုခေန ဥတ္တံ ဝိမုတ္တံ။ ဝိပုဗ္ဗ ဥစ၊ ဝိယတ္တိယံ ဝါစာယံ၊ မကာရော အာဂမမတ္တံ။သာမညနိဒ္ဒေသေန ဂေသေသနယေန ဝါဝိသဒ္ဒေတ္ဝာ ဝိဝဋ္ဋေန မုခေနာတိ ဒ္ဝိဓာ ဝိသဒ္ဒသတ္ထော ဝုတ္တော။

ဟု ဝိဂြိုဟ်ပြုအပ်၏ ဟု ထင်ရှားသိသာ၏။

ဆယ်ပါးသော ဗျဥ္ဇနဗုဒ္ဓိတို့တွင် သိထိလကို- ဓနိတာ၊ဓနိတကို-သိထိလ၊ ဝိမုတ္တာကို- နိဂ္ဂဟီတ၊ နိဂ္ဂဟီတကို- ဝိမုတ္တာ၊ ပြု၍ ဘာသ်ရှတ်ခဲ့လျှင် ကံပျက်ကြောင်းကို-

၆။ ဣမာနိ စတ္တာရိ ဗျည္ဇနာနိ အန္ဓော ကမ္မဝါစာယ ကမ္မံ ဒူသေန္တိ။ ဧဝံ ဝဒန္ဓော ဟိ အညသ္မိံ အက္ခရေ ဝတ္တေ အညံ ဝဒတိ၊ ဒုရုတ္တံ ကရောတိ တိ ဝုစ္စတိ။

ဟု ကမ္မဝဂ် ပရိဝါအဋ္ဌကထာ၌ဆို၏။

၆။ စတ္တာရိ၊ လေးပါးကုန်သော။ ဣမာနိ ဗျည္ဇနာနိ၊ ဤသိထိလ- ဓနိတ- နိဂ္ဂဟီတ- ဝိမုတ္တအက္ခရာ တို့သည်။ အန္ဓော ကမ္မဝါစာယ၊ ကမ္မဝါစာ၏အတွင်း၌။ ကမ္မံ၊ ကံကို။ ဒူသေန္တိ၊ ပျက်စေကုန်၏။ ဝါ၊ ဖျက်ဆီးတတ်ကုန်၏။ ဟိ၊ တိမ်မြုပ်ကွယ်ဝှက် ဓိပ္ပါယ်နက်ကို အချက်ပေါ်ကာ မျှားသိသာအောင် ထင်စွာပြအံ့။ဧဝံ၊ ဤသို့ သိထိလကို ဓနိတ၊ ဓနိတကို သိထိလ၊ ဝိမုတ္တကို နိဂ္ဂဟီတ၊နိဂ္ဂဟီတကို ဝိမုတ္တပြု၍။ ဝဒန္ဓော၊ရွတ်ဘာသ်သော။ ဘိက္ခု၊ကို။ အညသ္မိံ ၊ တပါးသော။အက္ခရေ၊ သိထိလ-ဓနိတ-နိဂ္ဂဟီတ-ဝိမုတ္တ အက္ခရာကို။ ဝါ၊ ဓနိတ-သိထိလ-ဝိမုတ္တ-နိဂ္ဂဟီတအက္ခရာကို။ ဝတ္တေ၊ ရွတ်ဆိုသင့်လျက်။ အညံ၊ တပါးသော။ အက္ခရံ၊ ဓနိတ- သိထိလ- ဝိမုတ္တ- နိဂ္ဂဟီတ အက္ခရာကို။ ဝါ၊ သိထိလ- ဓနိတ- နိဂ္ဂဟီတ- ဝိမုတ္တအက္ခရာကို။ ဝဒတိတိ၊ရွတ်ဆို၏ ဟူ၍လည်းကောင်း။ ဒုရုတ္တံ၊မကောင်းသဖြင့် ရွတ်ဆိုအပ်သည်ကို။ ကရောတိတိ၊ ပြု၏ ဟူ၍လည်းကောင်း။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤသို့ နိဂ္ဂဟီတကို ဝိမုတ္တ၊ ဝိမုတ္တကို နိဂ္ဂဟီတပြု၍ အပြန်အလှန် ရွတ်ဆိုခဏ်းဝယ်-

၇။ သုဏာတု မေတိ ဝိဝဋ္ဋေန မုခေန ဝတ္တတေ ပန သုဏံတု မေတိ ဝါ။ သော ဥတ္တိတိ ဝတ္တတေ သော ဥတ္တိတိဝါ အဝိဝဋ္ဋေန မုခေန အနုနာသိကံ ကတ္တာ ဝစနံ ဝိမုတ္တာသ နိဂ္ဂဟီတဝစနံနာမ-

ဟူသော ကမ္မဝဏ် ပရိဝါ အဌကထာပါဠိ၌- သုဏာတု သော-ပါဠိများကို ထောက်ဆ၍ အာ,ဒီယသရ၊ အာ,ဒီယသရကိုမှီသော အက္ခရာဟူသမျှသည် ဝိမုတ္တ-မည်၏ဟု အသံစဲ့မှတ်ယူအပ်၏၊ ဤအဌကထာပါဠိ၌ ဏာ-ဟူသော ဝိမုတ္တအက္ခရာကို၊ ဏံ ဟု နိဂ္ဂဟီတ်ပြု၍ ဘာသ်မိလျှင် ကံ-ပျက်၏။ သာ-ဟူသော ဝိမုတ္တအက္ခရာကို သံ-ဟု နိဂ္ဂဟီတ်ပြု၍ ဘာသ်မိလျှင် ကံပျက်၏-ဟူလို။

သုဏံတု မေ ဟူသော ပါဠိဝယ်။ ။သုဏန္တု မေ-ဟု တဝဂ္ဂန္တပါဠိနှင့် လည်းကောင်း၊ သုဏံတု မေ-ဟု နိဂ္ဂဟီတန္တပါဠိနှင့်လည်းကောင်း၊ ပုတ်အုပ်မှုကို၌ ပါဠိနှစ်ထွေ တွေ့မြင်ရ၏၊ ပေမှုမျှား၌ကား တဝဂ္ဂန္တနှင့် သုဏန္တုပါဠိသာ အရှိမျှား၏၊ တ-ဝဂ္ဂန္တပါဠိကို ဝိမုတ္တထင်မှတ်၍ နောက်မှ ပြင်မိကြဟန်ရှိ၏၊ တဝဂ္ဂန္တပါဠိကား ဝိမုတ္တမဟုတ်။ ။ဝ-ဉ-ဏ-နမ-နာသိက ဌာနိကာ ဟူသည့်အတိုင်း နိဂ္ဂဟီတပင် ဖြစ်၍ မပြင်သင့်။

ဒုဿာသယ ၃၉၂-၉

၈။ ပတ္တကလ္လံတိ အဝိဝဋ္ဋေန မုခေန အနုနာသိကံ ကတ္ဝာ ဝတ္တေ့ ပတ္တကလ္လာတိ ဝိဝဋ္ဋေန မုခေန အနုနာသိကံ အကတ္ဝာ ဝစနံ နိဂ္ဂဟီတဿ ဝိမုတ္တ ဝစနံနာမ-

ဟူသော ကမ္မဝဂ် ပရိဝါအဋ္ဌကထာ၌လည်း လွံ-ဟူသော နိဂ္ဂဟီတ-အက္ခရာကို၊လ္လာ-ဟု ဝိမုတ္တအက္ခရာပြု၍ ဘာသ်ခဲ့လျှင် နိဂ္ဂဟီတ်ကိုဝိမုတ်ပြု၍ဘာသ်သောကြောင့်'ကံ-ပျက်၏ဟု ဆို၏၊ ဤဝါကျကို ထောက်သဖြင့်လည်း အာ,ဒီဃသရ အာ-ဒီဃသရကိုမှီသော အက္ခရာဟူသမျှသည်သာ ဝိမုတ္တ မည်၏ဟု အသဲစဲ့ မှတ်ယူသင့်၏၊ ဤပရိဝါအဋ္ဌကထာကို ထောက်သဖြင့် သာလျှင် ဓမ္မဋ္ဌတတာ ဓမ္မနိယာမတာ ကိုသလာ ဓမ္မာ။ ။ ဟူသော ဥဒါဟရဏ်မျှားဌ် အာ,ဒီဃသရ၊ အာ,ဒီဃသရကို မှီသောအက္ခရာဟူသမျှကိုသာ ဝိမုတ္တမည်၏ဟု'အနေကန်မဟုတ် ဧကန်မှတ်ယူအပ်၏၊ဤဥဒါဟရဏ်မျှားဌ် အာ,ဒီဃသရ၊ အာ, ဒီဃသရကိုမှီသော အက္ခရာမျှားကိုသာ ဝိမုတ်ဟု မယူဘဲ ဓမ္မ-ဟူသော ပုဒ်ဌ် ဓမ်-ဟူသော ပဝဂ္ဂန္တပါဋ္ဌကို၊ ဝိမုတ်ဟု ဝိနယသမုဟာပဌမတဲ့ မျက်နှာနုံပါတ်-၄၆၉ ဒုရုတ္တဒီပနီ ဆရာတော် ဝါဒဌ် ဆုံးဖြတ်ထားသည်ကိုတွေ့မြင်ရဘူး၏၊ ထိုအဆုံးအဖြတ်ကို မှီ၍ ဝဂ္ဂန္တဟူသမျှကို ဝိမုတ္တဟု ယူကြဟန်ရှိ၏၊ ဝဂ္ဂန္တပါဋ္ဌမျှားကို ဝိမုတ္တဟု အယူရှိသောပုဂ္ဂိုလ်တို့သည် ဤပရိဝါအဋ္ဌကထာကို သတိသမ္ပဇဉ်ကြီးကြီးထားကာ ကြည့်ရှု၍ စဉ်းစားသင်၏။

၇။ ပန၊ ပက္ခဇ္ဇရတ္ထ။ ။သုဏာတုမေတိ၊ဟူ၍။ ဝိဝဇ္ဇေန၊ ဘဲ့ဝ်ဟာအပ်သော။ မုခေန၊ ခံတွင်းပါးစပ်ဖြင့်။ ဝတ္တေ့ဗ္ဗေ၊ ရွတ်ဆို သင့်လျက်။သုဏံတု မေတိဝါ၊သုဏံတု မေဟူ၍လည်းကောင်း။ ဃောဥ္ဇတ္တိတိ၊ ဟူ၍။ ဝိဝဇ္ဇေန၊ သော။ မုခေန၊ ဖြင့်။ ဝတ္တေ့ဗ္ဗေ၊ လျက်။ ဃံဥ္ဇတ္တိတိဝါ၊ ဃံဥ္ဇတ္တိဟူ၍လည်းကောင်း။ အဝိ ဝဇ္ဇေန၊ သော။ မုခေန၊ ဖြင့်။ အနုနာသိကံ၊ ကို။ ကတ္တာ၊ ၍။ ဝစနံ၊ရွတ်ဆိုခြင်းသည်။ ဝိမုတ္တာဿ၊ ဝိမုတ်ကို။ ဝါ၊ ဌာန်ကရိုဏ်း တို့ စွန့်လွှတ်၍ ဘဲ့ဝ်အပ်သော ခံတွင်းဖြင့် ရွတ်ဆိုအပ်သော အာဒီဃသရ၊ အာဒီဃနိဿိတအက္ခရာကို။ နိဂ္ဂဟီတဝစနံနာမ၊ နိဂ္ဂဟိတ်ပြု၍ ရွတ်ဆိုခြင်းမည်၏။

၈။ ပတ္တကလ္လံတိ၊ ဟူ၍။ အဝိဝဇ္ဇေန၊ သော။ မုခေန၊ ဖြင့်။ အနုနာသိကံ၊ ကို။ ကတ္တာ၊ ၍။ ဝတ္တေ့ဗ္ဗေ၊ လျက်။ ပတ္တ ကလ္လာတိ၊ ပတ္တကလ္လာဟူ၍။ ဝိဝဇ္ဇေန၊ သော။ မုခေန၊ ဖြင့်။ အနုနာသိကံ၊ ကို။ အကတ္တာ၊ ၍။ ဝစနံ၊ ရွတ်ဆိုခြင်းသည်။ နိဂ္ဂ ဟီတာဿ၊ နိဂ္ဂဟိတ်ကို။ ဝါ၊ ဌာန်ကရိုဏ်းတို့ကို နှိုင်းမဘဲ့ မဟာသော ခံတွင်းဖြင့် ရွတ်ဆိုအပ်သော အံ-ဣံ-ဥံ ဟူသော အက္ခရာကို။ ဝိမုတ္တ ဝစနံနာမ၊ ဝိမုတ်ပြု၍ ရွတ်ဆိုခြင်းမည်၏။

၉။ တကာရဿ ထကာရံ အကတ္တာ ဝဂ္ဂန္တရေ သိထိလ မေဝ ကတ္တာ သုဏာဒ္ဒု မေတိ အာဒိ ဝဒန္တောပိ ဒုရုတ္တံ ကရောတိယေဝ ဌပေတ္တာ အနုရူပံ အာဒေသံ။ ယဒိ သစ္ဆိကတ္ထ ပရမတ္ထေနာတိ ဝတ္တေ့ဗ္ဗေ သစ္ဆိကဋ္ဌပရမဋ္ဌေ

နာတိစ အတ္ထကထာတိ အဋ္ဌကထာတိစ တတ္ထတတ္ထ ဝုစ္စတိ။ တာဒိသံ ပါဠိအဋ္ဌကထာသု ဒိဋ္ဌပုဗ္ဗယောဂံ တဒနုရူပံစ ဝတ္တုံဝဋ္ဋတိ။ တတော အညံ နဝဋ္ဋတိ။

(ပရိ၀ါ ကမ္မ၀ဂ် ၀ိမတိဋ္ဌိကာ)။

၉။ အနုရူပံ၊ သင့်လျော်သော။ အာဒေသံ၊ အာဒေသ ကို။ ဌပေတ္ဝာ၊ ထား၍။ တကာရသ၊ သိထိလ-တအက္ခရာ၏။ ၀ါ၊ ကို။ ထကာရံ၊ ဓနိတ-ထအက္ခရာကို။ အကတ္ဝာ၊ မပြု၊မူ၍။ ဝဂ္ဂန္တရေ၊ ဒန္တဇ-တ၀ဂ်မှ တပါးသော မုဒုဇ-ဋ္ဌ၀ဂ်၌။ သိထိလ မေ၀၊ သိထိလ ဋ-ကိုသာလျှင်။ ကတ္ဝာ၊ ပြု၍။ သုဏာဋ္ဌ မေတိ အာဒိ။ သုဏာဋ္ဌမေ ဤသို့ အစရှိသောပါဠိကို။ ဝဒန္တော၊ ရွတ်ဆိုသော။ ဘိက္ခုပိ၊ ရဟန်းသည်လည်း။ ဒုရုတ္တံ၊ မကောင်းသဖြင့် ရွတ်ဆိုအပ်သည်ကို။ ကရောတိယေ၀၊ ပြုသည်မည်သည်သာ။ ဟိ၊ တိမ်မြုပ်ကွယ်ဝှက် အဓိပ္ပါယ်နက်ကို အချက်ဖော်ကာ များသိသာအောင် ထင်စွာပြအံ့။ သစ္ဆိကတ္ထ ပရ မတ္ထေနာတိ၊ ဟူ၍။ ဝတ္တေ၊ ဒန္တဇဖြင့်ရွတ်ဆိုသင့်လျက်။ သစ္ဆိ ကဋ္ဌပရမဋ္ဌေနာတိ၊ သော။ ယံအက္ခရံစ၊ အကြင် မုဒုဇအက္ခရာ ကိုလည်းကောင်း။ အတ္ထကထာတိ၊ အတ္ထကထာဟူ၍။ ဝတ္တေ၊ ဒန္တဇဖြင့် ရွတ်ဆိုသင့်လျက်။ အဋ္ဌကထာတိ၊ သော။ ယံအက္ခရံ စ၊ အကြင် မုဒုဇအက္ခရာကို လည်းကောင်း။ တတ္ထတတ္ထတသ္မိ တသ္မိ ပကရဏေ၊ ထိုထို ပါဠိ အဋ္ဌကထာကျမ်းဌ၌။ ဝုစ္စတိ၊ ဟောတော်မူအပ်၏။ တာဒိသံ၊ ထိုကဲ့သို့ရှိအပ်သော သဘော

ရှိသော။ ပါဠိအဋ္ဌကထာသု၊ တိုဋ္ဌ။ ဒေဝပွယောဂံ၊ မြင်အပ်ပြီးသော ပြယုဂ်ရှိသော။ အကွာရံစ၊ ကိုလည်းကောင်း။ တဒနုရူပံ၊ ထိုထို မြင်အပ်ပြီးသော ပြယုဂ်အားလျော်သော။ အကွာရံစ၊ ကိုလည်းကောင်း။ ဝတ္တုံ၊ ရှုတ်ဆိုခြင်းငှာ။ ဝဋ္ဋတိ၊ အပ်၏။ တတော အကွာရတော၊ ထိုဒေဝပွယောဂ တဒနုရူပအကွာရာမှ။ အညံ၊ တပါးသော။ အကွာရံ၊ ကို။ ဝတ္တုံ၊ ငှာ။ နဝဋ္ဋတိ၊ မအပ်။

သိထိလ,တ-ကို ဓနိတ,ထ-ပြု၍ ရှုတ်ဆိုမှသာ ဒုရုတ္တံကရောတိ မည်သည် မဟုတ်သေး၊ အဟုတ် အမှန်ကား အနုရူပအာဒေသကို ခြင်းချန်ထား၍ သိထိလတ-ကို ဓနိတ,ထ-မပြုဘဲ ဒန္ဓ,တ-ဝဂ်မှတပါးသော မုဒ္ဓ, ဌ-ဝဂ်၌ သိထိလ မုဒ္ဓ-ဌ ကိုသာပြု၍ သုဏာဌ၊ မေ-အစရှိသော ကမ္မဝါစာပါဠိကို ရှုတ်ဆိုသောရဟန်းသည်လည်း ဒုရုတ္တံ ကရောတိမည်သည်သာ၊ ဒုရုတ္တံ ကရောတိမည်ခဲ့သော် ကံပျက်ရမည်သာ၊ ထင်စ္စာပြဉီးအံ့ သစ္ဆိကတ္ထပရမတ္ထေန-အတ္ထကထာဟု ဒန္ဓ,ဓအကွာရာနှင့် ရှုတ်ဆိုသင့်လျက် သစ္ဆိကဋ္ဌပရမဋ္ဌေန အဋ္ဌကထာ အစရှိသော ပါဠိအဋ္ဌကထာတို့၌ လာသည်ဖြစ်၍ မြင်အပ်သော ပြယုဂ်ရှိသော မုဒ္ဓ,ဓ,ဌ,ဌ,ဝ,ဝ,ဌ,ဌ အကွာရများ၊ ထိုအားလျော်သော အကွာရများကိုသာ ရှုတ်ဆိုသင့်၏၊ ထိုမှတပါးသော အကွာရများကို မရှုတ်ဆိုသင့် ဟူလို၊ ဤ ပရိဝါအဋ္ဌကထာ၌ ဆယ်ပါးသော ဗျူဟနဗုဒ္ဓိကိုသာ သတ်မှတ်ပိုင်းခြား၍ ဆိုထားခြင်းကြောင့် ဗျူဟဗုဒ္ဓိနှင့်စပ်သော ကမ္မသမ္ဘတ္တိ ဝိပတ္တိကိုသာ ဤအရာ၌ ဆိုသင့်၏၊ ဝဂ္ဂန္တရ-သက်ရှိနှင့်

စပ်သော ကမ္မသမ္ဘတ္တိ ဝိပတ္တိသည် ဤအရာနှင့်မဆိုင်၊ ဝဂ္ဂန္တရသက်နှိုးဖြစ်သော်လည်း ကံ-မပျက်ဟု အချို့ ဆရာများလည်း ယူကြသတတ်၊ ဤကမ္မဝဂ် ပရိဝါအဋ္ဌကထာ၌ ဗျဥ္ဇနဗုဒ္ဓိ ဆယ်ပါးကိုသာ သတ်မှတ်ပိုင်းခြားချိုးခဲ့၏၊ ဌာနကရဏသမ္ဘဒါနများကို မဆိုခဲ့။ မဟာဝဂ္ဂ မဟာခန္ဓကပဗ္ဗဇ္ဇာဏ်းဌ်ကား-

၁၀။ ပဗ္ဗဇ္ဇာယ ပန ဣမာနိ တီဏိ သရဏာနိ ဗုဒ္ဓာရဓကာရာဒီနံ ဗျဥ္ဇနာနံ ဌာနကရဏသမ္ဘဒံ အဟာ ပေန္တေနေဝ အာစရိယေနပိ အန္တေဝါသိကေနပိ ဝတ္တဗ္ဗာနိ။

ဟူ၍ဌာန ကရဏသမ္ဘဒါကိုသာ သတ်မှတ်ပိုင်းခြားချိုးခဲ့၏၊ ဆယ်ပါးသော ဗျဥ္ဇနဗုဒ္ဓိကို မဆိုခဲ့၊ သို့ မဆိုသော်လည်း ဤမဟာခန္ဓက အဋ္ဌကထာ၌ ဆိုအပ်သော ဌာနကရဏသမ္ဘဒံ ဟူသော စကားကို ကမ္မဝဂ် ပရိဝါအဋ္ဌကထာ၌လည်း နည်းယူသင့်၏၊ နည်းမှီးသင့်၏၊ ကမ္မဝဂ် ပရိဝါအဋ္ဌကထာ၌ ဆိုအပ်သော ဗျဥ္ဇနဗုဒ္ဓိအဆုံးအဖြတ်ကိုလည်း ဤပဗ္ဗဇ္ဇာဏ်းဌ်လည်း နည်းယူသင့်၏၊ နည်းမှီးသင့်၏။

ကမ္မဝဂ် ပရိဝါအဋ္ဌကထာ၌လည်း။ ။ကရဏာနိ နိဂ္ဂဟေတ္တာ ကရဏာနိ အနိဂ္ဂဟေတ္တာ ဟုဆိုလျက်ပင်ရှိ၏။ ။ သီလက္ခန်ဓိကာဟောင်း ဌီကာသစ်တို့၌ကား ဌာနကရဏာနိ နိဂ္ဂဟေတ္တာ ဟုဌာန်ရော ကရိုဏ်းပါ ဆိုလျက်ရှိ၏။ ။ဂ၊ရ

ဏာနိ ဟု ဌာနသဒ္ဒါ မပါမရှိသော ကမ္မဝဂ် ပရိဝါအဋ္ဌကထာ ပါဠိတော်လည်း-

၁၁။ ကရဏန္တိစ ကဏ္ဌာဒိ အက္ခရုပ္ပတ္တိဋ္ဌာနံ ဝုစ္စတိ။ တံ ဟိ ကရောန္တိ ဥစ္စာရေန္တိ ဧတ္ထ အက္ခရာနိတိ ကရဏန္တိ ဝုစ္စတိ။ ။ဟူသော သန္ဓိသုတ္တမာလာ မူလသညာ ဝိဓေန သဒ္ဒနိတိ။

၁၂။ ဌာန ကရဏသမ္ပဒန္တိ ဧတ္ထ ဥရာဒိနိ ဌာနာနိ သံဝုဋ္ဌာ ဒိနိ ကရဏာနိတိ ဝေဒိတဗ္ဗာနိ။ ။ဟူသော မဟာဝဂ္ဂ မဟာခန္ဓက ဝဏ္ဏဗုဒ္ဓိဋီကာ။ တေရသကဏ်ဋီကာ ကရဏာနိတိ ကဏ္ဌာဒိနိ။ ။ဟူသော ကမ္မဝဂ် ပရိဝါ တေရသကဏ်ဋီကာတို့ကို ထောက်၍ ဌာန်ပါကြောင်းထင်ရှားသိသာ၏။

ကရဏသဒ္ဒါကို သဒ္ဒနိတိအတိုင်း အဓိကရဏသာဓနပြုခဲ့သော် ကဏ္ဌာဒိဌာန်ရ၏။ ။ကရိယန္တေ ဥစ္စာရိယန္တေ ဧတေန အက္ခရာနိတိ ကရဏံ-ဟု ကရဏသာဓနပြုခဲ့သော် ကရိုဏ်းကိုရ၏၊ သို့ဖြစ်၍ သာမညနိဒ္ဒေသ ကေသေသနည်းအားဖြင့်။ ။ကရဏာနိ၊ ဌာန်ကရိုဏ်းတို့ကိုဟု ပရိဝါကမ္မဝဂ်၌ ယောဇနာခဲ့ပေ၏၊ ဆိုခဲ့ပြီးသော သာဓကများကို ထောက်ဆ၍ ဒန္ဓဇအက္ခရာဖြင့် ရှတ်ဆိုသင့်လျက် မုဒ္ဓဇအက္ခရာဖြင့် ရှတ်ဆိုသော ရဟန်းသည်။ ။အညသို့ ဝတ္တပ္ပေ အညံ ဝဒတိ ဒုရုတ္တံ ကဇရောတိ-ဟူသော ကမ္မဝိပတ္တိခေတ်သို့ သက်

ဆင်းခြင်း အဖြစ်မှ လွတ်နိုင်ဘို့ရန် ခဲယဉ်းလှ၏ ဟူ၍သာ မှတ်ယသင်၏။

သို့ဖြစ်၍ သာသနာ့ဝန်ထမ်း ရဟန်းတော်တို့မှာ ဌာန်-ကရိဏ်း-ပယတ်-ဗျဥ္ဇနဗုဒ္ဓိများကို ယထာဘူတ နည်းမှန်ကျ အောင် သင်ကြားလေ့လာ၍ သီမာသမ္ပုတိကံ-ဥပသမ္ပဒ စသောကံများကို ရွက်ဆောင်ကြရာ၌ သတိသမ္ပဇဉ် ကြီးကြီး မားမားထား၍ ဘာသ်ရွတ်သင့်ကြ၏၊ ဌာန်သာကဲ့၍ သုတိ တူသော မုဒ္ဓဇဒန္တဇအက္ခရာတို့၏ ဌာန်နှင့် ရွတ်ပုံကိုအနည်းငယ် ဆိုလိုက်ဦးအုံ့။

၁၃။ မုခဗ္ဘန္တရ မုဒ္ဓိမှ၊ မုဒ္ဓဌာနံ ပကာသိတံ။
ကရဏံ တတ္ထ ဇာတာနံ၊ ဇိဝှေ ပဂ္ဂန္တိ လက္ခိတံ။

၁၄။ ဥပရိဒန္တဌာနသ၊ ပန္တိယာ ဗုဒ္ဓန္တရမှိစ။
တတ္ထ ဥပ္ပန္နဝဏ္ဏာနံ၊ ဇိဝှဂ္ဂံ ကရဏံ ဘဝေ။
(ကာရိကာသဒ္ဒါ၊ ၁ယ်)

၁၃။ မုခဗ္ဘန္တရမုဒ္ဓမှ၊ ခံတွင်း၏ အတွင်း အာခေါင်ထိပ်၌။ မုဒ္ဓဌာနံ၊ မုဒ္ဓဌာန်ကို။ သဒ္ဒဗျူဟာ၊ သဒ္ဒါမြင်သိ ပညာရှိသော ဆရာတို့သည်။ ပကာသိတံ၊ ပြအပ်ပြီ။ တတ္ထတသ္မိံ မုဒ္ဓဌာနေ၊ ထိုအာခေါင်ထိပ်အရပ်၌။ ဇာတာနံ၊ဖြစ်ကုန်သော။ အက္ခရာနံ၊ ဌ-ဝဂ်ငါးလုံး၊ ရ-ဋ-ဟူသော ခုနစ်လုံးသော အက္ခရာ တို့၏။ ကရဏံ၊ ရွတ်ကြောင်း ကရိဏ်းကို။ ဇိဝှေ ပဂ္ဂန္တိ၊ လျှာ ဖျား၏ အနီးအရပ်ဟူ၍။ လက္ခိတံ၊ မှတ်အပ်၏။

၁၄။ စ၊ မုဒ္ဓဌာန်မှတပါး ဒန္တဌာန်ကို ဆိုဦးအုံ့။ ဥပရိဒန္တ ဌာနသာ၊ အထက်သွားအရပ်၏။ ပန္ဒိယာ၊အစဉ်၏။ အဗ္ဘန္တရမ္ပိ၊ အတွင်းဌ။ ဒန္တဌာနုံ၊ ဒန္တဌာန်ကို။ သဒ္ဒဿဟိ၊ တို့သည်။ ပကာသိတံ၊ ပြအပ်ပြီ။ (နှစ်ပုဒ်ထည့်) တတ္ထ တသ္မိံ ဒန္တဌာနေ၊ ထို အထက်သွား အစဉ် အရပ်၌။ ဥပ္ပန္နဝဏ္ဏာနုံ၊ ဖြစ်သောတဝဂ် ငါးလုံး လ-အက္ခရာ သ-အက္ခရာ ဟူသော ခုနစ်လုံးသော အက္ခရာတို့၏။ ကရဏံ၊ ရွတ်ကြောင်း ကရိုဏ်းသည်။ ဇိဝှဂ္ဂံ၊ လျှာဖျား အရပ်သည်။ ဘဝေ၊ ဖြစ်၏။

ပုဂံပြည် ကျန်စစ်မင်းလက်ထက် နန္ဒာတိုက်နေ ဓမ္မသေနာ ပတိထေရ် အသျှင် အရဟံ စသော ရဟန္တာကြီးများ မျက်မှောက်၌ ပြုစီရင် အပ်သည်ဖြစ်၍ ဆရာစဉ်ဆက် ကျောက်ထီး တန္တိ အလေးပြုအပ်သော ကာရိကာ သဒ္ဒါဝယ် လာသည့် အတိုင်း မုဒ္ဓဌာန် ဒန္တဌာန် များကို ယထာဘူတ နည်းမှန်ကျ အောင် မှတ်ယူကြရမည်။ မုခ-ခံတွင်းပါးစပ် အဗ္ဘန္တရ-အတွင်း မုဒ္ဓ-ထိပ်ဖြစ်၍ ခံတွင်းထိပ်-အာခေါင်ထိပ် အရပ်ကို ကိုသာ မုဒ္ဓဌာန်ဟူ၍ နိဿံသယ မှတ်ယူထိုက်၏၊ အထက်သွား အစဉ်၏ အတွင်း အရပ်ကို ဒန္တဌာန်ဟူ၍ မှတ်ယူသင့်၏။ မုဒ္ဓဇ-ဌ ဝဂ်၊ရ-ဌ အက္ခရာများကို ရွတ်ဆိုသည့်အခါ လျှာကိုအထက် အာခေါင်ထိပ်သို့ထိုး၍ ရွတ်ကြရမည်။ ဒန္တဇ-တဝဂ်၊ လ-သ-အက္ခရာများကို ရွတ်ဆိုသည့်အခါ အထက်သွားခြေသို့ လျှာကိုထိုး၍ ရွတ်ဆိုကြရမည်၊ ကဏ္ဌာဒိဌာနဇ အက္ခရာတို့၏

ရွတ်စမ်းပုံကို။ ။အက္ခံ၊ ဣစ္ဆံ၊ရဋ္ဌံ၊သတ္ထံ၊ပုပ္ပံဟုနိရုတ္တိဒီပနိကျမ်းဌ ဝေ့ဌရဘူး၏၊ ထိုရွတ်ဆိုပုံအတိုင်းရဋ္ဌံဟု လျှာကိုလိပ်၍ ပြိုပြိုသသ ရွတ်စမ်းရမည်၊ ထို ရ–အက္ခရာ ဋ–အက္ခရာတို့၏ ဖြစ်ရာ အရပ်သည် မုဒ္ဓဋ္ဌာန်မည်၏၊ လျှာကို အထက်သွားခြေသို့ ထိုး၍။ ။သတ္ထံ–ဟု ပြိုပြိုသသ ရွတ်စမ်းရမည်၊ ထိုသ–အက္ခရာ ထ–အက္ခရာတို့၏ ဖြစ်ရာ အရပ်သည် ဒန္တဋ္ဌာန်မည်၏၊ ဤ မုဒ္ဓ–ဒန္တဋ္ဌာန်နှစ်ပါးကို နေရာတကျမရွတ်ဆိုတတ်လျှင်။ သုဏာတု–ဟု မုဒ္ဓဇ–ဏ၊ ဒန္တဇ–တ–အက္ခရာနှင့်ရွတ်ဆိုသင့်ပါလျက် သုနာဋု–ဟု ဒန္တဇန–မုဒ္ဓဇ ဋ–အက္ခရာနှင့် ရွတ်ဆိုမိခဲ့သော်။အညသ္မိံ ဝတ္တာဗ္ဗေ အညံ ဝဒတိ ဒုရုတ္တံ ကရောတိဟု ကမ္မဝဂ် ပရိဝါ အဌကထာ၌သတ်မှတ်ပိုင်းခြားရှုပြအပ်သောအပြစ်ကို လွန်နိုင်ဘို့ရန် ခဲယဉ်းခဲ့၏၊ မြဲမြဲမြံမြံ သန်သန်မာမာ ကောင်းစွာ သတိထား၍ ရွတ်ဘာသာ်ကြရမည်။

အကျဉ်းဖြစ်သော ဗျဥ္ဇနဗုဒ္ဓိ အဆုံးအဖြတ်သည်(၁၃၁၀)ခု၊ ကဆုန်လဆန်း ၁–ရက် ဗုဒ္ဓဟူးနေ့ ၀ါးနာရီအချိန်တွင်ပြီး၏။

ကထိန် အမေး အဖြေ

ပဋ္ဌာန်

ရေးအပ်လတ္တံ့သော ကထိန် အမေး အဖြေ၊ ဥပုသ် အမေး, အဖြေ၊ ပဝါရဏာ အမေး,အဖြေများကို ဆီးဘန်နိစ်သော ရှေးဆရာတော်များ ရေးသားအပ်သော မူဟောင်းအတိုင်း အနည်းငယ်နှတ်ပယ် ဖြည့်စွက်ပြင်ဆင်လျက် ရေးသားလိုက် ပေသတည်း။

ကထိန်တောင်းပန်စာ

သိရိန္ဒရာသိရုတ္တမာဘဂျဝန္တ၊ ဒေဝဒေဝါဘဂိန္ဒ္ဒ၊ ဘုရားတို့ လပဝရ၊ ဓမ္မရာဇာ၊ မဟာဓမ္မရာဇ်၊ မင်းဆုံးဖြစ်တော်မူသဖြင့်၊ ခေတ်ဝိသယ၊ အနန္တစက္ကဝါ၊ ဖီလာအောက်ထက်၊ ဘုံနရက်မှ၊ ဘဝဂ်တုန်ဆုံ၊ ထုံပ္ပါသင်းကြူ၊ နတ်လူဗြဟ္မာ၊ ဆယ်ဖြာအဠလီ၊ မြောက်ချီရိုက်ကျိုး၊ ရှိခိုးပူဇော်၊ ကော်ရော်အပ်သော ခြေတော် အစုံရှိတော်မူသော၊ ဝိဂတမလ၊ အမိတ ပရမ၊ အဝိပရိတ ဒဿန၊ သိရိန္ဒဇမ္ဗုန်ကူ၊တိလောက သယမ္ဘူ၊နတ်လူတို့၏ဓိပတိ၊ မုနိပုဂ်ဝ၊ သက္ကသီဟ၊ ဒ္ဒိပဒုတ္တမ ဖြစ်တော်မူသော မြတ်စွာ ဘုရားသည်၊ အများသတ္တဝါ၊ ဝေနေယျာကို၊ မဟာအဏ္ဏဝါ၊ သံသရာဝဲဇလုတ်မှ၊ ထုတ်နုတ်ယူဆောင်၊ သောင်နိဗ္ဗုတာ၊ ခေမာအမတ၊ နိဗ္ဗာနကျန်းဌာသို့၊ ဆယ်ယူ ပို့ဆောင်တော် မူခြင်းငှာ-

အပ္ပမာဒေန ဘိက္ခဝေ သမ္ပာဒေထ၊ ဗုဒ္ဓပ္ပါဒေါ ဒုလ္လဘော လောကသ္မိ ။

အာဒီချိန်လျက်၊ အကြိမ်များမြတ်၊ ကြားမလပ်အောင်၊ ငါးရပ်သော ဒုလ္လဘ သုတ္တန်ကို၊ ထုတ်ပြန် ဟောကြားတော်မူသည်အားလျော်စွာ၊ သာမဏ္ဍီသိက၊ အနည္ဓသာဓာရဏ၊ မဓုရောဇ၊ သြဇဝန္တ ဖြစ်တော်မူသော အမိန့်တော် တံဆိပ်ကို၊ ဦးထိပ်ထက်ပန်ဆင်ရသော တပည့်တော်, တပည့်တော်မတို့မှာ၊ လောကီကျေးဇူးထက်၊ အထူးအချွန်၊ အလွန်ကြိမ်ကြိုက်ခဲလှစွာသော ဗုဒ္ဓပ္ပါဒ၊ နဝမခေတ်၊ ကြိမ်ကြိုက်ခြင်းဖြစ်သည်နှင့် အညီ။ မနစ်မဆုတ်၊ အားထုတ်အပ်သော ဥက္ကဋ္ဌရတနာ၊လောကုတ္တရာစီးပွားကို၊ လိုလားသင့်ရကား၊ကောင်းမှုတည်းဟူသော မျိုးစေ့တို့၏ စိုက်ပျိုးရာ၊ လယ်တာမြေကောင်းတည်းဟူသော ရတနာကို၊ ပွေ့ရှာစေ့ဂု၊ ဉာဏ်ဖြင့်ရှုသော် "ရတိ ပေမံ ဇနေတိတိ ရတနံ" ဟူသော ဝစနတ္ထ၊ ဝိဂ္ဂဟနှင့် လျော်ညီစွာ စိတ်ချမ်းသာခြင်း၊ မွေ့လျော်ခြင်းကို ဖြစ်စေတတ်သော သတ္တိကြောင်းဟိတ်၊ ဂုဏ်နိမိတ်ကြောင့်၊ လျှံဖိတ်သည်၊ ရတနာဟူသည်၊ သဝိညာဏက ရတနာ, အဝိညာဏက ရတနာအားဖြင့် နှစ်ပါးအပြား ရှိသတည်း။

ယင်းသို့ထွေပြား၊ ရတနာ နှစ်ပါးတို့တွင်၊ ရွှေ,ငွေ,သန္တာ, နီလာ, ဂေါမုတ်, ဥဿဖယား,ပြရိုးယားစသော ဥတုသမုဋ္ဌာနီက၊ အဋ္ဌကလာပ်၊ ရုပ်ခေတ်စုဖြာ၊ ရတနာသည်၊ ဝိညာဏ်

မရှိသော အနိုန္ဒြိယဗဒ္ဓဖြစ်၍၊ အဝိညာဏက ရတနာမည် သတည်း။ သတ္တပုဂ္ဂလ၊ ဝေါဟာရဖြင့်၊ နာမတင်ပြု၊ စတု သမုဋ္ဌာန်၊ ရုပ်သန္တာန်သည်၊ ဝိညာဏ်ရှိသော ဣန္ဒြိယဗဒ္ဓဖြစ်၍၊ သဝိညာဏက ရတနာ မည်သတည်း။ ဤနှစ်ပါးသော ရတနာ တွင်လည်း၊ သဝိညာဏက ရတနာသည် စက္ခုစသော ဣန္ဒြေနှင့် စပ်သောကြောင့် အဝိညာဏက ရတနာထက် ထူးကဲသာလွန် မွန်မြတ်ပေသတည်း။ ယင်းသို့ ထူးကဲ သာလွန် မွန်မြတ်သော သဝိညာဏက ရတနာသည်လည်း တိရစ္ဆာန်ရတနာ, လူရတနာ ဟူ၍ နှစ်ပါး ပြားပြန်သတည်း။ ထိုနှစ်ပါးသော တိရစ္ဆာန် ရတနာ လူရတနာတွင်လည်း ဆင်ရတနာ, မြင်းရတနာ ဟူသော တိရစ္ဆာန် ရတနာသည် စကြာမင်းဟည်းဟူသော လူ၏ သုံးဆောင်ရန်သာ ဖြစ်သောကြောင့် တိရစ္ဆာန်ရတနာ ထက် လူရတနာကသာလျှင် သာလွန် ထူးထွေ မွန်မြတ်ပေ သတည်း။

ယင်းသို့သာလွန် မွန်မြတ်လှစွာ လူရတနာသည်လည်း မိန်းမရတနာ, ယောကျ်ားရတနာ ဟူ၍ နှစ်မျိုးပင် ရပြန်ချေ သတည်း။ ဤနှစ်မျိုးတို့တွင်လည်း ကြာညိုရနံ့ သင်းပျံ့လှိုင် ကြွ ဖြစ်လေမူကစား မိဖုရားဟူသမျှ မိန်းမရတနာသည်လည်း စကြာမင်းဖျား ခြေရင်းနားဌ ခစားလုပ်ကျွေးရသည်သာ ဖြစ်သောကြောင့်၊ မိန်းမရတနာထက် ယောကျ်ား ရတနာက သာလျှင် ထူးကဲ သာလွန် မွန်မြတ်ပေသတည်း။ ယင်းသို့ မွန်

မြတ်သော ယောကျား ရတနာသည်လည်း "အာဂါရိယ ရတနာ အနာဂါရိယရတနာ"ဟူ၍ နှစ်ပါးပင် ပြားပြန်လေသတည်း။ ယင်းသို့ပြားရာ ရတနာသည်လည်း "ဃရာဝါသော ရဇာပထော"ဟူသော ဒေသနာတော်နှင့်အညီ မြို့ဖြင့်ပြုမ်းတီးလမ်းခရီးပမာ အိမ်ရာတည်ထောင် လူ၏ဘောင်၌ သမီး,သား, နှောင် မယားနှောင်က စသည်လှမ်းခြုံ နှောင်မျိုးစုံဖြင့် မတုန်လှုပ်သာ၊ မ ရှုသာအောင် ပြင်းစွာဖွဲ့ချည်လျက် တည်နေရသော လူရတနာသည် အာဂါရိယရတနာမည်သတည်း။ ယခင်ဥသုံ နှောင်မျိုးစုံမှ ကင်းပကျွတ်လွတ်ပြီဖြစ်၍ "**အဇ္ဇော ကာ သောပဇ္ဇော**" ဟူသော ဒေသနာတော်နှင့်အညီ သိရိတန်ဆောင် ရဟန်းဘောင်၌ သိုက်မြိုက်တည်နေရသော ရဟန်းတည်းဟူသော ရတနာသည် အနာဂါရိယ ရတနာ မည်သတည်း။ ဤနှစ်ပါးတွင်လည်း အာဒိ, မဇ္ဈ, ပရိယောသာနဟု ဆိုအပ်သော မဂ်, ဖိုလ်, နိဗ္ဗာန်ကို ရည်သန် တောင့်တတောင်မှုရင်းဖြစ်သော သမ္မာဆန္ဒ ရှိတောင်မှုကြသည်နှင့်အညီ စတုပါရိသုဒ္ဓိ သီလကို ဖြည့်ကျင့်တောင်မှုလျက် တည်နေတော်

မူကြသော ပုထုဇဉ်ရဟန်း တည်းဟူသော အနာဂါရိယ ရတနာထက် ယင်းသီလလေးပါးကို ဖြည့်ကျင့်ပြီးဖြစ်၍ သော တာဝတ္တိမင်္ဂ စသည်၌ တည်တော်မူကြသော သောတာပတ္တိ မဂ္ဂင်္ဂဗာန်,စသော အရိယာရဟန်းတည်း ဟူသော အနာဂါရိယ ရတနာသည်သာလျှင် ထူးကဲသာလွန် မွန်မြတ်ပေသတည်း။ ထိုသို့ ထူးကဲသာလွန် မွန်မြတ်သော အရိယာ ရတနာသည် သေက္ခ ရတနာ, အသေက္ခ ရတနာဟူ၍ နှစ်မျိုးပင် ပြားပြန် လေသတည်း။ ထိုနှစ်မျိုးတို့တွင်လည်း သေက္ခရတနာထက် အသေက္ခ ရတနာကသာလျှင် ထူးကဲ မွန်မြတ်ပေသတည်း။ ဤသို့ ထူးကဲ မွန်မြတ်သော အသေက္ခရတနာ သည်လည်း သာဝကရတနာ, ဗုဒ္ဓရတနာ ဟူ၍ နှစ်မျိုး ပြားပြန်လေ သတည်း။ ထိုနှစ်မျိုးတို့တွင်လည်း၊ သာဝကရတနာထက် ဗုဒ္ဓ ရတနာက သာလျှင် ထူးကဲသာလွန် မွန်မြတ်တော်မူသ တည်း၊ ထိုသို့ထူးကဲသာလွန်၍ မွန်မြတ်သော ဗုဒ္ဓရတနာသည် လည်း ပစ္စေကဗုဒ္ဓရတနာ, သဗ္ဗညု ဗုဒ္ဓရတနာ ဟူ၍ နှစ်မျိုး ပြားပြန်လေသတည်း။ ထိုနှစ် မျိုးတို့တွင်လည်း၊ ပစ္စေကဗုဒ္ဓ ရတနာထက် သဗ္ဗညု ဗုဒ္ဓရတနာကသာ အလွန်အကြူး အထူး သဖြင့် မြင့်ထက်မြင့်၍ ထောက်ချင့်စာယူမြတ်တော်မူသတည်း။

ယင်းသို့မျှားစွာ၊ ရတနာတွင်၊ ဉာဏ်ပညာဖြင့်၊ အဆင့် ဆင့်ကို၊ ထောက်ချင့်စာနာလျှင်၊ အဝိညာဏက၊ အနိန္ဒြိယ ဗဒ္ဓဖြစ်သော ရှေ,ငွေ,စသော ရတနာမျှားသည်၊ အဘိုးတန်

မဟုတ်သေးဟု ဆုံးဖြတ်ပြီးလျှင် သေကွာ, အသေကွ၊ ပစ္စေက, နှင့်၊ သမ္မာသမ္ဗုဒ္ဓ၊ အတုလ ရတနာကို၊ သဒ္ဓါညြတ်တွား၊အာရုံ ထားပြီး၍၊ ရွှေ,ငွေ,သန္တာ, နီလာ,ဂေါ်မုတ်, ဥသဖယား, ပြယိုးယား စသော အဝိညာဏက ရတနာကို သော်လည်း၊ ငဲ့ကွက် ဝန်တို၊ မလှူ လိုသဖြင့်၊ လောဘ, ဒေါသ, မောဟ, အဟိရိက, အနောတ္တပ္ပ စသော ခြေရုံသင်းပင်းနှင့်တကွ၊ ခုခံ လျက် တည်နေသော "မစ္ဆေရ" သူပုန်ရန်ကို၊ အလောဘ, အဒေါသ, အမောဟ, ဟိရိ, သြတ္တပ္ပစသော ခြေရုံသင်းပင်း နှင့်တကွဖြစ်သော သဒ္ဓါဗိုလ်, ဝီရိယဗိုလ်, သတိဗိုလ်,သမာဓိ ဗိုလ်, ပညာဗိုလ်ဟူသော ဗိုလ်ငါးဦးတို့သည်၊ တဒင်္ဂပဟာန်ဖြင့် တွန်းလှန်ဖြိုဖျက် နှိပ်စက်ညှဉ်းပန်းပြီးကာ၊ကထိန်လျှာသက်နှိုး တည်းဟူသော မျိုးစေ့ကို အနာဂါရိယရတနာ သံဃာတော် တည်းဟူသော ဤသီမဋ္ဌကလယ်တာမြေကောင်းဌ"ဤမံကထိန စီဝရံ သံဃဿ ဒေမ ကထိနံ အတ္ထရိတုံ"ဟု ဝစီဘေဒမြှက်ဟ ဆိုသဖြင့် ပျိုးချလှူဒါန်းရပါမည့် အကြောင်းကို၊စိတ်ကောင်း စေတနာ၊ သဒ္ဓါဗလဝ၊ အာဇီဝသုဒ္ဓိ၊ သမ္မာဒိဋ္ဌိက ရတနာတွယ မာမက စာဂပြည့်ကြွယ် စင်ကြယ်သန့်ရှင်းနှလုံးသွင်းရှိကြပါ သော....တို့က၊ နှစ်ခြိုက်ကြည်နူး၊ အထူးတင်ချီ၊အဠလိပဂူဟ သက္ကစ္စဝန္ဒာ၊ ဟတ္ထာစုံမိုးဖြာ၍၊ မြတ်နိုးတနာ၊ လျှောက်ဝံ့ပါ သည် သံဃာတော်အသျှင်သူမြတ်တို့ဘုရား။

ကထိန်အမေး

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

(၁) ကောသလ္လတ္ထာယ ဝိနယော၊
အသမ္မောဟာယ ဒါနိ တံ။
ပါဋိယတ္ထာ နုသာရေန၊
ပစိဿံ တာဝ တံ အဟံ။

အာဝုသော၊ ပိဋကတ်ဉာဏ် အမြင်သန်လျက် တန်တန်ဝဝ မေးသမျှကို တွေးဆမြော်မြင် ဖြေဆို လတ္တံ့သော အိုင်ငါ့သျှင်။ ဝိနယော၊ မဟာဝဂ္ဂ ကထိနဟု ခန္ဓကလာ ဝိနည်းကံ အရာ၌။ ကောသလ္လတ္ထာယ၊ မောဟတိမ်သလာ အရှိန်မသာဘဲ လိမ္မာခြင်းအကျိုးငှာရင်း။ အသမ္မောဟာယ၊ မောဟလေပေ့ မတိုက်စေဘဲ မတွေ့ဝေရခြင်း အကျိုးငှာရင်း။ ပါဋိယတ္ထာ နုသာရေန၊ ပါဋိ,အဌကထာဋီကာကျမ်းကြီး အစဉ်မှီးသဖြင့်။ ဒါနိ၊ ကထိနကံ မစိမ်မ်ေ မဆောင်ရွက်မီအစဉ်းစား ယခုအခါ၌။ တံ၊ ဝဏ္ဏရစိန်အဟန် လျင်မြန်တောက်တပို ဖြေဆိုပေလတ္တံ့သော သင်ပရိဟာရ် ပုဂ္ဂိုလ်ကို။ အဟံ၊ဝိနည်းအရာ ဒေသနာကို သေချာ စစ်ဆေး စေ့စေ့ တွေးလျက် မေးလတ္တံ့သော ငါသည်။ တံ ဝိနယံ၊ ထိုကထိနကံ ဝိနည်း အစီအမံကို။ တာဝ ပုစ္ဆိဿံ၊ ဝိနည်းမဟာဝဂ် ကျမ်းအထွက်ကို ထပ်ရှက်စစ်ဆေး သက်သာအေးအောင် မေးရပေလိမ့်အုံ။

ဋီကာသယ ၃၉၂-၁၀

၂။ ကေနဌေနကထိုနံ။ ။ကျမ်းဂန်ဦးကာ မိန့်မှာအပ်သည် နှင့်အညီ ဤကထိန်ဟူသောအမည်သည်ကား ခေါ်ကာမတ္တ၊ အမည်ရလျက်၊ ပဝတ္တဟိတ်၊ အကြောင်းဆိတ်သဖြင့်၊ နိမိတ် မြုပ်တိမ်၊ ဂုဏ်သိရ်မည်၊ အကြောင်းကို မမှီသည့်၊ ရှင်ဗုဒ္ဓသည် တည်း ဖြစ်လေသလော။ ထိုသို့မဟုတ်၊ သမုတ်ခေါ်မှု၊ အကြောင်းပြုလျက်၊ တခုခုသော အကြောင်းနှင့် သင့်မြတ်၊ မှည့်ခေါ်ပညတ်၍၊ ဗျုပ္ပတ္တိဟိတ်၊ အကြောင်း မဆိတ်ဘဲ၊ နိမိတ္တာနုရူပ၊ အမည်ရသည့်၊ အနုတ္တသည်တည်း ဖြစ်လေ သလော။ အဘယ်သို့သော သဘောရှိသော ဝိဂြိုဟ်,ဝစနတ်၊ ဗျုပ္ပတ် မတိမ်၊ မည်သို့သော ဂုဏ်သိရ်ကြောင့်၊ ကထိန်ဟု ခေါ်ပါသနည်း။

၃။ ထိုကထိန်ကို၊ အစိန္ဒေယျ၊ ဂုဏ်ပေါင်းခသည့်၊ သုံး လောကသင်းကျစ်၊ ဓမ္မရာဇ်မှန်ကူ၊ သယမ္ဘူထွတ်ထား၊ မြတ် ဘုရားသည်၊ မျှားပြားဌာန၊ ဇနပဒဟု၊ သောဌသခရိုင်၊ ထီး မဏ္ဍိုင်သို့။ ရံပြိုင်လှည့်ဝိုက်၊ မဇ္ဈေတိုက် အဝင်အပါ။

ဝေသာလိယာ ရာဇဂဟေ၊ သာဝတ္ထိယာစ အာဌဝီ။
ကောသမ္မိယာစ သင်္ကေသု၊ ဘဂ္ဂေသုစေဝ ပညတ္တာ။

ပရိဝါလာ၊ သိက္ခာပုဒ်ပညတ်တော်မူရာ၊ ခုနစ်ဌာနတို့တွင်၊ အဘယ် ပြည်ဒေသ အဘယ်ဌာန မြို့မြတ်၌ ပညတ်တော်မူပါ သနည်း။

၄။ ကောသလဇနပုဒ်၊သမုတ်ခေါ်ဘိ၊သာဝတ္ထိဟု၊ပြည်ကြီး တောင်စွန်၊ ဇေတဝန်မည်မှတ်၊ ကျောင်းတော်မြတ်၌၊ ပညတ် တော်မူသည့် အခင်းမှာ၊ လူမင်းကကာတို့၏ ထိပ်တင်၊ သာကီ ဝင်မင်းတို့၏ဆရာ၊ နတ်,ဗြဟ္မာတို့၏ အဓိပတိ၊ ကဝိကုဋ္ဌရ၊ သုံးလောကထိပ်တင်၊ ဘုရားသျှင်သည်၊ စဉ်လာ ထုံးပြု၊ အကြောင်းတခုမှာ၊ အမှုသည် မရှိဘဲလျက်၊ ခွင့်ပြုမြဲတံတွာ၊ ဓမ္မတာ အာစိဏ္ဏ မဟုတ်ချေ။ တစုံကခုသော အကြောင်းထူး၊ လွန်ကျူးသူ အမှုသည် ရှိမှသာ၊ အနုညာတ၊ ပဋိက္ခေပ၊ သိက္ခာပုဒ်များကို၊ဝတ္ထု!အားလျော်စွာ၊ အရာကိုထောက်ချင့်၍၊ ခွင့်ပြုမြဲတံထွာ၊ ဓမ္မတာအာစိဏ္ဏဖြစ်၍၊ ဤကထိန်အရာဝယ်၊ အဘယ်မထေရ်တို့ကို အကြောင်းပြု၍ ခွင့်ပြုတော်မူပါသနည်း။

၅။ ပါဝေယျက၊ ရဋ္ဌဝါသီ၊ နောင်ညီသုံးကျိပ်၊ ဘုန်းရိပ် မပျက်၊ ဘဒ္ဒဝဂ်သခင်၊ ထေရ်အသျှင်တို့ကို အကြောင်းပြု၍၊ ခွင့်ပြုတော်မူသည့် အရာဝယ်၊ အမာမပေါ်ခင်၊ ဆေးတင် မှားသောသမားကဲ့သို့ ဘုရားသဗ္ဗညုသည် ခွင့်ပြုမြဲတံထွာ ဓမ္မ တာအာစိဏ္ဏ မဟုတ်ချေ။ တစုံတခုသော အမှုအပြစ်ကို စီစစ် ထောက်လှမ်း မေးမြန်း၍သာ ခွင့်ပြုမြဲ ထုံးစံရှိချေသည်၊ ထို ထေရ်အသျှင်တို့ကို အကြောင်းပြု၍ ခွင့်ပြုတော်မူလျှင် အဘယ် သို့သောအမှုအပြစ်ကို စီစစ်ထောက်လှမ်း မေးမြန်း၍ ခွင့်ပြု တော် မူပါသနည်း။

၆။ ကထိနဿ အတ္ထာရကာလော ဇာနိတဗ္ဗော။ ။ ဟူ၍ ပရိဝါကထိန ဘေဒပါဠိ လာရှိသည်နှင့်အညီ ကထိန်ခင်းရာသော ခေတ်ကာလ အပိုင်းအခြားကို သိအပ်, သိသင့်, သိထိုက်, သိကောင်းသည်ဖြစ်၍ အဘယ်ခေတ် ကာလ၌ ကထိန်ခင်းအပ်ပါသနည်း။

၇။ ကတိဟိ အင်္ဂေါ်ဟိ သမန္နာဂတော ပုဂ္ဂလော ဘဗ္ဗော ကထိနံ အတ္ထရိတုံ။ ။ဟူ၍ ပရိဝါကထိနဘေဒ၌ ပုစ္ဆာပါဠိ လာရှိသည်နှင့်အညီ အဘယ်မျှလောက်သော အင်္ဂါတို့နှင့်ပြည့်စုံသော ပုဂ္ဂိုလ်သည် ကထိန်ခင်းထိုက်ပါသနည်း။

၈။ ကတမေဟိ အဋ္ဌဟင်္ဂေါ်ဟိ သမန္နာဂတော ပုဂ္ဂလော ဘဗ္ဗော ကထိနံ အတ္ထရိတုံ။ ။ဟူ၍ ပရိဝါကထိနဘေဒ၌ ပုစ္ဆာပါဠိ လာရှိသည်နှင့်အညီ အင်ရှစ်လိုနှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် ကထိန်ခင်းထိုက်သော ဟူပြီ၊ ဟုတ်ဟုတ်ငြားငြား မှတ်မထားသည့် ရှစ်ပါးအင်္ဂါ ပြည့်စုံကာမျှဖြင့် ခင်းရမည် မဟုတ်ဖြစ်၍ အဘယ်အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် ခင်းအပ်ပါသနည်း။

၉။ ကထိနဿ ကတိမူလာနိ။ ။ဟူ၍ ပရိဝါကထိနဘေဒ၌ ပုစ္ဆာပါဠိ လာရှိသည်နှင့်အညီ အဘယ်သည်ကထိန်၏ မူလ မည်ပါသနည်း။

၁၀။ ကထိနဿ ကတိ ဝတ္ထူနိ။ ။ဟူ၍ ပရိဝါကထိနဘေဒ၌ ပုစ္ဆာပါဠိလာရှိသည်နှင့်အညီ တိစီဝရိက်စသော ကိုး

ထည်သော သင်္ကန်းတို့တွင် အဘယ်သင်္ကန်းသည် ကထိန်၏ တည်ရာဝတ္ထု မည်ပါသနည်း။

၁၁။ ကထိနဿ ကတိ ဘူမိယော။ ။ဟူ၍ ပရိဝါကထိန ဘေဒ၌ ပုစ္ဆာပါဠိ လာရှိသည်နှင့်အညီ ကထိန်၏ ဖြစ်ကောင်း ရာသော အဝတ်ကား ဘယ်နှစ်မျိုးပြားပါသနည်း။

၁၂။ ကထိနဿ ကော အာဒိ၊ ကိ ံ မဇ္ဈေ၊ ကိ ံ ပရိယော သာနံ။ ။ဟူ၍ ပရိဝါကထိနဘေဒ၌ ပုစ္ဆာပါဠိ လာရှိသည် နှင့်အညီ ကထိန်၏ စ-လယ်-အဆုံး သုံးပါးလုံးကို သိမ်းကျုံး သိလွယ် မှတ်သားဘွယ်ကား အဘယ်သည်တို့ပါနည်း။

၁၃။ ကတမေသံ ပုဂ္ဂလာနံ ကထိနတ္ထာရာ ရုဟန္တိ။ ။ ဟူ၍ ပရိဝါကထိနဘေဒ၌ ပုစ္ဆာပါဠိ လာရှိသည်နှင့်အညီ ကထိန်ခင်းခြင်း အကြောင်းရင်းရှိသော အကျိုးဂုဏ်အင် အာနိသင်တို့ကို အဘယ်ပုဂ္ဂိုလ်တို့ ရထိုက်ပါသနည်း။

၁၄။ ကထိနတ္ထာရံ ကေ လဘန္တိ၊ ကေ နလဘန္တိ။ ။ ဟူ၍ ဗုဒ္ဓမတည့ ကျမ်းပြုဆရာ မဟာဝဂ္ဂ ကထိနက္ခန္ဓက အဋ္ဌ ကထာသခင် အသျှင်မြတ်တို့ မိန့်အပ်သည်နှင့်အညီ ဤကထိန် ခင်းခြင်းကို အဘယ်မျှလောက် အရေအတွက်ရှိသော ရဟန်း တို့သည် ရထိုက်ပါသနည်း။

၁၅။ အယုတ်အားဖြင့် ငါးပါးအရေအတွက်၊ ထိုထက် သာ၍ အရာမက မျှားပြားလှသော ရဟန်းတို့ ရထိုက်သော

ဟူပြီ၊ အယုတ်အားဖြင့် ငါးပါးအရေအတွက် ထိုထက်သာ၍ လွန်ကာမျှဖြင့် ခင်းရမည် မဟုတ်ဖြစ်၍ အဘယ်သို့သော ဂုဏ်ထူးရှိသော ရဟန်းတို့ ခင်းထိုက်ပါသနည်း။

၁၆။ ပုရိမဝါမှ ထ၍ ပဌမ ပဝါရဏာနေ့၌ ချမ်းမြေ့သာယာ၊ ပဝါရဏာပြုကြသော ရဟန်းတို့သာ ကထိန်ခင်းခြင်းငှာ ထိုက်သည်ရှိသော်။ ။ကထိနံ ကေန ဒိန္နံ ဝဋ္ဋတိ။ ။ ဟူသော ပုစ္ဆာကို မဟာဝဂ္ဂ ကထိနက္ခန္ဓက အဋ္ဌကထာသခင် အသျှင်မြတ်တို့ မိန့်အပ်သောကြောင့် အဘယ်သူ လှူအပ်သော သင်္ဃာန်းဖြင့် ခင်းအပ်ပါသနည်း။

၁၇။ နတ်, လူပြဟ္မာ သိက္ခာသာဇီဝ ကျင့်ကြသူချင်း သီတင်းသုံးဘော် ငါးဦးတို့တွင် အမှတ်မထား တပါးပါးသောသူသည် ကြည်ဖြူဝမ်းမြောက်သဒ္ဓါပေါက်၍ မျက်မှောက်ဆက်ကပ် လှူဒါန်းအပ်သော သင်္ဃာန်းဖြင့် ခင်းအပ်သော ဟူပြီ၊ အဘယ်သို့ဆိုရ၍ လှူအပ်သော သင်္ဃာန်းဖြင့် ခင်းအပ်ပါသနည်း။

၁၈။ ဣမံ ကထိနစီဝရံ သံဃဿ ဒေမ။ ။ဟု ဆိုရ၍ လှူအပ်သော သင်္ဃာန်းဖြင့် ခင်းအပ်သည် ရှိသော်။ ။ကထိနံ ပန ကေန အတ္ထရိတဗ္ဗံ။ ။ဟူသော ပုစ္ဆာကို မဟာဝဂ္ဂ ကထိနက္ခန္ဓက အဋ္ဌကထာသခင် အသျှင်မြတ်တို့ မိန့်အပ်သော ကြောင့် အဘယ်သူသည် ကထိန် ခင်းထိုက်ပါသနည်း။

၁၉။ သံယေန ပန ကဿ ဒါတဗ္ဗံ။ ။ဟူ၍ မဟာဝဂ္ဂ ကထိနက္ခန္ဓက အဌကထာပါဠိ မိန့်အပ်သည်နှင့်အညီ သံဃာသည် အဘယ်ရဟန်းအား ပေးအပ်ပါသနည်း။

၂၀။ ချိုတဲ့ခေါင်းပါး ပါးရှားရိုနှမ်း သက်နံ့မရှိသော ရဟန်းအား ပေးအပ်ခဲ့လျှင် ဤသီမဌက သိမ်အပြင် သံဃ အစည်းအဝေးဝယ် ဘယ် ရဟန်းသည် သက်နံ့ပါးရှား ခေါင်းပါး နှမ်းနယ်ပါသနည်း။

၂၁။ ထိုထို ဘဝန္တရ ကာလ အထူးတို့က ဆည်းပူးခဲ့ကြ သော သမ္ဘာရပါရမီ စုံညီပြည့်ဝသော ပုဂ္ဂိုလ်ချည်းဖြစ်ကြ၍ သက်နံ့ပါးရှား ခေါင်းပါးနှမ်းနယ်သော ရဟန်းမရှိခဲ့သော် ဘယ်ရဟန်းအား ပေးအပ်ပါသနည်း။

၂၂။ ဤသီမဌကသိမ်အပြင် သံဃ အစည်းအဝေးဝယ် အာဘယ်ထေရ်သည် သီတင်းကြီးပါသနည်း။

၂၃။ ထို ထေရ်အသျှင်သည် ယခင် ဆိုအပ်ပြီးသော။ ။ အဌဟာဂေ်ဟိ သမန္နာဂတော။ ။စသော ပါဠိ လာရှိသည်နှင့် အညီ ကောင်းစွာလျှော်ဖွပ် သတ်မှတ်စီရင်၊ ဖြတ်-ယှဉ်-ချုပ်ဆိုး၊ ဗိန္ဒုထိုးခြင်းဟု ဆိုအပ်သော ခုနစ်ပါးသော ပုဗ္ဗ ကရဏ ပစ္စုဒ္ဓါရ အစီအမံ အဓိဋ္ဌာန်တင်ခြင်း ခင်းရမည့် အစဉ်အလာ မာတိကာအပြား နှစ်ပါးသောကြောင့်ကြ ဥဒ္ဓါရရှစ်အင် အာနိသင်ငါးပါးတို့ကို ပိုင်းခြားမကျန် ဝေဘန်

ခဲ့ခြမ်းရ သိစွမ်းနိုင်ခြင်းတည်းဟူသော အင်္ဂါရှစ်ပါးနှင့်ပြည့်စုံ ပါ၏လော။

၂၄။ ဝုဏ္ဏသုပိ ယော မဟာပရိသော တဒဟော စိတ်ရုံ ကတ္တာ အတ္ထရိတုံ သက္ကောတိ တသ ဒါတဗ္ဗံ။ ။ဟူ၍ မဟာဝဂ္ဂ၊ ကထိနက္ခန္ဓက၊ အဌကထာပါဠိ၌၊ မိန့်အပ်သည်နှင့် အညီ၊ မိမိအထံ၊ ခြေရုံတပည့်၊ စုံညီလှည့်ပတ်၊ ပရိသတ်များ ပြားလှ၍ ကထိန်လျှာ သက်နှံးကို ရသည့်နေ့၌သာ ကောင်းစွာ လျော်ဖွယ်၊ သတ်မှတ်စီရင်၊ ဖြတ်-ယှဉ်- ချုပ်-ဆိုး၊ ဗိန္ဒုတိုးခြင်း ဟု ဆိုအပ်သော ပုဗ္ဗကရဏခုနစ်ပါးတို့ကို ပြုခြင်းငှာ စွမ်းနိုင် သော ထေရ်အားသာ ပေးသင့်လေသောကြောင့် ထိုအသျှင် သည် ကထိန်လျှာသက်နှံးကို ရသည့်နေ့၌ပင် ခုနစ်ပါးသော ပုဗ္ဗကရဏတို့ကို ပြုလုပ်၍ ခင်းခြင်းငှာ စွမ်းနိုင်ပါ၏လော။

၂၅။ ချုပ်ပြီး ဆိုးပြီး မဟုတ်ခဲ့သော်၊ သံဃာတော် အပေါင်းသည် ထောက်ပံ့ကူညီအပ်သော ဟူပြီ။ ထေရ-နဝ-မဇ္ဈိမတို့တွင် အဘယ်ပုဂ္ဂိုလ်များသည် ထောက်ပံ့ကူညီအပ်ပါ သနည်း။

၂၆။ ကထိနံ နာမ အတိဥက္ကဋ္ဌံ၊ မာတရမ္မိ ဝိညာပေတုံ နဝဋ္ဌတိ၊ အာကာသတော ဩတိဏ္ဏသဒိသမေဝ ဝဋ္ဌတိ။ ။ဟူ၍ မဟာဝဂ္ဂ၊ ကထိနက္ခန္ဓက၊ အဌကထာ ဆရာမြတ်တို့၊ မိန့်အပ် သည်နှင့်အညီ၊ ဤကထိန်လျှာ သက်နှံးမည်သည် အတိဥက္ကဋ္ဌ အလွန်မြတ်မှသာအပ်သည်ဖြစ်၍၊ ပဝါရိတ၊ ဥာတိမဆို၊ အမိ

ကိုသော်လည်း မတောင်းအပ်။ဝိညတ်ပရိယာယ်ကထာ၊ သြဘာနိမိတ်၊ အရိပ်အရောင်မရှိ မိမိသဘာဝအလျောက်၊ ပေါ်ပေါက်လာရာ၊ ကောင်းကင်ဝက၊ လျှောကျသည့်နှယ်၊ စင်ကြယ်သော သက်နေးဖြင့်သာ ခင်းအပ်လေသောကြောင့် ယခုခင်းလတ္တံ့သော ကထိန်လျှာ သက်နေးသည် ထိုကဲ့သို့ စင်ကြယ်သော သက်နေးဟုတ်ပါ၏လော။

၂၇။ နအညတြ သံဃာဋ္ဌယာ ကထိနံ။ ။အစရှိသော မဟာဝဂ်၊ ကထိနက္ခန္ဓကပါဠိ၊ လာရှိသည်နှင့်အညီ၊ ပဉ္စခဏ်း၊ သတ္တခဏ်း၊ နဝခဏ်း စသည်ဖြတ်၍၊ အနားပတ် လေးဘက်တင်သဖြင့် ကထိန်လျှာ ဝင်ထိုက်သော ဒုဂုဏ်, ကိုယ်ဝတ်, သင်းပိုင် အားဖြင့် သုံးထည်သော သက်နေးတို့သာ ကထိန်အဝင်အပါ ကထိန်အရာ မြောက်ထိုက်သောကြောင့် ယခုခင်းလတ္တံ့သော ကထိန်လျှာ သက်နေးသည် ဆိုအပ်ခဲ့ပြီးသော သုံးထည်သော သက်နေးအပါအဝင်ဖြစ်၍ ကထိန်လျှာမြောက်ထိုက်သော သက်နေးဟုတ်ပါ၏လော။

၂၈။ သာမု-သာမု၊ အတုလတုလ၊ တုမရသည့်၊ သုဂတဘုန်းခေါင် ၊ ရောင်တဝင်းဝင်း၊ အမှောင်ကင်းအောင်၊ ပြောင်လင်းဆောင်သည့်၊ မာရ်အောင်ထွတ်ဖျား၊ လောက ဥက္ကာ၊ မြို့ကိုရောင်ဟပ်သည့်၊ မြတ်ဘုရား၏၊ တရားဥပဒေ၊ မိန့်ဗျာရှေနှင့်၊ သဝေမယ္ဍင်း၊ ပြစ်မျိုးကင်း၍၊ သန့်ရှင်းတင့်ဆန်း၊ ဤကထိန်လျှာသက်နေးသည်၊ ဝိနည်းလာ ထုံးတမ်းအလိုက်ဖြင့်၊

ခင်းထိုက်သော သက်နှိုးမှုန်ပေပြီ။ ။ဤသို့ ကျမ်းဂန်အရ၊ လမ်းမှုန်ကျအောင် နှိုးဆန်လှသော ယခုနှစ်ကထိန်ပွဲမှာ၊ အသဲစဲ့ ဘယ်အရပ်က၊ သဒ္ဓါဓာတ်ညာဏ်အမြင်နှင့်၊ သမ္မာဇဉ် ဖွေးဖြူ၍၊ ပေးလှူအပ်သောသက်နှိုး ဖြစ်ပါသနည်း။

၂၉။ သာဓု-သာဓု၊ အတုလဘာဝ်ဖြဝါ။ မကုဋ္ဌ ကုဋ္ဌာ၊ ဥက္ကဋ္ဌာတိ ဥက္ကဋ္ဌ၊ ဥတ္တမ ဥတ္တမာ၊ ရာဇာဓိ ရာဇိန္ဒ၊ ဒေဝါဓိ ဒေဝိန္ဒ၊ သက္ကာဓိ သက္ကိန္ဒ၊ ဗြဟ္မာဓိ ဗြဟ္မိန္ဒ၊ ဇေဋ္ဌ-သေဋ္ဌ၊ အတုလတုလ၊ ဇိနဘဂဝါ။ အမိတပရမာ၊ ထဝိတယသဝါ။ သတ္ထာ သုဂတ၊ ဥက္ကဋ္ဌသာမိ၊ အနုတ္တရဉာဏိ၊ သမုဂ္ဂတ သမာဓိ၊ မုနိသက္ယ၊ ထုတိဘာဝျဝ၊ ဇုတိအနုဿ၊ ဉာဏဓိပတိ၊ ဒ္ဒိပဒုတ္တမ၊ ဝိဇယုသ္သဝ၊ တြိဥက္ကဋ္ဌအစစ်၊ ဖြစ်ကြီး ဖြစ်တော်မူ၍၊ အမော်တကာတို့၏ ထိပ်သီး၊ အကြီးတကာတို့၏ ထိပ်တင်၊ ဘုရင်တကာ တို့၏ ထိပ်ထား၊ သိကြားတကာတို့၏ ထွဋ်ချာ၊ ဗြဟ္မာ တကာတို့၏ ထိပ်ပန်း ရဟန်းတကာတို့၏ သင်းကျစ်၊ ဓမ္မရာဇ်မှုန်ကူ၊ အမတ ပြည်နိဗ္ဗာန် ရည်စိတ်သန်သည့် သယမ္ဘူဟု၊ စံတူကင်းပျောက်၊ စက်ဝဋ္ဌာထွင်း၊ ဘာဂ်ပမာကင်းအောင်၊ သတင်းမောက်လျက်၊ ဝင်းတောက် ကြက်သရေ၊ ဂုံအမျိုးမျိုး၊ ဉာဏ်တန်ခိုးဖြင့်၊ တက်ဖြိုးဝေ၍၊ ကိုးထွဋ်ဂုဏ်ကော်၊ ဆည်းပူးရှာမှု၊ သမ္ဘာ စုသည့် အာနုဘော်ဖြင့်၊ အဟော်အစ္ဆရိ၊ သတင်း နှံ့လွှယ်၊ သင်းပျံ့ကျယ်အောင်၊ အံ့ဘွယ်ရှိသည့်၊ မုနိထိပ်တင်၊ နိုကာယ် အများ၊ ပြိုတွယ် သနားသည့်၊ ဘုရားသျှင်သည်၊ ဒီပင်္ကရာ၊

သောင်းလောကခေတ်၊ ပြောစမှတ်သည့်၊ စောမြတ်စွာ၏၊ ရှေမှာဝပ်စင်း၊ ဘုရားဥာဏ်သွား၊ ဆုပန်ထားလျက်၊ တံတား ခင်းသဖြင့်၊ ရင်းနှီးသမ္ဘာ၊ ဗိုလ်ထုဝေနှ၊ ကျွတ်ဆုဝေမည့်၊ သုမေဓေဟု၊ မဟာအစစ်၊ ဥာဏ်တော်ခလေ့၊ စျာန်ပျော်မွေ့ သည့်၊ ရသေ့အဖြစ်မှ၊ ဝေဿန္တရာ၊ ပါရမီအခြင်း၊ အထွဋ်တင် သည့်၊ ဘုရင်ရာဇာဟု၊ မဟာမင်းဖျား၊ ပါရမီမြင့်သုံး၊ ဖြည့် ကျင့်နှုန်းဖြင့်၊ နောက်ဆုံးထား၍၊ အများရှည်ကြာ၊ သခ္ခေ သခ်ျာ၊ မယှဉ်သာသည့်၊ ကပ္ပါပါ၌၊ မဟာဆန္ဒ၊ ကာယဒုက္ခာ၊ မဆုတ်ခွါသည့်၊ ဥဿာဟဖြင့်၊ လုံ့လအားခဲ၊ အလောင်း ဓမ္မတာ၊ မပြောင်းသာအောင်၊ ကောင်းစွာစဲ့လျက်၊ အမြဲ စိတ်ကူး၊ ပါရမီရင့်သန်၊ အခွင့်မြန်အောင်၊ ကျင့်ဟန်ထူး သဖြင့်၊ကွန့်မြူးရောင်ရှိန်၊ အဂ္ဂမဂ္ဂ၊ ဘာဝ်မမျှသည့်၊ ဝဇိရစိန်ဖြင့်၊ နေအိမ်ခန္ဓာ၊ မသိတော့ဝေ၊ ကြိတ်ဘိချေသည့်၊ ကိလေသာကို၊ ပယ်ခွါ ပစ်ခဲ့၊ ဥာဏ်အလင်းရောင်၊ ဝင်းဝင်း ပြောင်သည့်၊ စစ်အောင်ပွဲကို၊ မစဲနေ့ည၊ မာရ်အသင်းပင်း၊ ရန်ကင်းရှင်း အောင်၊ ခင်းကျင်းပြလျက်၊ မြေသဘင်၊ နိဗ္ဗာန်စဲ့မှီး၊ အုံ့ဝဲ ချီးအောင်၊ ပဲ့ကြီးယင်၍၊ အစဉ်နောင်လာ၊ အများနှစ်သိမ့်၊ ပိတိဖိမ့်အောင်၊ ကောင်စိမ့်ဌာဟု၊ ကောင်းစွာ ဟောထား၊ သတ္တဝါခပဲ၊ ဇပ်မကွာစဲ့ကာ၊ မြဲတိုးပွားမည့်၊သုံးပါးသာသနာ၊ ကျင့်ဂုဏ်တောက်ခပြောင်၊ အမြဲဆောင်သည့်၊ ရောင်အဝါ၏၊ ဘည်ရာမခ္ချို၊အများချီးကျူး၊ ဂုဏ်ပေါင်းထူးသည့်၊ညောင်ဦး

မြို့ဌ၊ မိုးမိုဝေဆာ၊ နိဗ္ဗာန်အောင်မြေ၊ စိတ်ကြီးဆောင်ပေမည့်၊ စေတနာ၊ ရောတည်လျက်၊ မဟာပညာ၊ အဟုန်ရသဖြင့်၊ ဘဝအဆက်ဆက်၊ မပျက် ကောင်းကျိုး၊ နာဂတ်ထိုထို၊ မပြတ်စိုမည့်၊ ကုသိုလ်မျိုးကို၊ အားကြိုးဖွေရှာ၊ အခြေမယိုင်၊ အရှေခိုင်အောင်၊ နေထိုင်လေ့ရှိပါသော၊ ကျောင်းဒါယကာ.....

.....ကျောင်းအမ.....

.....သားသမီးအပေါင်း၊ နောင်ရေးရှုမြော်၊ ကောင်းမှုပျော်သည့်၊ သူတော်ကောင်းတို့က၊ နှစ်ထောင်း နှင်းချိန်၊ ငါးပါး အကျိုး၊ များများ တိုးအောင်၊ တန်ခိုး ရှိန်သည့်၊ ကထိန် သင်္ဘန်း၊ မဇ္ဈေရ ကြေးမထူ၊ သဒ္ဓါဇော ဖွေးဖြူလျက်၊ ပေးလှူ ဒါန်း သဖြင့်၊ ရဟန်း သံဃာ၊ သီလ စွမ်းရည်၊ စိတ်တည်ကြည်သည့်၊ ထေရ်မဟာတို့၊ ကျမ်းလာမပျက်၊ မဟာဝဂ္ဂ၊ ကထိနဟု၊ ဓမ္မစက်နှင့်၊ အချက်မမှား၊ လမ်းမှန်အရိုး၊ ကျမ်းဂန်ကိုးလျက်၊ အကျိုး များအောင်၊ တရား ထုံးနဲ၊ ဥ တ်-ကံ နှစ်ကြိမ်၊ ဘာသ်နှံချိန်သည့်၊ ကထိန်ပဲ့ကို၊ ချီးပဲ့နိုင်ကြောင်း၊ မနောဓိဌာန်၊ဇောဘိတ်လျှံအောင်၊စိတ်ကြီးကောင်းသည့်၊ တသောင်းစကြဝဠာ၊ ပိတိ ဇောဝင်၊ သဘော မြင်သည့်၊ နတ် ဗြဟ္မာ နှင့်၊ သတ္တဝါ အပေါင်း၊ ဝမ်းမြောက် နုမော၊ သာဓု ခေါ်မည့်၊ သူတော်ကောင်း တို့သည်၊ နှစ်ထောင်း အားရ၊ သောမနဿဖြင့်၊ သဘောကျကျေညာ၊ မြေပထဝီ တုန်ဟီး၊ ပဲ့တင်တီးအောင်၊ ကောင်းချီး သြဘာ၊ ထောမနာ တပြောင်ပြောင်၊ ပိတိရောင်

တဘိတ်ဘိတ်၊ သာဓုသံ အောင် နိမိတ်ဖြင့်၊ အောင် ဘိသိက် သွန်းကြပါစေသော၀်။

ကထိန် အမေး ပြီး၏။

ကထိန် အဖြေ
(ဖြေဆိုသူက စ၍ ရှေးဦးဖွာဆိုရန်)

နမော တဿ ဘဂ၀တော အရဟတော သမ္မာသမ္မုဒ္ဓဿ။

ကထိနတ္ထာယ သံ၀ယ၀ယ၊ ဣဒံ ကထိန စီ၀ရံ။
နိယျာ၀ေတိတံ ဘိစာ၀ရေထ၊ ယထာ၀ဓမ္မံ သုဗုဒ္ဓိယာ။

ဘန္တေ၊ ဝိနည်း ပိဋကတ် တရားမြတ်ကို အတတ်သေချာ စိန်၀ဇိရ ကဲ့သို့ ရှုလျက် ကျနပါသဖြင့် ကောင်းစွာ သိမြင် အို အာသျင်မြတ်ဘုရား။ဣဒံ ကထိန စီ၀ရံ၊ဗုဒ္ဓမြတ်စွာ စိန္တေယျာတို့ ကောင်းစွာ ချီးကျူး သကတ် ထူးကြောင့် ကွန့်မြူး တင့်ဆန်း ဤကထိန်လျှာ သင်္ကန်းကို။ကထိနတ္ထာယ၊ ဣ တ္တိဒုတိယ ကထိန ကမ္မ၀ါ ဘာသ်ရှတ်ကာဖြင့် ၎င်းဖြာ ပွားတိုး ကထိန် ကျိုးကို မြှော်ကိုး ဖြန့်ခင်းရန် အကျိုးငှာ။ သံ၀ယ၀ယ၊ စာတုဒ္ဒိသာ လေးမျက်နှာ၌ အာဂတာ နာဂတ ရှိသမျှသော သကျ နွယ်ခေါ် သံ၀ယာတော် မြတ်အား။ နိယျာတိတံ၊ သုံးတန် စေတနာ မိုယ်းသို့ ရှာလျက် သဒ္ဓါ ရှင်လန်း လှုဒါန်း ဆောင်နှင်း အပ်

ပါပြီ။ တူမေ့၊ ဝိနယဝိဒူ တံခွန် ထူလျက် ဇမ္ဗူ ကျော် ကြားအသျှင်မြတ် ဘုရား တို့သည်။ တံကထိနစီဝရုံ၊ ထိုသို့ ဆက်ကပ်လှူဒါန်း အပ်သော ကထိန်လျှာ သက်နှံးကို။ ယထာဓမ္မံ၊ ဝိနည်း ဓမ္မကွန် မြတ် ကျမ်းဂန် နှင့် လျော်ကန် သင့်မြတ်စွာ။ သုဇုဒ္ဓိယာ၊ ဝိနည်း ဓမ္မစက် ကျမ်း အထွက်ကို အချက်ကျကျ ကောင်းစွာသိနှိုင်ကြရန်အကျိုးငှာ။ ဝိစာရေထ၊ ဝိနည်းကျမ်းလာ ဒေသနာကို သေချာဘေလှစ် ပရိသတအမျိုးသိမှတ်ထားရအောင် တအားသစ်၍ စိစစ်ထောက်လှမ်း မေးမြန်းစုံစမ်းတော် မူပါကုန်ဘုရား။

၁။ အာမ ပုစ္ဆထ ဘန္တေ။ ။ဘန္တေ၊ ဝိနည်းထုံးတမ်းတရားလမ်းကို ခွဲခြမ်းဘောက်ထုင် သိကြားလက်နက် မိုးယိုးကြိုးစက်သို့ အချက်မြင်သည့် အိုအသျှင်ဘုရားတို့။ တူမေ့၊ မေးနည်းမျှားဖြင် ကုန်အောင်မြင်သည့်အသျှင်ဘုရားတို့သည်။ အာမပုစ္ဆထ၊ ဝိနည်းမဟာဝဂ် ကျမ်းအထွက်ကို ထိပ်ရှက်ဆွေးနွေး သက်ာအေးအောင် မေးမြန်းတော်မူပါကုန်ဘုရား။

၂။ ကထိနန္တိ ပဏ္ဍာနိသံသေ အညတ္ထ ဂန္တုံ အဒတ္ဝာသင်္ဃဿ ဟဏ္ဍတ္ထေန ကထိနံ။ ထိရန္တိ အတ္ထော။ ။ဟူ၍နိဿဂ္ဂိယ–ပဌမ ကထိနသိက္ခာပုဒ်အဖွင့်၊ ကခ်ါဝိတရဏီဋီကာလာသောကြောင့် ၎င်း-

ကထိနန္တိ ပဏ္ဍာနိသံသေ အန္တော ကရဏ သမတ္ထတာယ ထိုရန္တိ အတ္ထော။ ။ဟူ၍ မဟာဝဂ်၊ ကထိနက္ခန္ဓက အဖွင့်၊

ဝဇီရဗုဒ္ဓ-သာရတ္ထ-ဝိမတိဝိနောဒနီ ဋီကာကြီးသုံးစောင် လာသောကြောင့်ရင်း-

အနာမန္တ၊ စသည်အပြား၊ ကျိုးငါးပါးကို၊ တခြားမထွက်ရ၊ အတုင်းကျအောင်၊ သီမဌကသံဃာတုင်း၌၊ ထားခြင်းဌာစွမ်းနိုင်၍၊ ကျောက်စာတိုင်ဟန်၊ မြဲမြံခိုင်ခံ့၊ တည်တံ့သော အနက်သဘောသတ္တိရှိသော ထိရတ္ထဝါစီ၊ ရှင်အနိပ္ဖန္န၊ ပါဠိပဒိကပုဒ်ဖြစ်သောကြောင့်ရင်း-

ကထတိ အကိစ္စေန ဇီဝတိတိ ကထိနော။ ကထိနောဝိယာတိ ကထိနံ။ ။မိန့်သံကျန၊ ဝိနယလက်ဝ၊ ဋီကာအဆို၊ ဝိဂြိုဟ်ရိပ်အထွက်၊ဥပမာတဒ္ဓိတ်အချက်နှင့်၊ လိုက်ဘက်သဖြင့်၊ ရှုဘွယ်တင့်၍၊ နိမ့်မြင့်ဆိုင်းဆိုင်း၊ ခက်ကိုင်းဝေဆာ၊ ဟေမဝါဝယ်၊ သေလာဂနိုင်၊ ရိပ်မြိုင်ထူးလည်၊ မြရည်စိုပို၊ မြိုင်ညိုစိမ့်စမ်း၊ ရဂုံလမ်းဝယ်၊ မှိုငြမ်းမရှိ၊ မိမိချည်းသာ၊ ဖြစ်ရာအလျောက်၊ ပေါက်ရောက်ကြီးပွား၊ စည်ကားလေပြီး၊ သစ်ပင်ကြီးတမျှ၊ ခိုင်ခံ့လှသော၊ အနက်သဘောသတ္တိ၊ ရှိသည်၏အဖြစ်ကြောင့်ရင်း-

ကတ္ထိယတေ သီလာဃိယတေ ဗုဒ္ဓါဒီဟိတိဝါကထိနံ။ ဟူသောကမ္မသာဓန၊ ဝစနတ္ထဝိဂြိုဟ်၊ မိန့်ဆို အပ်သည်နှင့်အညီ၊ ဘုရား, ပစ္စေကဗုဒ္ဓါ၊ သာဝကအပေါင်း၊ သူတော်ကောင်းတို့သည်၊ နှစ်ထောင်းအားရ၊ သောမနဖြင့်၊ ဟောပြချိုးမှမ်းအပ်

သောကြောင့်ရင်း-အကြောင်းမတိမ်၊ ဤကဲ့သို့သော ဂုဏ်သိရှိ ကြောင့်၊ ကထိန်မည်ပါသည်ဘုရား။

၃။ တေန သမယေန ဗုဒ္ဓေါ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ အနာထပိဏ္ဍိကသ အာရာမေ။ ။အစရှိသည်ဖြင့်၊ မဟာဝဂ္ဂ၊ ကထိနက္ခန္ဓကပါဠိ၊ လာရှိသည်နှင့် အညီ၊ ဂုဏ်ဆီထွန်းဘိ၊ သာဝတ္ထိဟု၊ ပြည်ကြီးလက္ခ၊ တောင်မျက်နှာ၌၊ သခ်္ဂမှန်လှ၊ တကောသဝယ်၊ ဇေတမင်းသား၏ ဥယျာဉ်သာ၌၊ အနာထပိဏ်၊ သဒ္ဓါရှိန်ဖြင့်၊ ဂုဏ်သိရ်ပ္ပုမ္ပေး၊ အိမ်ရှင်သေဋ္ဌေးသည်၊ ငါးဆယ့်လေးကုဋေ သပြာငွေကို၊ မစ္ဆေမဘက်၊ ရက်ရက်ရောရော၊ မက်မောမတွန့်၊ ပေးစွန့်လွှတ်၍၊ ဆွတ်ဆွတ်ကြည်ဖြူ၊ ကြေးမထူဘဲ၊ ပေးလှူအပ်သော ဇေတဝန်ကျောင်းတော်၌၊ ယာပထ လေးဘော်ဖြင့် မျှနေတော်မူဆဲအခါ ပညတ်တော်မူပါသည်ဘုရား။

၄။ တေန ခေါ ပန သမယေန တိံ သမတ္တာ ပါဝေယ္ယကာ ဘိက္ခူ သဗ္ဗေယေဝ အာရညိကာ။ ။အစရှိသည်ဖြင့် မဟာဝဂ္ဂ ကထိနက္ခန္ဓကပါဠိ လာရှိသည်နှင့်အညီ စုံညီပြည့်ဝ၊ ကောသလဟု၊ ရဋ္ဌတိုင်းကြီး၊ ခွန်သီးယူဘိ၊ သာဝတ္ထိခေါ်၊ ရှေမြို့တော်သခင်၊ဘုရင်မင်းမြတ်၊ စောနေနတ်ဟု၊ဥက္ကဋ္ဌရာဇာန်၊ အသမ္ဘိန္ဒ၊ ခတ္တိယနွယ်ဆင်း၊ ကောသလမင်းနှင့်၊ သားချင်းဘက်တူ၊ မြေးကြီးသတင်း၊ မပြတ်သင်းလျက်၊ မယွင်းညီနောင်၊ ဂုဏ်ရောင်မည့်ကြီး၊ တန်းခိုးပေါ်ထင်၊ ဓုတင်တေရသ်၊ ပဋိပတ်

ကျင့်စဉ် ဂုဏ်မျှားဖြင်ကြောင့် ပုထုဇဉ်တယောက်မျှမပါ ရဟန္တာလည်းမနှော သောတာပန် သကဒါဂါမ် အနာဂါမ် ချည်းသာ ဖြစ်ကြသော ပါဝေယျက ရဌဝါသီ နောင်ညီ သုံးကျိပ် ဘုန်းရိပ်မပျက် ဘဒ္ဒဝဂ်သခင် ထေရ်အသျှင်တို့ကို အကြောင်းပြု၍ ပညတ်တော်မူပါသည်ဘုရား။

၅။ အထခေါ ကေ ဘိက္ခူ။ ဝဿံဝုတ္ထာ တေမာသစ္စ ယေန ကတာယ ပဝါရဏာယ ဒေဝေ ဝဿန္တေ ဥဒက သင်္ဂဟေ ဥဒကစိက္ခလ္လေ သြကပုဏ္ဏေဟိ စီဝရေဟိ ကိလန္တ ရူပါ။ ။အစရှိသည်ဖြင့် မဟာဝဂ္ဂ ကထိနက္ခန္ဓက ပါဠိ လာရှိ သည်နှင့်အညီ ပါဝေယျက ရဌဝါသီ နောင်ညီသုံးကျိပ် ဘုန်းရိပ်မပျက် ဘဒ္ဒဝဂ်သခင် ထေရ် အသျှင်များတို့သည် ဘုရားသျှင်ကို ဖူးမြင်ခြင်းငှာ ပါဝါမြို့မှ သာဝတ္ထိပြည်သို့ အလာတွင် ဝါဆိုရာလ နီးကပ်လှသောကြောင့် သာဝတ္ထိ ပြည်သို့ မရောက်နိုင်ကြသဖြင့် ထိုမှသင်္ချာ ယူဇနာသတ္တ ရပ် ဌာနဝယ် သာကေတမြို့တွင်ပင် ဘုရားသျှင်ကို ဖူးမြင်လိုသော ဆန္ဒဖြင့် တမ်းတလျက်သာ ပုရိမဝါသို့ ကပ်ကြရသဖြင့် ဝါ–လ ကျွတ်၍ သာဝတ္ထိပြည်မှန် ဇေတဝန်အသွား လမ်းခရီးကြား ဝယ် ထက်ဖျားအာကာ အဇဋာ၌ တိမ်လွှာယှက်ရုံ ပဇုန် ဆူလှိုက် ချုန်းရိုက်ထစ်ကြိုး ရွာသွန်းဖြိုးလျက် မိုးယိုးကြီး သည်းထန်စွာ ရွာခဲ့ပါ၍ သွားရာမကောင်း ညှဉ်ပျောင်း ထူထပ် အရပ်ရပ်မြေပြင် ဘယ်တွင်မလစ် ဒူးပုဆစ်မျှ ကျုံနစ်

စရာ မဟာကန္ဓာဝရကြီး လမ်းခရီးသို့ အပြီးတိုင် လာကြရသည်ဖြစ်၍ ရှိုန့်စ်ညွှန်စေး ညစ်ကြေးကပ်ငြိ ရေစေးရှိသည့် တိစိဝရိက်သက်နှိုးဖြင့် ပင်ပန်းညှိုးငယ် နွမ်းနယ်ရိုရှားလျက် ဘုရားသျှင်အထံတော်သို့ရောက်ကြသဖြင့် လောကစက္ခုသဗ္ဗညူသည် အာဂန္တုက ရဟန်းတို့၌ အလိုက်သင့်ထောက်လှမ်း မေးမြန်းမြဲစဉ်လာ ဓမ္မတာအာစိဏ္ဏဖြစ်၍။ ။ကစ္စိ ဘိက္ခဝေ ခမနီယံ၊ ကစ္စိ ယာပနီယံ အစရှိသည်ဖြင့် ပဋိသန္ထာရကထာကို ဦးစွာ မဆ၊ မေးပြီးမှလျှင် ကန္ဓာဝရခရီးလမ်းဝယ် မပင်ပန်း မငြိုငြင်ကြဘဲ လာခဲ့ရသည်၏ အဖြစ်ကို စိစစ် မေးမြန်းတော်မူလျှင် ကန္ဓာဝရကြမ်း၊ လမ်းပန်းမကောင်း၊ ညွှန်ပျောင်းထူပြော၊ ရှုံ့ရေပေါ၍၊ ပန်းမောရိုရှား၊ တောင်ပါးမြောက်တိမ်း၊ ဘယ်ယိမ်းညာနွဲ့၊ ရှေ့ငဲ့နောက်ယိုင်၊ ငေးမိုင်ညှိုးကြုံ၊ စက်တော်စုံသို့၊ ခိုလှုံပါရသော အကြောင်းအရာတို့ကို သေချာစွာ လျှောက်ထားကြလေက ဓမ္မိယရ၊ ဓမ္မသာမိ၊ မုနိသင်းကျစ်၊ ဓမ္မရာဇ်သည်၊ ရှုံ့နှစ်ညွှန်စေး၊ ညစ်ကြေးကပ်ငြိ၊ ရေစေးရှိသည့်၊ တိစိဝရိက် သက်နှိုးဖြင့်၊ ပင်ပန်းသောသဘောရှိသော ထိုရဟန်းတို့ကို မြင်တော်မူရ၍ လွန်စွာသနားတော်မူလှသဖြင့် သိဿာနုသိဿတို့အား အကျိုးစီးပွား မျှားစေခြင်းငှာ-

အနုဇာနာမိ ဘိက္ခဝေ ဝဿံဝုတ္ထာနံ ဘိက္ခူနံ ကထိနံ အတ္ထရိတုံ။ အတ္ထတကထိနာနံ ဝေါ ဘိက္ခဝေ ပဠာနိ သံသာ ကပ္ပိဿန္တိ။

အစရှိသည်ဖြင့်၊ ခွင့်ပြုတော်မူပါသည်ဘုရား။

၆။ ဝဿာနသေ ပစ္ဆိမေ မာသေ ဇာနိတဗ္ဗော။ ။ ဟူသော ပရိဝါကထိနဘေဒ ပါဠိတော်နှင့်အညီ အဇဋာဗေ့၊ အာကာသေဝယ်၊ မြင်ရှေရဟတ်၊ ရောင်နဝင်းစုံ၊ ပြောင်လင်းထုံ၊ စန်းယုန်နတ်နှင့်၊ နက္ခတ်တံခွန်၊ ပုလဲစုနှယ်၊ရှုစဘွယ်သည့်၊ ကြယ်အမှုန်တို့၊ အလွန်မြိုင်ဆိုင်၊ ဗဟိုမြင့်ပြီး၊ စွင့်စွင့်မိုးလျက်၊ တန်ခိုးရောင်ပြိုင်ကြ၍၊ ဂနိုင်တခွင်၊ မြိုင်အပြင်၊ အိုင်စဉ်တလျောက်၊ ငါးမည်ကြာမျိုး၊ ဖြာဖြာမိုး၊ဖြိုးဖြိုးမောက်လျက်၊ အုံ့လောက် ထင်ရှား၊ ရေပြင် အားလုံး၊ ပျားပိတုန်းတို့၊ အုန်းအုန်းသံကျော်ကြား၍၊ ပြည်သားအပေါင်း၊ ကြာလက်စုံ စိုပြေ၊ ပန်းပွင့် ရောင်ထိန်ဝေနှင့်၊ စိန္ဒေမှာ၊ ညောင်ရေလောင်း၍၊ ဆုတောင်းမြွက်သံ၊ ဘဝဂ်ပံ့မျှ၊ ထက်နဘံချဉ်း၊ တက်လျှံဝင်းသည့်၊ သီတင်းကျွတ် ပုဏ္ဏမီ၊ ယုန်ရတီ၊ စုံညီပေါ်ထွက်၊ ကျော်တရက်မှ၊ မြော်ဆက်ခါမှီ၊ ဒွါဒသီဝယ်၊ ရာသီဗြိုဠ်ဆွ၊ မှောင်အလုံး၊ အရောင်ဖုံးသည့်၊ တန်ဆောင်မုန်း ပုဏ္ဏမာ၊ ယုန်စန္ဒာညီမျှသည့်၊ ဤတလလုံးလုံးမှာ၊ အုန်းအုန်းဆူ သိမ့်သိမ့်သဲ၊ သာဝတ္ထိပြည်သူတို့၊ ကြည်ဖြူစွာ ယှဉ်တွဲ၊ သက်နှုံးလှူ သဘင်ပွဲ၌၊ ဝင်နွဲသည့်သမယသည် ဘုရားသျှင် ရှေလက်ထက်တော်မှ စ၍ ယနေ့ထက်တိုင် ပင်လျှင် ချစ်သျှင်မြတ်စွာ၊ သာသနာဝယ်၊ အခါတွင်ဆန်း၊ အစဉ်မြန်းကြသည့်၊ သက်နှုံးပွဲသမယဖြစ်ပါသည်ဘုရား။

၇။ အဌဟာဂေါ်ဟိ သမန္နာဂတော ပုဂ္ဂလော ဘဗ္ဗောကထိနံ အတ္ထရိတုံ။ ။ဟူသော ပရိဝါကထိဘေဒပါဠိ၊ လာရှိသည်နှင့်အညီ၊ အင်ရှစ်လီနှင့် ပြည့်စုံသောရဟန်းမှ ကထိန်ခင်းထိုက်ပါသည်ဘုရား။

၈။ ပုဗ္ဗကရဏံ ဇာနာတိ၊ ပစ္စုဒ္ဓါရံ ဇာနာတိ၊ အဓိဋ္ဌာနံ ဇာနာတိ၊ အတ္ထာရံ ဇာနာတိ၊ မာတိကံ ဇာနာတိ၊ ပလိဗောဓံ ဇာနာတိ၊ ဥဒ္ဓါရံ ဇာနာတိ၊ အာနိသံသံ ဇာနာတိ၊ ဤမေဟိ အဌဟာဂေါ်ဟိ သမန္နာဂတော ပုဂ္ဂလော ဘဗ္ဗော ကထိနံ အတ္ထရိတုံ။ ။ဟူသော ပရိဝါကထိနဘေဒပါဠိ၊ လာရှိသည်နှင့်အညီ၊ ရှေးဦးပြုလုပ်၊ ပစ္စုဓိ,ဓိဋ္ဌာန်၊ ခင်းရန်အင်္ဂါ၊ မာတိကာ, ကြောင့်ကြ၊ ဥဒ္ဓါရ, ,အာနိသင်၊ ဤရှစ်အင်ကို စုံလင်စွာသိသော ရဟန်းမှ ကထိန် ခင်းထိုက်ပါသည်ဘုရား။

၉။ ကထိနဿ ဧကံ မူလံ သံဃော။ ။ဟူသော ပရိဝါကထိနဘေဒပါဠိ လာရှိသည်နှင့်အညီ သံဃာသည် ကထိန်၏ မူလမည်ပါသည်ဘုရား။

၁၀။ တီဏိ ဝတ္ထူနိ သံဃာဌိ ဥတ္တရာသင်္ဂါ အန္တရ ဝါ သကော။ ။ဟူသော ပရိဝါကထိနဘေဒ ပါဠိတော်နှင့် အညီ ကိုးထည်သောသင်္ကန်းတို့တွင် ဒုဂုဏ်, ကိုယ်ဝတ်, သင်းပိုင်အားဖြင့် သုံးထည်သော သင်္ကန်းတို့သာ ကထိန်၏တည်ရာ ဝတ္ထု မည်ပါသည်ဘုရား။

၁၁။ ဆ ဘူမိယော ခေါမံ ကောသေယ္ယံ ကပ္ပါသိကံ ကမ္မလံ သာဏံ ဘဂ်ံ။ ။ဟူသော ပရိဝါကထိနဘေဒပါဠိတော်နှင့်အညီ ခေါမမည်သောလျှော်တမည် ဝါချည်တမျိုးပိုးချည်တရပ် သက္ကလပ်တတန် ပိုက်ဆံလျှော်တချက် ငါးပါးစုံရောယှက်၍ ယက်အပ်သော သင်္ကန်းဟူ၍ ကထိနဘူမိသည် ဇာတိဘေဒအမည်အားဖြင့် ခြောက်မျိုးပြားပါသည်ဘုရား။

၁၂။ ကထိနဿ ပုဗ္ဗကရဏာ အာဒေ၊ ကရယာ မဇ္ဈေ၊ အတ္ထာရော ပရိယောသာနံ။ ။ဟူသော ပရိဝါကထိနဘေဒ ပါဠိတော်နှင့်အညီ ကောင်းစွာလျှော်ဖွပ် သတ်မှတ်စီရင် ဖြတ်, ယှဉ်, ချုပ်, ဆိုး ဗိန္ဒုထိုးခြင်းဟု ဆိုအပ်သော ခုနစ်ပါးသော ပုဗ္ဗကရဏာသည် ကထိန်၏အစ။ ပစ္စုဒ္ဓိရ်ပြုဟန် အဓိဋ္ဌာန်တင်ခြင်းသည် ကထိန်၏အလယ်။ ဝစီဘေဒ မြှက်ဟလှစ်ဘွင့်ကျူးရင့်ဆက်ဆက် နှုတ်မြှက်၍ ခင်းခြင်းသည် ကထိန်၏ အဆုံးမည်ပါသည်ဘုရား။

၁၃။ တိဏ္ဏံ ပုဂ္ဂလာနံ ကထိနတ္ထာရာ ရုဟန္တိ။ ကတမေသံ တိဏ္ဏံ ပုဂ္ဂလာနံ ကထိနတ္ထာရာ ရုဟန္တိ။ သီမဋ္ဌော အနုမောဒတိ။ အနုမောဒန္တော ဝါစံ ဘိန္ဒတိ၊ ဝါစံဘိန္ဒန္တော ပရံ ဝိညာပေတိ။ ဣမေသံ တိဏ္ဏံ ပုဂ္ဂလာနံ ကထိနတ္ထာရာ ရုဟန္တိ။ ။ဟူသော ပရိဝါ ကထိနဘေဒ ပါဠိတော်နှင့်အညီ ဤသိမ်ဥပစာရအတွင်းကျ၍ အပဋ္ဌမတည်သောရဟန်း ဝစီဘေဒ မြှက်ဟလှစ်ဘွင့် ကျူးရင့်ဆိုမှုအသံပြု၍ အနုမောဒနာ ပြုသောရဟန်း

နှုတ်မြွက်သောအား သူတပါးကို ကြားသိစေသော ရဟန်း ဤရဟန်းသုံးပါးတို့သည် ကထိန်ခင်းခြင်းကြောင့် ဖြစ်သော အကျိုးဂုဏ်အင် အာနိသင်ကို ရထိုက်ပါသည်ဘုရား။

၁၄။ ဂဏ်ဝသေန တာဝ ပစ္ဆိမကောဋ္ဌိယာ ပဠူဇနာ လဘန္တိ၊ ဥဒ္ဒံ သတ သဟဿမ္ပိ။ ။ဟူ၍ မဟာဝဂ္ဂ ကထိနက္ခန္ဓက အဌကထာဆရာမြတ်တို့ မိန့်အပ်သည်နှင့် အညီ အယုတ်အားဖြင့် ၀ါးပါးအရေအတွက် ထိုထက်သာ၍ အရာ, အထောင် ဖြစ်သော ရဟန်းတို့သည် ကထိန်ခင်းခြင်းကို ရထိုက်ပါသည်ဘုရား။

၁၅။ ဝုတ္ထဝဿဝသေန ပုရိမိကာယ ဝဿံ ဥပဂန္တ္မာ ပထမ ပ၀ါရဏာယ ပ၀ါရိတာ၀ လဘန္တိ။ ။ဟူ၍ မဟာဝဂ္ဂ ကထိနက္ခန္ဓက အဌကထာဆရာမြတ် မိန့်အပ်သည်နှင့်အညီ၊ နယ်တာခေါ်မှ၊ အာသင်္ဃဝယ်၊ ပုဏ္ဏမီပေါ်တက်၊ ကျော်တရက်ဟူ၊ အထွက်နေ့ရောက်ခါ၊ ရပ်ရွာတပါး၊ မသွားမပြောင်း ရောက်ရာကျောင်းဌ၊ ကိန်းအောင်းရှိသာ၊ ပုရိမ၀ါသိုမပြတ်၊ ကပ်သော၀ါရှိသဖြင့်၊ ပထမ၀ါရဏာနေ့ဌ၊ ချမ်းမြေ့ ကြည်သာ၊ ၀ါရဏာပြုကြသော ရဟန်းတို့သာ ကထိန်ခင်းခြင်းငှာ ထိုက်ပါကုန်သည်ဘုရား။

၁၆။ ယေန ဂေနစိ ဒေ၀ေန၀ါ မနုဿေန၀ါ ပဠုန်း၀ါ သဟ ဓမ္မိကာနံ အညတရေန ဒိန္နံ ဝဋ္ဋတိ။ ။ဟူ၍ မဟာဝဂ္ဂ၊ ကထိနက္ခန္ဓက၊ အဌကတာ ဆရာမြတ်တို့၊ မိန့်အပ်သည်နှင့်အညီ၊

ဒေဝီ,ဒေဝ၊ သက္က,မာရာ၊ သဒ္ဓါကြည်ဖြူ၊ ခြောက်ထပ်သူတို့၊ ကပ်လှူအပ်သော သက်နှီးပင်ဖြစ်စေ၊ ဗြဟ္မာအမျှား၊ ညွှတ်တွားကော်ရော်၊ ပူဇော်အပ်သော သက်နှီးပင်ဖြစ်စေ၊ ဘိုကျွ, ဘိကျွနှီ၊ တလီ သိကွမာန၊ သာမဏေရ၊ သာမဏေရီ၊ ငါးလီ သဟဓမ္မိက၊ သဗြဟ္မစာရီ၊ တရားကိုမှီလျက်၊ သာဇီဝသိက္ခာ၊ မကွာထပ်တူ၊ ကျင့်ကြသူချင်း၊ သီတင်းသုံးဘော် ငါးယောက်တို့တွင်၊ တယောက်ယောက်သောသူ၊ ကပ်လှူ အပ်သော သက်နှီးပင် ဖြစ်စေ၊ အမှတ်မထား၊ တပါးပါးသောသူ လှူအပ်သော သက်နှီးဖြင့် ခင်းအပ်ပါသည်ဘုရား။

၁၇။ ဣမံ ကထိနစီဝရံ သံဃသ ဒေမာတိ ဝတ္တဗ္ဗံ။ ။ဟူ၍ ဝိနယာလင်္ကာဋီကာ၊ မိန့်မှာအပ်သည်နှင့်အညီ၊ "ဣမံကထိန စီဝရံ သံဃသ ဒေမ" ဟုဆို၍ စာတုဒ္ဒိသာ အာဂတာနာဂတ၊ သံဃာ့ကပြောက်အောင် နှုတ်ထောက်ရည်မှန်း၊ လှူဒါန်းအပ်သော သက်နှီးဖြင့် ခင်းအပ်ပါသည်ဘုရား။

၁၈။ ယသ သံဃော ကထိနစီဝရံဒေတိ။ ။ဟူ၍ မဟာဝဂ်၊ ကထိနက္ခန္ဓက၊ အဋ္ဌကထာဆရာ၊ မိန့်မှာအပ်သည်နှင့်အညီ၊ စည်းဝေးရာပါ၊ သံဃာအမျှားသည်၊ အကြင် ရဟန်းအားပေး၏၊ ထိုရဟန်းသည် ခင်းအပ်ပါသည်ဘုရား။

၁၉။ ယောဇိဏ္ဏစီဝရော ဟောတိ။ ။ဟူ၍ မဟာဝဂ်၊ ကထိနက္ခန္ဓက အဋ္ဌကထာ၊ မိန့်မှာအပ်သည်နှင့်အညီ၊ အကြင်ရဟန်း

သည် ဆွေးမြည့်နှမ်းပါး၊ပါးရှားသော သက်နှံးရှိ၏၊ ထိုရဟန်း အား ပေးအပ်ပါသည်ဘုရား။

၂၀။ ဤသီမဋ္ဌကသိမ်အပြင် သံဃအစည်းအဝေးဝယ်၊ ရှေး ရှေးသော ဘဝန္တရ၊ ကာလအထူးတို့က၊ ဆည်းပူးခဲ့ကြသော သမ္ဘာရပါရမီ၊ စုံညီပြည့်ဝသော ပုဂ္ဂိုလ်ချည်းဖြစ်၍ ဆွေးမြည့် ခေါင်းပါး ပါးရှားသော ရဟန်းမရှိပါဘုရား။

၂၁။ ဝုဗ္ဗသ ဒါတဗ္ဗံ။ ။ဟူ၍ မဟာဝဂ္ဂ၊ ကထိနက္ခန္ဓက အဌကထာပါဠိ၊ မိန့်မှာအပ်သည့်နှင့်အညီ၊ ဤသီမဋ္ဌကသိမ်အ ပြင်၊သံဃအစည်းအဝေးဝယ်၊ အရှယ်သိက္ခာ၊ထေရ်ဝါကြီးမား၊ ဂုဏ်မျှားသခင်၊ ထေရ်အသျှင်အား၊ ပေးအပ်ပါသည်ဘုရား။

၂၂။ ခမာ ဇာဂရိယုဋ္ဌာနံ၊

သံဝိဘာဂေါ ဒယိက္ခဏာ။

ဆဟ ဂုဏေဟ သမ္ဘဋ္ဌော၊

ဝိသုတော သံဃနာယကော။

သဘောအရ၊ တလောကဌ်၊ ထောမနဂုဏ်၊ ပြောပြ၍ မကုန်နိုင်အောင်၊ ကျော်ဟုန်ကိတ္တိ၊ ဘဝဂ်ထိမ္ဘ၊ နှံသိကျည၊ ဂုဏ်ပေါင်းဖြာလျက်၊ ခမာ,ဇာဂရိယ၊ ရှေးဦးစသည့်၊နာယက ခြောက်လုံး၊ အမြောက် ဗုံးတို့ကို၊ ထောက်နှုန်းစဲ့ကိုင်၊ အမြဲ ပိုင်လျက်၊ နိုင်ငံတကာ၊သာသနာ၊ ဝါဝါဝင်းတောက်၊ သတင်း မောက်အောင်၊ ကင်းပျောက်ညစ်ကြေး၊ အားသစ်ဆေးလျက်၊ နောင်ရေးမြော်ရှု၊ ဗိုလ်မှူးပြု၍၊ နယုပဒေ၊ နည်းထွေထွေကို၊

ခဲ့ပေဖြန့်ဖြူး၊ အပေးထူးသည့်၊ ညောင်ဦးမြို့၊ မဟာဝိသုတာ ရာမတိုက် ဆရာတော်ဘုရားကြီး သည် သီတင်းကြီး ဖြစ်ပါ သည်ဘုရား။

၂၃။ ရှစ်သောင်း လေးထောင်၊ နက်ဆောင် သမ္ဒဒ္ဓရာ၊ အဏ္ဏဝါနှင့်၊ ပမာထပ်တူ၊ သုံးဆူပိဋကာ၊ နိကာယငါးဖြာ၊အင်္ဂါ ကိုးတန်၊ ဓမ္မကွန်ပေါင်း၊ရှစ်သောင်း လေးထောင်၊ကုန်အောင် မြေ့နှောက်၊ထွင်းကာ ဘောက်လျက်၊ စိန်ကျောက်အရှိန်၊ ဝင်ရ စိန် အဟန်၊ ထက်သောဉာဏ်ဖြင့်၊ ကြွင်းကျန်မရှိ၊ ပါဠိ, အဋ္ဌကထာ၊ ဋီကာ,အနု၊ မဓု, ဂဏ္ဌိ၊ နေတ္တိတခဏ်း၊ ဆန်း, အလင်္ကာ၊ သဒ္ဒါ,မောဂ္ဂလာန်၊ အဘိဓာန်,ဗျာကရဏ်း! ကျမ်း အားလုံးကို၊ ထုံးမှန့်အလား၊ ထွားထွားညက်ညက်၊ကွက်ကွက် ကွင်းကွင်း၊ ဉာဏ်ရောင်လင်းရ၊ကြွင်းကျန်သည်မရှိ၊ မြေ့နှောက် မိသောကြောင့်၊ ထုတိယောသ၊ သဒ္ဒကိတ္တိ၊ ကျော်စောခြင်း ရှိသော၊ ပဏ္ဍိတစာရင်းဝင်၊ ထေရ်သျှင် အပေါင်း၊ သူတော် ကောင်းတို့၏၊ နည်းကောင်းလမ်းမှန်ကို၊ နာခံရသော ပုဂ္ဂလ ဝိသေသဖြစ်၍၊ ရှစ်ပါးသော အင်္ဂါနှင့် ပြည့်စုံပါသည်ဘုရား။

၂၄။ ချုပ်ပြီး, ဆိုးပြီးဖြစ်၍ ပြုလုပ်ရန် ကိစ္စမရှိပါ။ ။ ချုပ်ပြီး,ဆိုးပြီးပင် မဟုတ်သော်လည်း၊ ကြယ်ပေါင်းခသော လကဲ့သို့၊ ဂဏာစရိယ၊ ဂဏပါမောက္ခ၊ ဂဏဝါစက၊ သုတခရ၊ ပုဂ္ဂလဝိသေသဖြစ်၍၊ ဝန်းကျင်လှည့်ပတ်၊တပည့်ပရိသတ်တို့နှင့်၊ ပြည့်စုံသည် ဖြစ်၍ရင်း၊ ထိုကဲ့သို့မပြည့်စုံသော်လည်း၊ သံဃာ

အများသည် ထောက်ပံ့အပ်သည်ဖြစ်၍ရင်း စွမ်းနိုင်ပါသည် ဘုရား။

၂၅။ အဟံ ထေရောတိ၀ါ ဗဟုဿုတောတိ၀ါ ကေနာ ပိ အကာတုံ နလဗ္ဘတိ။ သဗ္ဗေဟေ၀ သန္ဓိပတိတ္တာ ခေါ၀နသိဗ္ဗန ရဇနာနိ နိဋ္ဌာပေတဗ္ဗာနိ။ ။ဟူ၍ မဟာ၀ဂ္ဂ၊ ကထိနက္ခန္ဓက အဋ္ဌကထာ၊ မိန့်မှာအပ်သည်နှင့်အညီ။ ထေရ, နဝ, မဇ္ဈိမတို့တွင်၊ မည်သူအားမျှ ရှောင်ရှားကွေ့ကွင်း၍၊ နေခြင်းငှာ မသင့်ပါ၊ ဤကမ္ဘာမှ၊ သခ်ၤာတွက်ကိန်း၊ ကပ်တသိန်း အလွန်မှာ၊ ရောင်ဝါတင့်တယ်၊ ဂုဏ်ပေါင်း ခြယ်လျက်၊ ပြည့်ကြွယ်ကောင်းမှု၊ အပေါင်းစုသည့်၊ ပဒုမုတ္တရာ၊ အမည် တော်ရသော ဇိနဗုဒ္ဓါ၊ စေ့ပြတ်စွာ၏၊ လက်ျာတော်ရုံ၊ ဌာနန္တရာ၊ ရာထူးရသော၊ သုဇာတ ရဟန္တာသည်၊ ကထိန်လျှာ သက်နှုန်းကိုခံလျှင်၊ သယမ္ဘူမုနိ၊ တုမရှိသည့်၊ ထုတိတောက် ပြောင်၊ ငါးမာရ်အောင်သည်၊ ဘုန်းရောင်ပ၀င်း၊ အမင်းမင်း မကိုင်ခ၊ ဦးတိုက်ညွှတ်တွား၊ အမှူးထားသည့်၊ ဘုရားစင်စစ်၊ ကေန်ဖြစ်တကားဟု၊ ကိုးစားတော်မမှု၊ လျစ်လျူမရှု၊ အရေး တော်ပြု၍၊ ပေါင်းစုသခ်ၤာ၊ မျှားစွာဂဏန်း၊ ခြောက်သန်း ရှစ်သိန်း၊ တွက်ကိန်းမျှားဘော်၊ သံဃာတော်နှင့်တကွ လောက မှူးပိုင်၊ မြတ်ဘုန်းလှိုင် သော်မှလည်း ကိုယ်တိုင်တော်ပြုသည့် အရာဖြစ်၍ ငါကားထေရ်ကြီး ငါကား ဂဏာစရိယ ငါကား ဂဏ ပါမောက္ခ ငါကား ဂဏ၀ါစက သုတ၀ရ ဖြစ်တကား

ဟု မည်သူအားမျှ ရှောင်ရှားကွေ့ကွင်းမ၍နေခြင်းငှာ မသင့်ပါဘုရား။

၂၆။ တစုံတယောက်သော ရဟန်းမျှ ဝိညတ်ပရိယာသြဘာနိမိတ် အရိပ်အရောင် မပြုကြဘဲ သဘာဝအလျောက် ပေါ်ပေါက်လာရသဖြင့် ကောင်းကင်ဝက လျှောကျသည့်နှယ် စင်ကြယ်သောသက်နိုး ဟုတ်ပါ၏ဘုရား။

၂၇။ ကိုးထည်သော သက်နိုး တို့ကွင် ကထိန် အရာ မမြောက် ပယ်ဖျောက် စွန့်ပစ်အပ်သော သက်နိုးမဟုတ်၊ သမုတ်လမ်းမှန်၊ ကျမ်းဂန်အရ၊ မှန်းညာဏ်ဆလျက်၊ ပဠုခဏ်း, သတ္တခဏ်း နဝခဏ်း စသည် ဖြတ်၍ အနားပတ် လေးဘက် တင်သဖြင့် ကထိန်လျှောဝင်ထိုက်သော ဒုဂုဏ်, ကိုယ်ဝယ်, သင်းပိုင်အားဖြင့် သုံးထည်သော သက်နိုးအဝင်အပါ ကထိန်လျှာ မြောက်ထိုက်သောသက်နိုး ဟုတ်ပါ၏ဘုရား။

၂၈။ ဥက္ကာတိဥက္ကဋ်၊ ဥက္ကာဇာတ်မှ၊ ဥက္ကဋ်ဝံသာ သကျာ ဓိပတိ တြိခေတ္တ အစိုးရသဖြင့် နရိန္ဒ မရိန္ဒ ဗြဟ္မိန္ဒပဝရ ဇနေန္ဒ ဘဝေန္ဒ မဟေန္ဒ ပရမမကုဋ္ဌကုဋ္ဌ အတုလတုလ သုဂတ ဂတ ဒေဝဒေဝေါ် ပါရမီအကျိုး အလိလီတိုးသည့် တန်ခိုးတော်ဖြင့် မပေါ်ဘက်နှုန်း စကားပိုင်လျက် တရားခိုင်အချက်ဖြင့် ပြိုင်ဘက် သုဉ်းသည့် စက်ဘုန်းသယမ္ဘူ။ တိုင်းပြည်စိုးခြင်း

ပိုင်သနှင်းသည့် မင်းဆူဆူတို့ သရဖူ ရတနာ နိဗ္ဗာန်ကြွေနန်း စိတ်ကြုံလှမ်းလျက် မှန်းဆကာဖြင့် စူဠာစိန်ထွဋ် ရတနာ ရောင်ရှိန် ဝင်းဝင်းထိန်လျက် ဦးနှိမ်ညွှတ်ရသည့် စက္ကဝတ် မင်းဖျား ကရုဏာဝတ် ရှည်ဩတတ်သည့် မြတ်ဘုရား၏ သုံးပါးသာသနာ ကျင့်ဂုဏ်တောက်ပြောင် အမြဲ ဆောင်ရသည့် ရောင်အဝါ၏ တည်ရာမခ္ခါ အများချီးကျူး ဂုဏ်ပေါင်း ထူးသည့် ညောင်ဦးမြို့ ပိုပိုဝေဆာ နိဗ္ဗာန်အောင်မြေ စိတ်ကြုံဆောင်စေမည့် စေတနာ ရောတည်လျက် မဟာပူဇာ အဟုန်ရသဖြင့် ဘဝအဆက်ဆက် မပျက်ကောင်းကျိုး နာဂတ် ထိုထို မပြတ်စိုမည့် ကုသိုလ်မျိုးကို အားကြိုးဖွေရှာ အခြေ မယိုင် အရှေခိုင်အောင် နေထိုက်လေ့ရှိပါသော ကျောင်း ဒါယကာ..... ကျောင်းအမ .... သားသမီးအပေါင်း နောင်ရေးရှုမြော် ကောင်းမှု ပျော်သည့် သူတော်ကောင်းတို့က နှစ်ထောင်းအားရ သဒ္ဓါ ဝတ်ပြော မပြတ်စောမည့် သောမနဖြင့် သဘောကျကြုံကာ မြန်မာကြာနှောင်တွင်း သံသရာထောင်အကျဉ်းမှ ရှောင်ကွင်း လွတ်ရာ မဟာအသင်္ခတ နိဗ္ဗာနရှောကို ဇေယျခုံတိုက်ခန်း အမြိုက်နန်းသို့ ဆိုက်မြန်းခိုလှုံဘွယ် ရည်ရွယ်ရိုးရင်း နှလုံ သွင်းရှု ညစ်ကင်းသပ သိမ်မွေ့ တနှစ်တွင်းမှ တကြိမ် တွေ့ရ သော သူတော်လေ့ ကထိန်လျှာကို ဝတိ သာခေတ်ဘောင်မှာ နှစ်တထောင် ကွာကာဆန်းအောင် အာသာပန်းနွယ်နိုကို

လယ်ချိုကာ ထပ်မနားစွင့်ပြီးလျှင် နတ်အများ လင့်ဆိုင်း သက့ဲသို့ ချင့်နှိုင်းရှုထောက်စာ၍ ကျမ်းဂန်လာ နိဿယည်း တို့ကို လမ်းမှန်စွာ မလိပ်လည်းရအောင် သိပ်သည်းစွာ ချုပ်ထိုး ရှေ့ဖန်ရည် အုပ်ဆိုးလျက် တုပ်လျှိုးကာ လှုဒါန်း သည့် ကထိန်သင်္ကန်း ဖြစ်ပါသည်ဘုရား။

ကထိန် အဖြေ ပြီး၏။
ကထိန် အမေး အဖြေ ပြီး၏။

ဥပုသိ်အဝေးအဖြေ

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

မေး။ သုဏာတု မေ ဘန္တေ သံဃော။ ယဒိ သံဃဿ ပတ္တကလ္လံ။ အဟံ အာယသ္မန္တံ (ကုသလံ)ဝိနယံ ပုစ္ဆေယ္ယံ။

ဖြေ။ သုဏာတု မေ ဘန္တေ သံဃော။ ယဒိ သံဃဿပတ္တကလ္လံ။ အဟံ အာယသ္မတာ (ကောဝိဒေန) ဝိနယံ ပုဋ္ဌော ဝိဿဇ္ဇေယ္ယံ။

မေး။ သမ္မဇ္ဇနိ ပဒီပေါ စ၊ ဥဒကံ အာသနေန စ။
ဥပေါသထဿ ကောနိ၊ ပုဗ္ဗကရဏန္တိ ဝုစ္စတိ။

ဟူ၍ မိန့်ဆိုတော်မူအပ်သော အဋ္ဌကထာ ပါဠိနှင့်အညီ၊ ဥပုသ်အိမ် သိမ်အပြင်၌ တံမြက်လှည်းခြင်း, ဆီမီးညှိထွန်းခြင်း, သောက်ရေ သုံးဆောင်ရေတည်ထားခြင်း, နေရာခင်းခြင်း ဤလေးပါးသော ပြုဘွယ်ကိစ္စတို့ကို သံဃာ မစည်းဝေးမီ ရှေးအဘို၌ ပြုအပ်-ပြုသင့်-ပြုထိုက် ပြုကောင်းသည်၏ အဖြစ်ကြောင့် ပုဗ္ဗကရဏ မည်၏ဟူ၍ အဋ္ဌကထာဆရာမြတ်တို့ မိန့်ဆိုတော်မူအပ်သော ကြောင့် ဤလေးပါးသော ပြုဘွယ် ကိစ္စတို့တွင် တံမြက်လှည်းခြင်းကိစ္စ ပြီးပြီလော။

ဖြေ။ ပြီးပါပြီ ဘုရား။

မေး။ ဆိမ်း သို့ထွန်းခြင်းကိစ္စ ပြီးပြီလော။
ဖြေ။ ပြီးပါပြီ ဘုရား။

နေ့ဖြစ်လျှင် ....နေတည်းဟူသော အရောင်အလင်းရှိသည် ဖြစ်၍ ဆိမ်းသို့ထွန်းဘွယ် ကိစ္စမရှိ ပြီးပါပြီ ဘုရား။ ။ ဤသို့ဆိုလေ။

မေး။ သောက်ရေ, သုံးဆောင်ရေ တည်ထားခြင်း ကိစ္စ ပြီးပြီးလော။
ဖြေ။ ပြီးပါပြီ ဘုရား။
မေး။ နေရာခင်းခြင်းကိစ္စ ပြီးပြီလော။
ဖြေ။ ပြီပါပြီ ဘုရား။

မေး။ ဆန္ဒ ပါရိသုဒ္ဓိ ဥတုကွာနံ၊
ဘိက္ခုဂဏနာ စ ဩဝါဒေါ။
ဥပေါသထဿ တောနိ၊
ပုဗ္ဗကိစ္စန္တိ ဝုစ္စတိ။

ဟူ၍ မိန့်ဆိုတော်မူအပ်သော အဌကထာပါဠိနှင့် အညီ၊ ဆောင်အပ်သော ဆန္ဒကို လျှောက်ထားခြင်း, ဆောင်အပ်သောပါရိသုဒ္ဓိကို လျှောက်ထားခြင်း, ဆောင်း- နွေ- မိုးယိမ်းဟု ဆိုအပ်သော သုံးပါးသော ဥတုတို့တွင် ယခုရောက်ဆဲဖြစ်သော ဥတုကို ရေတွက်၍ လျှောက်ထားခြင်း, ဥပုသ်အိမ် သိမ်အပြင် နှစ်တောင်ထွာ ဟတ္ထပါသည် အတွင်းဌာ စည်းဝေ ရောက်လာကြကုန်သော ရဟန်းတို့ကို ရေတွက်၍

လျှောက်ထားခြင်း, ရဟန်းမတို့က အကျွန်ုပ်တို့သည် အသျှင်ဘုရားတို့၏ အထံ၌ အဆုံးအမကို ခံလာပါကုန်အုံ့ဟု တောင်းပန် လျှောက်ထားသောစကားကို သံဃာတော်အားလျှောက်ထားခြင်း,ဤငါးပါးသော ပြဿဒယ်ကိစ္စတို့ကို သံဃာစည်းဝေးပြီးသည်မှနောက်, ပါတိမောက် မပြမီ ရှေအဘို့၌ ပြုအပ်-ပြုသင့်-ပြုထိုက်-ပြုကောင်းသည်၏ အဖြစ်ကြောင့် ပုဗ္ဗကိစ္စမည်၏ဟူ၍ အဌကထာဆရာမြတ်တို့ မိန့်ဆိုတော်မူအပ်သောကြောင့် ဤငါးပါးသော ပြဿဒယ်ကိစ္စတို့တွင် ဆန္ဒကိုလျှောက်ထားခြင်းကိစ္စ ပြီးပြီလော။

ဖြေ။ ဆန္ဒာရဟ ပုဂ္ဂိုလ်မရှိသည်ဖြစ်၍ ဆန္ဒကိုလျှောက်ထားဘွယ် ကိစ္စမရှိ ပြီးပါပြီဘုရား။

မေး။ ပါရိသုဒ္ဓိကို လျှောက်ထားခြင်း ကိစ္စပြီးပြီလော။

ဖြေ။ ပါရိသုဒ္ဓါရဟ ပုဂ္ဂိုလ် မရှိသည်ဖြစ်၍ ပါရိသုဒ္ဓိကို လျှောက်ထားဘွယ် ကိစ္စမရှိပြီးပါပြီဘုရား။

မေး။ ဆောင်း-နွေ-မိုးယံးဟု ဆိုအပ်သော သုံးပါးသော ဥတုတို့တွင် ယခု ရောက်ဆဲ ဖြစ်သော ဥတုသည် အဘယ်ဥတု အဘယ်ပက္ခ အဘယ် ဥပုသ်ဖြစ်ပါသနည်း။

ဖြေ။ (ဂိမှာန-ဝဿာန-ဟေမန္တဥတု၊ ပထမပက္ခ၊ ပန္နရသီ ဥပုသ် ဖြစ်ပါသည်ဘုရား။)

ဒုန္ဒာဝယား ၃၉၂-၁၂

မေး။ ဤဥပုသ်အိမ် သိမ်အပြင် နှစ်တောင်ထဲ့ ဟတ္ထပါသ် အတွင်း၌ စည်းဝေးရောက်လာကြသော ရဟန်းတို့၏ အရေအတွက်ကား အဘယ်မျှ အတိုင်းအရှည် ရှိပါသနည်း။

ဖြေ။ ( )ပါး အတိုင်းအရှည် ရှိပါသည်ဘုရား။

မေး။ ရဟန်းမတို့က အကျွန်ုပ်တို့သည် အသျှင်ဘုရားတို့၏ အထံ၌ အဆုံးအမကို ခံလာပါကုန်အုံ့ဟု တောင်းပန် လျှောက်ထားသော စကားကို သံဃာတော်အား လျှောက်ထားခြင်း ကိစ္စပြီးပြီလော။

ဖြေ။ ယခုအခါ သာသနာတော်တွင်း၌ ရဟန်းမတို့မရှိသည် ဖြစ်၍ ရဟန်းမတို့က အကျွန်ုပ်တို့သည် အသျှင်ဘုရားတို့၏ အထံ၌ အဆုံးအမကို ခံလာ ပါကုန်အုံ့ဟု တောင်းပန် လျှောက်ထားသော စကားကို သံဃာတော်အား လျှောက်ထားဘွယ် ကိစ္စမရှိ ပြီးပါပြီ ဘုရား။

မေး။ ဥပေါသထော ယာဝတိကာစ(ပ)ပတ္တကလ္လန္တိ ဝုစ္စတိ၊ ဟူ၍ မိန့်ဆိုတော်မူအပ်သော အဋ္ဌကထာပါဠိနှင့်အညီ ဥပုသ်သည် နေ့၏ အစွမ်းအားဖြင့် စာတုဒ္ဒသီဥပုသ်, ပန္နရသီဥပုသ်, သာမဂ္ဂီဥပုသ်ဟူ၍ သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင် ပန္နရသီဥပုသ်ဖြစ်ခြင်း, ကာရကပုဂ္ဂိုလ်၏ အစွမ်းအားဖြင့် သံဃဥပုသ်, ဂဏဥပုသ်,

ပုဂ္ဂလဥပုသ်ဟူ၍ သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင် သံဃဥပုသ် ဖြစ်ခြင်း, ကာတဗ္ဗာကာရ၏ အစွမ်းအားဖြင့် သုတ္တုဒ္ဒေသ ဥပုသ်, ပါရိသုဒ္ဓိ ဥပုသ်, အဓိဋ္ဌာန် ဥပုသ်ဟူ၍ သုံးပါးအပြားရှိ၏၊ ထိုသုံးပါးတို့တွင် သုတ္တုဒ္ဒေသ ဥပုသ်ဖြစ်ခြင်း, ဤသုံးပါးသောလက္ခဏာနှင့် ပြည့်စုံခြင်း, အယုတ်ဆုံး လေးယောက်လေးယောက်ထက် အလွန်ရှိကုန်သော ရဟန်းတို့၏ နှစ်တောင်ထွာ ဟတ္ထပါသ်ကိုမစွန့်မူ၍ တသိမ်တည်း၌ တည်သဖြင့် သုတ္တုဒ္ဒေသ- သံဃဥပုသ် ကံအားလျောက်ပတ်ခြင်း, ဤဥပုသ်အိမ် သိမ်အပြင် နှစ်တောင်ထွာ ဟတ္ထပါသ်အတွင်း၌ စည်းဝေးရောက်လာကြကုန်သော ရဟန်းတို့အား နေလွဲသောကာလ၌ ယာဝ ကာလိက ဘောဇဉ်ကို စားခြင်း အစရှိသော သဘောတူသောဝတ္ထုကြောင့် သင့်သော အာပတ်မရှိခြင်း, ဤဥပုသ်အိမ်သိမ်အပြင် နှစ်တောင်ထွာ ဟတ္ထပါသ်အတွင်းမှ အပပြုသည်၏ အစွမ်းအားဖြင့် ကြည်အပ်သော လူ, ဘိက္ခုနီ အစရှိသော နှစ်ကျိပ်တယောက်သော ဝဇ္ဇနီယ ပုဂ္ဂိုလ်တို့၏ ဤဥပုသ်အိမ်သိမ်အပြင်နှစ်တောင်ထွာ ဟတ္ထပါသ်အတွင်း၌ မရှိခြင်း, ဤလေးပါးသော အင်္ဂါနှင့် ပြည့်စုံသော ဥပုသ်ကံကို ပတ္တကလ္လဖြစ်၏ဟူ၍ အဋ္ဌကထာဆရာ

မြတ်တို့ မိန့်ဆိုတော်မူအပ်သောကြောင့် ယခုပြုလတ္တံ့သော ဥပုသ်ကံသည် ပတ္တကလ္လ ဖြစ်ပါ၏လော။

ဖြေ။ ယခုပြုလတ္တံ့သော ဥပုသ်ကံသည် ပတ္တကလ္လ ဖြစ်ပါ၏ဘုရား။

မေး။ ပုဗ္ဗကရဏ ပုဗ္ဗကိစ္စာနိ ပရိယောသာပေတွာ ဒေသိတာပတ္တိကဿ သမဂ္ဂဿ ဘိက္ခုသံဃဿ အနုမတိယာ ပါတိမောက္ခံ ဥद्दိသိဿာမ။

ဖြေ။ သံဃော ဘန္တေ အာယသ္မန္တံ ပါတိမောက္ခုद्देသံ အဝေ့ဿတိ။ ဥद्दိသတု အာယသ္မာ ပါတိမောက္ခံ။ ဒုတိယမ္ပိ ဘန္တေ သံဃော (ပ) ပါတိမောက္ခံ။ တတိယမ္ပိ ဘန္တေ သံဃော (ပ)ပါတိမောက္ခံ။ သုဏာတု မေ ဘန္တေ သံဃော (ပ)ဥပေါသထံ ကရေယျ။ ပါတိမောက္ခံ ဥद्दिသေယျ။

ဥပုသ် အမေးအဖြေ ပြီး၏။

ပဝါရဏာအမေးအပြေ

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

ပဝါရဏာ အမေး

(က) သုဏာတု မေ ဘန္တေ သံဃော။ ယဒိ သံဃဿ ပတ္တကလ္လံ။အဟံ အာယသ္မန္တံ(မေဓိယံ) ဝိနယံ ပုစ္ဆေယ္ယံ။

(ခ) ပကာရေဟိ ဒိဋ္ဌာဒိဟိ ဝါရေတိ သံဃာဒိကေ ဘဇာပေတိ ဘတ္တေ ကရောတိ တောယာတိ ပဝါရဏာ။ ။ တောယ သမဏာစရိယာယ၊ အာပတ်ညစ်ကြေး အပြစ်ဘေးကို ဆေးကြောသုတ်သင် ကင်းဝေးစင်ဘို့ စည်ပင်သတိ သမာဓိ ဖြင့် မိမိစွန့်ရေး ဆိုခွင့်ပေးခြင်းဟု ဆိုအပ်သော ရဟန်း ကျင့်ဝတ် ဤတရားမြတ်ဖြင့်။ ဘိက္ခု။ ရဟန်းတို့ကို။ ဒိဋ္ဌာဒိဟိ၊ ဒိဋ္ဌ အစရှိကုန်သော။ ဝါ၊ ဒိဋ္ဌ, သုတ,ပရိသင်္ကာ ဟူကုန်သော။ ပကာရေဟိ၊ အပြားတို့ဖြင့်။ ဝါရေတိ၊ သံဃာ,ဂိုဏ်းဟု ပုဂ္ဂိုလ် စုသို့ ကောင်းမှုချည်းမှတ် အပြီးသတ်အောင် ဆည်းကပ်စေ တတ်၏။ သံဃာဒိကေ၊ သံဃာ အစရှိသည်တို့သို့။ ဝါ၊ သံဃာ, ဂိုဏ်း,ပုဂ္ဂိုလ် တို့သို့။ ဘဇာပေတိ၊ ဆည်းကပ် စေတတ်၏။ ဟာတ္တေ၊ ဆည်းကပ် သည်တို့ကို။ ကရောတိ၊ ပြုတတ်၏။ ဤတိ တဿ၊ ထိုသို့ ရဟန်းများစွာ ပြစ်ဝေး ကွာအောင် သံဃာ,

ဂိုဏ်းဟု ပုဂ္ဂိုလ်စုံသို့ ကောင်းမွှေချည်းမှတ် အံ့ပြီးသတ်အောင် ဆည်းကပ်စေကြောင်း၏ အဖြစ်ကြောင့်။ တောယာတိပဒေန၊ တောယဟူသောပုဒ်ဖြင့်။ နိဒ္ဒိဋ္ဌာ၊ ညွှန်းပြအပ်သော။ သာသမဏစရိယာ၊ အာပတ်ညစ်ကြေး အပြစ်ဘေးကို ဆေးကြော သုဓ်သင် ကင်းဝေးစင်ဘို့ စည်ပင်သတိ သမာဓိဖြင့် မိမိစွန့်ရေး ဆို့ခွင့်ပေးခြင်းဟု ဆိုအပ်သော ရဟန်းကျင့်ဝတ် ထိုတရားမြတ်သည်။ ပဝါရဏာ၊ ပဝါရဏာ မည်၏။ ။ဤသို့ ဝိုဋ္ဌိဟ် မိန့်ဆိုမြွက်ဟ သမဏမှ စာရိတ္တ တည်းဟူသော ပဝါရဏာကို မဟာမုနိန္ဒ အမည်ရသည့် လောကစက္ခု သုံးလူ့ဘဘုန်းမော် မြတ်ဇီနော်သည် အဘယ်ပြည်မှာ နေတော်မူသောအခါ၌ ပညတ်တော်မူအပ်ပါသနည်း။

(ဂ) သာဝတ္ထိနဂရ ရာဇဂၢနီ မင်းနေပြည်ကို အမှီပြု၍ လေးတန်ဂူရိယာ မျှစဉ်ခါဝယ် သမ္မာသမ္ဗုဒ္ဓ သုံးလူ့ဘသည် သမဏမှ စာရိတ္တသိက္ခာ ပဝါရဏာကို ခွင့်ပြုတော်မူ၏ဟု ဆိုပြီ။ ယင်းသို့ ခွင့်ပြု ပညတ်တော်မူအပ်သော သမဏမှ စာရိတ္တသိက္ခာ ပဝါရဏာကို အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

(ဃ) ကောသလ တိုင်းသား ရဟန်းများကို အကြောင်းပြု၍ အချင်းချင်း စကားမပြော တူကိုဘောဖြင့် နှုန်းနှော ဆုံးမခြင်းမရှိ သတိမေ့လျော့ ပေါ့ပေါ့တန်တန် ဟတ္ထဝိလဿ်က မုဂ္ဂတ တိတ္ထိယ သမာဒါနဝတ္ထုကြောင့် သမဏမှ စာရိတ္တ

သိက္ခာ ပဝါရဏာကို ခွင့်ပြုပညတ်တော်မူ၏ဟုဆိုပြီ။ ယင်းသို့ ခွင့်ပြုပညတ်တော်မူအပ်သော ပဝါရဏာသည် သခ်ၢါအားဖြင့် အရေအတွက် အဘယ်မျှ အပြားရှိပါသနည်း။

(c) ယင်းသို့ အရေ အတွက်အားဖြင့် ကိုးပါးသော ပဝါရဏာတို့တွင် အဘယ်ပဝါရဏာကို ယခု စည်းဝေးရာ သီမမဏ္ဍလမှာ ငါတို့ ပြုအပ်-ပြုသင့်-ပြုထိုက်-ပြုကောင်းပါသနည်း။

(စ) ယခု စည်းဝေးရာ သီမမဏ္ဍလမှာ သံဃပဝါရဏာကို ပြုအပ်-ပြုသင့်-ပြုထိုက်-ပြုကောင်း၏ဟုဆိုပြီ။

သမ္မဇ္ဇနီ ပဒီပေါ စ၊ ဥဒကံ အာသနေန စ။
ပဝါရဏာယ ဧတာနိ၊ ပဋ္ဌကရဏန္တိ ဝုစ္စတိ။

ဟူ၍ မိန့်ဆိုတော်မူအပ်သော အဌကထာ ပါဠိနှင့်အညီ ပဝါရဏာအိမ် သိမ်အပြင်၌ တံမြက်လှည်းခြင်း, ဆီမီးညှိထွန်းခြင်း, သောက်ရေ သုံးဆောင်ရေ တည်ထားခြင်း, နေရာခင်းခြင်း ဤလေးပါးသော ပြုဘွယ်ကိစ္စတို့ကို သံဃာမစည်းဝေးမီ ရှေးအဘို၌ ပြုအပ်-ပြုသင့်-ပြုထိုက်-ပြုကောင်းသည်၏ အဖြစ်ကြောင့် ပဋ္ဌကရဏမည်၏ဟူ၍ အဌကထာဆရာမြတ်တို့ မိန့်ဆိုတော်မူအပ်သောကြောင့် ဤလေးပါးသော ပြုဘွယ်ကိစ္စတို့တွင် ပဝါရဏာအိမ် သိမ်အပြင်၌-

၁။ တံမြက်လှည်းခြင်းကိစ္စ ပြီးပြီလော။
၂။ ဆီမီးညှိထွန်းခြင်းကိစ္စ ပြီးပြီလော။

၃။ သောက်ရေ သုံးဆောင်ရေ တည်ထားခြင်းကိစ္စ ပြီးပြီလော။
၄။ နေရာခင်းခြင်းကိစ္စ ပြီးပြီလော။

(ဆ) ဆန္ဒ ပဝါရဏာ ဥတုကွာနုံ၊
ဘိက္ခုဂဏနာ စ ဩဝါဒေါ။
ပဝါရဏာယ တောနိ၊
ပဋ္ဌကိစ္စန္တိ ဝုစ္စတိ။

ဟူ၍ မိန့်ဆိုတော်မူအပ်သော အဌကထာပါဠိနှင့်အညီ ဆန္ဒကို လျှောက်ထားခြင်း, ပဝါရဏာကို လျှောက်ထားခြင်း သီတင်းကျွတ်လပြည့်နေ့၌ ပြုအပ်သော ပထမကတ္တိက ပဝါရဏာ, တန်ဆောင်မုန်း လပြည့်နေ့၌ ပြုအပ်သော ဒုတိယကတ္တိက ပဝါရဏာအားဖြင့် နှစ်ပါးသော ပဝါရဏာတို့တွင် တပါးပါးသော ပဝါရဏာကို လျှောက်ထားခြင်း, သုံးပါးသော ဥတုတို့တွင် ယခုရောက်ဆဲဖြစ်သော ဥတုကို လျှောက်ထားခြင်း, ပဝါရဏာအိမ် သိမ်အပြင်၌ စည်းဝေးရောက်လာကြကုန်သော ရဟန်းတို့ကို ရေတွက်၍ လျှောက်ထားခြင်း, ရဟန်းမတို့က အကျွန်ုပ်တို့သည် အသျှင်ဘုရားတို့၏ အထံ၌ အဆုံးအမကို ခံလာပါကုန်အုံဟု တောင်းပန်လျှောက်ထားသော စကားကို သံဃာတော်အား လျှောက်ထားခြင်း ဤ ၎င်းပါးသော ပြုဘွယ်ကိစ္စတို့ကို သံဃာစည်းဝေးပြီးသည်မှ နောက် ပဝါရဏာမပြုမီရှေအဘို့၌ ပြုအပ်-ပြုသင့်-ပြုထိုက်-

ပြုကောင်းသည်၏ အဖြစ်ကြောင့် ဤငါးပါးသော ပြုဘွယ်ကစ္စတူတို့တွင်-

၁။ ဆန္ဒကိုလျှောက်ထားခြင်းကိစ္စ ပြီးပြီလော။

၂။ ပဝါရဏာကို လျှောက်ထားခြင်းကိစ္စပြီးပြီလော။

၃။ သီတင်းကျွတ် လပြည့်နေ့၌ ပြုအပ်သော ပထမကတ္တိ ကပဝါရဏာ, တန်ဆောင်မုန်းလပြည့်နေ့၌ ပြုအပ်သောဒုတိယ ကတ္တိက ပဝါရဏာအားဖြင့် နှစ်ပါးသောပဝါရဏာတို့တွင် အဘယ်ပဝါရဏာကို ငါတို့တစု ယခုပြုအပ်ပါသနည်း။

၄။ ပဝါရဏာအိမ် သိမ်အပြင်၌ စည်းဝေး ရောက်လာကြကုန်သော ရဟန်း တို့၏ အရေ အတွက်ကား အဘယ်မျှရှိပါသနည်း။

၅။ ရဟန်းမတို့က အကျွန်ုပ်တို့သည် အသျှင်ဘုရားတို့၏ အထံ၌ အဆုံးအမကို ခံလာပါကုန်အံ့ ဟုလျှောက်ထား တောင်းပန်သောစကားကို သံဃာတော်အား လျှောက်ထားခြင်းကိစ္စ ပြီးပြီလော။

(၈) ပဝါရဏာ ယာဝတိကာစ၊ ဘိက္ခု၊ ကမ္မပ္ပတ္တာ။
သဘာဂါပတ္တိယောစ နဝိဇ္ဇန္တိ၊ ဝဇ္ဇနိယာ စ ပုဂ္ဂလာ
တသ္မ နဟောန္တိ၊ ပတ္တကလ္လန္တိ ဝုစ္စတိ။

ဟူသော အဌကထာပါဠိနှင့်အညီ၊ ပဝါရဏာသည် နေ့၏ အစွမ်းအားဖြင့် စာတုဒ္ဒသီပဝါရဏာ, ပန္နရသီပဝါရဏာ,

သာမဏေပဝါရဏာဟူ၍ သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင် ပန္နရသီပဝါရဏာဖြစ်ခြင်း, ကာရကပုဂ္ဂိုလ်၏ အစွမ်းအားဖြင့် သံဃပဝါရဏာ, ဂဏပဝါရဏာ,ပုဂ္ဂလပဝါရဏာဟူ၍ သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင် သံဃပဝါရဏာဖြစ်ခြင်း, ကာတဗ္ဗာကာရ၏ အစွမ်းအားဖြင့် တေဝါစိကပဝါရဏာ, ဒွေဝါစိကပဝါရဏာ, ဧကဝါစိကပဝါရဏာဟူ၍ သုံးပါးအပြားရှိ၏။ထိုသုံးပါးတို့တွင် တေဝါစိက ပဝါရဏာဖြစ်ခြင်း,ဤသုံးပါးသော လက္ခဏာနှင့်ပြည့်စုံခြင်း, အယုတ်ဆုံးငါးယောက်၊ ငါးယောက်ထက် အလွန်ရှိကုန်သောရဟန်းတို့၏ ပဝါရဏာအိမ် သိမ်အပြင် နှစ်တောင်ထွာ ဟတ္ထပါသ်ကို မစွန့်မူ၍တသိမ်တည်း၌ တည်သဖြင့် သံဃပဝါရဏာအားလျှောက်ပတ်ခြင်း, ပဝါရဏာအိမ် သိမ်အပြင်၌ စည်းဝေးရောက်လာကြကုန်သောရဟန်းတို့အား နေလွဲသောကာလ၌ ယာဝကာလိကဘောဇဉ်ကိုစားခြင်း အစရှိသော သဘောတူ ဝတ္ထုကြောင့်သင့်သောအာပတ်မရှိခြင်း, ပဝါရဏာအိမ် သိမ်အပြင် နှစ်တောင်ထွာ ဟတ္ထပါသ်မှ အပပြုသည်၏ အစွမ်းအားဖြင့် ကြဉ်အပ်ကုန်သော လူ, ဘိက္ခုနီအစရှိသော နှစ်ကျိပ်တယောက်သော ဝဇ္ဇနီယ ပုဂ္ဂိုလ်တို့၏ ပဝါရဏာအိမ် သိမ်အပြင် နှစ်တောင်ထွာ ဟတ္ထပါသ်အတွင်း၌ မရှိခြင်း, ဤလေးပါးသော အင်္ဂါနှင့်ပြည့်စုံသော ပဝါရဏာကံကို ပတ္တကလ္လဖြစ်၏ဟူ၍ အဋ္ဌကထာ

ဆရာမြတ်တို့ မိန့်ဆိုအပ်သောကြောင့် ယခုပြုအပ်လတ္တံ့သော ပဝါရဏာကံသည် ပတ္တကလ္ဟ ဖြစ်ပါ၏လော။

(စျ) ပုဗ္ဗကရဏ ပုဗ္ဗကိစ္စာနိ ပရိယောသာပေတ္မာ ဒေသိတာပတ္တိကဿ သမဂ္ဂဿတိက္ခုတ္တုံ ဿရဏ အနုမတိယာ ပဝါရဏာဥ္စ တိ ဌပေဿာမ။

(ည) သုဏာတု မေ ဘန္တေ သံဃော။ အဇ္ဇ ပဝါရဏာ ပန္နရသီ။ ယဒိ သံဃဿ ပတ္တကလ္ဟ။ သံဃော သမာနဝဿိကံ ပဝါရေယ္ယ။

ပဝါရဏာ အမေး ပြီး၏။

ပဝါရဏာအဖြေ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(က) သုဏာတုမေ ဘန္တေ သံဃော။ ယဒိ သံဃဿ ပတ္တကလ္လံ။ အဟံ အာယသ္မတာ (ဝိနယဓရေန) ဝိနယံ ပုဋ္ဌော ဝိဿဇ္ဇေယ္ယံ။

(ခ) ဇေန သမယေန ဗုဒ္ဓေါ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ။ ။အစရှိသည်ဖြင့် ဝိနည်းမဟာဝါ ပဝါရဏကွန္ဓက ပါဠိ လာရှိသည်နှင့်အညီ ကာသိတိုင်း ကောသလတိုင်းဟု ဆိုအပ်သော တိုင်းကြီးနှစ်တိုင်းတို့၏ ခွန်သဆက်သွင်းရာ ရတနာ

ရှေင့ေ ထေ့ထေ့များဘိ သာဝတ္ထိမည့် မင်းနေပြည်၏ တောင်မျက်နှာ အရပ်ဝယ် အာရညကင် ဓုတင်လက္ခဏာနှင့် ပြည့်စုံသော တောအရပ်၌ အနာထပိဏ် ဂုဏ်သိရ်ပ့ုမ္ဘေး သေဋ္ဌေးမင်းသည် သန့်ရှင်းသဒ္ဓါ စေတနာနှင့် သပြာကြေးငွေ ငါးဆယ့်လေး ကုဋေကို မစ္ဆေမနှော ရက်ရောစွာ ဆောက်လုပ်လှူဒါန်းအပ်သော ဇေတဝန် တောရကျောင်းဝယ် ကိန်းအောင်း မွေ့လျော် စံနေတော်မူသောအခါ လူ, နတ်, ဗြဟ္မာ သတ္တဝါတို့၏ ကိုးကွယ်ရာအစစ် ဖြစ်တော်မူသော သဗ္ဗညူ မြတ်စွာ စောသတ္တာသည်။

အနုဇာနာမိ ဘိက္ခဝေ ဝဿံဝုတ္ထာနံ ဘိက္ခူနံ တိဟိ ဌာနေဟိ ပဝါရေတုံ ဒိဋ္ဌေန ဝါ သုတေန ဝါ ပရိသင်္သ ယဝါ။

အစဖြာသဖြင့် သမဏာဓမ္မ စာရိတ္တဖြစ်သော ပဝါရဏာကို ခွင့်ပြု ပညတ်တော်မူပါသည်ဘုရား။

(၇) တေန ခေါပန သမယေန သမ္မဟုလာ သန္နိဋ္ဌာ သမ္ဘတ္တာ ဘိက္ခူ။ ကောသလေသု ဇနပဒေ အညတရသ္မိံ အာဝါသေ ဝဿံ ဥပဂစ္ဆိံသု။ ။အစရှိသည်ဖြင့် ဝိနည်းမဟာဝါ ပဝါရဏကွန်ဒကပါဠိ လာရှိသည်အညီ ကောသလတိုင်းဇနပုဒ်ဝယ် တခုသော ကျောင်းတိုက်၌ ဝါကပ်ကြကုန်သော ကောသလတိုင်းသား ရဟန်းတို့၏ အချင်းချင်း စကားမပြောတုံ့ဏှိဘောဖြင့် နှုန်းနှောဆုံးမခြင်းမရှိ သတိမေ့လျော့ ပေါ့ပေါ့

တန်တန်ရန်သူတမျှ ဟတ္ထဝိလဿ်က တိတ္ထိယသမာဒါနဖြစ်သော အကျင့်ကို ကျင့်ကြခြင်းကို အရင်းပြုလျက် သဗ္ဗညုမြတ်စွာ စောသတ္ထာသည် နိယျာနိကဝင်္ဂမှ ထွက်မြောက်ရာ ငါဘုရား သာသနာတော်၏ ကိစ္စတာဝန်ကို ထမ်းရွက်မည်မှန်း ရဟန်းပြုကြကုန်သည်သာ ဖြစ်ပါလျက် အချင်းချင်းစကားမပြော တုံ့ဘောဖြင့် နှီးနှောဆုံးမခြင်းမရှိ မေ့မေ့လျော့လျော့ ပေါ့ပေါ့တန်တန် ဟတ္ထဝိလဿ်က မုဂဗတတိတ္ထိယသမာဒါနအကျင့်ဖြင့် နေ့ရက် ရှည်ကြာ နေကြသည့် အခြင်း အရာမှာ၊ အရိယာသူတော်ကောင်း တို့၏ ပေါင်းဘော် နေထိုင်ခြင်းမျိုး မဟုတ်ယုတ်မာသော ကဲ့, နွား တိရစ္ဆာန် ရန်သူ ဖြစ်သော သူတို့၏ ပေါင်းဘော် နေထိုင်ခြင်းမျိုးသာ ဖြစ်သည်ဟု ကဲ့ရဲ့တော်မူ၍-

> နဘိက္ခဝေ မုဂဗတံ တိတ္ထိယသမာဒါနံ သမာဒယိတဗ္ဗံ။ ယော သမာဒိယေယျ။ အာပတ္တိ ဒုက္ကဋဿ။

ဟု သိက္ခာပုဒ် ပညတ်တော် မူလျက် ယခင် ကောသလတိုင်းသား ရဟန်းများ ကိုပင် အကြောင်း ပြု၍ အချင်းချင်း စကား မပြော တုံ့ဘောဖြင့် နှီးနှော ဆုံးမခြင်း မရှိ သတိမေ့လျော့ ပေါ့ပေါ့တန်တန် ဟတ္ထဝိလဿ်က မုဂဗတ တိတ္ထိယသမာဒါန ဝတ္ထုကြောင့် သမဏမေမ္ဗ စာရိတ္တဟု ဆိုအပ်သော ပဝါရဏာကို ခွင့်ပြုပညတ်တော် မူပါသည်ဘုရား။

(ဃ) ၁။ စာတုဒ္ဒသော ပန္နရသော၊
သာမဂ္ဂီ ဒိနတော တိဝ။

ဒိန ပုဂ္ဂလ ကာတဗ္ဗာ၊
ကာရတော တေ နဝေရိတာ။
၂။ တယော တယောတိ ကတ္ဌာန၊
ဒိန ပုဂ္ဂလ ဘေဒတော။
တေဝါစီ ဒ္ဒက ဝါစီတိ၊
နဝ ဝုတ္တာ ပဝါရဏာ။

ဟု မူလသက္ခာ ကျမ်းဆရာတို့ မန္နမ္မာ ကျူးရင့် ဘဲ့ဝင်လှစ အပ်သည်နှင့်အညီ၊ စာတုဒ္ဒသီ ပဝါရဏာ, ပန္နရသီ ပဝါရဏာ, သာမဂ္ဂီ ပဝါရဏာ ဟု နေ့၏ အစွမ်း အားဖြင့် သုံးပါး၊ သံဃ ပဝါရဏာ, ဂဏ ပဝါရဏာ, ပုဂ္ဂလ ပဝါရဏာ ဟု ကာရက ပုဂ္ဂိုလ်၏ အစွမ်း အားဖြင့် သုံးပါး၊ တေဝါစိက ပဝါရဏာ, ဒ္ဒေဝါစိက ပဝါရဏာ, ဧကဝါစိက ပဝါရဏာ ဟု ကာတဗ္ဗာ ကာရ၏ အစွမ်း အားဖြင့် သုံးပါး အပြား ရှိသည်၏ အဖြစ် ကြောင့် သင်္ချာ အရေ အတွက် အားဖြင့် ကိုးပါး အပြား ရှိပါသည် ဘုရား။

(၄) ဣမပန ဧကော ပုဂ္ဂလော။ ဒ္ဒေ တယော စတ္တာရော ဂဏော။ တတော ပရံ သံဃော။ ။ဟု ဦးကာဉာဏ်ရင် ပုဂ္ဂိုလ် သျှင်တို့ မိန့်ဆိုတော်မူအပ်သည်နှင့်အညီ၊ ရဟန်းလေးယောက် ထက် လွန်သော အစည်း အဝေး ဖြစ်၍ ယခု စည်းဝေးသော သီမမဏ္ဍလမှာ သံဃပဝါရဏာကိုသာ ပြုအပ်-ပြုသင့်-ပြုထိုက် ပြုကောင်း ပါသည် ဘုရား။

၁။ ပြီးပါပြီ ဘုရား။
၂။ ပြီးပါပြီ ဘုရား။
၃။ ပြီးပါပြီ ဘုရား။
၄။ ပြီးပါပြီ ဘုရား။

၁။ ဆန္ဒာရဟာပုဂ္ဂိုလ်မရှိသည်ဖြစ်၍ ဆန္ဒကိုလျှောက်ထား ဘွယ်ကိစ္စမရှိ ပြီးပါပြီဘုရား။

၂။ ပဝါရဏာရဟာပုဂ္ဂိုလ် မရှိသည်ဖြစ်၍ ပဝါဏာကို လျှောက်ထားဘွယ်ကိစ္စမရှိ ပြီးပါပြီဘုရား။

၃။ သီတင်းကျွတ်လပြည့် ပထမကတ္တိက ပဝါရဏာနေ့၌ ပြုအပ်သော ပထမကတ္တိက ပဝါရဏာကိုပြုအပ်ပါသည်ဘုရား။

၄။ ပဝါရဏာအိမ် သိမ်အပြင်၌ စည်းဝေး ရောက်လာ ကြသော ရဟန်းတို့၏ အရေ အတွက်ကား (နှစ်ရာ့နှစ်ဆယ်) အတိုင်းအရှည်ရှိပါသည်ဘုရား။

၅။ ယခုအခါ သာသနာတော်တွင်း၌ ရဟန်းမတို့ မရှိ သည်ဖြစ်၍ ရဟန်းမတို့က အကျွန်ုပ်တို့သည် အသျှင်ဘုရား တို့၏အထံ၌ အဆုံးမကို ခံလာပါကုန်အုံ့ ဟုတောင်းပန် လျှောက်ထားအပ်သောစကားကို သံဃာတော်အား လျှောက် ထားဘွယ်ကိစ္စမရှိ ပြီးပါပြီဘုရား။

(စ) ယခုပြုလတ္တံ့သော ပဝါရဏာကံသည် ပတ္တကလ္ဂ ဖြစ်ပါ၏ဘုရား။

(ဆ) သံဃော ဘန္တေ အာယသ္မန္တံ ပဝါရဏာဒုတ္တိ ဌပနံ အဗ္ဗောသတိ။ ဌပေတု အာယသ္မာ ပဝါရဏာဒုတ္တိ။

ဒုတိယမ္ပိ ဘန္တေ(ပ) ပဝါရဏာဒုတ္တိ။

တတိယမ္ပိ ဘန္တေ (ပ) ပဝါရဏာဒုတ္တိ။

ပဝါရဏာ အဖြေ ပြီး၏။

ပဝါရဏာ အမေးအဖြေ ပြီး၏။

မဟာဂိုသုတာရောမ ဝတ်ရှုတ်စဉ်

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

(သမန္တာ စက္ကဝါဠေသု၊ အတြာ ဂစ္ဆန္တု ဒေဝတာ။ (၁) အာရက္ခံ ဂဏှန္တု။ ။တိုင်အောင် ဤဂါထာများကို နေ့စဉ်နေ့စဉ် အစဉ်ရွတ်ရမည်။ ဤဂါထာများကို ရွတ်ပြီးသည့်နောက် တဆယ့်တစောင်သော မဟာပရိတ္တသုတ်များကို နေ့ခုနစ်နေ့နှင့် ကုန်အောင် ရွတ်ရမည်)။

ရွတ်ဟန်ကား

၁။ တနင်္ဂနွေနေ့၌- မင်္ဂလသုတ်။
၂။ တနင်းလာနေ့၌- ရတနသုတ်။
၃။ အင်္ဂါနေ့၌- မေတ္တသုတ်, ခန္ဓသုတ်။
၄။ ဗုဒ္ဓဟူးနေ့၌- မောရသုတ်, ဝဋ္ဋသုတ်။
၅။ ကြာသပတေးနေ့၌- ဓဇဂ္ဂသုတ်။
၆။ သောကြာနေ့၌- အာဋာနာဋိယသုတ်, အင်္ဂုလိမာလသုတ်။
၇။ စနေနေ့၌- ဗောဇ္ဈင်္ဂသုတ်, ပုဗ္ဗဏှသုတ်။
ဤသို့အစဉ်အတိုင်းရွတ်ရမည်။

အထူးကား

ပုဗ္ဗဏ္ဏသုတ်ကို ရှုတ်ရမည့်နေ့၌။ ။ယံဒုန္ဒိမိတ္တံ။ ။ စသော သုံးဂါထာကို မရှုတ်သေးဘဲ။ ။ဒုက္ခပတ္တာ စ နိဒုက္ခာ။ ။စသည်ဖြင့် ဆုံးအောင်ရှုတ်ပြီးမှ ဘုရားဂုဏ်တော်, တရားဂုဏ်တော်, သံဃဂုဏ်တော်များကို ရှုတ်ပြီး၍။ ။ ယံဒုန္ဒိမိတ္တံ။ ။စသော သုံးဂါထာကို အစဉ်အတိုင်း ရှုတ်ရမည်။

ဂုဏ်နောက် ရှုတ်စဉ်ကား

၁။ အဟံ အဝေရော ဟောမိ၊ အဗျာပဇ္ဈော ဟောမိ၊ အနီဃောဟောမိ၊ သုခီ အတ္တာနံ ပရိဟရामိ၊ ဒုက္ခာ မုစ္စာမိ၊ ယထာလဒ္ဓ သမ္ပတ္တိတော မာဝိဂစ္ဆာမိ၊ ကမ္မဿကော။

၂။ ဣသ္မိံ အာရာမေ သဗြဟ္မစာရိနော၊ အဝေရာဟောန္တု၊ အဗျာပဇ္ဈာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခအတ္တာနံ ပရိဟရန္တု၊ ဒုက္ခာ မုစ္စန္တု၊ ယထာလဒ္ဓ သမ္ပတ္တိတော မာဝိဂစ္ဆန္တု၊ ကမ္မဿကာ။

၃။ သီမဋ္ဌက ဒေဝတာ အဝေရာ ဟောန္တု၊ (၀) ကမ္မဿကာ။

၄။ ဂေါစရဂါမေ ဣဿရဇနာ အဝေရာ ဟောန္တု၊(၀) ကမ္မဿကာ။

၅။ ဂေါစရဂါမေ မနုဿာ အဝေရာ ဟောန္တု၊ (၀) ကမ္မဿကာ။

၆။ မာတာ-ပိတု-အာစရိယ-ဉာတိမိတ္တ-သမ္မုဟာ။ ဥပါ သကာ-ဥပါသိကာ- စတုပစ္စယဒါယကာ- အမ္မာကံ စတုပစ္စ ယဒါယကာ အဝေရာ ဟောန္တု။ (၄) ကမ္မဿကာ။

၇။ ဘုမ္မဒေဝတာ ရုက္ခဒေဝတာ အာကာသဋ္ဌ ဒေဝ တာ အဝေရာ ဟောန္တု။ (၄) ကမ္မဿကာ။

၈။ ဣမသ္မိံ ဝိဟာရေ ဣမသ္မိံ အာဝါသေ ဣမသ္မိံ အာ ရာမေ ဣမာယ ဥပစာရသီမာယ၊ သဗ္ဗေသတ္တာ၊ သဗ္ဗေပါဏာ၊ သဗ္ဗေဘူတာ၊ သဗ္ဗေပုဂ္ဂလာ၊ သဗ္ဗေ အတ္တဘावပရိယာပန္နာ၊ သဗ္ဗာ ဣတ္ထိယော၊ သဗ္ဗေ ပုရိသာ၊ သဗ္ဗေအရိယာ၊ သဗ္ဗေအန ရိယာ၊ သဗ္ဗေဒေဝါ၊သဗ္ဗေမနုဿာ၊ သဗ္ဗေဝိနိပါတိကာ၊ အဝေ ရာ ဟောန္တု။(၄) ကမ္မဿကာ။

၉။ အမ္မာကံ ဂေါစရဂါမေ ဣမသ္မိံ ဂါမေ ဣမသ္မိံ ဂါမ ခေတ္တေဣမာယ ဂါမသီမာယ၊ သဗ္ဗေသတ္တာ (၄)ကမ္မဿကာ။

၁၀။ ပုရတ္ထိမာယ ဒိသာယ၊ ပစ္ဆိမာယ ဒိသာယ၊ ဥတ္တရာ ယ ဒိသာယ၊ ဒက္ခိဏာယ ဒိသာယ၊ ပုရတ္ထိမာယအနုဒိသာယ၊ ပစ္ဆိမာယ အနုဒိသာယ၊ ဥတ္တရာယ အနုဒိသာယ၊ ဒက္ခိဏာယ အနုဒိသာယ၊ဟေဋ္ဌိမာယ ဒိသာယ၊ ဥပရိမာယ ဒိသာယ သဗ္ဗေ သတ္တာ (၄) ကမ္မဿကာ။

ဤကား-ဩဒိသမေတ္တာ။

၁၁။ သဗ္ဗေ သတ္တာ (၄) ကမ္မဿကာ။

ဤကား-အနောဒိသမေတ္တာ။

(ပဋ္ဌိသမ္ဘိဒါမဂ် နှင့် ဝိသုဒ္ဓိမဂ် ကမ္မဋ္ဌာနဂ္ဂဟာဏနိဒ္ဒေသ တတိယ ပါရာဇိကဏ် အဋ္ဌကထာလာ-ဩမိသ, အနောမိသမေတ္တာများ)။

၁၂။ ဥဒ္ဓံ ယာဝ ဘဝဂ္ဂါစ၊ အဓော ယာဝ အဝီစိတော။
သမန္တာ စက္ကဝါဠေသု၊ ယေသတ္တာ ပထဝီစရာ။
အဗျာပဇ္ဇာ နိဝေရာ စ၊ နိဒုက္ခာ စ နုပဒ္ဒဝါ။

၁၃။ ဥဒ္ဓံ ယာဝ ဘဝဂ္ဂါစ၊ အဓော ယာဝ အဝီစိတော။
သမန္တာ စက္ကဝါဠေသု၊ ယေသတ္တာ ဥဒကေစရာ။
အဗျာပဇ္ဇာ နိဝေရာစ၊ နိဒုက္ခာ စ နုပဒ္ဒဝါ။

၁၄။ ဥဒ္ဓံ ယာဝ ဘဝဂ္ဂါ စ၊ အဓော ယာဝ အဝီစိတော။
သမန္တာ စက္ကဝါဠေသု၊ ယေသတ္တာ အာကာသေစရာ။
အဗျာပဇ္ဇာ နိဝေရာ စ၊ နိဒုက္ခာ စ နုပဒ္ဒဝါ။

ရစနာသုံးဂါထာ-ဩမိသမေတ္တာ။

၁၅။ ယံ ပတ္တံ ကုသလံ တဿ၊ အာနုဘာဝေန ပါဏိနော။
သဗ္ဗေ သဒ္ဓမ္မရာဇဿ၊ ဥ တ္ဝာ ဓမ္မံ သုခါဝဟံ။

၁၆။ ပါပုဏန္တု ဝိသုဒ္ဓါယ၊ သုခါယ ပဋိပတ္တိယာ။
အသောက မနုပါယာနံ၊ နိဗ္ဗာန သုခမုတ္တမံ။

၁၇။ စိရံ တိဋ္ဌတု သဒ္ဓမ္မော၊ ဓမ္မေ ဟောန္တု သဂါရဝါ။
သဗ္ဗေပိ သတ္တာ ကာလေန၊ သမ္မာ ဒေဝေါ ပဝဿတု။

၁၈။ ယထာ ရက္ခိံ သု ပေါရာဏာ၊သုရာဇာနော တထေဝိမံ။
ရာဇာ ရက္ခတု ဓမ္မေန၊ အတ္တနောဝ ပဇံပဇံ။

(အဘိဓမ္မာ အဋ္ဌကထာသုံးကျမ်း-နိဂမန)။

၁၉။ သဗ္ဗေ သင်္ခါရာ အနိစ္စာတိ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊သေ မဂ္ဂေါ ဝိသုဒ္ဓိယာ။
၂၀။ သဗ္ဗေ သင်္ခါရာ ဒုက္ခာတိ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ သေ မဂ္ဂေါ ဝိသုဒ္ဓိယာ။
၂၁။ သဗ္ဗေ ဓမ္မာ အနတ္တာတိ၊ ယဒါပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ သေ မဂ္ဂေါဝိသုဒ္ဓိယာ။

(ဓမ္မပဒ)

၂၂။ အနိစ္စာ ဝတ သင်္ခါရာ၊ဥပ္ပါဒ ဝယ ဓမ္မိနော။
ဥပ္ပဇ္ဇိတ္ဝာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။
(မဟာဝဂ္ဂ-ပရိနိဗ္ဗာနသုတ်-မဟာသုဒဿနဇာတ်)

၂၃။ ဒုက္ခာ ဝတ သင်္ခါရာ၊ ဥပ္ပါဒ ဝယ ဓမ္မိနော။
ဥပ္ပဇ္ဇိတ္ဝာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။

၂၄။ အနတ္တာ ဝတ သင်္ခါရာ၊ဥပ္ပါဒ ဝယ ဓမ္မိနော။
ဥပ္ပဇ္ဇိတ္ဝာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။

(နယဂ္ဂါဟနှစ်ဂါထာ)။

၂၅။ သုဝဏ္ဏဘူမိ ဂန္ဓာန၊ သောဏုတ္တရာမဟိဒ္ဓိကာ။
ပိသာစေ နိဒ္ဒမိတ္ဝာန၊ ဗြဟ္မဇာလ မဒေသိသုံ။
(ပါရာဇိကဏ် အဌကထာ ဗာဟိရနိဒါန်း)။

၂၆။ ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ၊ ဝယဓမ္မာ
သင်္ခါရာ၊ အပ္ပမာဒေန သမ္ပာဒေထ။
(မဟာဝဂ္ဂ မဟာပရိနိဗ္ဗာနသုတ်-မဟာဝဂ္ဂသံယုတ်)။

၂၇။ အဒ္ဓါ ဣမ၎ယ ပဋိပတ္တိယာ ဇရာမရဏမှာ ပရိ
မုစ္စိဿာမ။ ။(သုံးခေါက်ဆိုရမည်)။
(ဝိသုဒ္ဓိမဂ်-ပထဝီကသိဏနိဒ္ဒေသ)။

၂၈။ သိရသ္မိံ မေ ဗုဒ္ဓသေဋ္ဌော၊ သာရိပုတ္တော စ ဒကၠိဏေ။
ဝါမအံသေ မောဂ္ဂလာနော၊ ပုရတော ပိဋ္ဌကတ္တယံ။
၂၉။ ပစ္ဆိမေ မမ အာနန္ဒော၊ ခိဏာသဝါ စာတုဒ္ဒိသာ။
သမန္တာ လောကပါလာစ၊ ဣန္ဒာ ဒေဝါ သပြဟ္မကာ။
ဇေတေသံ အာနုဘာဝေန၊ အံန္တရာယော ဝိနဿတု။
(ဇင်းမယ်ရေး ဥပဂါတသန္တိ ကျမ်းလာဟု ကြားဘူး၏)။

၃၀။ နမော တေ ဗုဒ္ဓ ဝီရတ္ထု၊ ဝိပ္ပမုတ္တောသိ သဗ္ဗဓိ။
သမ္မာပဋိပဒ္ဒိပန္နောသ္မိ၊ တဏ္ဍ မေ သရဏံဘဝ။
၃၁။ တထာဂတံ အရဟန္တံ၊ စန္ဒိမာ သရဏံ ဂတော။
ရာဟု စန္ဒံ ပမုဉ္စဿု၊ ဗုဒ္ဓါလောကာ နုကမ္ပကာ။
(သဂါထာဝဂ္ဂသံယုတ်-စန္ဒိမာသုတ်)။

၃၂။ နညြတ္ပ ဗောဇ္ဈတပသာ၊ နညြတ္ပိန္ဒြိယ သံဝရာ။
နညြတ္ပ သဗ္ဗနိဿဂ္ဂါ၊ သောတ္ထိ ပဿာမိပါဏိနံ။
(ဂင်း သုပြဟ္မသုတ်)။

၃၃။ ဣမံ ပုညဘာဂံ သဗ္ဗသတ္တာနံ ဒေမ။
(သုံးခေါက်ဆိုရမည်)။

ကမ္မဝါစာများ ရှုတ်ဟန်ကား

၁။ တနင်္ဂနွေနေ့....ဥပသမ္ပဒ ကမ္မဝါစာ။
၂။ တနင်းလာနေ့....အဝိပ္ပဝါသ သီမာဿ္ဌါတ ကမ္မဝါစာ, သမာနသံဝါသ သီမာဿ္ဌါတ ကမ္မဝါစာ။
၃။ အင်္ဂါနေ့....သမာနသံဝါသ သီမာသမ္မုတိကမ္မဝါစာ။
၄။ ဗုဒ္ဓဟူးနေ့....အဝိပ္ပဝါသ သီမာသမ္မုတိ ကမ္မဝါစာ။
၅။ ကြာသပတေးနေ့....အန္တရာယ သမာဿ္ဌါတ ကမ္မဝါစာ။
၆။ သောကြာနေ့....အနန္တရာယိက သမ္မုတိ ကမ္မဝါစာ။
၇။ စနေနေ့....အနန္တရာယိက ဂဏဿ ကမ္မဝါစာ။
(ဤကမ္မဝါစာများကို အစဉ်အတိုင်း ရှုတ်ရမည်။)
(ဥပသမ္ပဒကမ္မဝါစာ, အဝိပ္ပဝါသ သီမာဿ္ဌါတ ကမ္မဝါစာ, သမာနသံဝါသ သီမာဿ္ဌါတ ကမ္မဝါစာ, သမာနသံဝါသ သီမာသမ္မုတိ ကမ္မဝါစာ, အဝိပ္ပဝါသ သီမာသမ္မုတိ ကမ္မဝါစာ များကား ထင်ရှားပြီ)။

(၅) ကြာသပတေးနေ့ရှုတ်ရန် အန္တရာယ သမာဿ္ဌါတ ကမ္မဝါစာ

သုဏာတု မေ ဘန္တေ သံဃော။ ယဒိ သံဃဿ ပတ္တကလ္လံ။ သံဃော သတ္တန္နံ ဗုဒ္ဓါနံ အာနုဘာဝေန ဉာဏပုဗ္ဗင်္ဂမာနုပရိ ဝတ္တိတ ကာယဝစီကမ္မာနံ အနန္တရာယိကဘာဝတာနံ သဗ္ဗဝေရဘယ တာနံ သဗ္ဗဝေရံ သမူဟနတံ ဣမသ္မိံ အာရာမေ ဝသန္တံ သဗ္ဗန္တရာ ယံသဗ္ဗပရိဿယံ သမူဟနေယ္ယ။သောဘတိ။

သုဏာတု မေ ဘန္တေ သံဃော။ သံဃော သတ္တန္နံ ဗုဒ္ဓါနံ အာနုဘာဝေန ဉာဏပုဗ္ဗင်္ဂမာနုပရိဝတ္တိတ ကာယဝစီကမ္မာနံ အနန္တရာယိကဇီဝိတာနံ သဗ္ဗဝေရဇီတာနံ သဗ္ဗဝေရံ သမ္မူဟနတံ ဣမသ္မိံ အာရာမေ ဝသန္တံ သဗ္ဗန္တရာယံ သဗ္ဗပရိဿယံ သမ္မူဟနတိ။ယဿာ ယသ္မတော ခမတိ သတ္တန္နံ ဗုဒ္ဓါနံ အာနုဘာဝေန။ (ပ) သဗ္ဗဝေရံ သမ္မူဟနတံ ဣမသ္မိံ အာရာမေ ဝသတော သဗ္ဗန္တရာယာ သဗ္ဗပရိဿယာ သမ္ဘဝန္တိ။သော တုဏ္ဍသ္သ။ ယဿ နက္ခမတိ။ သော ဘာသေယ္ယ။

သမ္မူဟတော သံဃေန သတ္တန္နံ ဗုဒ္ဓါနံ အာနုဘာဝေန (ပ)သဗ္ဗဝေရံ သမ္မူဟနတံ ဣမသ္မိံ အာရာမေ ဝသန္တော သဗ္ဗန္တရာယော သဗ္ဗပရိဿယော။ ခမတိ သံဃဿ။ တသ္မာ တုဏ္ဍိ။ ဝေမေတံ မာရယာမိ။

အနန္တရာယ သမ္ဘဝါတ ကမ္မဝါစာ ပြီး၏။

၆။ သောကြာနေ့ရှတ်ရန် အနန္တရာယိက သမ္ဘုတိကမ္မဝါစာ

သုဏာတု မေ ဘန္တေ သံဃော။ယာဝတာ သမန္တာ နိမိတ္တာ ကိတိတာ။ ယဒိ သံဃဿ ပတ္တကလ္လံ။ သံဃော ဧတေဟိ နိမိတ္တေဟိ ဣမံ အာရာမံ သတ္တန္နံ ဗုဒ္ဓါနံ အာနုဘာဝေန ဣမသ္မိံ အာရာမေ ဝသတံ အနန္တရာယိကံ သဗ္ဗပရိဿယ ဝိနာသကံ သမ္ဘုနေယ္ယ။ သော ဥ တ္တိ။

သုဏာတု မေ ဘန္တေ သံဃော။ ယာဝတာ သမန္တာ နိမိတ္တာ ကိတ္တိတာ။ သံဃော ဇေတေဟိ နိမိတ္တေဟိ ဣမံ အာရာမံ သတ္တာနံ ဗုဒ္ဓါနံ အာနုဘာဝေန ဣမသ္မိံ အာရာမေ ဝသတံ အနန္တရာယိကံ သဗ္ဗပရိဿယဝိနာသကံ သမ္မနတိ။ ယဿာ ယသ္မတော ခမတိ ဇေတေဟိ နိမိတ္တေဟိ ဣမဿ အာရာမဿ သတ္တာနံ ဗုဒ္ဓါနံ အာနုဘာဝေန ဣမသ္မိံ အာရာမေ ဝသတံ အနန္တရာယိကဿ သဗ္ဗပရိဿယဝိနာသကဿ သမ္မုတိ။ သော တုဏှဿ။ ယဿ နက္ခမတိ။ သော ဘာသေယ္ယ။

သမ္မတော သံဃေန ဇေတေဟိ နိမိတ္တေဟိ အယံ အာရာမော သတ္တာနံ ဗုဒ္ဓါနံ အာနုဘာဝေန ဣမသ္မိံ အာရာမေ ဝသတံ အနန္တရာယိကော သဗ္ဗပရိဿယဝိနာသကော။ ခမတိ သံဃဿ။ တသ္မာ တုဏှီ။ ဧवमेတံ ဓာရယာမိ။

အနန္တရာယိက သမ္မုတိ ကမ္မဝါစာ ပြီး၏။

၇။ စနေနေ့ရှုတ်ရန် အနန္တရာယိက ကရဏ ကမ္မဝါစာ

သုဏာတု မေ ဘန္တေ သံဃော။ ယဒိ သံဃဿ ပတ္တကလ္လံ။ သံဃော ဣမံ အာရာမံ သတ္တာနံ ဗုဒ္ဓါနံ အာနုဘာဝေန ဉာဏ ပုဗ္ဗဂ်မာနုပရိဝတ္တိတကာယဝစီကမ္မာနံ အနန္တရာယိကဇီဝိတာနံ သဗ္ဗဝေရံ အဘိဘဝတံ သဗ္ဗဝေရ ဇိတာနံ အနန္တရာယိကံ သဗ္ဗဝေရ ဝိယာတကံ ကရေယ္ယ ဣမသ္မိံ အာရာမေ ဝသတံ ဘယ ဝိနာသာယ ဗြဟ္မစရိယာနုဂ္ဂဟာယ။ ဧသာ ဉတ္တိ။

သုဏာတု မေ ဘန္တေ သံဃော။ သံဃော ဣမံ အာရုမံ သတ္တန္နံ ဗုဒ္ဓါနံ အာနုဘာဝေန ဉာဏပုဗ္ဗင်္ဂမာနုပရိဝတ္တိတ ကာယဝစီကမ္မာနံ အနန္တရာယိကဇီဝိတာနံ သဗ္ဗဝေရံ အဘိဘဝတံ သဗ္ဗဝေရဇိတာနံ အနန္တရာယိကံ သဗ္ဗဝေရဝိဃာတကံ ကရောတိ ဣမသ္မိံ အာရုမေ ဝသတံ ဘယဝိနာသာယ ဗြဟ္မစရိယာနုဂ္ဂဟာယ။ ယဿ သတ္တန္နံ ဗုဒ္ဓါနံ အာနုဘာဝေန (ပ) သဗ္ဗဝေရဇိတာနံ အနန္တရာယိကဿ သဗ္ဗဝေရဝိဃာတကဿ ကရဏံ ဣမသ္မိံ အာရုမေ ဝသတံ ဘယဝိနာသာယ ဗြဟ္မစရိယာနုဂ္ဂဟာယ။ သော တုဏ္ဍိဿ။ ယဿ နက္ခမတိ။ သော ဘာသေယ္ယ။

ကတော သံဃေန အယံ အာရုမော သတ္တန္နံ ဗုဒ္ဓါနံ အာနုဘာဝေန (ပ) သဗ္ဗဝေရဇိတာနံ အနန္တရာယိကော သဗ္ဗဝေရဝိဃာတကော ဣမသ္မိံ အာရုမေ ဝသတံ ဘယဝိနာသာယ ဗြဟ္မစရိယာနုဂ္ဂဟာယ။ ခမတိ သံဃဿ။ တသ္မာ တုဏ္ဍိ။ ဧဝ မေတံ ဓာရယာမိ။

(ဤကမ္မဝါစာ သုံးစောင်ကား ကျေးဇူးရှင် ရေစကြို ဆရာတော်ဘုရားကြီး စိရင်တော်မူခဲ့သော ကမ္မဝါစာ မျှားပေတည်း)။

အနန္တရာယိက ကရဏ ကမ္မဝါစာ ပြီး၏။

အထူးမှာထားချက်။ ။တောခွေး ဝင်ခြင်း၊ ချေ ဝင်ခြင်း စသော ပုဗ္ဗနိမိတ် ဘေးဥပဒ်အန္တရာယ် ဖြစ်ပေါ်လာသော မြို့ရွာများ၌ ဤကမ္မဝါစာများကို စည်းစနစ် ကျနအောင် ရွတ်တာသည်က အန္တရာယ်ကင်းပျောက်သည်သာများ၏။

ရွတ်ဘာသ်ဟန်ကား

တည်ကာစ ကျောင်းတိုက်သစ် မြို့သစ် ရွာသစ် အိမ်သစ် ဖြစ်စေ အန္တရာယ်ဖြစ်ပေါ်ဆဲအရပ်ဖြစ်စေ အလိုရှိသလောက် သတ်မှတ်ပိုင်းခြားရ၍ ပရိတ်ပန်း ပရိတ်ချည် ပရိတ်ရေ ပရိတ်သဲ များကို သံဃာရှေ့၌ အသင့်ပြင်ဆင်၍ ထားရမည်၊ ဝိသေသ အားဖြင့် သဲဖြူများကို အိုးသစ်လေးလုံး၌ဖြစ်စေ ရှစ်လုံး၌ဖြစ် စေ ထည့်၍ အသင့်ထားရမည်။

ထိုနောက် မေတ္တာသုတ်, ရတနာသုတ်များကို ရွတ်ပြီးလျှင် အန္တရာယ သမ္ဘူဝါတ ကမ္မဝါစာကို ဟတ္ထပါသ်ချင်း စပ် အောင်နေ၍ ဘာသ်ရမည်။

ထိုနောက် အိုးဖြစ်စေ တောင်းဖြစ်စေ အောက်တည့်တည့် က အပေါက်ကျဉ်းကျဉ်းဘောက်၍ ပရိတ်သဲများကို ထည့်ပြီး လျှင် ပတ်ပတ်လည်စပ်မိအောင် စည်းချရာ၏။ ပရိတ်ရေကို သောက်၍ ကျန်သောပရိတ်ရေ ပရိတ်ပန်း ပရိတ်ချည် ပရိတ် သဲများကို အိမ်နံရံ စသည်များ၌ ထိုးချိတ်, ပက်ဖျန်း, ကြဲဖြန့် ရာ၏။

ထိုနောက် ပရိတ်သဲ အိုးသစ်လေးလုံး, ရှစ်လုံးကို အရပ် လေးမျက်နှာ အရပ်ရှစ်မျက်နှာ၌ မြှုပ်ထားရာ၏။

ထိုနောက် သိမ်နိမိတ် ကြားသကဲ့သို့။ ။ပုရတ္ထိမာယ ဒိသာယ ကိ ံ နိမိတ္တံ။ ။ (ပါဠိ)

အရှေ့အရပ်က အဘယ် နိမိတ်နည်း။ ။(မြန်မာ)

ဝါလိကာ ပရိတ္တံ ဘန္တေ။ ။(ပါဠိ)
ပရိတ်သဲပါ ဘုရား။ ။(မြန်မာ)
ဧတံ ဝါလိကာ ပရိတ္တံ နိမိတ္တံ။ ။(ပါဠိ)
ထိုပရိတ်သဲသည်နိမိတ်အမှတ်အသားတည်း။ ။(မြန်မာ)

ဤသို့ အရှေအရပ်ကစ၍ အရပ်လေးမျက်နှာ ပတ်မိထပ်မိ အောင် နိမိတ်ကြားရာ၏။

ထိုနောက် အနန္တရာယိက သမ္မုတိ ကမ္မဝါစာ အနန္တရာ ယိုက ကရဏ ကမ္မဝါစာများကို ရွတ်ဘာသ်ရာ၏။

ထိုနောက် စက္ကမဏ္ဍလပရိတ်များကို ရွတ်ဘာသ်ရာ၏။ သဲနိမိတ်အရာ၌ သဲများမရနိုင်ခဲ့လျှင် တံတိုင်းဖြစ်စေ တစုံတခု သော အရာမ်အတားဖြစ်စေ သစ်ပင်ဖြစ်စေ သင့်လျော်ရာ ဟာခုခုကို နိမိတ်ပြုလုပ်နိုင်၏။

ရှာဖြစ်ခဲ့လျှင် (အာရာမေ) နေရာ၌ ပုလ္လိင်(ဂါမ) သဒ္ဒါကို ပြင်၍ ဘာသ်ရာ၏။ မြို့ဖြစ်ခဲ့လျှင် နပုလ္လိင် (နဂရ) သဒ္ဒါကို ပြင်၍ ဘာသ်ရာ၏။ အိမ်ဖြစ်ခဲ့လျှင် နပုလ္လိင် (ဃရ) သဒ္ဒါကို ပြင်၍ ဘာသ် ရာ၏။ ကျောင်းတိုက် အရာမ် ဖြစ်ခဲ့လျှင် ယခု ရှိရင်းအတိုင်း ဘာသ်ရာ၏။

(ကျေးဇူးရှင် ရေစက်ကြို ဆရာတော် ဘုရားကြီး ဝါကျ သင်္ခေပ ပေယျာလ ထား၍ ဝိသေသန များများ နှင့် စိရင် တော် မူခဲ့သော အနန္တရာယ်ကင်း ကမ္မဝါစာ သုံးစောင်ကို ဝါကျသင်္ခေပ ပေယျာလ မထားဘဲ ဝိနည်း ပါဠိတော်လာ

ကမ္မဝါစာများကဲ့သို့ ဥတ်ကမ္မဝါစာ, ဥယျောဇဉ်, နိဂုံးတို့၌ လေးချက်ညီ ဝိသေသန နည်းနည်းနှင့် ထားလိုက်ပေ၏)။

ကမ္မဝါစာ ရှုတ်ပြီးမှ ရှုတ်ရန် စက္ကဲ့မဏ္ဍလပရိတ်

၃၄။ သဗ္ဗေ ဗုဒ္ဓါ ဣဒ္ဓိပတ္တာ၊ ပစ္စေကာနဉ္စ ယာ ဣဒ္ဓိ။
အရဟန္တာနဉ္စ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

၃၅။ သဗ္ဗေ ဗုဒ္ဓါ ခေမပတ္တာ၊ ပစ္စေကာနဉ္စ ယံ ခေမံ။
အရဟန္တာနဉ္စ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

၃၆။ သဗ္ဗေ ဗုဒ္ဓါ ဇယပတ္တာ၊ ပစ္စေကာနဉ္စ ယော ဇယော။
အရဟန္တာနဉ္စ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

၃၇။ သဗ္ဗေဗုဒ္ဓါလာဘပတ္တာ၊ပစ္စေကာနဉ္စယောလာဘော။
အရဟန္တာနဉ္စ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

၃၈။ သဗ္ဗေ ဗုဒ္ဓါတေဇပတ္တာ၊ပစ္စေကာနဉ္စ ယော တေဇော။
အရဟန္တာနဉ္စ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

၃၉။ သဗ္ဗေ ဗုဒ္ဓါ ဗလပတ္တာ၊ ပစ္စေကာနဉ္စ ယံ ဗလံ။
အရဟန္တာနဉ္စ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

၄၀။ သဗ္ဗေ ဗုဒ္ဓါ ယသပတ္တာ၊ ပစ္စေကာနဉ္စ ယော ယသော။
အရဟန္တာနဉ္စ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

၄၁။ သဗ္ဗေ ဗုဒ္ဓါ သိရိပတ္တာ၊ ပစ္စေကာနဉ္စ ယာ သိရိ။
အရဟန္တာနဉ္စ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗသော၊

၎၂။ သဗ္ဗေ ဗုဒ္ဓါ ဣဒ္ဓိပတ္တာ၊ ပစ္ဆိုကာနဉ္စ ယာ ဣဒ္ဓိ။
အရဟန္တာနဉ္စ တေဇေန၊ ရက္ခ ဗန္ဓာမ သဗ္ဗသော။
စက္ကမဏ္ဍလ ပရိတ္တံ နိဋ္ဌိတံ။
(ဥပ္ပါတသန္တိကျမ်ိုးလာဟု ကြားဘူး၏)။
အန္တရာယ သမုဋ္ဌါတ ကမ္မဝါစာ နိဿယ

ဘဏ္ဍေ၊ အသျင် ဘုရားတို့။ သံဃာ၊ သံဃာတော်သည်။ မေ၊ အကျွန်ုပ်၏။ ဝစနံ၊ စကားကို။ သုဏာတု၊ နာတော်မူပါလော့။ သံဃဿ၊ သံဃာတော်၏။ ကမ္မံ၊ အန္တရာယ သမုဋ္ဌါတကံသည်။ ပတ္တကလ္လံ၊ လျောက်ပတ်သော အခါရှိသည်။ ယဒိသိယာ၊ အကယ်၍ ဖြစ်ခဲ့ ငြားအုံ့။ ဝေသတ္တိ၊ ဤသို့ဖြစ်ခဲ့သည်ရှိသော်။ သံဃော၊ သံဃာတော်သည်။ ဉာဏပုဗ္ဗင်္ဂမာနုပရိဝတ္တိတကာယဝစီကမ္မာနံ၊ ဉာဏ်တော်သို့ အစဉ်လိုက်၍ ဖြစ်သော ကာယကံ ဝစီကံရှိတော်မူကြကုန်သော။ အနန္တရာယိက ဇီဝိတာနံ၊ အန္တရာယ်မရှိသော ဇီဝိတိန္ဒြေ ရှိတော်မူကြကုန်သော။ သဗ္ဗဝေရဇီတာနံ၊ အောင်အပ်ပြီးသော အလုံးစုံသော ရန်ရှိတော်မူကြကုန်သော။ သဗ္ဗဝေရုံ၊ အလုံးစုံသော ရန်ကို။ သမူဟနတံ၊ နုတ်တော်မူတတ်ကုန်သော။ သတ္တန္နံ၊ ခုနစ်ဆူကုန်သော။ ဗုဒ္ဓါနံ၊ မြတ်စွာဘုရားတို့၏။ အာနုဘာဝေန၊ အစွမ်းသတ္တိဖြင့်။ဤမသို့ အာရုံမေ၊ ဤအရာမ်၌။ ဝသန္တံ၊ ရှိနေသော။ သဗ္ဗန္တရာယံ၊ အလုံးစုံသော အန္တရာယ်ကို။ သဗ္ဗပရိဿယံ၊ အလုံးစုံသော ဘေးရန်ကို။သမူဟနေယ္ယ၊နုတ်ရာ၏။ သော၊

ဤသည်ကား။ဥ တို့၊ သံဃာတော်ကို သိစေခြင်းတည်း။ ။ တနည်း။ ဥ တို့၊ သံဃော ဥပေတဗ္ဗော-အရသံဃာတော်ကို သိစေခြင်းသည်။ သော၊ ဤသည်ပင်တည်း။

ဘန္တေ၊ အသျှင်ဘုရားတို့။ သံဃော၊ သည်။ မေ၊ အကျွန်ုပ်၏စကားကို။ သုဏာတု၊ နာတော်မူပါလော့။ သံဃော၊သည်။ ဥဏပုဗ္ဗဂ်မာနုပရိဝတ္တိတကာယဝစီကမ္မာနံ၊ ကုန်သော။ အနန္တရာယိက ဇီဝိတာနံ၊ ကုန်သော။ သဗ္ဗဝေရဇိတာနံ၊ ကုန်သော။ သဗ္ဗဝေရံ၊ ကို။ သမ္ပဟနတံ၊ ကုန်သော။ သတ္တာနံ၊ကုန်သော။ဗုဒ္ဓါနံ၊ တို့၏။ အာနုဘာဝေန၊ ဖြင့်။ ဣမသ္မိံ အာရုမေ၊ ဌ္ဌ။ ဝသန္တံ၊ သော။ သဗ္ဗန္တရာယံ၊ ကို။ သဗ္ဗပရိဿယံ၊ ကို။ သမ္ပဟနတိ၊ နုတ်၏။ယဿ အာယသ္မတော၊ အကြင်အသျှင်သည်။ ဥဏပုဗ္ဗဂ်မာနုပရိဝတ္တိတ ကာယဝစီကမ္မာနံ၊ ကုန်သော။ အနန္တရာယိက ဇီဝိတာနံ၊ ကုန်သော။ သဗ္ဗဝေရဇိတာနံ၊ ကုန်သော။ သဗ္ဗဝေရံ၊ ကို။ သမ္ပဟနတံ၊ ကုန်သော။ သတ္တာနံ၊ ကုန်သော။ ဗုဒ္ဓါနံ၊ တို့၏။ အာနုဘာဝေန၊ ဖြင့်။ ဣမသ္မိံ အာရုမေ၊ ဌ္ဌ။ ဝသတော၊ ရှိနေသော။ သဗ္ဗန္တရာယယဿ၊ကို။ သဗ္ဗပရိဿယယဿ၊ကို။ သမ္ပဋ္ဌိတော၊ နုတ်ခြင်းကို။ ခမတိ၊ ကြိုက်နှစ်သက်အပ်၏။ ဥဏပုဗ္ဗဂ်မာနုပရိဝတ္တိတ ကာယဝစီကမ္မာနံ၊ ကုန်သော။ အနန္တရာယိကဇီဝိတာနံ၊ ကုန်သော။ သဗ္ဗဝေရဇိတာနံ၊ ကုန်သော။ သဗ္ဗဝေရံ၊ ကို။ သမ္ပဟနတံ၊ ကုန်သော။ သတ္တာနံ၊ ကုန်သော။ ဗုဒ္ဓါနံ၊ တို့၏။ အာနုဘာဝေန၊ ဖြင့်။ ဣမသ္မိံ အာရုမေ၊ ဌ္ဌ။ ဝသတော၊

သော။ သဗ္ဗန္ဓရာယသ၊ ကို။ သဗ္ဗပရိဿယသ၊ ကို။ သမ္ဘဿ ဣတိ၊ နုတ်ခြင်းကို။ ခမမာနော၊ ကြိုက်နှစ်သက်သော။ သောအာ ယသ္မာ၊ထိုအသျှင်သည်။ တုဏ္ဍိ၊မပယ်မချေ ဆိတ်ဆိတ်နေသည်။ အသ၊ဖြစ်ရာ၏။ယသ အာယသ္မတော၊ သည်။ဥဏ္ဍပုဗ္ဗဂ်မာနုပ ရိဝတ္တိတကာယဝစီကမ္မာနံ၊ကုန်သော။ အနန္ဓရာယိကဇီဝိတာနံ၊ ကုန်သော။ သဗ္ဗဝေရဇီတာနံ၊ ကုန်သော။ သဗ္ဗဝေရံ၊ ကို။ သမ္ဘ ဟနတံ၊ ကုန်သော။ သတ္တာနံ၊ ကုန်သော။ ဗုဒ္ဓါနံ၊ တို့၏။ အာနု ဘာဝေန၊ဖြင့်။ ဣမသ္မိံ အာရာမေ၌။ ဝသတော၊ သော။ သဗ္ဗန္ဓ ရာယသ၊ ကို။ သဗ္ဗပရိဿယသ၊ကို။ သမ္ဘဿ ဣတော၊ ကို။ နက္ခ မတိ၊ မကြိုက်မနှစ်သက်အပ်။ ဥဏ္ဍပုဗ္ဗဂ်မာနုပရိဝတ္တိတ ကာ ယဝစီကမ္မာနံ၊ကုန်သော။ အနန္ဓရာယိက ဇီဝိတာနံ၊ကုန်သော။ သဗ္ဗဝေရဇီတာနံ၊ ကုန်သော။ သဗ္ဗဝေရံ၊ ကို။ သမ္ဘဟနတံ၊ ကုန်သော။ သတ္တာနံ၊ ကုန်သော။ဗုဒ္ဓါနံ၊ တို့၏။ အာနုဘာဝေန၊ ဖြင့်။ ဣမသ္မိံ အာရာမေ၌။ ဝသတော၊ သော။ သဗ္ဗန္ဓရာ ယသ၊ ကို။ သဗ္ဗပရိဿယသ၊ ကို။ သမ္ဘဿ ဣတံ၊ ကို။ အက္ခမ မာနော၊ မကြိုက်မနှစ်သက်သော။ သောအာယသ္မာ၊ သည်။ ဘာသေယ္ယ၊ ငါမကြိုက် မနှစ်သက်ဟု ပြောဆိုရာ၏။

သံယေန၊ သံယာသည်။ ဥဏ္ဍပုဗ္ဗဂ်မာ နုပရိဝတ္တိတကာယ ဝစီကမ္မာနံ၊ကုန်သော။အနန္ဓရာယိကဇီဝိတာနံ၊ ကုန်သော။သဗ္ဗ ဝေရဇီတာနံ၊ကုန်သော။ သဗ္ဗဝေရံ၊ကို။ သမ္ဘဟနတံ၊ကုန်သော။ သတ္တာနံ၊ကုန်သော။ ဗုဒ္ဓါနံ၊ တို့၏။အာနုဘာဝေန၊ဖြင့်။ ဣမသ္မိံ

အာရာမေ၊ ဘ္ဒ။ ဝသန္တော၊ ရှိနေသော။ သဗ္ဗန္တရာယော၊ ကို။ သဗ္ဗပရိသယော၊ ကို။ သမ္ဘဟတော၊ နုတ်အပ်ပြီ။ ယသ္မာ၊ အကြင်ကြောင့်။ သံဃသ၊ သည်။ ဥဏပုဗ္ဗဂ်မာနုပရိဝတ္တိတ ကာယဝစီကမ္မာနံ၊ ကုန်သော။ အနန္တရာယိက ဇီဝိတာနံ၊ ကုန်သော။ သဗ္ဗဝေရဇီတာနံ၊ ကုန်သော။ သဗ္ဗဝေရံ၊ ကို။ သမ္ဘဟနတံ၊ ကုန်သော။ သတ္တာနံ၊ ကုန်သော။ဗုဒ္ဓါနံ၊ တို့၏။ အာနုဘာဝေန၊ ဖြင့်။ ဣမသ္မိံ အာရာမေ၊ ဘ္ဒ။ဝသတော၊ သော။သဗ္ဗန္တရာယသ၊ ကို။ သဗ္ဗပရိသယသ၊ ကို။ သမ္ဘဟတံ၊ ကို။ ခမတိ၊ ကြိုက်နှစ်သက်အပ်၏။ တသ္မာ၊ ထိုကြောင့်။ ဥဏပုဗ္ဗဂ်မာနုပရိဝတ္တိတ ကာယဝစီကမ္မာနံ၊ ကုန်သော။အနန္တရာယိက ဇီဝိတာနံ၊ ကုန်သော။ သဗ္ဗဝေရဇီတာနံ၊ ကုန်သော။ သတ္တာနံ၊ကုန်သော။ ဗုဒ္ဓါနံ၊ တို့၏။ အာနုဘာဝေန၊ ဖြင့်။ ဣမသ္မိံ အာရာမေ၊ ဘ္ဒ။ ဝသတော၊ သော။ သဗ္ဗန္တရာယသ၊ ကို။ သဗ္ဗပရိသယသ၊ကို။ သမ္ဘဟတံ၊ကို။ ခမမာနော၊ သော။ သံဃော၊ သည်။ တုဏ္ဍီ၊ သည်။ အာသိ၊ ဖြစ်ပြီ။ ဧဝံ၊ ဤသို့ ဆိတ်ဆိတ်နေသည်၏ အဖြစ်ဖြင့်။ ဝါ၊ကြောင့်။ ဧတံသံဃ ခမနဘာဝံ၊ ဤသံဃာ၏ ကြိုက်နှစ်သက်သည်၏ အဖြစ်ကို။ အဟံ၊ အကျွန်ုပ်ကမ္မဝါစာ ပါဋိဂ ရဟန်းသည်။ ဓာရယာမိ၊ သိမှတ်ရပါ၏။

အန္တရာယ သမ္ဘဟတ ကမ္မဝါစာ
နိဿယပြီး၏။

